တက္ကသိုလ်

# နေလင်းအောင်

## ဖြေရာမဲ့ သိုင်းရဲ့ကမ္ဘာ

စာစဉ်
၁၀-ဇာတ်သိမ်း



ကုလုံ၏ဝူးလင်ကူစု

စာမူခွင့်ပြုချက်အမှတ် ၈၈၀ / ၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၄၂ / ၂၀၀၂ (၁၀)

ဒုတိယအကြိမ်၊ ၂၀၀၂-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

# အခန်း(၄၀)
# ကလဲ့စားချေသူတမန်တော်

ဝံကြောင်ကလေးနှင့် စင်လုံတို့က ကုလားအုပ်တစ်စီးကို အတူတူစီးကြရ၏။ ကုလားအုပ်စီးရသည်မှာ လှိုင်းထဲလေထဲ လှေတစ်စင်းစီးရသကဲ့သို့ ခံစားရသည်။

စင်လုံသည် သူ၏ခံစားမှုများကို ထုတ်ဖော်လေ့ရှိသူမဟုတ်ပေ။ သို့သော် ယခုအချိန်တွင်မူ သူ၏မျက်နှာတစ်ပြင်လုံးမှာ ညှိုးမှိုင်းနေသည်။ ဝံကြောင်ကလေးသည် စင်လုံ၏ရင်ထဲ၌ မည်သို့ခံစားနေရသည်ကို ကောင်းစွာရိပ်မိသည်။ ထို့ကြောင့် စင်လုံ၏မျက်နှာကို မကြည့်ရက်အောင် ဖြစ်နေရသည်။

သဲကန္တာရကြီးအား တဖြည်းဖြည်းညဥ့်အမှောင် ဖုံးလွှမ်းလာသည်။ ရှင်ပျော်ပျော်မြို့စားကြီးကိုတော့ တစ်ကြိမ်တစ်ခါမျှ မတွေ့ရတော့ချေ။ မည်မျှ ညဥ့်အမှောင်လွှမ်းလာသည်ဖြစ်စေ၊ သူတို့၏ ခရီးကတော့ ဆက်လက်သွားမြဲသာဖြစ်သည်။

ဝံကြောင်ကလေးက မချုပ်တည်းနိုင်သဖြင့် စင်လုံအားလှမ်း၍ မေးလိုက်သည်။

"အစ်ကိုကြီး - ဘာတွေတွေးနေတာလဲဗျာ"

စင်လုံက ခပ်သဲ့သဲ့ရယ်လိုက်၏။

"အခုလိုအချိန်မျိုးမှာတော့ ဘာမှမတွေးတာ အကောင်းဆုံး ပေါ့ကွာ၊ တွေးနေရင် စိတ်ဆင်းရဲနေရမှာပေါ့"

"ကျွန်တော်တို့ လွတ်မြောက်နိုင်တဲ့ အခွင့်အရေးကော ရှိပါဦး မလား အစ်ကိုကြီး"

စင်လုံ၏မျက်နှာ၌ ဝင့်ကြွားတက်ကြွသည့် အပြုံးကလေးပေါ် လာသည်။

"ကြောင်ကလေး အသက်သာရှင်နေပါစေ၊ အခွင့်အရေးဟာ တစ်ချိန်မဟုတ်တစ်ချိန် ပေါ်လာစေရမယ်၊ အသက်ရှင်သန်နေမှုမရှိ ရင် တောင်လောက်ကြီးတဲ့အခွင့်အရေးကြီးရတာတောင် အသုံးပြု နိုင်မှာမဟုတ်ဘူး။ ငါ ပြောတာသဘောပေါက်တယ်မဟုတ်လား"

"ဒါပေမယ့်အစ်ကိုကြီးရာ ကျွန်တော်တို့အဖို့ ဘယ်နှစ်ရက် လောက် အသက်ရှင်ခွင့်ရမယ်ဆိုတာ သိမှမသိရဘဲဗျာ"

"အဲဒီအတွက် မပူနဲ့ကြောင်းကလေးရေ၊ မင်းတို့ငါတို့ တောင့်ခံ ထားနိုင်ဖို့ပဲလိုတယ်"

"သေချာလုချည်လား အစ်ကိုကြီးရာ၊ အစ်ကိုကြီးရဲ့ ထင်မြင်ယူ ဆချက်အရဆိုရင် ကျွန်တော်တို့အားလုံး ရက်အတော်ကြာကြာ အသက်ရှင်ခွင့်ရနေဦးမယ်ဆိုပါတော့"

"သေချာတာပေါ့၊ ဝေဝေဟာ ငါတို့ကို ချက်ချင်းမသေစေလို သေးဘူး။ ငါတို့ ချက်ချင်းသေရင် သူဘယ်လိုလုပ် နှိပ်စက်နိုင်တော့ မှာလဲ"

"ဟင်း - ဒီနည်းနဲ့အသက်ရှင်နေရတာက သေတာထ တောင် ပိုဆိုးနေသေးတာပေါ့ အစ်ကိုကြီးရာ"

"ကြောင်ကလေး မင်းရူးနေလား၊ ကြာရှည်ခြင်းဟာ ထာ



မဟုတ်ဘူးဆိုတဲ့စကားကို မကြားဖူးဘူးလား။ ဝေဝေရဲ့အနှိပ်စက်ကို ခံနေရတာဟာ အတိုင်းအဆမရှိ ကြောက်စရာကောင်းတဲ့ လောက ငရဲလို့မင်းထင်နေတယ်မဟုတ်လား၊ အဲဒီလောကငရဲထဲမှာ အသက် ရှင်နေရင်းနဲ့ လောကနိဗ္ဗာန်ကို ရောက်အောင်ကြိုးစားနိုင်တယ်၊ လောကငရဲကို ကြောက်ပြီးအရှုံးပေးသွားရင်တော့ လူပျော့လူညံ့ တစ်ယောက်လောကကြီးထဲက လက်မြှောက်ထွက်ခွာသွားခြင်းပဲ ပေါ့ကွာ"

စင်လုံသည် ပြုံးရင်းအားပေးလိုက်သည်။

"ကြောင်ကလေး - ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝ ထားစမ်းပါ၊ ငါဟာ အသက်ရှင်နေရမယ်၊ ငါ့ကို ဖိနှိပ်ချုပ်ချယ် ထားတဲ့ အတားအဆီးတွေကို တစ်နေ့နေ့တစ်ချိန်ချိန် တွန်းလှန် ဖယ်ရှား ပစ်နိုင်ရမယ်လို့ ယုံကြည်မှုဟာ အရေးအကြီးဆုံးပဲ - "

ဝံကြောင်ကလေးသည် စင်လုံအား အသေအချာကြည့်လိုက် သည်။ စင်လုံ၏မျက်လုံးများ၌ ပထမအစက မြင်တွေ့ခဲ့ရသည့် ညှိုး ညှိုးမှိုင်းမှိုင်း အရိပ်အယောင်များ မတွေ့ရှိရတော့ချေ။ တောက်ပ ဝင်းလက်သည့် အရိပ်အယောင်များကိုသာ တွေ့မြင်ရတော့သည်။ စင်လုံသည် မည်သည့်အခါမျှ လက်မြှောက်အရှုံးပေးမည့်လူစားမျိုး မဟုတ်ပါချေ။ စောစောက ညှိုးမှိုင်းနေသည့် အရိပ်အယောင်များမှာ ချစ်ချစ်အတွက် သနားကြင်နာစိတ်ပေါ်ပေါက်လာရာမှ ထွက်ပေါ်လာ သည့် အရိပ်အယောင်များသာ ဖြစ်ရပေမည်။

စင်လုံသည် လူသားတို့၏ စံနမူပြလူသားတစ်ဦးဖြစ်၏။ အနိုင် မခံအရှုံးမပေးသော စိတ်ဓာတ်သည် သူ၏ခြေဖျားမှ သူ၏ဆံဖျား အထိ တစ်ကိုယ်လုံးအပြည့်အနှက်ရှိနေသည်။ ဝံကြောင်ကလေး

သည် စင်လုံ၏မျက်လုံးနှင့် တည်ငြိမ်နိုင်ကြည်လှသော မျက်နှာ
အမူအရာကိုကြည့်၍ လေးစားကြည်ညိုစိတ် တဖွားဖွားပေါ်လာသည်။
ထို့ပြင် သူတွေးလေ့တွေးထမရှိသည့် အတွေးအခေါ်များကိုပင်
တွေးမိလာသဖြင့် မမျိုသိပ်နိုင်တော့တဲ ဖွင့်ဟပြောလိုက်မိတော့ သည်။
"အစ်ကိုကြီးနဲ့ ဝေဝေကတော့ အရှေ့နဲ့အနောက်၊ တောင်နဲ့
မြောက်လို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ လူသားနှစ်ဦးပါပဲဗျာ"
စင်လုံသည် အစာရေစာ ပြတ်လပ်ခြင်း၏ ဒဏ်ကြောင့် ညှိုး
နွမ်းခြောက်သွေ့နေသော်လည်း ထိုညှိုးနွမ်းခြောက်သွေ့မှုများက သူ့
မာနနှင့် ဂုဏ်ခြံပ်များကို ညှိုးမှိန်ပျောက်ကွယ်သွားအောင် မပြုလုပ်
နိုင်ပါချေ။ သူသည် ဝံကြောင်ကလေးအား ပြုံးရင်းကြည့်နေ၏။
"ဆိုစမ်းပါဦးကွာ၊ ငါတို့နှစ်ယောက်က ဘာတွေများ ဆန့်ကျင်
နေကြလို့လဲ"
"ဆန့်ကျင်ပါသော်ကောဗျာ၊ ဝေဝေက သေခြင်းတရားကို မြတ်
နိုးတယ်၊ အစ်ကိုကြီးကတော့ ရှင်သန်ခြင်းတရားကို မြတ်နိုးတယ်၊
ဝေဝေက အမုန်းတွေ ရန်ငြိုးတွေ နာကြည်းချက်တွေကြောင့် အသက်
ရှင်နေရတယ်၊ အစ်ကိုကြီးကတော့ သူတစ်ပါးကို ကယ်တင်ဖို့ စောင့်
ရှောက်ဖို့အတွက် အသက်ရှင်နေရတယ်၊ ကဲ - အစ်ကိုကြီးနဲ့ ဝေဝေ
တို့နှစ်ယောက် အဖြူနဲ့အမည်းလို ကွာခြားမနေဘူးလားဗျာ"
သူတို့နှစ်ယောက် စကားပြောနေချိန်တွင် သဲကန္တာရအတွင်း
လေတဟူးဟူးတိုက်ခတ်လျက်ရှိသည်။ ထိုစဉ် ကုလားအုပ်တန်
ကြီး၏ ရှေ့ဆုံးမှ အော်ဟစ်လိုက်ဟန်တူသော အသံများသည် သူတ
ဆီသို့ ပျံ့လွင့်လာလေ၏။
"အားလုံးရပ်ပြီး စခန်းချကြပါ"



"အားလုံးရပ်ပြီး စခန်းချကြပါ"

"အားလုံးရပ်ပြီး စခန်းချကြပါ"

တစ်ဆင့်စီ တစ်ဆင့်စီ အော်ဟစ်အကြောင်းကြားသံများ ရပ်ဆိုင်းသွားသောအခါ သိုက်မြိုက်ထည်ဝါလှသည့် ကုလားအုပ်တန်းကြီးသည်လည်း လုံးဝရပ်တန့်သွားလေတော့၏။

စင်လုံနှင့် ဝံကြောင်ကလေးတို့မှာ ထိုကုလားအုပ်ပေါ်၌ပင် ကျဉ်းကျဉ်းကျပ်ကျပ်ထိုင်နေကြရသည်။ ထမင်းအိုးတစ်လုံးကျက်ခန့် အကြာလောက်တွင်မှ သူတို့အား အစောင့်များက လာခေါ်ကြသည်။

မကြာမီပင် ရွှင်ပျော်ပျော်မြူးစားကြီး၏ ရွက်ဖျင်တဲကို တွေ့မြင်ကြရတော့သည်။ တောင်ပူစာသဖွယ် မြင့်မောက်နေသည့် သဲတောင်တစ်လုံး၏နောက်ကွယ်၌ ရွှင်ပျော်ပျော်မြူးစားကြီး၏ ရွက်ဖျင်-တဲသည် လှပထည်ဝါနေသည်။ ထိုရွက်ဖျင်တဲကြီး၏ ဘေးပတ်လည်တွင်လည်း ရွက်ဖျင်တဲငယ်လေးငါးလုံး ထိုးထားသေးသည်။

အစောင့်နှစ်ယောက်သည် သူတို့နှစ်ယောက်အား ရွက်ဖျင်တဲငယ်တစ်လုံးအတွင်းသို့ ထိုးသွင်းလိုက်ကြသည်။ ကံအကြောင်းမသင့်သောအခါတွင် စင်လုံကဲ့သို့ အံ့မခန်းသိုင်းပညာရှင်တစ်ယောက်သည်ပင် အနုံညာတအစောင့်များ၏ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြုမှုသည်ကို ခံလိုက်ရသည်။ သုံ့ပန်းအကျဉ်းသားဘဝသည် သူတစ်ပါး၏ လက်ခုပ်ထဲမှရေပင်ဖြစ်လေသည်တကား။

သူတို့နှစ်ယောက်အား ထိုးသွင်းလိုက်သည့် ရွက်ဖျင်တဲမှာ လူနေရန် ရည်ရွယ်ဆောက်လုပ်ထားသည်တဲ ဟုတ်ဟန်မတူပေ။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းပစ္စယ အတိုအထွာများဖြင့် ပွစာကြနေသောကြောင့်ဖြစ်သည်။

သို့သော် ရွက်ဖျင်တဲ၏ ထောင့်တစ်ထောင့်တွင် လူတစ်ယောက် ခွေခွေကလေး လဲနေသည်ကို တွေ့လိုက်ရတော့၏။ ထိုသူကား ချစ်ချစ်ပင်ဖြစ်သတည်း။ အခြားထောင့်တစ်ထောင့်တွင်ကား သူတို့၏ မိတ်ဆွေကြီး ဝမ်းလင်းဝါးတစ်ယောက် ခွေခွေကလေး လဲကျလျက် ရှိနေပါလေ၏။

ချစ်ချစ်သည် စင်လုံကိုမြင်တွေ့လိုက်ရသောအခါ ထုတ်ဖော်ပြောမပြနိုင်သည့် ပီတိသုခကို ခံစားလိုက်ရသည်။ နေကြာပန်းသည် နေမင်းရွေ့လျားရာလမ်းကြောင်းအတိုင်း တူရူလိုက်သကဲ့သို့ သူမသည်လည်း ချစ်မြတ်နိုးမှု ဖိတ်လျှံဝေသောအကြည့်များဖြင့် စင်လုံကို လိုက်ကြည့်၏။

အစောင့်များသည် စင်လုံအား ချစ်ချစ်နှင့်တစ်ပေမျှကွာသော နေရာ၌ ပစ်ချလိုက်ကြပြီး ထွက်ခွာသွားတော့သည်။

ချစ်ချစ်သည် စင်လုံထံရောက်ရှိရန် ဖျစ်ညှစ်ကြိုးစားသော်လည်း အချည်းနှီးသာဖြစ်ရတော့သည်။ စင်လုံသည်လည်း ထိုနည်းလည်းကောင်းပင်။ စင်လုံနှင့်ချစ်ချစ်တို့သည် အကြောများ အပိတ်ခံထားရသဖြင့် တစ်ဦး၏မျက်လုံးများကမူ တစ်ဦးကို ချစ်ရည်ရွှန်းလဲ့စွာ ကြည့်နေမိကြ၏။

ထိုစဉ် ဝမ်းလင်းဝါးထံမှ သက်ပြင်းချသံတစ်ချက် ကြားလိုက်ရပြီး -

"စင်လုံ - ကျုပ်ကိုတော့ အပြစ်မမြင်ပါနဲ့ဗျာ၊ အခုကိစ္စကတော့ ခင်ဗျားသိတဲ့အတိုင်း ဝေဝေရဲ့အစီအမံပါ"

စင်လုံက ပြုံးရင်း -

"ဘယ်သူကများ မင်းကိုအပြစ်တင်နေလို့လဲ ဝမ်းလင်းဝါးရယ်၊



တစ်ခါတစ်လေကျတော့ သူသူငါငါအဖြစ်ဆိုးမျိုး ကြုံရတတ်တာပဲ၊ မင်းနဲ့ငါတို့လည်း အဖြစ်ဆိုးကြုံနေရတဲ့ ဘဝတူတွေပဲ၊ ဘယ်သူ့ ဘယ်သူ့မှ အပြစ်တင်စရာမရှိပါဘူး"

ဝမ်းလင်းဝါးသည် စိတ်သက်သာရသွားဟန်ဖြင့် ခရီးတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အခြေအနေကို ပြောပြနေပါသည်။

"ကျုပ်ဖြင့်ဗျာ - ခရီးတစ်လျှောက်လုံး မကြုံစဖူး စိတ်ဆင်းရဲခဲ့ရတာပဲဗျာ၊ ချစ်ချစ်က ကျုပ်ကိုလှမ်းလှမ်းကြည့်လိုက်တာများ လုံချွန်ချွန်နဲ့ ထိုးတာထက်ဆိုးသေးတယ်၊ ကျုပ်မှာ အလိုလိုနေရင်း ချွေးတွေစိမ့်ထွက်လာတော့တာပဲဗျာ"

ဝံကြောင်ကလေးက ရယ်မိသည်။

"မှန်တယ် မင်းတောင် အမုန်းတရားရဲ့စွမ်းအားကို သိလာပြီဆိုတော့ လူကောင်းသူကောင်းတွေအတွက် အေးချမ်းလုံခြုံမှု အတော်အသင့်ရနိုင်လောက်ပြီလို့ ဆိုနိုင်ပြီပေါ့ကွာ"

ထိုစဉ် ရွက်ဖျင်တဲ၏ အပြင်ဘက်မှ တခစ်ခစ်ရယ်ရင်း လှမ်းပြောလိုက်သည့်အသံသည် တဲအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာတော့သည်။

"ရှင်တို့အားလုံး သဘောပေါက်လာကြပြီ ကမ္ဘာပေါ်မှာ စွမ်းအင်အကြီးမားဆုံးအရာကတော့ နာကြည်းမှုအမုန်းတရားပဲရှင့်"

စကားသံဆုံးသည်နှင့် တစ်ကိုယ်လုံး ရွှေရောင်တဖိတ်ဖိတ်တောက်နေသည့် ဝေဝေသည် ရွက်ဖျင်တဲအတွင်းသို့ ရောက်ရှိလာတော့သည်။ ဝေဝေ၏အလှမှာ ချစ်ချစ်ကဲ့သို့ တောက်ရွှန်းဝင်းပလှသည့်အလှဖြစ်ရာ ယခုကဲ့သို့ တောက်ပြောင်လှသည့်ဝတ်စုံကို ဝတ်ဆင်လိုက်သည့်အခါတွင်မူ မိုးကျနတ်မယ်တစ်ပါးနှယ် ထင်မှတ်

သွားရတော့သည်။ ယခုအချိန်တွင်မူ ချစ်ချစ်သည် ဝေဝေအား မည်သို့မျှ မယှဉ်ပြိုင်နိုင်တော့ချေ။ ခံရီးပင်ပန်းခြင်း၊ အစားအစာ လုံးဝ မစားသောက်ရခြင်းတို့ကြောင့် သူမ၏အလှမှာ ခြောက်သွေ့လျက် ရှိနေတော့သည်။

ဝေဝေ၏မျက်နှာ၌ ချစ်စဖွယ်အပြုံးခိုတွဲနေ၏။ သို့သော် သူမ၏ မျက်လုံးများ၌မူ အေးစက်စက်ရှိခြင်း၊ လျှို့ဝှက်ခြင်း၊ ကောက်ကျစ်ခြင်း တို့ရှိနေသဖြင့် မျက်နှာ၏အပြုံးနှင့် မျက်လုံး၏အသက်ဝင်ခြင်းတို့မှာ အဖြူနှင့်အမည်းကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်နေလေ၏။

သူမသည် အေးစက်စက်အပြုံးနှင့် စင်လုံ့တို့လူသိုက်အား တစ်ယောက်ချင်း လျှောက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ - အခုအချိန်မှာတော့ အမုန်းတရားရဲ့ စွမ်းပကားကို ရှင်တို့အားလုံး နားလည်သွားကြပြီမှတ်တယ်"

မည်သူကမျှ သူမအား စကားခွန်းတုံ့မပြန်ပါချေ။ ဝေဝေကမူ မည်သူ့ကိုမျှ ဂရုမစိုက်ချေ။ အေးအေးဆေးဆေးပင် ဆက်ပြောနေ၏။

"ကျွန်မက ရှင်တို့ကို ဘာဖြစ်လို့ အခုလိုဆက်ဆံနေသလဲဆိုတာ ရှင်တို့ရိပ်မိကြရဲ့လား။ အခုလိုဆက်ဆံမှ ရှင်တို့ဟာ ကျွန်မကို မုန်းတီးမယ်၊ နာကျည်းမယ်၊ ကျွ န်မလိုချင်တာကလည်း ဒါပဲ၊ ရှင်တို့အားလုံး မုန်းတီးခြင်းရဲ့ အနှစ်သာရကို ခံစားစေချင်လို့ပဲ"

သူမသည် ချစ်ချစ်ရှေ့သို့ လျှောက်သွား၏။ ချစ်ချစ်ကို မထိမဲ့မြင်ပြုံးပြရင်း လှမ်းမေးလိုက်သည်။

"ဘယ်လိုလဲ ကြူးချစ်ချစ်၊ ဒီတစ်ကြိမ်မှာတော့ ရှင်ဟာ ကျွန်မကို တကယ်တမ်းမုန်းတီးသွားပြီ၊ တကယ်တမ်းနာကြည်းသွားပြီလို့ မှတ်ယူလိုက်ရတော့မလား"



ချစ်ချစ်သည် အံကြိတ်ရင်း ဝေဝေအား ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ပြန်ကြည့်သည်။ ဝေဝေကရယ်ရင်း ဆက်ပြောပြန်သည်။

"ရှင့်ကို စင်လုံ့နဲ့အတူ ကုလားအုပ်တစ်ကောင်တည်းမှာ ဘာဖြစ်လို့ စီးခွင့်မပြုသလဲဆိုတာသိလား။ သည့်ပြင်လူတွေကတော့ ဒါမျိုးကို အသေးအဖွဲ့လို့သဘောထားချင် သဘောထားမှာ၊ ကျွန်မကတော့ သဘောမထားနိုင်ဘူးရှင့်၊ ချစ်သူတွေကို အဲဒီနည်းနဲ့ ခွဲခြားလိုက်ရင် ဘယ်လောက် ဆတ်ဆတ်ခါဖြစ်သွားမယ်ဆိုတာ ကျွန်မ ကောင်းကောင်းကြီးသိတယ်"

ချစ်ချစ်သည် ထူးထူးခြားခြားရယ်လိုက်သည်။

"မှန်တယ် - ဒီလောက်ယုတ်ယုတ်မာမာလုပ်တတ်တဲ့ ရှင့်ကိုမှ မမုန်းရင် ကျွန်မက ဘယ်သူ့ကိုသွားမုန်းရမှာလဲ၊ မုန်းတယ်၊ ရှင့်ကို သေလောက်အောင်မုန်းတယ်"

ဝေဝေက ချစ်ချစ်၏အပြောကို သဘောကျသွားဟန်ဖြင့် ရယ်လိုက်သည်။ သို့သော် ချက်ချင်းပင် တည်ကြည်လေးနက်သွား၏။

"ကောင်းပြီ၊ ရှင့်ချစ်သူနဲ့ ကုလားအုပ်လေးအတူတူမစီးရတာနဲ့တောင် ရှင်ကကျွန်မကို သေလောက်အောင်မုန်းတယ်နော်၊ တကယ်လို့ ရှင်ချစ်မြတ်နိုးအားကိုးလှတဲ့ မိခင်နဲ့ ရှင့်ကိုတစ်သက်လုံးခွဲခြားလိုက်ရင် ရှင်ဘယ်လောက်မုန်းတီးမလဲ၊ တကယ်လို့ ရှင့်ကို လူတစ်ယောက်ယောက်က အနိုင်အထက်ကျင့်ပြီး စွန့်ပစ်ထားခဲ့ရင် ရှင်ဘယ်လောက်မုန်းတီးမလဲ"

ဝေဝေသည် နာနာကြည်းကြည်းပြောနေရာမှ အေးစက်စက် ရယ်မောပြန်သည်။ ထို့နောက် -

“တကယ်လို့ ရှင်သာ သူတစ်ယောက်ရဲ့ အနိုင့်အထက်စော်ကားကျင့်ကြံခံရတဲ့မိန်းမတစ်ယောက်ရဲ့ သမီးအဖြစ်မွေးဖွားလာခဲ့ရင် ရှင့်မှာ အမုန်းတရားတွေ နာကြည်းမှုတွေ အထူးကြီးပြင်းရင်သန်ခဲ့ရမှာ သေချာတယ်၊ ဟင်း - ဟင်း - ဟင်း။ ငြင်းရင်တော့ ရှင်ဟာ ရေစကားနောက်စကား မညီအညွတ်ပြောတတ်တဲ့ မိန်းမလို့ ကျွန်မက ရှင့်ကို စွပ်စွဲမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မပြောခဲ့တာတွေလောက် မပြင်းထန်တဲ့ချစ်သူနဲ့ ကုလားအုပ်တစ်ကောင်တည်း မစီးရတဲ့အတွက်တောင် ရှင်က ကျွန်မကို သေလောက်အောင်မုန်းတီးတယ်လို့ ပြောခဲ့ပြီးပြီမဟုတ်လားရှင့်”

ချစ်ချစ်မှာ ဝေဝေနှင့်စကားဖက်ပြိုင်၍ မပြောနိုင်လောက်အောင်ဖြစ်သွားမိတော့သည်။ ဝေဝေသည် ကြေကွဲစွာပြုံးရင်း ဆက်ပြောပြန်သည်။

“ဘုရင့်သမီးတော်တစ်ပါးလောက်နီးပါး အဆင့်အတန်းမြင့်မြင့်နေခဲ့ရတဲ့ ရှင်လိုမိန်းကလေးတစ်ယောက်ဟာ ဒီလိုအတွေးမျိုးကိုတောင် တွေးမိမှာမဟုတ်ပါဘူးရှင်”

ချစ်ချစ်၏မျက်ဝန်းထဲမှ ဒေါသရိပ်များသည် ချက်ချင်းပျောက်ကွယ်သွားသည်။ သူမသည် ခေါင်းငုံ့ရင်းဖြည်းညင်းစွာ ဝန်ခံလိုက်သည်။

“ကျွန်မ - ကျွန်မ - ဒီလိုအတွေးမျိုး တစ်ခါမှမတွေးခဲ့မိပါဘူးရှင်”

ဝေဝေ၏မျက်နှာပေါ်မှ ချစ်စရာကောင်းသော အပြုံးပန်းကလေးသည် ပြန်လည်ပွင့်လန်းလာပြန်သည်။ သူမသည် စင်လုံကို တစ်ချက်ကြည့်လိုက်ပြီး သူမ၏နောက်ဘက်၌ ရပ်နေသည့်အစောင့်များကိုလှမ်းပြောလိုက်သည်။ သူမ၏အပြောမှာ ပေါ့တန်တန်ပင်ဖြစ်သည်။

“ကြူးချစ်ချစ် - ဒီလိုအသိမျိုးဝင်လာပြီဆိုရင် သိပ်မဆိုးတော့ဘူးလို့ဆိုရမယ်၊ နောင်ခရီးထွက်ရင် သူ့ကို စင်လုံနဲ့အတူတူ စီးခွင့်ပြုလိုက်ကြ”

သူမသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားတော့သည်။

ရွက်ဖျင်တဲထဲ၌ ကျန်ရစ်နေခဲ့သည့် အကျဉ်းသားများမှာ စကားတစ်ခွန်းမျှမပြောနိုင်ကြပါ။ သို့သော် သူတို့အတွက် ကံကြမ္မာအလှည့်အပြောင်း မဆိုးလှကြောင်း မကြာမီပင် တွေ့ရှိလာကြသည်။ အစောင့်အချို့သည် စားသောက်ဖွယ်ရာများနှင့် သောက်ရေများယူလာပြီး သူတို့အား ကျွေးမွေးပြုစုကြသည်။ ကောင်းစွာကျွေးမွေးပြုစုပြီးသည်နှင့် ပြန်လည်ထွက်ခွာသွားကြသည်။ သူတို့ထွက်ခွာပြီးသည့်အချိန်အထိ မည်သူမျှစတင်စကားမပြောမိကြသေးချေ။

အတန်ကြာမှ ဝံကြောင်ကလေးထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

“သူဟာ - တကယ့်ကို ခန့်မှန်းရခက်တဲ့မိန်းကလေး တစ်ယောက်ပဲ၊ သူ့ကို တကယ်ပဲမုန်းတီးရမှာလား ချစ်ပဲချစ်ရမှာလားဆိုတာ ဝေခွဲဖို့အတော်ခက်နေပြီ”

ထိုစဉ် ရွက်ဖျင်တဲ အပြင်ဘက်မှ မီးကျည်တစ်ခု ထိုးတက်သွားသည်ကို တစ်ဝက်တစ်ပျက်တွေ့မြင်လိုက်ကြရ၏။ မည်းမှောင်နေသည့် မိုးကောင်းကင်၌ မီးပွင့်မီးပန်းများ တဖွားဖွားလွင့်စဉ်လင်းလက်သွားသည်ကို အားလုံးသိမြင်လိုက်ကြသည်။ ထို့နောက် ဒုတိယ

မီးကျည်တစ်ခု ထိုးတက်လာပြန်သည်။ တစ်ခုခုတော့ ထူးခြားနေလေပြီ။

ရွက်ဖျင်တဲထဲ၌ရှိနေသည့် စင်လုံတို့လူသိုက်သည် ရွက်ဖျင်တဲ၏ အဝင်အဝ ဖျင်စများကြားမှ ထိုအခြင်းအရာကို တစ်ဝက်တစ်ပျက် မြင်တွေ့ကြရခြင်းသာဖြစ်သည်။ အရာရာကို ပြည့်စုံစေ့ငှစွာ မြင်တွေ့ကြရခြင်းမဟုတ်ပါချေ။

တစ်ချိန်တည်းမှာပင် ဆူဆူပူပူ အသံများ၊ အော်ဟစ်ကြွေးကြော်သံများကိုပါ ကြားလိုက်ကြရပြန်သည်။

ဝမ်းလင်းဝါး၏ မျက်နှာမှာ ကြည့်မကောင်းအောင် ရှုံ့မဲ့သွား၏။

"ဒါက ဘယ်လိုကိစ္စများ ဖြစ်ရပြန်တာလဲဗျာ၊ ကျုပ်တို့အဖို့ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာများ ဖြစ်နေမလားမသိဘူး၊ အပြင်ဘက်မှာ ဘာတွေထပ်ဖြစ်နေပြန်ပြီလဲဗျ"

ဝံကြောင်ကလေးက -

"ရှင်ပျော်ပျော်မြို့စားကြီးကို လူတစ်ချို့က လာပြီးတိုက်ခိုက်တာနဲ့ တူတယ်၊ အသံတွေကတော့ တိုက်ပွဲခေါ်သံတွေပဲ"

ဝမ်းလင်းဝါးက -

"မဖြစ်နိုင်ဘူးဗျာ၊ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ မှတ်ဆိတ်မွေးကို ဘယ်သူက လက်နဲ့လာဆွဲရဲမှာလဲဗျ"

စင်လုံက ဝင်ဖြေလိုက်၏။

"မင်းပြောတဲ့စကားက မဟာတံတိုင်းကြီးရဲ့အတွင်းဘက်မှာ ဆိုရင်မှန်နိုင်တယ်၊ မဟာတံတိုင်းကြီးရဲ့အပြင်ဘက်မှာတော့ မင်းရဲ့စကား



က မမှန်နိုင်ပါဘူး၊ ဒီဘက်နယ်မြေတွေမှာ လူရိုင်းတွေနေတာကွ၊ ရှင်ပျော်ပျော်မြို့စားကြီးထက် အစွမ်းထက်တဲ့လူကိုလည်း သူတို့ ကြောက်မှာမဟုတ်ဘူး"

ဝံကြောင်ကလေးက အားတက်ရွှင်လန်းစွာ မှတ်ချက်ချ၏။

"ဒီလိုလား - နိပ်လိုက်လေဗျာ၊ ကျုပ်တို့အဖို့ သန်းခေါင်ထက် ညဉ့်မနက်တော့ဘူးဗျ၊ လူရိုင်းတွေလာတိုက်ရင် ကျုပ်တို့အတွက် အခွင့်အရေးပေါ်လာနိုင်တယ်"

ဝင်းလင်းဝါးကလည်း ရယ်လိုက်သည်။

"ဝံကြောင်ကလေး - ခင်ဗျားပြောသလို အခွင့်အရေးပေါ်ချင်လည်းပေါ်လာနိုင်ပါတယ်၊ ဒါပေမယ့် သူတို့က လူရိုင်းတွေဆိုတော့ ကျုပ်တို့ကို သတ်ပစ်ချင်လည်း သတ်ပစ်ကြမှာဗျ၊ ပုံသေကားကျ သတ်မှတ်လို့မရပါဘူး"

ထိုစဉ် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည့် လူတစ်ယောက် စင်လုံ၏ရွက်ဖျင်တဲထဲသို့ ဝင်လာ၏။ အနီးကပ်ရောက်ရှိသောအခါမှ ထိုလူကို စင်လုံမှတ်မိလိုက်သည်။ သူကား မြင်းစီးသူရဲကောင်း နံပါတ်တစ်ပင်တည်း။

သူသည် စင်လုံ၏ရှေ့၌ မားမားမတ်မတ်ရပ်လိုက်၏။ သူ၏ မျက်လုံးများသည် တောက်ပြောင်ဝင်းလက်နေသည်။

"ဘာကိစ္စလဲဗျ"

"သခင်ကြီးက ခင်ဗျားတို့ကို ဖိတ်ခေါ်ခိုင်းလို့ပါ"

"ညကြီးမင်းကြီးထဲမှာ ဘာပြဿနာတွေ တက်နေတာလဲဗျ"

"အပြင်ဘက်မှာ တိုက်ပွဲတွေဖြစ်နေပါတယ်၊ ခင်ဗျားတို့တတွေ မကြည့်လိုက်ရမှာကို သခင်ကြီးက စိုးရိမ်တယ်နဲ့တူပါတယ်"

မကြာမီမှာပင် အစောင့်များရောက်လာပြီး စင်လုံတို့အား တစ်ယောက်ပြီးတစ်ယောက် ထမ်းယူသွားကြကာ ရှင်ပျော်ပျော်မြို့စားကြီး၏ ရွက်ဖျင်တဲနှင့် မနီးမဝေးမှောင်ရိပ်ထဲ၌ ချထားလိုက်ကြသည်။ သူတို့လေးယောက်သည် မှောင်ကြီးထဲ၌ ငုတ်တုတ်ထိုင်ရင်း ရှင်ပျော်ပျော်မြို့စားကြီးထိုင်နေသည့်နေရာသို့ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိကြသည်။

မကြာမီပင် တိုက်ပွဲခေါ်သံများ နီးကပ်သည်ထက် နီးကပ်လာကာ ခုတ်သံ၊ ထစ်သံ၊ တိုက်ခိုက်သံများ ကြားလာရတော့သည်။ မြင်းဟီသံများကိုလည်း ဆူဆူညံညံကြားလာရသဖြင့် လာရောက်တိုက်ခိုက်သူများသည် မြင်းစီးရန်သူများဖြစ်ကြောင်း သိလိုက်ရတော့သည်။

တိုက်ပွဲကြီးသည် မုန်တိုင်းကျသကဲ့သို့ ပြင်းထန်လာသည်။ သူ့ဘက်ကိုယ့်ဘက် တပ်သားများသည် နာရီပိုင်းအတွင်း ဖွေးခနဲ ပြိုလဲကျလျက် ဒဏ်ရာရသူရ၊ သေသူသေဖြစ်နေကြ၏။ အချို့ရွက်ဖျင်တဲများသည် ရန်သူမြင်းစီးတပ်သားများ၏ မြင်းခွာများအောက်၌ ထောင်းလမောင်းကြေသွားရသည်။ သဲဝါမြေပေါ်၌ နီစွေးသောသွေးများ စွန်းထင်းသွားချေပြီ။

စင်လုံတို့လူသိုက်သည် ရန်သူမြင်းစီးတပ်သားများကို ဂရုတစိုက်ကြည့်နေမိသည်။ သူတို့သည် ဓားကောက်ကြီးများကို ကိုင်ထားရုံမျှမက သူတို့၏ မျက်နှာများကိုလည်း မျက်နှာဖုံးများစွပ်လျက် ကာကွယ်ထားကြသေး၏။

ရန်သူများသည် လွန်စွာသတ္တိရှိကြသည်။ တဒင်္ဂတိုက်ပွဲအတွင်း၌ သူတို့ဘက်မှ အထိအနိုက်အကျအဆုံးများသည်။ သို့သော် သူတို့သည် လုံးဝနောက်မဆုတ်ကြချေ။ သတ္တိရှိရှိဖြင့် ရှေ့သို့တစ်ဟုန်ထိုးတက်လျက် ခုတ်ထစ်တိုက်ခိုက်ကြသည်။

ရှင်ပျော်ပျော်မြို့စားကြီး၏ တပ်သားတစ်ဦးသည် ကြိမ်ဖြင့်ယက်လုပ်ထားသည့် ဒိုင်းဖြင့်ကာကွယ်ရန်ဟန်ပြင်လိုက်သည်။ ရန်သူမြင်းစီးတပ်သား၏လှံရှည်ကြီးသည် ကြိမ်ဒိုင်းကို ဖြတ်သန်းတိုးထွက်သွားရုံမျှမက ထိုတပ်သား၏ကိုယ်ထဲသို့ပါ စိုက်နစ်ဝင်သွားတော့သည်။

ထိုရန်သူမြင်းစီးတပ်သားသည် ရှင်ပျော်ပျော်မြို့စားကြီး၏ ရွက်ဖျင်တဲရှိရာသို့ တစ်ဟုန်ထိုးတိုးဝင်လာတော့၏။ မြင်းစီးသူရဲကောင်းနံပါတ်တစ်သည် လေ၏လျှင်မြန်ခြင်းနှင့်အတူ စတင်လှုပ်ရှားတော့သည်။

"ရွှမ်း - " "အင့် - "

မြင်းစီးသူရဲကောင်းနံပါတ်တစ်၏ ဓားသည် လျှပ်ပြက်သကဲ့သို့ ဝင်းလက်သွားပြီး ထိုရန်သူမြင်းစီးတပ်သားသည်လည်း မရှုမလှသေပွဲဝင်သွားရတော့သည်။ သို့သော်နောက်ထပ်ရန်သူတစ်ဦးသည် ချက်ချင်းဝင်ရောက်လာပြန်၏။ ထိုရန်သူလည်း ထပ်မံသေပွဲဝင်သွားရပြန်သည်။

ဝံကြောင်ကလေးက တအံ့တသြပြောလိုက်သည်။

"အနောက်ပိုင်းဒေသက စစ်သည်တော်တွေဟာ တယ်လည်း ရဲရင့်ပါကလား။ လုံးဝ အကြောက်အရွံ့မရှိကြဘူး။ လက်ဖျားခါလောက်အောင် သတ္တိရှိကြပါပေတယ်"

ဝမ်းလင်းဝါးက ခပ်တိုးတိုးပြောသည်။

"ရှင်ပျော်ပျော်မြို့စားကြီးရဲ့ ငယ်သားတွေကကော သတ္တိမရှိကြဘူးလားဟျာ၊ သူတို့တိုက်ပုံခိုက်ပုံကို သေသေချာချာကြည့်ပါဦး။

သာမန်သိုင်းသမားတွေနဲ့ တူရဲ့လားလို့ အသေအချာလေ့ကျင့်ပေး
ထားတဲ့ စစ်သည်တော်တွေဗျ။ သူတို့ကို အထင်မသေးနဲ့"

စင်လုံကလည်း ဝင်၍မှတ်ချက်ပေးသည်။

"အထူးသဖြင့် ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ လက်ရုံးဖြစ်နေတဲ့ မြင်းစီးသူရဲကောင်းနံပါတ်တစ်ကို သတိထားကြည့်ကြစမ်းပါ။ သူဟာ အခြားလူအားလုံးထက် သိုင်းပညာကောင်းရုံမကဘူး။ ဖြတ်ထိုးဉာဏ် လည်း အင်မတန်ကောင်းနေတယ်"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"သူ့မူလအရည်အချင်းကလည်း သိပ်တော့မဆိုးလှပါဘူး။ ဒါ ပေမယ့် ခင်ဗျားက ချီးမွမ်းခန်းဖွင့်လိုက်တော့မှ သူ့ရဲ့မူလအရည် အချင်းထက် ဆယ်ဆလောက်ပိုပြီး အစွမ်းထက်သွားတော့တာပဲဗျာ"

ရုတ်တရက် အဝေးမှကျွဲချိုမှုတ်သံများ ပျံ့လွင့်လာသည်။ အနောက်ဘက်ဒေသမှ မြင်းစီးရန်သူများ၏ အချက်ပေးခရာသံပေ တည်း။ ရှေ့၌ အပြင်းထန်ဆုံးထိုးခုတ်နေကြသည့် မြင်းစီးရန်သူများ သည် တဖြည်းဖြည်းနောက်ဆုတ်သွားကြသည်။

ထိုစဉ် မြင်းစီးသူရဲကောင်းနံပါတ်တစ်က ကောင်းကင်ပွင့်ထွက် မတတ် ကျယ်လောင်စူးရှသောအသံဖြင့် အမိန့်ပေးလိုက်သည်။

"လမ်းဖွင့်ပေးလိုက်ကြ၊ သူတို့ပြန်ဆုတ်သွားပါစေ"

မြင်းခွာသံများ၊ မြင်းဟီသံများ တဖြည်းဖြည်းဝေးသွားတော့ သည်။ သဲမှုန့်များသည် အလိပ်လိုက်အလိပ်လိုက် ကောင်းကင်သို့ လွင့်ပျံတက်လျက်ရှိနေသည်။ လူသေအလောင်းများ ဓားကျိုးဓား ပျက်၊ လုံကျိုးလှံပျက်များ။ နီစွေးသောသွေးများသည် ရွှေဝါရောင် သဲပြင်ပေါ်၌ အနီကွက်ရုံများအဖြစ် ပြန့်ကျဲနေသည်။



ဝံကြောင်ကလေးက မှတ်ချက်ချလိုက်၏။

"တယ်ပြီးကြည့်ကောင်းတဲ့ သွေးမြေကျတိုက်ပွဲကြီးပဲ၊ ဒီလို တိုက်ပွဲမျိုးကတော့ မြင်ရခဲပါပေ့ကွာ"

"ဟား - ဟား - ဟား - မင်းတို့အဖို့ အမြင်ဆန်းနေသလား၊ မင်းတို့စိတ်ဝင်စားတယ်ဆိုလို့ ငါဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့် ဒီလို သဲကန္တာရမျိုးထဲမှာ ဒီလိုတိုက်ပွဲမျိုးက အဆန်းမဟုတ်ပါဘူး"

သူသည် ရန်သူအလောင်းများကို အထင်သေးရှုတ်ချသော အကြည့်ဖြင့်ကြည့်ရင်း -

"စင်လုံ - သဲကန္တာရရှုမျှော်ခင်းနဲ့ တရုတ်ပြည်မြေပြန့်ဒေသ ရှုမျှော်ခင်း နှိုင်းယှဉ်လို့ရပါ့မလားကွ"

စင်လုံအားလှမ်းပြော လိုက်သည့် ပုဂ္ဂိုလ်ကြီးမှာ ရွှင်ပျော်ပျော် မြို့စားကြီးပင် ဖြစ်တော့သည်။

စင်လုံက အေးအေးဆေးဆေးပင် ပြောလိုက်သည်။

"ဘယ်နှိုင်းယှဉ်လို့ ရပ့ါမလဲဗျာ၊ သဲဝါဝါတွေပေါ်မှာ သွေးစိမ်း ရှင်ရှင်ကျနေတဲ့ရှုခင်းက မြေပြန့်ဒေသနဲ့ အကွာကြီးကွာနေတာပေါ့"

ရွှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏စကားကို ကြားလိုက်ရ သောအခါ သဘောကျသွား၏။ ထို့နောက် လက်သီးကိုမြှောက် ခြေထောက်ကိုဆောင့်ကာ စစ်သီချင်းတစ်ပုဒ်ကို သီဆိုလိုက်လေ တော့သည်။ သူ့သီချင်းတွင် သဲဝါဝါများ၊ သွေးများ ရန်သူ့ခေါင်း ပြတ်များ သူ့တပ်သားများ၏ သူရသတ္တိများကို ဖော်ကျူးထားသည်။

စင်လုံသည် စိတ်လိုလက်ရ သီချင်းဆိုနေသည့် ရွှင်ပျော်ပျော် မြို့စားကြီးကို ပြုံး၍ကြည့်နေသည်။ ဤပုဂ္ဂိုလ်ကြီးသည် ရှုးလျှင်ရှူး၊ မရှူးလျှင် ထူးမည်ဆိုသော ပုဂ္ဂိုလ်ကြီးပင်တည်း။ ထိုပုဂ္ဂိုလ်ကြီး၏

ဦးနှောက်ထဲ၌ ပရိယာယ်ဝေဝုစ်များ၊ တိုက်ပွဲနည်းဗျူဟာများ မကုန်ခန်းအောင်ရှိနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

သီချင်းဆုံးသွားသောအခါ ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏လက်နှစ်ဖက်ကို ပွတ်သပ်ရင်း ကျေနပ်အားရစွာမျှော်ကြည့်နေ၏။

စင်လုံက ရုတ်တရက်မေးလိုက်သည်။

“မြို့စားကြီး - ခင်ဗျားကိုလာတိုက်တဲ့လူဟာ လုံကျင်ဖုံးမဟုတ်လား”

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံအား တအံ့တသြကြည့်လိုက်၏။ စင်လုံ၏ ဦးခေါင်းထဲ၌ မသိသည့်အရာ မရှိသလောက်ပါလားဟု တွေးလိုက်သည်။

“ဟုတ်ပါ့ကွာ - လုံကျင်ဖုံးပေါ့၊ ဒီသဲကန္တာရတွေထဲမှာ ဓားပြဂိုဏ်းတွေအများကြီးရှိတယ်၊ လုံကျင်ဖုံးရဲ့ ဓားပြဂိုဏ်းကတော့ အင်အားအကြီးဆုံးပေါ့ကွာ၊ ငါ့ရဲ့မှတ်ဆိတ်မွေးကို လာဆွဲဝံ့တာလည်း ဒီကောင်တစ်ကောင်ပဲရှိတယ်”

ဝံကြောင်ကလေးက စပ်စုလိုက်သည်။

“ဒီလူရဲ့ ပုံပန်းသွင်ပြင် ဘယ်လိုများရှိသလဲ”

“ငါလည်း မသိပါဘူးကွာ”

“သူတို့တိုက်တာ ဒါပထမဆုံးအကြိမ်လား”

“ဟား - ဟား - ဟား - ဒါပထမဆုံးအကြိမ်မဟုတ်ပါဘူး။ သူတို့စိတ်ထဲမှာ ငါဟာသူတို့နယ်မြေတွေကို သိမ်းပိုက်ဖို့လာနေတဲ့လူလို့ ထင်မှတ်နေပုံရတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်ကစပြီး မနားမနေ ဒုက္ခပေးနေတော့တာပဲ၊ ဒီလုံကျင်ဖုံးဆိုတဲ့ကောင်ဟာ ငါ့နာမည်ကို ကြားဖူးနားဝတော့ရှိမှာပါ၊ ဘာကြောင့်များ ငါ့ကို



ယှဉ်ပြိုင်ဖို့ ကြိုးစားနေရတာလဲမသိဘူး”

လုံကျင်ဖုံးဆိုသည်မှာ သဲကန္တာရ၏ ဘုရင်တစ်ပါးဖြစ်သည်။ တရုတ်ပြည်မြေပြန့်ဒေသ၌ ရှင်ပျော်ပျော်မြို့စားကြီးသည် ထူးခြားဆန်းကြယ်သော ပုဂ္ဂိုလ်ကြီးဖြစ်သကဲ့သို့ လုံကျင်ဖုံးသည်လည်း သဲကန္တာရအတွင်း၌ ထူးခြားဆန်းကျယ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ လုံကျင်ဖုံး၏မျက်နှာကို မြင်ဖူးသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ။

ရှင်ပျော်ပျော်မြို့စားကြီးက ဆက်ပြောသည်။

“လုံကျင်ဖုံးဟာ အမြဲတမ်းလိုလိုလာတိုက်တယ်၊ မဖြစ်စလောက်အင်အားကလေးတွေနဲ့ပါ၊ အခုတစ်ကြိမ်ကတော့ သူလာတိုက်သမျှတိုက်ပွဲတွေထဲမှာ အကြီးကျယ်ဆုံးပဲ၊ အခုလောလောဆယ် တော့ ပြန်လှည့်သွားကြပြီ၊ ဒါပေမယ့် ငါအခုသေချာပေါက်ပြောရဲ တယ်၊ သူတို့ဟာ နောက်တစ်ကြိမ် စိတ်မကျေပွဲလာနှဲကြလိမ့်ဦးမယ်”

စင်လုံက ရယ်ရင်းပြောသည်။

“နေရာဌာနဟာ သိပ်အရေးကြီးတယ်၊ ဒီနေရာဟာ သဲကန္တာရ၊ သူတို့ဟာ သဲကန္တာရထဲမှာ နေနေကျလူမျိုးဖြစ်လို့ သဲကန္တာရအကြောင်း ကောင်းကောင်းကြီးကျွမ်းကျင်ကြတယ်၊ မိကျောင်းဟာ ရေထဲမှနေရင် အကောင်ငယ်ပေမယ့် ဆင်ပြောင်ကိုတောင် ဆွဲသွားနိုင်တယ်၊ လုံကျင်ဖုံးအဖို့ ဒီသဲကန္တာရကြီးဟာ သူ့အဖို့ ရေပြင်ကြီးပဲ၊ သူဟာလည်း မိကျောင်းပဲ”

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံအား တောက်ပသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

“မင်းဟာ - ဒါကြောင့်မို့ သိုင်းလောကထဲမှာ နာမည်တစ်လုံးရနေတာပဲ၊ ဆက်ပြောစမ်းပါဦးကွာ၊ ကြားစမ်းပါရစေ -”

စင်လုံက ပြုံးရင်း…

"အခုလာတိုက်တာ သူတို့ရဲ့အဓိကအင်အား ဟုတ်ဟန်မတူပါဘူး"

"ဘာဖြစ်လို့ အဓိကအင်အားမဟုတ်ဘူးလို့ ဆိုနိုင်သလဲ"

"နောက်ပိုင်းက ကျွဲချိုမှုတ်သံ ကြားတယ်မဟုတ်လား။ နောက်ပိုင်းက အခြေအနေ စောင့်ကြည့်နေတဲ့လူ ရှိနေတယ်၊ သူက ဘာဖြစ်လို့ နောက်ပိုင်းက အေးအေးဆေးဆေးစောင့်ကြည့်နေရတာလဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် လက်ခုပ်လက်ဝါးတီးရင်း ရယ်မောလေတော့၏။

"ဟုတ်ပါ့ကွ၊ မင်းတွေးသမျှတွေမှာ အကြောင်းရှိတာတွေချည်းပါပဲလား။ ဟုတ်တယ်၊ သူတို့ဟာ ငါ့ရဲ့ အင်အားဘယ်လောက် ရှိသလဲဆိုတာသိချင်လို့ လာပြီးသွေးတိုးစမ်းကြတာပဲ၊ ဒီတစ်ပွဲမှာ အနိုင်ယူချင်စိတ်မရှိဘူးဆိုတာ ငါလည်းအလိုလိုသိနေတယ်၊ ကျွဲချိုမှုတ်သံလည်းကြားရော ချက်ချင်းလိုလို ပြန်ဆုတ်သွားကြတာပဲ"

ဝံကြောင်ကလေးက စိတ်ပျက်လက်ပျက်ဝင်ပြောလိုက်သည်။

"အသက်ပေါင်းများစွာစတေးပြီး စမ်းသပ်တာမျိုးကတော့ မလိုလားအပ်ပါဘူးဗျာ၊ သိပ်ပြီးတန်ဖိုးကြီးလွန်းလှပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးက ရယ်လိုက်၏။

"တော်စမ်းပါကွာ၊ ဒါကစစ်ပွဲကွ၊ လူငါးဆယ်တစ်ရာသေတာ ဆန်းကြယ်တဲ့ကိစ္စမှမဟုတ်ဘဲ"

ဝံကြောင်ကလေးမှာ ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

"ဘုရားရေ - မရက်စက်လွန်းဘူးလားဗျာ"



ဝမ်းလင်းဝါးက ရယ်ရင်းဝင်ပြောသည်။

"ဝံကြောင်ကလေးကလည်းဗျာ - ဘာဖြစ်လို့ ဒီလောက် ထူးဆန်းနေရတာလဲ၊ အချိန်အခါအလိုက်ပေါ့ဗျာ၊ ရက်စက်ရမယ့်နေရာမှာ မရက်စက်ရင် ကိုယ့်လူတွေအားလုံးကို သေတွင်းပို့တာနဲ့ အတူတူပဲ၊ အင်း - ကြည့်ရတာတော့ လုံကျင့်ဖုံးဆိုတဲ့လူဟာ ကြံရည်ဖန်ရည်မဆိုးဘူးနဲ့တူတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် အထင်သေးစွာ ရယ်မောလိုက်၏။

"ဒီကောင် ဘယ်လောက်ကြံရည်ဖန်ရည်ရှိသလဲဆိုတာကို ငါကလည်း စောင့်ကြည့်နေတာပဲ"

သူသည် သူ့လူများဘက်သို့ လှည့်ကာ အော်ဟစ်အမိန့်ပေးလိုက်၏။

"ဒဏ်ရာအနာတရ ရတဲ့လူတွေကို စစ်ဆေးကြစမ်း"

ထိုစဉ် မြင်းစီးသူရဲကောင်းနံပါတ်တစ်သည် အပြေးအလွှားရောက်ရှိလာသည်။

"ခုနစ်ဦးကျဆုံးပြီး ဆယ့်သုံးဦးဒဏ်ရာရရှိကြပါတယ်၊ ရန်သူ့ဘက်ကတော့ တစ်ရာ့ဆယ်ခုနစ်ယောက်တောင် ကျဆုံးပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်နှစ်သိမ့်သွား၏။ သူ၏ မှတ်ဆိတ်မွေးများကို ပွတ်သပ်နေရင်းမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် -

"လုံမလေးဝေဝေကော - သူ ဘယ်ရောက်နေသလဲ"

မြင်းစီးသူရဲကောင်းနံပါတ်တစ်မှာ တုံ့ဆိုင်းသွားသည်။

"ကျွန် - ကျွန်တော် မတွေ့လိုက်မိပါဘူး"

"ကိစ္စမရှိဘူး၊ ငါပြောတဲ့အတိုင်း တပ်ဖွဲ့တွေပြင်ဆင်ပြီးသွားပြီလား"

"ဟုတ်ကဲ့ - စီစဉ်ပြီးပါပြီ၊ တပ်ပေါင်း ဆယ့်ခြောက်တပ်ဖွဲ့ထားပါတယ်၊ လေးမြားတပ်လေးတပ်၊ ဓား၊ ပုဆိန်၊ ရဲခင်းတပ်လေးတပ်၊ လှံကိုင်တပ်လေးတပ်နဲ့ ကြိမ်ဒိုင်းကိုင်လေးတပ်၊ ပေါင်း ဆယ့်ခြောက်တပ်တိတိပါ"

"ရှေ့ပြေးကင်းထောက်အဖွဲ့ကိုရော လွှတ်ပြီးပြီလား"

"ဟုတ်ကဲ့ - မြင်းစီးသူရဲကောင်းနံ့ပါတ်သုံးဦးဆောင်တဲ့ လူပေါင်းနှစ်ဆယ်ဟာ ရှေ့ပြေးကင်းထောက်ဖို့ ထွက်ခွာသွားကြပါပြီ"

"ကောင်းတယ် - မင်းလည်းသွားနိုင်ပြီ"

မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်သည် တဖြည်းဖြည်းနောက်ဆုတ်ပြီး လှည့်ထွက်သွားတော့သည်။ ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံတို့ရှေ့မှာပင် လက်ကိုနောက်ပစ်ရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ထိုစဉ် အစောင့်များ၏ အော်ငေါက်မေးသံ ထွက်ပေါ်လာတော့၏။

"ဟေ့ - ဘယ်သူလဲ၊ ရပ်"

နောက်ထပ်အော်သံများ ထွက်လာပြန်၏။

"မရပ်သေးဘူးလား၊ အမိန့်အတိုင်းမရပ်ရင် ဝိုင်းပစ်ကြ"

ထိုစဉ် ငွေဆည်းလည်းသံလေး လှုပ်ခတ်သကဲ့သို့ သာယာလှသော ရယ်မောသံကလေး ပေါ်ထွက်လာတော့၏။

"အသုံးမကျတဲ့ကောင်တွေ၊ ငါ့ကိုတောင်မမှတ်မိကြတော့ဘူးတဲ့လား"



ဝေဝေ၏ နွဲ့ပျောင်းသောခန္ဓာကိုယ်ကလေးသည် မှောင်ရိပ်ထဲမှ ထွက်ပေါ်လာသည်။ မကြာမီပင် ရှင်ပျော်ပျော်မြို့စားကြီး၏ ရှေ့မှောက်သို့ ရောက်ရှိလာတော့သည်။

သူမသည် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသဖြင့် သူမ၏ကိုယ်လုံးအလှကို မမြင်ချင်မရ၊ မသိချင်မရဖြစ်နေရတော့သည်။ မျက်နှာတွင်လည်း ဇာပဝါပါးတစ်ခု ဖုံးအုပ်တပ်ဆင်ထားသည်။

ရှင်ပျော်ပျော်မြို့စားကြီးက အားရရွှင်လန်းစွာ ရယ်ရင်း -

"လုံမကလေး - ဘယ်ရောက်နေတာလဲကွ၊ ကျုပ်က မင်းအတွက် စိုးရိမ်နေတာ"

ဝေဝေက ကနွဲ့ကလျရယ်လိုက်၏။

"သခင်ကြီး မခန့်မှန်းနိုင်ဘူးလား"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် တလက်လက်အရောင်တောက်ပသွားသည်။

"လုံကျင်ဖုံးရဲ့သတင်းကိုများ သွားထောက်လှမ်းနေတာလား"

ဝေဝေက လက်ခုပ်လက်ဝါးတီးရင်း အားပါးတရရယ်မောလေတော့၏။

"သခင်ကြီးက သိပ်တော်တာပဲ၊ ဒါကြောင့်မို့ တစ်ခေတ်မှာ တစ်ယောက်သာပေါ်ထွန်းတဲ့ သိုင်းပညာရှင်ကြီးလို့ သိုင်းလောကမှာ ပြောစမှတ်ပြုကြတာပဲ၊ သခင်ကြီးကို လိမ်လို့ညာလို့ ဖုံးကွယ်လို့ ဘယ်လိုမှ မရနိုင်ဘူး"

ရှင်ပျော်ပျော်မြို့စားကြီးက ဝေဝေ့အားပြုံးရင်း ပြောလိုက်၏။

"လုံမလေး - လုံကျင်ဖုံးဆိုတာ ရိုးရိုးစားပြမဟုတ်ဘူး၊ မင်းတစ်ယောက်တည်းသွားဖို့ မသင့်တော်ဘူး။ မတော်တဆ ဘေးအန္တရာယ်

ကြုံတွေ့လာရင် ခက်လိမ့်မယ်၊ ကျုပ်အတွက် ဘာဖြစ်လို့ ဒီလောက်တောင် စွန့်စွားရတာလဲကွယ်”

ရွှင်ပျော်ပျော်မြို့စားကြီး၏အသံမှာ နူးညံ့ပျော့ပျောင်းနေသည်။ ဤလေသံမျိုးကို ဝေဝေနှင့်ပြောသည့်အခါမှတစ်ပါး အခြားမည်သူနှင့်မျှ မပြောဆိုခဲ့ကြောင်း စင်လုံကောင်းစွာသိနေသည်။ ကျားရဲကဲ့သို့ရက်စက်ကြမ်းကြုတ်ရက်စက်လှသည့် ရွှင်ပျော်ပျော်မြို့စားကြီးသည် ဝေဝေ၏ရှေ့မှောက်တွင် ယုန်သူငယ်လေးဖြစ်နေပြန်၏။

ဝေဝေက ပြုံးရင်းပြန်ပြောသည်။

“အို - သခင်ကြီးကလည်း ကျွန်မရဲ့ခန္ဓာကိုယ်ကိုတောင် သခင်ကြီးကို အပိုင်ပေးဖို့ ဆုံးဖြတ်ထားပြီးပြီပဲ၊ သခင်ကြီးရဲ့အကျိုးအတွက်ဆောင်ရွက်ပြီး အသက်သေဆုံးရကော ဘာဖြစ်သလဲ၊ ကျွန်မသေရဲပါတယ်ရှင်၊ ဒါပေမယ့် လုံကျင်ဖုံးရဲ့လူတွေလောက်တော့ ကျွန်မကဂရုမစိုက်သေးပါဘူး၊ ကျွန်မကို အသက်ဆုံးရှုံးနိုင်လောက်အောင်လည်း သူတို့မှာ အစွမ်းအစရှိကြမှာမဟုတ်ပါဘူး”

“ဟား - ဟား - ဟား - မှန်တယ် - မှန်တယ်၊ ဝေဝေ့ကိုကျုပ်ကနတ်သမီးလေးလိုချည်း အောက်မေ့နေတာ ဝိညာဉ်ဂိုဏ်းချုပ်သခင်မအဖြစ်လည်း အစွမ်းအစရှိသေးတာကို မေ့မေ့နေတယ်၊ ဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုတာ လေထဲမှာ မီးခိုးလိုလွင့်ပြီးသွားနိုင်တဲ့သိုင်းပညာရှင်ပဲ၊ လုံကျင်ဖုံးလို ပုဂ္ဂိုလ်မျိုးလောက်တော့ ဘယ်အရေးစိုက်လိမ့်မလဲ၊ ဟား - ဟား”

“သခင်ကြီးရှင့် - ”

ဝေဝေထံမှ စကားသံ ဆက်လက်မထွက်လာသဖြင့် ရွှင်ပျော်ပျော်မြို့စားကြီးက အသေတကြီးမေးလိုက်၏။



“ဘာလဲဝေဝေ - ပြောလေ”

“သခင်ကြီးတို့ တကယ်တမ်းကြောက်ရမယ့်လူက လုံကျင်ဖုံးမဟုတ်ပါဘူးရှင်”

ရွှင်ပျော်ပျော်မြို့စားကြီးသည် ရုတ်တရက် မျက်ခုံးများမြင့်တက်သွား၏။ ထို့နောက် ရွှင်မြူးစွာ ပြန်ပြောလိုက်သည်။

“တကယ်တမ်း ကြောက်စရာကောင်းတဲ့သူကတော့ ဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုတဲ့ မိန်းမချောကလေးမဟုတ်လားကွ၊ ကျုပ်ကိုကျီစယ်မနေစမ်းပါနဲ့ကွာ၊ ဟား - ဟား - ဟား”

“သခင်ကြီးဟာ တကယ့်ကိုသွေးအေးတဲ့လူပါပဲရှင်၊ ဒီလိုတိုက်ပွဲကြီးဖြစ်နေတဲ့အချိန်မှာတောင် နောက်ပြောင်ကျီစယ်နေသေးတယ်”

“ဒီလိုတိုက်ပွဲမျိုး တိုက်ခိုက်နေတဲ့အချိန်မှာ စိတ်ဓာတ်ပေါ့ပေါ့ပါးပါးလွတ်လွတ်လပ်လပ်ဖြစ်နေမှ ပိုကောင်းတာပေါ့ကွ၊ ဟား - ဟား - ဟား။ ကဲ - ကဲ - ပြောစမ်းပါဦးကွာ၊ တကယ်တမ်းကျုပ်ကြောက်ရမယ့်လူက ဘယ်သူများပါလိမ့်”

“ကျွန်မတို့ တကယ်တမ်းကြောက်ရမယ့်လူက “ဗျူဟာမှူး”ဆိုတဲ့လူပါပဲရှင်”

ရွှင်ပျော်ပျော်မြို့စားကြီးသည် ချက်ချင်းပင် မျက်မှောင်ကုတ်သွားတော့၏။

“ဗျူဟာမှူးတဲ့လား။ လုံကျင်ဖုံးဆိုတဲ့လူဆီမှာ ဗျူဟာမှူးရှိတယ်လို့တစ်ခါမှလည်း မကြားခဲ့ပါဘူး။ မင်းက ဘယ်လိုလုပ်ပြီး သိခဲ့ရတာလဲ”

“လုံကျင်ဖုံးပြောတဲ့စကားကို နားနဲ့ဆတ်ဆတ်ကြားခဲ့မိလို့ပါ ရှင်”

“မင်းကိုယ်တိုင် ကြားခဲ့ရတယ်ဟုတ်လား”

“ဟုတ်ပါတယ် သခင်ကြီးရှင့်၊ ကျွန်မချောင်းမြောင်းနားထောင်နေတုန်း လုံကျင်ဖုံးကိုယ်တိုင် ပြောတဲ့စကားကို ကြားလိုက်ရတာပါ။ သူတို့ရဲ့ စကားအသွားအလာတွေကို ထောက်ရင် လုံကျင်ဖုံးကို အာဇာနည်သူရဲကောင်းကြီးတစ်ယောက်အဖြစ် လေးစားကိုးကွယ်နေကြတယ်ဆိုတာ သိသာထင်ရှားပါတယ်၊ အဲဒီ ဗျူဟာမှူးဆိုတဲ့လူကျတော့ နတ်သိကြားလောက်နီးနီး ပြောဆိုနေတာကို ကြားခဲ့ရပါတယ် သခင်ကြီးရှင့်”

ရှင်ပျော်ပျော်မြို့စားကြီးက အလျင်စလိုမေးလိုက်၏။

“ဗျူဟာမှူးရဲ့ ပုံပန်းသဏ္ဍာန်က ဘယ်လိုရှိသလဲ”

“ဝမ်းနည်းပါတယ် သခင်ကြီးရှင့်၊ ကျွန်မအများကြီး ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ဗျူဟာမှူးနဲ့ လုံကျင်ဖုံးတို့ရဲ့ ရွက်ဖျင်တဲတွေမှာ အစောင့်အကြပ်တွေ သိပ်ပြီးထူထပ်လှပါတယ်၊ တကယ်တမ်း သူတို့တားဆီးရင် ယင်ကောင်တစ်ကောင်တောင် အဲဒီရွက်ဖျင်တဲတွေထဲကို ဝင်နိုင်မယ်မထင်ပါဘူးရှင်”

“သူ့နာမည်ကိုရော ကြားမိခဲ့သေးသလားဟင်”

“ဟင့်အင်း - မကြားမိခဲ့ပါဘူး။ ကျွန်မက ဒီဗျူဟာမှူးဆိုသူရဲ့ နာမည်ကိုသိအောင် ကြိုးစားခဲ့ပါတယ်၊ သူတို့ရဲ့ ကင်းပုန်းကို အမျိုးမျိုးချော့မေးခဲ့တယ်၊ အမျိုးမျိုးခြိမ်းခြောက်မေးခဲ့တယ်၊ သူတို့မပြောနိုင်ပါဘူး။ ကျွန်မအကဲခတ်ရသလောက်တော့ သူတို့ကိုယ်တိုင် ဒီဗျူဟာမှူးရဲ့နာမည်ကို မသိဘဲရှိနေပုံရပါတယ်”

ရှင်ပျော်ပျော်မြို့စားကြီးက အလောသုံးဆယ်မေးလိုက်သည်။

“ဒီဗျူဟာမှူးရဲ့အကြောင်းကိုရော မင်းမမေးခဲ့ဘူးလားဟင်”

“ပထမတော့ သူတို့မပြောကြပါဘူး”



“သူတို့ပြောလာအောင် မင်းဘယ်လိုလုပ်လိုက်သလဲကွယ်”

“ကျွန်မက ထူးထူးခြားခြား ဘာမှမလုပ်လိုက်ပါဘူး၊ ကျွန်မရဲ့ မျက်နှာဖုံးဇာပုဝါကိုဖွင့်ပြပြီး တစ်ချက်လောက်ပြုံးပြလိုက်တာပါပဲ”

“ဟား - ဟား - ဟား - ယုံတယ်၊ ကျုပ်ယုံတယ်၊ ဒီလောကမှာ ရှိရှိသမျှ ယောက်ျားအားလုံးဟာ မင်းပြုံးပြတဲ့ဒဏ်ကို ဘယ်သူမှ ခံနိုင်ကြမှာမဟုတ်ဘူး”

ချစ်ချစ်သည် ရှင်ပျော်ပျော်မြို့စားကြီးနှင့် ဝေဝေတို့၏စကားကို အောင့်အည်းသည်းခံ၍ နားမထောင်နိုင်တော့ဘဲ ခပ်ငေါ့ငေါ့ကလေး ဝင်ပြောလိုက်မိ၏။

“ဒီလောက်လည်း အထင်ကြီးမနေပါနဲ့ရှင်၊ သူ့အပြုံးဒဏ်ကို ခံနိုင်တဲ့ယောက်ျားတစ်ယောက်ကတော့ ဒီနားမှာပဲ ရှိနေပါသေးသတဲ့ရှင်”

ရှင်ပျော်ပျော်မြို့စားကြီးသည် ချစ်ချစ်၏စကားကို အလျဉ်း ဂရုမစိုက်ပါချေ။ ဝေဝေကိုသာ ဆက်၍မေးနေ၏။

“အဲဒီကင်းပုန်းဆီက ဘာတွေသိခဲ့ရသလဲ”

“အဲဒီကင်းပုန်းရဲ့ ပြောစကားအရတော့ ဒီလူလုံကျင်ဖုံးဆီ ရောက်လာတာ သိပ်မကြာသေးဘူးတဲ့၊ နောက်ပြီး အဲဒီလူက အင်မတန်လျှို့ဝှက်တယ်ဆိုပဲ၊ ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားရုံမကဘူး။ မျက်နှာဖုံးအနက်ကြီးကိုလည်း နေ့ရောညပါ တပ်ဆင်ထားတယ်ဆိုပဲ၊ လုံကျင်ဖုံးကလည်း လေးစားတယ်၊ လုံကျင်ဖုံးရဲ့ တပည့်အားလုံးကလည်း သိပ်ပြီးလေးစားကြသတဲ့”

“သူ့နာမည်ရင်း မသိရတာ သိပ်ဆိုးတာပဲကွာ”

"သူ့နာမည်ရင်းတော့ မသိခဲ့ရပါဘူး။ ဒါပေမယ့် ဗျူဟာမှူးရဲ့ အခြားနာမည်တစ်ခုကိုတော့ သိခဲ့ရပါတယ်"

"ပြောစမ်း - ပြောစမ်း။ ဘယ်သူတဲ့လဲ"

"သူ့နာမည်က ထူးထူးဆန်းဆန်းပါပဲရှင်၊ ကလဲ့စားချေသူတမန်တော်တဲ့"

ရှင်ပျော်ပျော်မြို့စားကြီးသည် ရုတ်တရက်မည်သည့်စကားမျှ မပြောနိုင်တော့ဘဲ အတွေးနက်သွားတော့သည်။ ထို့နောက် ဖြည်းညင်းစွာပြောလိုက်သည်။

"ကလဲ့စားချေသူတမန်တော်တဲ့လား။ အခုတစ်ကြိမ် အင်နဲ့အားနဲ့လာတိုက်တာ သူ့ရဲ့အကြံအစည်များလား"

ဝေဝေကလည်း လေးလေးနက်နက်ပင် ထောက်ခံသည်။

"ဖြစ်နိုင်ပါတယ်ရှင်၊ သူ့ကို ဗျူဟာမှူးလို့ နာမည်ပေးထားတာကိုက ဖြစ်နိုင်ကြောင်း သက်သေပြနေပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီး၏ အမူအရာမှာ အနည်းငယ်မျှ ပေါ့ဆမှုမရှိတော့ပေ။ လေးလေးနက်နက်တွေး၍ လေးလေးနက်နက်ပင် ပြောနေသည်။

"သူ့တစ်ကိုယ်လုံးမှာ ဝတ်ရုံရှည်ကြီးဝတ်ဆင်ထားတယ်၊ မျက်နှာဖုံးကိုလည်း နေ့ရောညပါတပ်ဆင်ထားတယ်၊ လုံးဝလူမြင်သူမြင်မခံဘူး၊ နာမည်ရင်းကို ဖျောက်ထားတယ်၊ သူ့ကိုယ်သူ ကလဲ့စားချေသူတမန်တော်လို့ မှည့်ခေါ်တယ်၊ ကျုပ်ရဲ့သိပောင်းကျွမ်းပောင်းများ ဖြစ်နေမလား"

ဝေဝေကလည်း လေးနက်စွာပင် ပြန်မေးသည်။



"သူဘယ်သူလဲဆိုတာ သခင်ကြီးစဉ်းစားကြည့်ရင် ပေါ်လာလိမ့်မယ်နဲ့တူပါတယ်၊ ပြန်စဉ်းစားကြည့်ပါဦးလား"

"သူဘယ်သူလဲဆိုတာ ကျုပ်စဉ်းစားလို့မရဘူး။ ဒီလူ့ကို ပေါ့ပေါ့တန်တန် သဘောထားလို့မရနိုင်တဲ့ အကြောင်းတစ်ချက်က ထင်းထင်းကြီးဖြစ်နေတယ်၊ ဒီလူဟာ အချိန်တိုတိုအတွင်းမှာ လုံကျင်ဖုံးလိုပုဂ္ဂိုလ်မျိုးရဲ့ ယုံကြည်ကိုးစားမှုကို ခံရအောင်လုပ်နိုင်တဲ့အချက်ပဲ"

ဝေဝေက ဖြည်းညင်းစွာပြောသည်။

"သခင်ကြီးရှင့်၊ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ပါဦး"

ရှင်ပျော်ပျော်မြို့စားကြီးက ဖြည်းညင်းစွာ ခေါင်းယမ်းပြသည်။

"ကျုပ် စဉ်းစားလို့ မရပါဘူးကွယ်"

ချစ်ချစ်သည် အေးစက်စက်ရယ်ရင်း ဝင်ပြောပြန်သည်။

"ရှင့်မှာရန်ငြိုးတွေများလွန်းလို့ ဘယ်သူလဲဆိုတာ ရှင်ဘယ်တွေးနိုင်တော့မလဲရှင်"

ရှင်ပျော်ပျော်မြို့စားကြီးသည် ဗျူဟာမှူးနှင့်ပတ်သက်၍ ဦးနှောက်ခြောက်မတတ် စဉ်းစားနေသဖြင့် ချစ်ချစ်၏စကားများကို မကြားမိလိုက်ချေ။

ရှင်ပျော်ပျော်မြို့စားကြီးက ဝေဝေအား ထပ်မံမေးလိုက်ပြန်၏။

"ဒီပြင် ဘာသတင်းများရခဲ့သေးသလဲ"

"ဒီပြင် ထူးခြားတဲ့သတင်းတွေ မရတော့ပါဘူး၊ ဒါနဲ့ ကျွန်မလည်း သူတို့ရဲ့လူအရေအတွက်နဲ့ မြင်းကောင်ရေတွေကိုလိုက်ပြီး လေ့လာကြည့်မိပါတယ်၊ ဒီက မသေဘဲဆုတ်ခွာသွားတဲ့လူတွေအပါအဝင် အင်အားနှစ်ရာကျော်ပဲရှိနေပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် ချက်ချင်းပင် တောက်ပြောင်ဝင်းလက်လာသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ကျေနပ်အားရစွာ ရေရွတ်လိုက်၏။

"ဝေဝေ - မင်းဟာ တကယ့်ကိုတော်လှပါလား။ စစ်ပွဲတစ်ပွဲမှာ ဒီလိုသတင်းထက် အရေးကြီးတဲ့ ဘာသတင်းများရှိသေးသလဲ၊ ကျုပ်က သူတို့အင်အားကို ဒီထက်ပိုမိုခန့်မှန်းတွက်ထားခဲ့မိတယ်ကွာ"

"သခင်ကြီးရှင့် - သူတို့တွေဟာ သိပ်ပြီးစိတ်ဓာတ်တက်ကြွနေကြပါတယ်၊ ခေါင်းဆောင်ပိုင်းတွင်မဟုတ်ဘူး၊ ငယ်သားတွေကိုယ်တိုင်စစ်သွေးစစ်စိတ်တက်ကြွနေကြပါတယ်၊ သူတို့အခြေအနေကို အကဲခတ်ရတာတော့ မကြာခင် နောက်ထပ်တစ်ပွဲ လာနွှဲလိမ့်မယ်လို့ ထင်မြင်ယူဆရပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် မျက်လုံးကို စုံမှိတ်လျက် နားထောင်နေရာမှ ဖြည်းညင်းစွာ ပြန်ပြောလိုက်သည်။

"သူတို့က နောက်တစ်ကြိမ်လာတိုက်ကြမယ်တဲ့ ဟုတ်လား၊ ဟင်း - ဟင်း - ဟင်း - စိတ်ချစမ်းပါ၊ သူတို့နောက်တစ်ကြိမ်လာတိုက်ဖို့ ကျုပ်က ခွင့်မပြုတော့ပါဘူး"

"ရှင် - သခင်ကြီးဆိုလိုတာက - "

"ကျုပ်ဆိုလိုတာက သူတို့ကို အခုပဲ ရှောင်တခင်ဝင်တိုက်တော့မယ်လို့ ဆိုလိုတာပဲ"

ဝေဝေက လက်ခုပ်လက်ဝါးတီးရင်း ရယ်မောလိုက်၏။

"ကျွန်မသဘောပေါက်ပါပြီ သခင်ကြီးရှင့်၊ သူတို့ဟာ ကျွန်မတို့ကိုတိုက်ဖို့ စိတ်စောနေကြတယ်၊ ကျွန်မတို့က သူတို့ကို အလစ်



ဝင်တိုက်လိမ့်မယ်လို့ သူတို့နည်းနည်းကလေးမှ စဉ်းစားထားကြမှာ မဟုတ်ပါဘူး။ ဒီအချိန်မှာ ကျွန်မတို့က အမှတ်မထင် အလစ်ဝင်တိုက်ပြီး ကျိန်းသေအနိုင်ယူလိုက်မယ်ဆိုတဲ့ သဘောပဲမဟုတ်လား သခင်ကြီးရှင်၊ သခင်ကြီးရဲ့စိတ်ကူးအကြံဉာဏ်ကို ဘယ်သူမှလိုက်နိုင်မှာ မဟုတ်တာကို ဒီအကြံဉာဏ်က သက်သေပြနေတာပါပဲရှင်"

ရှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားအော်ဟစ်ရယ်မောရင်း၊ စင်လုံအား လှမ်းကြည့်လိုက်၏။

"စင်လုံ - ငါ့ရဲ့အကြံဉာဏ်ကို ဝေဖန်စမ်းပါဦး"

စင်လုံ ဖြည်းညင်းစွာပြောလိုက်၏။

"သောင်းချီတပ်မတော်ကြီးရဲ့ စစ်သေနာပတိတောင် ဒီထက်ကောင်းတဲ့အကြံဉာဏ်ကို ပေးနိုင်မှာမဟုတ်ပါဘူးဗျာ"

"ဟား - ဟား - ဟာ - စင်လုံ မင်းကငါ့ကို ဒီလောက်တောင် ချီးကျူးလိုက်ရသလားကွာ"

"ရက်စက်တဲ့နေရာမှာ၊ သည်းခံတဲ့နေရာမှာ၊ စိတ်ကူးစိတ်သန်းကောင်းတဲ့နေရာမှာ ခင်ဗျားကိုဘယ်သူကမှ လိုက်မမီနိုင်ပါဘူးဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကောင်းကင်သို့ မော့ကြည့်ရင်း တဟားဟားရယ်မောလေတော့၏။

"အင်း - ငါတကယ်ပဲ ဂုဏ်ယူတယ်ကွာ၊ စင်လုံရဲ့စကားတစ်ခွန်းကို အခြားလူတစ်ထောင်ရဲ့ စကားခွန်းတစ်ထောင်ထက် ပိုပြီး တန်ဖိုးထားတယ်ဟေ့၊ ငါ့အတွက်အရက် ယူခဲ့စမ်းဟေ့"

ဝေဝေသည် သမင်မလေးသဖွယ် ရွှင်မြူးလန်းဆန်းစွာ ပြောလိုက်၏။

"သခင်ကြီးအတွက်အရက်ကို ကျွန်မကိုယ်တိုင် ငှဲ့ပေးမယ်နော်"

"ဒါပေါ့ကွယ် မင်းငှဲ့ပေးမှ အရက်ရဲ့အရသာ ပိုကောင်းလာမှာ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ဝေဝေငှဲ့ပေးသောအရက်ကို တရှိန်ထိုးမော့ချလိုက်၏။ ပြီးမှ -

"ဟား - ဟား - ဟား - မင်းတို့ရဲ့လူနှစ်ရာကို တစ်ယောက်မကျန်သတ်ပြမယ်ကွ၊ ဟား - ဟား - ဟား - မင်းတို့ရဲ့သေမင်းငါလာပြီ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် အရက်တစ်အိုးလုံးကုန်အောင်သောက်ပစ်လိုက်ပြီးသောအခါ ကျယ်လောင်စွာ အော်ဟစ်လိုက်တော့၏။

"မြင်းစီးသူရဲကောင်းနံပါတ်တစ် ဘယ်မှာလဲ"

ရွှင်ပျော်ပျော်မြို့စားကြီး၏ စကားသံမဆုံးမီမှာပင် မြင်းစီးသူရဲကောင်းနံပါတ်တစ် လျှပ်တစ်ပြက်ရောက်ရှိလာ၏။

"အမိန့်နာခံလျက်ပါ သခင်ကြီးခင်ဗျား" -

"တိုက်ပွဲဝင်မယ့် မြင်းစစ်သည်၊ လူစစ်သည်အားလုံး အသင့်ပြင်"

"ဟုတ်ကဲ့ - အမိန့်အတိုင်း ခုချက်ချင်းဆောင်ရွက်ပါ့မယ်"

မြင်းစီးသူရဲကောင်းနံပါတ်တစ်သည် နောက်သို့ခြေနစ်လှမ်းပင်မဆုတ်ခွာရသေးမီ ကဆုန်ဆိုင်းမောင်းချလာသည့် မြင်းတစ်စီးကသူတို့အနီးသို့ ရောက်ရှိလာ၏။

အစောင့်များ၏ အော်ငေါက်မေးသံများက ကျယ်လောင်စွာလွင့်ပျံ့ထွက်လာသည်။



"ဘယ်သူလဲဟေ့ မြင်းပေါ်က ဆင်းခဲ့စမ်း"

မြင်းပေါ်မှလူသည် အလံဖြူတစ်ခုကို ထောင်ကိုင်ရင်း မြင်းပေါ်မှဆင်းသက်လာ၏။

"ကျုပ်ကို ခွင့်ပြုကြပါ၊ ကျုပ်တို့ခေါင်းဆောင်ကြီးရဲ့ အမိန့်အရရောက်ရှိလာတဲ့ တမန်တော်ပါ"

မြင်းစီးသူရဲကောင်းနံပါတ်တစ်သည် ဖြည်းညင်းစွာရယ်ရင်း တီးတိုးပြောလိုက်မိလေ၏။

"ကျုပ်တို့က မတိုက်ရသေးဘူး၊ သူတို့က အရှုံးပေးအညံ့ခံလာကြပြီ၊ ဟင်း - ဟင်း - ဟင်း - ဟင်း"

ရွှင်ပျော်ပျော်မြို့စားကြီးက လှမ်း၍အော်လိုက်သည်။

"သူ့ကို ဝင်ခွင့်ပေးလိုက်"

အလံဖြူကိုင်လာသူသည် မြေကြီးပေါ်တွင် ဝပ်တွားလျက် ရွှင်ပျော်ပျော်မြို့စားကြီးရှေ့သို့ ဝင်ရောက်လာ၏။ သူသည် ရိုကျိုးကြောက်ရွံ့စွာပြောကြားနေသည်။

"သ - သခင်ကြီးဝမ်ခင်ဗျာ၊ သဲကန္တာရလူဆိုးအဖိုက်အမဲတွေကို ခွင့်လွှတ်တော်မူပါခင်ဗျာ၊ ခွင့်လွှတ်တော်မူပါ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် လက်နှစ်ဖက်ကို ပိုက်ထားရာမှသူ၏မုတ်ဆိတ်မွေးကြီးကို ဖြည်းညင်းခန့်ညားစွာ ပွတ်သပ်နေသည်။ ထို့နောက် အလံဖြူကိုင်ဆောင်လာသူအား ဖြည်းညင်းစွာမေးလိုက်သည်။

"ဘယ်လိုလဲ - မင်းတို့အားလုံး အညံ့ခံဖို့ ဆုံးဖြတ်လိုက်ကြပြီလား"

ထိုလူသည် မြေကြီးနှင့်နဖူးကို ပွတ်တိုက်ရင်း -

“သခင်ကြီးဝမ်ရဲ့စွမ်းရည်ကို ကျွန်တော်တို့ ဘယ်လိုမှမယှဉ်နိုင်ပါဘူးခင်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးက ကျွန်တော်တို့ကိုစေလွှတ်ပြီး အညံ့ခံနိုင်းခဲ့တာပါ၊ အခုအချိန်ကစပြီး ကျွန်တော်တို့ကို သခင်ကြီးရဲ့လက်အောက်ငယ်သားများအဖြစ် သတ်မှတ်ပါလို့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးက အသနားခံတောင်းပန်လိုက်ပါတယ်ခင်ဗျာ”

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်အားရစွာ အော်ဟစ်ရယ်မောလိုက်ပြီး -

“အင်း - လုံကျင်ဖုံးဆိုတဲ့ပုဂ္ဂိုလ်ကတော့ အတော့်ကို ပါးရည်နပ်ရည်ရှိတဲ့ပုဂ္ဂိုလ်ပဲဟေ့၊ သူသာအခုလို အညံ့မခံရင်တော့ မင်းရဲ့ညီအစ်ကိုတော်တွေအားလုံး အသတ်ခံရမှာ သေချာတယ်”

အလံဖြူကိုင်ဆောင်လာသူသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တောင်းပန်လိုက်သည်။

“တောင်း - တောင်းပန်ပါတယ် သခင်ကြီးခင်ဗျား”

“ကောင်းပြီ - မင်းပြန်တော့ မင်းလူတွေတန်းစီပြီး ငါ့ကို ကန်တော့တောင်းပန်ကြပေတော့၊ မင်းတို့ရဲ့ အညံ့ခံမှုကို လက်ခံလိုက်ပြီ၊ မင်းတို့ကို အသက်ချမ်းသာခွင့် ပေးလိုက်ပြီ”

ထိုလူသည် ဝမ်းသာအားရပြောလိုက်သည်။

“သခင်ကြီးဝမ် သက်တော်ရာကျော်ရှည်ပါစေခင်ဗျာ၊ သခင်ကြီးရဲ့ စေတနာ မေတ္တာဟာ အင်မတန်ကြီးမားလှပါတယ်ခင်ဗျာ”

သူသည် မြေကြီး၌ဝပ်တွားရင်း တဖြည်းဖြည်းနောက်သို့ ဆုတ်



သွားသည်။ ထို့နောက် သူ၏မြင်းပေါ်သို့တက်ကာ ဝမ်းသာအားရ ကဲဆုန်စိုင်းထွက်သွားလေတော့၏။

ရှင်ပျော်ပျော်မြို့စားကြီးသည် ဝမ်းသာအားရထွက်ခွာသွားသည့် တမန်တော်၏ ကျောပြင်ကိုကြည့်ရင်း ပြုံးလိုက်မိသည်။ ထို့နောက် ရုတ်တရက်အော်လိုက်၏။

“မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်”

“အသင့်ရှိပါတယ်ခင်ဗျာ”

“မြင်းစစ်သည် လူစစ်သည်အားလုံးအသင့်ပြင်၊ တိုက်ပွဲဝင်မယ်”

မြင်းစီးသူရဲကောင်းမှာ အထိတ်တလန့်ဖြစ်သွားမိလေတော့သည်။ သူသည် အထစ်ထစ်အငေါ့ငေါ့ဖြင့် -

“သ - သခင်ကြီးခင်ဗျာ - သူ - သူ - သူတို့က အညံ့ခံနေကြပါပြီ၊ ဘာဖြစ်လို့ကျွန်တော်တို့က တိုက်ခိုက်ရမှာလဲခင်ဗျာ”

ရှင်ပျော်ပျော်မြို့စားကြီးက တင်းမာခက်ထန်စွာ အော်ငေါက်လိုက်သည်။

“ငါတို့က ဘာဖြစ်လို့တိုက်ခိုက်ရမှလဲဟုတ်လား၊ မင်းရဲ့အတွေးအခေါ်ညံ့လှချည်လား။ သူတို့တတွေ အညံခံဖို့ပြင်နေပြီဆိုရင် တိုက်ဖို့ခိုက်ဖို့ ဘာမှအသင့်ပြင်ထားမှာ မဟုတ်တော့ဘူးကွ၊ သိရဲ့လား၊ ဒါဟာ ငါတို့အတွက် အခွင့်အရေးပဲ၊ ဒီအခွင့်အရေးကို အမိအရယူပြီး တစ်ယောက်မကျန် သတ်ပစ်ရမယ်”

မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်သည် ရှင်ပျော်ပျော်မြို့စားကြီး၏ ယုတ်မာကောက်ကျစ်သောသဘောတရားကို နားလည်သဘောပေါက်သွားတော့၏။ ထို့ကြောင့် ဦးညွှတ်အရိုအသေပေးရင်း -

"သခင်ကြီးရဲ့အကြံဉာဏ်ကတော့ တုနှိုင်းမရအောင် ထက်မြက်ကောင်းမွန်လှပါတယ်ခင်ဗျား"

"မြင်းစီးသူရဲကောင်းနံပါတ်တစ် မင်းရဲ့အသည်းနှလုံးထဲမှာ မှတ်ထားဖို့က အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး၊ ကိုယ်အနိုင်ရဖို့ လုပ်ဆောင်ချက်တိုင်းဟာ တရားတာချည်းပဲ၊ နားလည်ရဲ့လား"

"နားလည်ပါတယ် သခင်ကြီးခင်ဗျား၊ သူတို့တွေကို မှတ်လောက်သားလောက်အောင် ဆုံးမရပါမယ်၊ သခင်ကြီးကို ယှဉ်ပြိုင်တိုက်ခိုက်မိတဲ့အပြစ်အတွက် သူတို့ရဲ့အသက်သွေးနဲ့ ပေးလျော်ကြရပါမယ်၊ ကျူပင်ခုတ် ကျူငုတ်မကျန်အောင် သတ်ဖြတ်သုတ်သင်ပစ်ပါမယ်"

"ဟား - ဟား - ဟား ဒီလိုပဲဖြစ်ရမယ်၊ ကောင်းပြီ၊ တပ်ဆယ့်ခြောက်တပ်ထဲက နှစ်တပ်ပဲဒီမှာ စောင့်ကျန်ရစ်ခဲ့ရမယ်၊ ကျန်တဲ့ဆယ့်လေးတပ်က ငါနဲ့လိုက်ခဲ့ရမယ်၊ ငါ့ကို တုဖက်ပြိုင်သူမှန်သမျှ ဘယ်လိုမှဇာတ်သိမ်းမကောင်းနိုင်ဘူးဆိုတာ တစ်လောကလုံးက သိသွားအောင် အခုပဲသက်သေပြလိုက်မယ်"

❖ ❖ ❖



ရှင်ပျော်ပျော်မြို့စားကြီးနှင့် ဗိညာဉ်ဂိုဏ်းချုပ်သခင်မ ဝေဝေတို့သည် တပ်မဆယ့်လေးတပ်ကို ဝင့်ကြွားစွာ ဦးဆောင်ခေါ်ယူသွားလေတော့၏။

ဝံကြောင်ကလေးသည် မသက်မသာပြောလိုက်မိသည်။

"တကယ်လည်း ယုတ်မာပက်စက်တဲ့လူကြီးပါပဲဗျာ၊ ဒီလိုတော့ မယုတ်မာသင့်ပါဘူး"

"ဟိုလူတွေခမျာ အဆုံးအဖြတ်မှားသွားကြပြီပေါ့လေ"

စင်လုံက ခပ်ပြုံးပြုံးပြောလိုက်သည်။

"ကြောင်ကလေး - ဟိုလူတွေအတွက် သိပ်ပြီးစိတ်ပူမနေစမ်းပါနဲ့ကွာ၊ ဒီတစ်ချီမှာတော့ ရှင်ပျော်ပျော်မြို့စားကြီး ကောင်းကောင်းအလိမ်ခံလိုက်ရပါပြီ"

ဝံကြောင်ကလေးမှာ လွန်စွာအံ့သြသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေတော့၏။

"ဗျာ - အစ်ကိုကြီးက ဘာပြောလိုက်တယ်"

"လုံကျင်ဖုံးဟာ အတုအယောင်အညွှံခံမှုကို ဝိဝိရိရိလုပ်လိုက်တာပဲ အလံဖြူကိုင်လာတဲ့လူရဲ့မျက်လုံးတွေကို ဘယ်သူမှ သေသေချာချာမကြည့်မိကြဘူးမဟုတ်လား။ ဘယ်ကြည့်လိုက်နိုင်မလဲ၊ အဲဒီလူက သူ့မျက်နှာကို တတ်နိုင်သမျှ မြေကြီးနဲ့တိုက်နေတော့တာကိုး၊ တကယ်တော့ ဒါဟာ သူ့ရဲ့ကျွမ်းကျင်မှုပါပဲ၊ မြေကြီးနဲ့မျက်နှာ ဒီလောက်တောင်တိုက်နေတဲ့အတွက် သူ့ကို အလွန်ရိုကျိုးကြောက်ရွံ့နေတယ်လို့ ရှင်ပျော်ပျော်မြို့စားကြီးက ထင်မှတ်ယုံကြည်သွားစေသလို သူ့ရဲ့မျက်လုံးတွေကိုလည်း တမင်ဖုံးကွယ်နိုင်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အလိမ်အညာတွေကို မျက်လုံးထဲမှာ ပေါ်

နေမှာ စိုးရိမ်ခဲ့လို့ပဲ၊ လူတွေဟာ ခြေလက်ဟန်အမူအရာပါးစပ်နဲ့ ဘယ်လောက်ကြီးဟန်ဆောင်နိုင် ဟန်ဆောင်နိုင် မျက်လုံးနဲ့က တော့ ဟန်မဆောင်နိုင်လို့ပဲ"

ဝံကြောင်ကလေးက တအံ့တသြထပ်မေးသည်။

"ဒါဖြင့် သူတို့က - ပရိယာယ်"

"ဒါပေါ့ - ပရိယာယ်တစ်ခုဆင်လိုက်တာပေါ့၊ ကြည့်နေ ရှင် ပျော်ပျော်မြို့စားကြီးတို့ သွားတိုက်တဲ့နေရာမှာ ဘာမှတွေ့ရမှာ မဟုတ် ဘူး။ လုံကျင်ဖုံးဟာ သူတို့ရဲ့စစ်အင်အားကို တစ်နေရာရာမှာ ရွှေ့ ပြောင်းပြီးဖြစ်နေလိမ့်မယ်"

"ဒါနဲ့ ဝာစ်ခုလောက် ပြောစမ်းပါဦးဗျာ၊ အခုအစ်ကိုကြီး ပြော တဲ့အတိုင်းဆိုရင် အလံဖြူပြပြီးတာနဲ့ တစ်ပြိုင်နက် ရှင်ပျော် ပျော်မြို့စားကြီးဟာ သူတို့ရဲ့နောက်ကို မလွဲမသွေလိုက်လာလိမ့်မယ် လို့ ဘယ်လိုများ သိနေကြရတာလဲ"

စင်လုံက ပြုံး၍ပြောလိုက်၏။

"ဗျူဟာမှူးဆိုတဲ့ လူကြောင့်ပေါ့ကွာ၊ ဝေဝေပြောသလိုပဲ ရှင်ပျော်ပျော်မြို့စားကြီး တကယ်ကြောက်ရမယ့်လူဟာ အဲဒီ ဗျူဟာ မှူးဆိုတဲ့လူပါပဲကွာ၊ အားလုံး သူ့အကြံညဏ်ချည်း ဖြစ်လိမ့်မယ် အဲဒီလူဟာ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ စိတ်နေစိတ်ထားကိုလည်း အတော်ကြီး သိနေပုံရပါတယ်"

ဝံကြောင်ကလေးက တအံ့တသြပြောသည်။

"အဲဒီဗျူဟာမှူးဆိုတာက တကယ့်ကို အပိုင်တွက်ထားပုံပဲ နော်"

စင်လုံက ရယ်ရင်းပြောသည်။



"ဒါပေါ့ - တစ်ချို့ကိစ္စတွေမှာ တကယ်တမ်းဖြစ်မလာသေးပေ မယ့် သေချာပေါက်ဖြစ်လာတဲ့အထိတွက်ပြီး ဆောင်ရွက်ရတာပဲ၊ စွန့်စားနည်းတစ်မျိုးပေါ့လေ"

ချစ်ချစ်ကလည်း ကျေနပ်အားရစွာ ဝင်ပြောသည်။ ရှင်ပျော် ပျော်မြို့စားကြီးအား ယှဉ်ပြိုင်နိုင်သူ ပေါ်နေပြီမဟုတ်ပါလား"

"တကယ့် ထိပ်သီးတွေ ပညာပြိုင်ပွဲပေါ့နော်"

စင်လုံက ခေါင်းညိတ်ပြ၏။

"မှန်တယ်၊ ထိပ်သီးတွေပညာပြိုင်ပွဲပဲ၊ ဒါပေမယ့် ဒီပညာပြိုင် ပွဲမှာ ရှုံးနိမ့်ရမှာကတော့ ရှင်ပျော်ပျော်မြို့စားကြီးပဲ"

ဝံကြောင်ကလေးက တဟားဟားအော်ဟစ်ရယ်လေတော့၏။

"သေချာတာပေါ့အစ်ကိုကြီးရာ၊ ကျွန်တော်တောင် ကောင်း ကောင်းကြီးရိပ်မိနေတယ်"

ချစ်ချစ်က ဝင်မေးသည်။

"အစ်ကိုကြီး ဝံကြောင်ကလေးက ဘယ်အချက်တွေကြောင့် ရိပ်မိရတာလဲ"

"ဟ - နင်ပဲစဉ်းစားကြည့်ပါဦး၊ ဟို ဗျူဟာမှူးဆိုတဲ့လူက ရှင်ပျော်ပျော်မြို့စားကြီးရဲ့ အချေးအခါးမကျန် အကုန်သိနေပေမယ့် ရှင်ပျော်ပျော်မြို့စားကြီးကတော့ ဗျူဟာမှူးအကြောင်း ဘာတစ်ခုမှ မည်မည်ရရမသိရသေးဘူး။ ရှင်ပျော်ပျော်မြို့စားကြီးမှ မရှုံးရင် ဘယ်သူ ရှုံးတော့မှာလဲ"

ထိုစဉ် ဝမ်းလင်းဝါးက -

"အင်း - ဗျူဟာမှူးဟာ သူ့ကိုယ်သူ ကုလဲ့စားချေသူတမန် တော်လို့ မှည့်ခေါ်ထားတာပဲ၊ စင်လုံ ချီးကျူးသလို မထက်မြက်

ဘူးဆိုရင်တော့ သူဟာသေဆုံးလို့ တမန်တော်ဖြစ်သွားမှာ သေချာတယ်၊ စင်လုံပြောသလောက် ထက်မြက်ရင်လည်း ရှင်ပျော်ပျော်မြူးစားကြီးသာမကဘူး။ ကျုပ်တို့ပါ ဒုက္ခရောက်မှာ သေချာနေပါတယ်"

ဝမ်းလင်းဝါးသည် မည်သည့်စကားမျှ ဆက်မပြောတော့ဘဲ ဓားကြီးများကို ချိတ်ဆွဲလျက် သူတို့အား စောင့်ကြပ်နေသည့်အစောင့်ကြီးများကို ငေးမောနေတော့သည်။ ချစ်ချစ်သည် ဝမ်းလင်းဝါး၏စကားကို ပထမဦးသဘောမပေါက်ပေ။ သို့သော် မကြာမီပင် သဘောပေါက်သွားသဖြင့် ထိတ်လန့်သွားတော့၏။

"စင်လုံ - စင်လုံ - ကျွန်မတို့ ဒုက္ခရောက်တော့မယ်"

စင်လုံက ခပ်အေးအေးပင်မေးလိုက်သည်။

"ဘာများလဲ ချစ်ချစ်ရယ်"

"ဗျူဟာမှူးဟာ ရှင်ထင်သလို ထက်မြက်တဲ့လူဖြစ်ဖို့ သေချာနေပြီ၊ အခုဆိုရင် ဒီစခန်းကိုကာကွယ်နိုင်တဲ့ စစ်သည်အင်အားဟာ လက်တစ်ဆုပ်စာလောက်ပဲ ရှိပါတော့တယ်၊ ဗျူဟာမှူးက ရှင်ပျော်ပျော်မြူးစားကြီးကို စစ်မြှူပြီး ခေါ်ထုတ်သွားပြီ၊ ဒီစခန်းတစ်ခုလုံးလုံးကျင်းဖုံးလာတိုက်မှာ သေချာနေပြီ၊ သူလာတိုက်ရင် တွေ့သမျှအကုန်လုံးကို သတ်သွားမှာပဲ၊ ကျွန်မတို့တော့ ဒုက္ခရောက်ပြီ"

ဝံကြောင်ကလေးသည် ချစ်ချစ်၏စကားကြောင့် ထိတ်လန့်သွားတော့သည်။

"ဟုတ်ပ့ါကွာ၊ ငါတို့တော့ ဆီပူအိုးထဲက မီးပုံပေါ်ခုန်ချသလိုဖြစ်နေပြီပေ့ါကွာ"

"စင်လုံ - ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုမှမလုပ်နဲ့ချစ်ချစ်၊ ကျုပ်တို့ဖာသာလဲ ဘာမှလုပ်လို့



မရဘူး။ သိပ်လည်းစိုးရိမ်မနေနဲ့၊ ကျုပ်တို့အတွက် အပြောင်းအလဲကလေးတွေ ပေါ်လာလိမ့်မယ်လို့တော့ မျှော်လင့်ရတယ် -"

စင်လုံသည် စကားကိုရပ်လိုက်ပြီး ရုတ်တရက် ခပ်ကျယ်ကျယ်ကလေး ဟစ်အော်ခေါ်ငင်လိုက်သည်။

"ကျုပ်တို့ကို စောင့်ကြပ်နေကြတဲ့ မိတ်ဆွေများခင်ဗျား - ၊ ကျေးဇူးပြုပြီး ကျုပ်တို့အနားကို ခေတ္တလာပါလို့ တောင်းပန်ပါတယ်"

အစောင့်များသည် ခေါင်းချင်းရိုက်တိုင်ပင်လိုက်ကြပြီး အစောင့်နှစ်ယောက်ကို စင်လုံတို့ထံ လွှတ်လိုက်၏။ ထိုနှစ်ယောက်အနက်တစ်ယောက်မှာ လူ့ဘီလူးကြီးနယ် ကြီးမားကြံ့ခိုင်လှသော်လည်းကျန်တစ်ယောက်ကမူ ပိုးဟပ်ဖြူနယ် ပိန်လှီဖြူရော်လှချေ၏။

လူ့ဘီလူးကြီးက စင်လုံအား အော်ငေါက်မေးလိုက်၏။

"ဘာဖြစ်လို့ လာခိုင်းရတာလဲ"

စင်လုံက ခြေငံစွာပြောလိုက်၏။

"ဒီနေရာက လေတိုက်လွန်းအားကြီးလို့ပါဗျာ၊ ကျေးဇူးပြုပြီးကျုပ်တို့ကို လေကွယ်ရာနေရာကို ပို့ပေးပြီး ဂျော်ဇောလေးငါးချပ်လောက်နဲ့ ဖုံးအုပ်ပေးပါလားဗျာ"

"ဟား - ဟား - ဟား။ ကျုပ်တော့ ခင်ဗျားနဲ့ တစ်ခါမှ စကားမပြောခဲ့ဖူးဘူး။ လူတွေကတော့ ခင်ဗျားဟာ အင်မတန်ခေါင်းမာတဲ့လူ၊ ကြောက်စရာကောင်းတဲ့လူလို့ ပြောကြတာပဲ၊ အခုကျတော့ ကျုပ်ကြားဖူးထားတာနဲ့ တစ်ခြားစီပဲ"

သူ့အပြောအဆိုအရ စင်လုံ၏တောင်းဆိုချက်ကို လိုက်လျောပေးတော့မည်မှာ သေချာသလောက်ဖြစ်နေသည်။ သို့သော် ပိန်လှီသောလူက ဝင်ရောက်တားမြစ်လာသည်။

"ဟော့ကောင် ဘီလူးကြီး - သူတို့ကို ပေါ့ပေါ့ဆဆတွက်လို့ မရဘူးနော်၊ သခင်ကြီးဝမ်က ငါတို့ကို အကြိမ်ကြိမ်အခါခါ မှာကြားခဲ့တယ်၊ ဒီလူတွေက မြေခွေးလို ကောက်ကျစ်တဲ့လူစားတွေတဲ့၊ သူတို့ကို သိပ်ပြီးဂရုစိုက်ရမယ်တဲ့၊ ငါတို့အနေနဲ့ ပြဿနာအသစ်တစ်ခုမရှာရင် အကောင်းဆုံးပဲနဲ့တူတယ်"

လူ့ဘီလူးကြီးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။

"ဒီလောက်လဲ စိုးရိမ်မနေပါနဲ့ကွာ၊ အခုအချိန်မှာ သူတို့အားလုံး လက်ချောင်းကလေးတစ်ချောင်းတောင် မလှုပ်ရှားနိုင်ပါဘူး။ သူတို့က ငါတို့ကို ဘာလာဒုက္ခပေးနိုင်မှာလဲ၊ သူတို့ပြောသလို လုပ်ပေးလိုက်တာ ပိုကောင်းတယ်ကွ၊ ဒါလေးလုပ်ပေးလို့ သခင်ကြီးဝမ်က အပြစ်မတင်ပါဘူးကွာ"

"ကောင်းပြီ ဘီလူးကြီး၊ ဒီကိစ္စမှာ ငါတော့ဝင်မပါချင်ပါဘူး မင်းသဘောနဲ့ လုပ်ချင်ရင်လုပ်ပေတော့"

ထိုစဉ် စင်လုံက ဝင်၍ပြောလိုက်သည်။

"နောင်ကြီးရဲ့စိတ်ထားအတွက် ကျုပ်အများကြီး ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့အတွက် နေရာပြောင်းပေးဖို့ကိစ္စမှာ နောင်ကြီး အဆုံးအဖြတ်နဲ့ မရွှေ့ပြောင်းနိုင်ဘူးဆိုရင်လည်း ရှိပါစေတော့"

လူ့ဘီလူးကြီးက ဒေါနှင့်မောနှင့် အော်လိုက်၏။

"ဘာဖြစ်လို့ ကျုပ်သဘောနဲ့ကျုပ် မလုပ်နိုင်ရမှာလဲ၊ ခင်ဗျားတို့ကို လွှတ်ပေးတဲ့ကိစ္စမှ မဟုတ်တာ၊ ကျုပ်က ဘာကြောက်နေမှာလဲ၊ ခင်ဗျားတို့ကိုနေရာရွှေ့ပေးလို့ ပြဿနာတက်မယ်ဆိုရင် ကျုပ်ခံမယ်၊ နေဦး၊ ကျုပ်လူတွေကို ထပ်ခေါ်လိုက်ဦးမယ်"

ဝိန်လိုသောလူသည် မည်သို့မျှ မစွက်ဖက်တော့ချေ။ လူ့ဘီလူး



ကြီးသည် နောက်ထပ်အစောင့်သုံးယောက်ကို ခေါ်လာပြီး လေကွယ်ရာအရပ်ဖြစ်သည့် ရွက်ဖျင်တဲ၏အနောက်ဘက်သို့ ရွှေ့ပြောင်းပေးခဲ့သည်။ ရွက်ဖျင်တဲ၏အရှေ့ဘက်၌ရှိနေသည့် အလင်းရောင်သည် သူတို့ပေါ်သို့ မကျရောက်နိုင်တော့ချေ။

အစောင့်များ ထွက်သွားကြပြီးနောက် ချစ်ချစ်က တီးတိုး ပြောလိုက်၏။

"စင်လုံ - ဒီနေရလဲ သိပ်မလုံခြုံလှပါဘူး"

စင်လုံထံမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။

"ကျုပ်တို့တတွေ သူများအကျဉ်းသားဖြစ်နေသမျှတော့ တကယ်လုံခြုံမယ့်နေရာကို ဘယ်တော့မှရှာနိုင်မှာ မဟုတ်ဘူး။ ဘာပဲပြောပြော ဒီနေရာဟာ စောစောကနေရာထက် အများကြီးလုံခြုံမှု ရှိလာပါပြီ"

"အင်းလေ - ရှင်ကတော့ ကျွန်မထက်ပိုပြီး စဉ်းစားနိုင်မှာပါပဲလေ၊ ကျွန်မကတော့ ရွက်ဖျင်တဲရဲ့ အရှေ့နဲ့အနောက်ကလေးကွာရုံနဲ့ ဘာမှ သိပ်ထူးမယ်လို့ မထင်ပါဘူး"

စင်လုံက ဖြည်းညင်းစွာရှင်းပြသည်။

"ရွက်ဖျင်တဲရှေ့မှာက မီးလင်းနေတယ်၊ ရန်သူတွေလာရင် ကျုပ်တို့ကို တန်းတန်းမတ်မတ်ကြီးတွေ့သွားနိုင်တယ်၊ ရွက်ဖျင်တဲနောက်ဘက်မှာ မှောင်နေတော့ ရန်သူရုတ်တရက်မမြင်နိုင်ဘူး၊ နောက်တစ်ကြောင်းက လုံကျင်ဖုံးရဲ့တပ်သားတွေဟာ အင်မတန် ခုတ်ချင်ထစ်ချင်ကြတယ်၊ ရွက်ဖျင်တဲရှေ့မှာ ဆိုင်းထားတဲ့ကြိုးတွေကိုသာ ဓားနဲ့ခုတ်ထစ်ပစ်ရင် ကျုပ်တို့အားလုံးအပေါ် ဟောဒီရွက်ဖျင်တဲကြီး ပြိုကျလာနိုင်တယ်၊ ဒါဆိုရင် ကျုပ်တို့အားလုံးကို ဖုံးကွယ်ပြီးသား

ဖြစ်သွားနိုင်တာပေါ့"

ဝမ်းလင်းဝါးက -

"စင်လုံတွေးလိုက်ရင် ဘာမှ လွတ်ကွက်ဟာကွက်မရှိဘူး၊ သူ ပြောရင်လည်း တကယ်ဖြစ်လာမယ့်ကိစ္စအတိုင်း ယုံယုံကြည်ကြည် ပြောတာပဲ၊ နောက်ပြီး တကယ်လည်း ဖြစ်ဖြစ်လာတာပဲ၊ ကျုပ် တော့ ချီးကျူးပြီးရင်း ချီးကျူးရင်းပါပဲဗျာ၊ ပညာရှိများ တွေးကြည့် ရင် ပြေးကြည့်တာထက် မှန်တယ်ဆိုတဲ့စကားကို ကျုပ်တော့ လက် ခံထားလိုက်ပြီဗျို့"

ထိုတဒင်္ဂအတွင်းမှာပင် သဲပြင်တစ်ခုလုံး တုန်ဟည်းမတတ် မြင်းခွာသံများ ထွက်ပေါ်လာလေတော့၏။ မကြာမီပင် အရပ်လေး မျက်နှာမှ ဟစ်အော်ကြွေးကြော်သံများ ကြားလိုက်ရပြီး စခန်းချထား ရာ ရွက်ဖျင်တဲများသို့ တစ်ဟုန်ထိုးဝင်ရောက် တိုက်ခိုက်ကြလေတော့ ၏။

ဝံကြောင်ကလေး တီးတိုးပြောလိုက်၏။

"တကယ့်ကို လာကြတာပဲကိုး"

ချစ်ချစ်က ပြုံးရယ်ရင်း ပြန်ပြောသည်။

"စင်လုံခန့်မှန်းရင် လွဲခဲပါတယ်လေ"

သို့သော် သူမထိတ်လန့်နေသည်သာဖြစ်ပါ၏။ အဆင်မသင့် လျှင် သူတို့အားလုံး လုံကျင်ဖုံး၏ဓားချက်အောက်၌ အသက်ပျောက် နိုင်သကဲ့သို့ မြေက်များလှစွာသော မြင်းခွာသံများအောက်၌လည်း အသက်ပျောက်နိုင်သည်။



စခန်းအတွင်း၌ ရှိနေကြသော တပ်သားများ ကင်းစောင့်များ သည် ယခုအချိန်လောက်၌ ရှင်ပျော်ပျော်မြို့စားကြီး အောင်ပွဲခံနေ လောက်ပြီဟု တွေးတောနေကြ၏။ အချို့သည် အေးအေးဆေးဆေး အိပ်စက်လျက် ရှိနေကြ၏။ အချို့ကင်းသမားများ အိပ်ငိုက်နေကြ၏။ စခန်းတစ်ခုလုံး ပေါ့ပေါ့ဆဆရှိနေချိန်၌ လုံကျင်ဖုံး၏မြင်းတပ်သား များသည် တစ်ဟုန်ထိုးဝင်ရောက် တိုက်ခိုက်ကြလေတော့၏။

အချို့သောတပ်သားများသည် အိပ်မှုန်စုံမွှားထလာရင်း ဘုမသိ ဘမသိမေးလိုက်ပါကြ၏။

"ဒါ - ဘာဖြစ်နေကြတာလဲဟေ့၊ သခင်ကြီးဝမ်တို့ ပြန်လာကြ တာလား"

သူ၏အမေးစကားမဆုံးမီပင် လှံတစ်စင်းသည် သူ၏ရင်ဝသို့ လာစိုက်လေတော့၏။

"အား"

စုတ်သံထစ်သံ သတ်ဖြတ်သံများသည် စခန်းတစ်ခုလုံး၌ ငရဲ မှက်သည့်နယ် ပွက်ပွက်ညံလျက်ရှိနေလေပြီ။ မြားများသည် ပလူပျံ လျက်ရှိနေ၏။ အသံနက်ကြီးများဖြင့် စူးစူးဝါးဝါးအော်လိုက်သံများ ကလည်း ကြောက်ခမန်းလိလိ ပေါ်ထွက်လာသည်။

ရှင်ပျော်ပျော်မြို့စားကြီး၏ လက်အောက်ငယ်သားများမှာ လုံးဝ မှန်နိုင်ခြင်းမရှိဘဲ အပြေးအလွှားရှောင်တိမ်းနေကြရသည်။ သို့သော် အရောက်လှသည်မဟုတ်ပါချေ။ လုံကျင်ဖုံး၏တပ်သားများ ဓား များ၌ အသက်ပါသွားသည်သာဖြစ်၏။

ထိုအထဲတွင် ရှင်ပျော်ပျော်မြို့စားကြီး၏ တပ်သားသုံးယောက် မျှ ပိပိတို့တပ်စခန်း၏ ဆိုးရွားလှသော အခြေအနေကို တွေ့လိုက်

ရသောအခါ တစ်ဟုန်ထိုးလှည့်၍ ထွက်ပြေးကြလေတော့၏။

အလစ်အစီးခံလိုက်ရခြင်းက သူတို့၏ နီရဲသောသွေးများကို အရောင်ဖျော့သွားစေခဲ့လေပြီ။ သူတို့သုံးယောက် ကိုက်ငါးဆယ်ခန့် အကွာသို့ရောက်ရှိသည်နှင့် အေးစက်၍ ကြောက်မက်ဖွယ်ရာကောင်းလှသော အော်ငေါက်သံတစ်သံကို ကြားလိုက်ရသည်။

"ရပ်လိုက်စမ်း။ စစ်မြေပြင်က စစ်သူရဲဟာ ဒီလိုသတ္တိကြောင်ပြီး ထွက်မပြေးရဘူး"

အသံက သိပ်ကျယ်လှသည်မဟုတ်ချေ။ သို့သော် ကြားရသူအပေါင်း၏ ကျောရိုးတစ်လျှောက် စိမ့်ဝင်သွားစေသည့် အသံမျိုးဖြစ်သည်။ ထိုအသံကြောင့် သုံးယောက်စလုံးဆက်မပြေးရဲတော့ဘဲ ကြားသည့်နေရာ၌ပင် ဝုန်းခနဲ လှဲချလိုက်မိ၏။

သူတို့သုံးယောက် ခေါင်းမော့ကြည့်လိုက်သောအခါ သဲတောင်ကုန်းတစ်ခုပေါ်၌ ရင်ဘောင်တန်းရပ်နေကြသော မြင်းစီးသမားနှစ်ဦးကို တွေ့လိုက်ကြရလေ၏။ ထိုမြင်းသဲမားနှစ်ဦးသည် သူတို့သုံးယောက်၏မျက်စိထဲ၌ ထင်ထင်လင်းလင်းကြီးဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် မြင်းစီးသမားတစ်ဦးသည် ဦးခေါင်းမှ ခြေဖျားအထိ ဝတ်စုံဖြူကြီးတစ်ခုကို ဝတ်ဆင်ထားပြီး အခြားမြင်းစီးသမားတစ်ဦးမှာ ဦးခေါင်းမှခြေဖျားအထိ ဝတ်စုံနက်ကြီးကို ဝတ်ဆင်ထားသောကြောင့်ပေတည်း။ ထိုသူနှစ်ယောက်သည် ဝိညာဉ်ဖြူတစ်ခုနှင့် ဝိညာဉ်နက်တစ်ခုအလား ထင်မှတ်မှားရတော့သည်။

ထိုသူနှစ်ယောက်သည် အနည်းငယ်မျှ လှုပ်ရှားခြင်းမရှိကြပေ။ ကျောက်မြင်းကြီးများကို စီးထားသည့် ကျောက်ရုပ်တုကြီးများကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေ၏။ သို့သော် ဤပတ်ဝန်းကျင်၌ သေခြင်း



တရားကြီးစိုးနေသည်ကိုတော့ သဲပြင်ပေါ်လဲကျနေသည့် တပ်သား သုံးဦးတို့က ကောင်းစွာသိရှိကြသည်။

တပ်သားတစ်ဦးက တုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။

"ခင် - ခင်ဗျားတို့က ဘယ်သူတွေလဲ"

အဖြူရောင်ဝတ်စုံနှင့်လူက အေးစက်စက်ရယ်လိုက်သည်။

"ငါ့ကို မမှတ်မိကြဘူးလား"

"ခင် - ခင်ဗျားဟာ သဲကန္တာရခေါင်းဆောင်ကြီး လုံ - လုံကျင်ဖုံးမဟုတ်လား"

ထိုတပ်သား၏ မျက်လုံးများသည် ဝတ်ရုံနက်ကြီးဝတ်ဆင်ထားသည့် မြင်စီးသမားပေါ်သို့ ရောက်ရှိသွားပြန်၏။ ထိုလူ၏ အေးစက်မာကျောသည့် မျက်လုံးအစုံကိုကြည့်ပြီး -

"ခင် - ခင် - ခင်ဗျား - ခင်ဗျား - "

ထိုတပ်သားသည် စကားကိုဆက်မပြောနိုင်တော့ဘဲ ထစ်ငေါ့နေလေတော့၏။ ဝတ်ရုံနက်ဝတ်ဆင်ထားသူသည် အကြည့်ခံရသူ လိပ်ပြာလွင့်စဉ်နိုင်လောက်သည့် အကြည့်ဖြင့် အေးစက်စက်စူးစူးစိုက်စိုက်ကြည့်နေ၏။ စကားတစ်လုံးမျှ မပြောပါချေ။

ထိုတပ်သားသည် ထစ်ငေါ့နေရာမှ နောက်ဆုံးပြောလိုက်သည်။

"ခင်ဗျား - ခင်ဗျား - ကလဲ့စားချေသူတမန်တော်"

မှန်ပါ၏။ ထိုသူကား ရှင်ပျော်ပျော်မြို့စားကြီး တကယ်တမ်းကြောက်ရွံ့ရမည့် ကလဲ့စားချေသူတမန်တော်ပါတည်း။ တပ်သားသုံးယောက်တို့သည် ကလဲ့စားချေသူတမန်တော်၏အကြည့်ကြောင့် ခြေထောက်၌ ခဲကြီးများဆွဲထားသကဲ့သို့ လေးလံလျက်ရှိနေသည်။

ခြေထောက်ရိုးများ မရှိတော့သကဲ့သို့ ပျော့ခွေလျက်ရှိနေလေသည်။

လုံကျင်ဖုံးက ရယ်လိုက်၏။

"အင်း - မင်းတို့မဆိုးပါဘူး။ သူဘယ်သူဆိုတာ မြင်ရုံနဲ့သိနိုင်ကြတာပဲ"

တပ်သားသုံးယောက်သည် ကပျာကယာခေါင်းညိတ်ပြကြ၏။

လုံကျင်ဖုံးထံမှ ရယ်သံမကြားရတော့ပါ။

"အဲဒါသိပ်ဆိုးသွားတာပဲ ကလဲ့စားချေသူတမန်တော်ကို မျက်မြင်ကိုယ်တွေ့ဖြစ်သွားခဲ့တဲ့လူဟာ ဒီလောကကြီးထဲမှာ ဆက်လက်အသက်ရှင်သန်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး"

တပ်သာသုံးယောက်တို့သည် လူးလဲထလိုက်ကြ၏။ သို့သော် ဒူးထောက်ရုံမျှသာဖြစ်ပါသည်။ မတ်တတ်ရပ်နိုင်သည်အထိသော အင်အားမစုစည်းနိုင်ကြပါ။ သူတို့သည် တုန်တုန်ယင်ယင်ဖြင့် တောင်းပန်လိုက်ကြသည်။

"ကျွန်တော့်တို့ကို ချမ်းသာပေးကြပါခင်ဗျာ၊ ကျွန်တော်တို့ အသက်ကို ချမ်းသာပေးကြပါ။

ကလဲ့စားချေသူတမန်တော်ထံမှ အေးစက်စက်စကားသံ တ လုံးချင်းထွက်လာသည်။

"မင်းတို့ရဲ့အသက်ကို ချမ်းသာပေးစေချင်ကြသလား"

တပ်သားသုံးယောက်က အလုအယက်တောင်းပန်ကြ၏။

"ချမ်း - ချမ်း - ချမ်းသာပေးစေချင်ပါတယ်ခင်ဗျာ၊ ကျွ တော်တို့ကို ခွင့်လွှတ်တော်မူပါ"

ဝတ်စုံနက်ဝတ်ဆင်ထားသူသည် အေးစက်စက်ရယ်လိုက်



"ကဲ - ငါ့ကိုကြည့်လိုက်ကြစမ်း။ ငါဘယ်သူလဲလို့"

သူ၏လက်တစ်ဘက်သည် သူ့မျက်နှာကိုစွပ်ထားသည့် မျက်နှာဖုံးနက်ကို အပေါ်သို့ ဆွဲတင်လိုက်သည်။

တပ်သားသုံးယောက်၏ မျက်နှာသည် ချက်ချင်းသွေးဆုတ်ဖြူရော်သွား၏။ သရဲနှင့်မျက်နှာချင်းဆိုင်တွေ့လိုက်ရသည့်အလား တုန်လှုပ်ချောက်ခြားသွား၏။ သူတို့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာကြတော့သည်။

"ခင် - ခင် - ခင်ဗျား - ခင်ဗျားဟာ - "

ရတ်တရက်အမည်းရောင်အလုံးကလေးသုံးလုံးသည် ဝတ်စုံနက်ထံမှ ပြေးထွက်လာသည်။

"ဖောက် - ဖောက် - ဖောက်"

ရှင်ပျော်ပျော်မြို့စားကြီး၏ တပည့်သုံးယောက်၏ရင်ကို ထိုအနက်လုံးကလေးများက ဖောက်ထွင်းဝင်ရောက်သွားလေတော့သည်။

"အား - "

လူသုံးယောက်ထံမှ ငယ်သံပါအောင် အော်ဟစ်လိုက်သံသည် ခန်းတစ်ခုလုံးသို့ ဖုံးလွှမ်းသွားသယောင် မှတ်ထင်လိုက်ရ၏။ သုံးယောက်စလုံး အသက်ပျောက်သွားကြလေသည်။

ဝတ်ရုံနက်ဝတ်ဆင်ထားသူသည် ထိုသုံးယောက်အား မျက်တောင်မခတ်ဘဲ စောင့်ဆိုင်းကြည့်နေ၏။ ထိုစဉ် လုံကျင်ဖုံးက တဟားဟားအော်ဟစ်ရယ်မောလေတော့သည်။

"မျိုးဟာမှုရဲ့ လက်နက်ပုန်းပညာက တယ်လဲအံ့မခန်းစရာပါ လား။ မျက်စိမလျင်တဲ့လူဆိုရင် ဒီလက်နက်ပုန်းကလေးတွေ ဘယ်

လိုပစ်ထုတ်လိုက်တယ်ဆိုတာ ဘယ်သူမှသိနိုင်ကြမှာမဟုတ်ဘူး၊ ခင်ဗျားဟာ ခင်ဗျားရဲ့သိုင်းပညာကို တစ်ခါမှ ထုတ်မပြခဲ့ဖူးဘူး၊ ခင်ဗျားရဲ့ အကြံဉာဏ်တွေကိုသာ ထုတ်ပြခဲ့ဖူးတယ်၊ ဒါပေမယ့် ဒီလက်နက်ပုန်းပစ်တဲ့ပညာကို မြင်ပြီးတဲ့အခါမှာတော့ ခင်ဗျားရဲ့သိုင်းပညာအဆင့်အတန်းကို ကျုပ်ကောင်းကောင်းကြီးခန့်မှန်းနိုင်လိုက်ပါပြီဗျာ"

ဝတ်ရုံနက်လူသည် သူ၏မျက်နှာဖုံးကို ပြန်လည်စွပ်လိုက်ပြီး လုံကျင်ဖုံး၏စကားကို ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေသည်။

လုံကျင်ဖုံးက -

"ဟောဒီတစ်ခဏ အဖြစ်အပျက်ကလေးကြောင့် ခင်ဗျားမှာ သမိုင်းကြောင်းတစ်ခုရှိရမယ်လို့ ကျုပ်အတတ်ပြောရဲတယ်ဗျာ"

ဝတ်ရုံနက်လူသည် အလောင်းသုံးလောင်းကိုသာ အေးစက်စက်စိုက်ကြည့်နေသည်။ လုံကျင်ဖုံးက ဆက်ပြောပြန်၏။

"ဟောဒီလူသုံးယောက်ဟာ ခင်ဗျားကို တွေ့သွားတာနဲ့ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားတယ်၊ သိပ်ပြီးထိတ်လန့်ကြောက်ရွံ့သွားကြတယ်၊ သူတို့မျက်နှာတွေဟာ သရဲတစ်ကောင်ကိုတွေ့လိုက်ရသလို ဖြစ်သွားကြတယ်၊ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ခင်ဗျားဟာ အင်မတန်ကြောက်မက်ဖွယ်ရာကောင်းတဲ့လူတစ်ယောက်ဖြစ်ကြောင်း ခင်ဗျားကို သူတို့တစ်တွေကောင်းကောင်း သိနေကြောင်း ကျုပ်ရိပ်မိလိုက်ပါတယ်၊ ဘာကြောင့်ခင်ဗျားအနေနဲ့ ဒီလောက်လျှို့ဝှက်နေရတာလဲဆိုတာ ကျုပ်အနေနဲ့ သိခွင့်ရှိရင် သိပါရစေ"

ဝတ်ရုံနက်လူသည် အေးစက်စက်ရယ်မောနေလေတော့၏ လုံကျင်ဖုံးကဆက်ပြောနေသည်။



"ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ တပ်သားတွေဟာ ခင်ဗျားကို ထိတ်လန့်ကြောက်ရွံ့သွားကြတယ်၊ အဲဒါ ဘာကြောင့်လဲ၊ ခင်ဗျားကို သိနေသလိုလို ဖြစ်နေကြတယ်၊ အဲဒါ ဘာကြောင့်လဲ"

ဝတ်ရုံနက်ထံမှ မည်သည့်တုံ့ပြန်သံမှ မကြားရပါချေ။ သူ သည် တိတ်ဆိတ်စွာသာ ဆိတ်ဆိတ်နေလေ၏။ လုံကျင်ဖုံးက -

"ကျုပ်ဟာ ခင်ဗျားအတွက် မိတ်ဆွေစစ် မိတ်ဆွေကောင်းဖြစ်တယ်ဆိုတာ ခင်ဗျားသိသင့်ပါပြီ၊ ခင်ဗျားပေးတဲ့အကြံဉာဏ်ကို ကျုပ်က ပစ်ပယ်လိုက်တဲ့အခါများ ရှိလို့လား"

ဝတ်ရုံနက်ထံမှ အေးစက်စက်စကားသံ ထွက်ပေါ်လာသည်။

"ကျုပ်ပေးလိုက်တဲ့ အကြံဉာဏ်ကြောင့် ခင်ဗျားမှာ အကျိုးယုတ်များတယ်လို့များ ရှိခဲ့သလား"

လုံကျင်ဖုံးသည် ကပျာကယာပြန်ဖြေလိုက်ရ၏။

"မရှိပါဘူးဗျာ - မရှိပါဘူး၊ ရှိလို့ပြောတာလည်း မဟုတ်ပါဘူး၊ ခင်ဗျားကိုကျုပ်က ယုံကြည်လေးစားသလို ခင်ဗျားကလည်း ကျုပ်ကို ယုံကြည်နိုင်ပါတယ်ဆိုတဲ့အကြောင်း ကျုပ်ကရှင်းပြနေရှာပါ၊ အခုထိရင် "ဗျူဟာမှူး" "ကလဲ့စားချေသူတမန်တော်" အစရှိတဲ့ နာမည်တွေကလွဲလို့ ခင်ဗျားရဲ့နာမည်ရင်းကိုတောင် ကျုပ်မသိရသေးပါဘူး"

ဝတ်ရုံနက်က အေးစက်စက်ပြောလိုက်သည်။

"မလိုပါဘူးဗျာ၊ ကျုပ်နာမည်က အရေးကြီးသလား၊ ရွှင်ပျော်ပျော်မြို့စားကြီး ရှုံးနိမ့်သွားအောင် တိုက်ခိုက်ဖို့က အရေးကြီးသလား၊ ကျုပ်ပြောချင်တာက အဓိကအကြောင်းအရင်းကို ဂရုစိုက်ပါလို့ ပြောချင်တာပါပဲ၊ ရွှင်ပျော်ပျော်မြို့စားကြီး အလဲအကွဲရှုံးနိမ့်နိုင်မယ့် အကြံဉာဏ်တွေအစီအမံတွေ ခင်ဗျားရရှိပြီဆိုရင် ခင်ဗျားအတွက် တခြား

ဘာတွေ လိုအပ်နေတော့မှာလဲ"

ဝတ်ရုံနက်သည် ရေတူရူသို့စိုက်ကြည့်ရင်း တစ်ခွန်းချင်းပြော နေ၏။ သူတို့၏ရှေ့၌ လုံကျင်ဖုံး၏ တပ်သားများသည် သနားညှာ တာခြင်းမရှိဘဲ ရက်ရက်စက်စက်သတ်ဖြတ်နေကြ၏။ ကလဲ့စားချေ သူ၏ဒေါသမီးများသည် တိုက်ပွဲအသွင်ပေါ်ပေါက်လာခြင်းသာ ဖြစ် လေသည်တကား။

လုံကျင်ဖုံးသည် သံမဏိကဲ့သို့ မာကြောလှသော ဗျူဟာမှု နှင့် ဆက်လက်အငြင်းအခုန်ဖြစ်ရန် ဆန္ဒမရှိသဖြင့် သက်ပြင်းတစ် ချက်ချရင်း ပြောလိုက်မိသည်။

"မှန်ပါတယ်ခင်ဗျာ၊ ကျုပ်အဖို့ အရေးအကြီးဆုံးတစ်ချက် သိ ထားရရင် လုံလောက်နေပါပြီ၊ ခင်ဗျားရဲ့ နမည်အရင်းလည်း မသိ လိုတော့ပါဘူးဗျာ၊ အခုဆိုရင် ရှင်ပျော်ပျော်မြို့စားကြီးရဲ့လည်ပင်းကို ညှစ်မိနေပါပြီ"

ဝတ်ရုံနက်ထံမှ အေးစက်စက်စကားသံ ထွက်ပေါ်လာပြန်သည်

"ခင်ဗျား မှားနေပြီ၊ အခုတိုက်ပွဲဟာ ရှင်ပျော်ပျော်မြို့စားကြီး လည်ပင်းကို ညှစ်ကိုင်နိုင်ပြီလို့ ဆိုလောက်တဲ့တိုက်ပွဲမဟုတ်သေ ဘူး၊ သူ့ရဲ့အမြီးကို ခြေထောက်နဲ့ နင်းထားနိုင်ပြီလို့ ပြောနိုင်ရုံရှိ တိုက်ပွဲကလေးပဲဖြစ်တယ်၊ သူ့အသက်ခန္ဓာစဲအောင် သူ့လည်ပင်း ညှစ်နိုင်တဲ့တိုက်ပွဲမျိုးကိုတော့ ချန်ထားရဦးမယ်၊ ဟာကွက်လွ ကွက်မရှိအောင် ပြင်ဆင်ရဦးမယ်"

လုံကျင်ဖုံးသည် ဝတ်စုံနက်လူ၏ စကားများကြောင့် ကြ သီးတဖြန်းဖြန်းထသွားသည်။ ဤတိုက်ပွဲကို ဗျူဟာမှူးအနေဖြ အသေးအဖွဲ့တိုက်ပွဲအဖြစ်သာ သဘောထားနေချေသည်တကာ



"ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်တော့သိပ်ပြီးကျေနပ်နေတယ်၊ သူ့ကို စကာမကာတိုက်ခဲ့ရတယ်၊ အမြဲတမ်းကျုပ်တို့ပဲ နစ်နာခဲ့တယ်၊ အခု တစ်ခါ အင်နဲ့အားနဲ့တိုက်နိုက်ခဲ့လိုက်တယ်၊ ရှင်ပျော်ပျော်မြို့စားကြီး အထိနာသွားပြီး သူ့စခန်းတစ်ခုလုံး ချေမှုန်းဖျက်ဆီးခံရတာမျိုးကို သူတစ်သက်မှာ တစ်ခါမှမခံရသေးဘူးလို့ ကျုပ်ထင်တယ်၊ သူ ဒေါ မထွက်နေမှာကို ကျုပ်မြင်ယောင်မိသေးတယ်ဗျာ၊ ဟား - ဟား ဟား - "

ဝတ်စုံနက်လူက အေးစက်စက်ပြောပြနေသည်။

"မှန်တယ်၊ ဒီလူရဲ့ကာသိုင်းကွက်က တောက်လျှောက်ကြီးကို မဆိုး ခဲ့ဘူး။ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သူတွေ ရှိခဲ့တယ်၊ ဒါပေမယ့် သူ့လို စနည်းစွာ လူအင်အားနဲ့ သိုင်းပညာပြည့် စုံကုံလုံတဲ့လူမျိုး မပေါ်ပေါက်ခဲ့သေးဘူး"

လုံကျင်ဖုံးက ဟက်ဟက်ပက်ပက်ရယ်ရင်း ပြောလိုက်သည်။

"ဒါပေမယ့် သူ့အတွက် အခုအချိန်ဟာ ကံကြမ္မာလှည့်ပြောင်း ချိန်ပဲ၊ လူတစ်ယောက်ဟာ မွေးကတည်းက သေတဲ့အချိန်အထိ တောက်လျှောက်ကံကောင်းသွားနိုင်တယ်လို့ ကျုပ်တော့ မယုံဘူး ဗျာ"

"မှန်တယ်၊ သူ့ကာသိုင်းကံဟာ အတက်ဘက်ကို မရှိတော့ ပါဘူး။ အကျဘက်ကို ရောက်နေပါပြီ၊ ဒါပေမယ့် အဆိုးကြီးအညံ့ ကြီးတော့ မဟုတ်သေးပါဘူး"

"ဘာကြောင့်များလည်းဗျာ"

"ကျုပ်ဟာ လူတစ်ယောက်ကို ရှာဖွေနေတယ်၊ ဒီလူ့ကို ခု ထက်ထိ မတွေ့ရသေးလို့ပါ"

လုံကျင်ဖုံးမှာ သူ၏အံ့ဩမှုကို မဖုံးကွယ်နိုင်ဘဲ ဖြစ်သွားသည်။

"လူတစ်ယောက်ကို ရှာနေတယ်ဟုတ်လား"

"ဟုတ်တယ်၊ လူတစ်ယောက်ကိုရှာဖွေနေတယ်၊ ဒီလူကိုသာ တွေ့လိုက်ရင်တော့လား ရှင်ပျော်ပျော်မြို့စားကြီးဆိုတဲ့လူရဲ့ ကုသိုလ်ကံဟာ အနိမ့်ဆုံးအောက်ဆုံးကို ရောက်ပြီလို့ အသေအချာပြောလို့ ရပါတယ်"

ဗျူဟာမှူး၏စကားကြောင့် လုံကျင်ဖုံး၏ မျက်လုံးများမှာ အ ရောင်တလက်လက် တောက်ပလာတော့သည်။

ဗျူဟာမှူးကဲ့သော လူတစ်ယောက်နှင့် မဟာမိတ်ဖြုရသည်မှာ မကြာလှသေး။ သို့သော် ရှင်ပျော်ပျော်မြို့စားကြီး၏ အမြီးကို ရိုက် ချိုးနိုင်သည့်ဘဝသို့ ရောက်ရှိနေခဲ့ပေပြီ။ ဗျူဟာမှူးရှာဖွေနေသည့် လူနှင့်သာ ထပ်မံ၍မဟာမိတ်ဖြုလိုက်ရပါက ရှင်ပျော်ပျော်မြို့စားကြီး ၏ ဦးခေါင်းကိုပင် ဖြတ်တောက်နိုင်ပေတော့မည်။ ထို့ကြောင့် ဆ ဇောကြီးမားစွာ မေးလိုက်မိသည်။

"အဲဒီလူက ဘယ်သူများလဲဗျာ"

ဝတ်စုံနက်ဝတ်ဆင်ထားသည့် ဗျူဟာမှူးက ခပ်ပြတ်ပြတ်ဖြေ လိုက်သည်။

"ကျုပ်ပြောလည်း ခင်ဗျားသူ့ကို မသိပါဘူး"

"ဒါ - ဒါပေမယ့် သူ့ကိုဘယ်လိုနေရာမျိုးမှာ ရှာဖွေတွေ့ နိုင်တယ်ဆိုတာမျိုးလောက်တော့ ခင်ဗျားသိလိမ့်မယ်လို့ ထင် တယ်"

"မထင်ပါနဲ့လေ၊ အဲဒီလူကိုတွေ့ရဖို့ ဘာကိုမှ ကြိုတင်တွက် ထားလို့မရပါဘူး။ သူ့ကိုယ်သူ ထုတ်ဖော်မပြသရွေ့ကတော့ ဘယ်



ကမှ သူ့ကို ရှာဖွေတွေ့ရှိမှာလည်းမဟုတ်ပါဘူး"

လုံကျင်ဖုံးမှာ သက်ပြင်းရှည်ကြီးသာ ချလိုက်မိတော့သည်။ သို့သော် လုံကျင်ဖုံးသည် လွယ်လွယ်ကူကူနှင့် အလျှော့ပေးတတ်သူမဟုတ်ပါချေ။ ထိုကဲ့သို့ လွယ်လွယ်ကူကူ အလျှော့ပေးတတ်သူ ဖြစ်ပါကလည်း ဤသဲကန္တာရအတွင်း၌ ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာမည်မဟုတ်ပါချေ။

"ကျုပ်တစ်ခု မေးပါရစေဗျာ၊ သူ့အနေနဲ့ ဒီလိုနေရာမျိုးကိုကော ရောက်လာနိုင်သလား"

ဝတ်စုံနက်နှင့်လူက အေးစက်စက်ဖြင့် ပြန်ဖြေလိုက်သည်။

"ဒီလူမရောက်နိုင်တဲ့ နေရာဆိုတာမရှိဘူး။ ဒီနေရာကို သူ ရောက်နေနိုင်ပါတယ်"

လုံကျင်ဖုံးက မသိမသာသက်ပြင်းချရင်း -

"အင်း - ဒီလူ့ကိုရှာဖို့ အတော့်ကိုခက်နေပါလား".

ဝတ်စုံနက်လူက အေးစက်စက်ပြုံးရင်း -

"ဘာလဲ - ခင်ဗျားကလည်း အဲဒီလူကို မဟာမိတ်ဖွဲ့ချင်နေပြီလား - "

လုံကျင်ဖုံးသည် ဝတ်စုံနက်၏ ထိုးထွင်းသိမြင်နိုင်သည့် အသိဉာဏ်အတွက် အံ့ဩသွားမိသည်။

"ခင်ဗျားကို ကျုပ်တောင်လန့်လာပြီဗျာ၊ ခင်ဗျားလို မဟာမိတ်တစ်ယောက်ရနေတာကိုကပဲ ကျုပ်အတွက် အတော်ကလေး လုံလောက်နေပါပြီ"

ဝတ်စုံနက်လူထံမှ အေးစက်စက်ရယ်မောသံ ပေါ်လာလေ၏။

"ဟား - ဟား - ဟား - အဲဒီလူနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ကျုပ်ဟာ အသေးအဖွဲ့ကလေးဖြစ်သွားတယ်၊ သူ့အရည်အချင်းနဲ့ ကျုပ်အရည်အချင်းဟာ နွားခြေရာခွက်ထဲကရေနဲ့ မဟာသမုဒ္ဒရာထဲကရေတွေ ကွာသလောက်ကွာခြားတယ်"

လုံကျင်ဖုံးမှာ အထိတ်တလန့်ဖြစ်သွားတော့၏။

"ဘုရားရေ - ဒီလောက်တောင်ပဲလားဗျာ"

ဝတ်စုံနက်က အေးစက်စက်ပြုံးလိုက်၏။

"သည့်ထက် ပိုရင်သာပိုမယ်"

"ဒီလိုဆိုရင်တော့ဗျာ - ရွှင်ပျော်ပျော်မြို့စားကြီးအနေနဲ့ ဒီလူကို သိမ်းသွင်းမထားပါစေနဲ့လို့ ဆုတောင်းနေရမှာပေါ့ဗျာ"

"သူသာ ရွှင်ပျော်ပျော်မြို့စားကြီးဆီမှာ အလုပ်လုပ်နေရင် ခင်ဗျားနဲ့ကျုပ်အလောင်းကို မြှုပ်ထားတဲ့မြေပုံကိုတောင် ရာတွေ့နိုင်မှာမဟုတ်ဘူး"

လုံကျင်ဖုံး၏ ပခုံးနှစ်ဘက်မှာ နောက်သို့ကျုံ့ဝင်သွား၏။ ထိုလူ၏စွမ်းရည်မှာ မယုံနိုင်စရာဖြစ်နေသည်။ သို့သော် ဗျူဟာမှူးခေါ် ကလဲ့စားချေသူတမန်တော်၏ နှုတ်ထွက်စကားများဖြစ်နေ၍ မယုံကြည်၍ မဖြစ်ပြန်ပေ။ ဗျူဟာမှူးသည် သူ့အား မည်သည့်အချိန်ကမျှ ဤမျှလောက် ကြာကြာစကားမပြောခဲ့ဖူးပေ။ ထို့ကြောင့် တအံ့တဩမေးလိုက်မိသည်။

"ဒီလူက ဒီလောက်တောင် စွမ်းသလားဗျ"

"ဒီလောက်တောင် စွမ်းသလားတဲ့ ဟုတ်လား"

ဝတ်စုံနက်ထံမှ ပွဲတင်သံထွက်ပေါ်လာသည်။ ထို့နောက် ဆက်



၍ ပြောလိုက်၏။

"ဒီလူရဲ့စွမ်းရည်တွေကို ခရေစေ့တွင်းကျ တစ်ခုချင်းတစ်ခုချင်း လိုက်မပြောပြနိုင်ဘူး၊ ကျုပ်မှာခက်နေတာက သူ့စွမ်းရည်ရဲ့ အပုံ တစ်ထောင်ပုံရင် တစ်ပုံကိုတောင် ပြောမပြတတ်အောင်ဖြစ်နေတဲ့ အချက်ပဲ"

"သူနဲ့ ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ အဆက်အသွယ်ရှိနေသလား"

"ဘယ်လိုလုပ်ရှိမလဲ၊ ဒီလူက သိုင်းလောကမှာရှိတဲ့ လူဆိုးလူမိုက် လူ့အန္တရာယ်မှန်သမျှကို လိုက်ပြီးရှင်းလင်းနေတဲ့လူပဲ၊ သူ အသတ်ချင်ဆုံးလူတစ်ယောက်ပဲရှိတယ်၊ အဲဒီလူက ရွှင်ပျော်ပျော် မြို့စားကြီးပဲဖြစ်တယ်"

လုံကျင်ဖုံးသည် ကြောက်လန့်သွား၏။ ထို့နောက် ဝမ်းသာသွားပြန်၏။ ထိုလူနှင့်မိမိသည် မည်သည့်နည်းနှင့်မျှ ရန်သူမဖြစ်နိုင်ကြတော့။ မိမိသည်လည်း ရွှင်ပျော်ပျော်မြို့စားကြီးအားသတ်ရန် ကြံစည်နေသူတစ်ယောက် မဟုတ်ပါလော။

ဝတ်စုံနက်ဝတ်ဆင်ထားသည့် ကလဲ့စားချေသူတမန်တော်ထံမှ တစ်ကိုယ်တည်းညည်းညူလိုက်သကဲ့သို့ပြောနေသည့် စကားသံများသည် တစ်ခွန်းချင်းထွက်လာနေသည်။

"သူဘယ်မှာရှိသလဲဆိုတာ သိဖို့ သိပ်လိုအပ်နေတယ်၊ ကျုပ်ရှာလိုက်ပါဦးမယ်လေ၊ သူ အဝေးကြီးမှာ ရှိနေမှာမဟုတ်ဘူး၊ ကျုပ်ထင်တယ်ကို အဝေးကြီးမှာ ရှိနေမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရွှင်ပျော်ပျော်မြို့စားကြီးဟာ ကျုပ်တို့နဲ့ မလှမ်းမကမ်းမှာ ရောက်နေခဲ့ပြီမဟုတ်လား"

❖ ❖ ❖

## အခန်း(၄၁)

# မိုးထိမြင့်တဲ့ဂေဟာ ချောက်ထဲနက်တဲ့ဝိညာဉ်

ခုတ်သံထစ်သံများလည်း စဲသွားပြီ။ အလောင်းကောင်များလည်း ပြန့်ကြဲနေလေပြီ။ သဲဝါဝါပေါ်၌ နီစွေးသော သွေးကွက်ကြီးများ အထင်းသားပေါ်နေလေပြီ။ အချို့သောရွက်ဖျင်တဲများမှာ မီးလောင်နေသဖြင့် ထိုမီးအလင်းရောင်များဖြင့် အနိဋ္ဌာရုံမြင်ကွင်းများကို ပီပီသသကြီးတွေမြင်နေကြရလေသည်။

ဝတ်စုံနက်ဝတ်ဆင်ထားသည့် ကလဲ့စားချေသူတမန်တော်၏ နှုတ်ဖျားမှ အေးစက်စက်ရေရွတ်သံ ထွက်ပေါ်လာသည်။

"ရှင်ပျော်ပျော်မြို့စားကြီးတော့ ပြန်လာဖို့ကောင်းနေပြီ"

လုံကျင်ဖုံးက -

"ကျုပ်တို့လူတွေကို ပြန်ခေါ်လိုက်ရမလား"

ဝတ်စုံနက်လူက ခေါင်းညိတ်ပြလိုက်၏။ လုံကျင်ဖုံးသည် ကွဲချိုကိုထုတ်၍မှုတ်လိုက်၏။ အရပ်လေးမျက်နှာမှ သဲကန္တာရစစ်သည်တော်များသည် လုံကျင်ဖုံးအနီးသို့ တဖြည်းဖြည်းစုရုံးရောက်ရှိလာတော့၏။ စစ်သည်တော်အပေါင်း ငါးရာခန့်ရှိနေသည်။



သူတို့၏ဓားများကို မြောက်ကိုင်ရင်း စစ်ချီတေးများ ကြွေးကြော်နေကြသည်။ ဤတိုက်ပွဲ၌ သူတို့၏အဆုံးအရှုံးမှာ လက်ဆယ်ချောင်းပြည့်အောင်ပင် မရေတွက်နိုင်ချေ။ ရှင်ပျော်ပျော်မြို့စားကြီး၏ စခန်းတစ်ခုလုံးမှာမူ ရစရာမရှိအောင် ဖွတ်ဖွတ်ညက်ညက်ကြေမွသွားခဲ့ရလေတော့သည်။

"ခေါင်းဆောင်ကြီးလုံကျင်ဖုံး သက်တော်ရာကျော် ရှည်ပါစေ"

"ဗျူဟာမှူး သက်တော်ရာကျော် ရှည်ပါစေ"

လုံကျင်ဖုံးသည် ကောင်းကင်ကို မော့ကြည့်ပြီး ကျေနပ်အားရစွာ ရယ်မောနေမိလေ၏။ လုံကျင်ဖုံးက အရယ်ရပ်ရင်း -

"ဗျူဟာမှူး ကျုပ်တို့ ဘာဆက်လုပ်ရမလဲ"

ဝတ်စုံနက်ထံမှ အေးစက်စက်စကားသံ ထွက်ပေါ်လာတော့သည်။

"အားလုံးပြန်ဆုတ်မယ်"

လုံကျင်ဖုံးက နားမလည်ဟန်ဖြင့် -

"ဗျူဟာမှူး ကျုပ်တို့မှာ အင်အားသိပ်ကောင်းနေတယ်၊ ကျုပ်ရဲ့လူတွေစိတ်ဓာတ် သိပ်ပြီးတက်ကြွနေတယ်၊ ဘာကြောင့်ပြန်ဆုတ်ရမှာလဲ"

"ကျုပ်ပေးနိုင်တဲ့ အကြံဉာဏ်ကတော့ "ပြန်ဆုတ်"ဆိုတာပဲ"

"ကောင်းပါပြီဗျာ၊ အကျိုးအကြောင်းကလေး မသိရဘူးလားဗျာ"

"ရှင်ပျော်ပျော်မြို့စားကြီးဟာ သူ့ရဲ့အခြေခံစခန်းကို လာတိုက်မယ်ဆိုတာ ကုလားအုပ်တွေကို အသုံးပြုပြီး ချီတက်သွားကြတယ်၊ ဒီနေရာကိုသာ ကျုပ်တို့လာတိုက်မယ်လို့ ခန့်မှန်းထားရင် သူဟာ

ကုလားအုပ်တွေကို အသုံးမပြုဘူး၊ မြင်းတွေကိုပဲ အသုံးပြုမယ်၊ မြင်းက ဆုတ်ရတက်ရတာ မြန်တယ်၊ ကုလားအုပ်ကတော့ ခရီးရှည် ချီတက်ဖို့ကောင်းတယ်၊ ဒါပေမယ့် သူ့ရဲ့အစီကအင်အားကတော့ သူနဲ့တပါတည်း ပါသွားခဲ့တယ် - "

"ပါခဲ့ရော ဘာဖြစ်လဲ၊ သူ့ရဲ့တစ်ချိူ့တစ်ဝက် အင်အားဟာ ဒီမှာ ချေမှုန်းခံလိုက်ရပြီ၊ သူရှက်သွားမယ်၊ ကမူးရှူးထိုးတိုက်မယ်၊ သူ့တပ်သားတွေ စိတ်ဓာတ်ပျက်ပြားလာမယ်၊ ကျုပ်တို့ဆီးပြီး မချေ မှုန်းသင့်ဘူးလား"

ဝတ်စုံနက်လူထံမှ အေးစက်စက် မေးခွန်းထွက်လာသည်။

"ရှင်ပျော်ပျော်မြို့စားကြီးဟာ ဘယ်လိုလူစားမျိုးလဲ သိလား-"

လုံကျင်ဖုံးက -

"ဘယ်လိုလူစားမျိုး ဖြစ်ဖြစ်ပေါ့ဗျာ၊ နာနအရိုက်ခံရတဲ့လူဟာ ဘယ်သူမဆို မှိန်ထူသွားမှာ သေချာသလို သူလည်းအခုအချိန်မှာ မှိန် ထူနေမှာ သေချာပါတယ်"

ဝတ်စုံနက်လူက အေးစက်စက်ရယ်မောလိုက်လေ၏။

"အဲဒါ ခင်ဗျားက ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောကို ပြောတာ ဒီလူက ဖြစ်လေ့ဖြစ်ထရှိတဲ့အပြုအမူမျိုး လုပ်တတ်တဲ့လူစားမျိုး မဟုတ်ဘူးဗျ၊ သူဟာ ခင်ဗျားပြောသလို ရှက်သွားမယ်၊ ဒေါသဖြစ် သွားမယ်၊ စိတ်ဆိုးသွားမယ်၊ ဒါတွေအားလုံး သူခံစားရမှာ သေချာ ပါတယ်၊ ဒါပေမယ့် သူ့လိုလူစားမျိုးဟာ အဲဒီလိုခံစားလိုက်ရတာ ကြောင့် ကမူးရှူးထိုးမဖြစ်ဘူး၊ သူ့စစ်ဗျူဟာကို အသေအချာ ပြင် ဆင်လိမ့်မယ်၊ နောက်တစ်ချက်က ခင်ဗျားရဲ့စစ်သည်တော်တွေ ချွတ်ယွင်းလာနိုင်တဲ့အချက်တွေပဲ - "



"ဗျာ - ကျုပ်စစ်သည်တော်တွေမှာ ချွတ်ယွင်းလာနိုင်တယ် ဟုတ်လား - "

"ဟုတ်တယ်၊ ခင်ဗျားရဲ့စစ်သည်တော်တွေဟာ အနည်းနဲ့အများ တော့ ပင်ပန်းကြမှာအမှန်ပဲ၊ အပြတ်အသတ် အနိုင်ရအောင် သူတို့ တော်တော်ကလေး ထိုးခုတ်တိုက်ခိုက်လိုက်ကြရတယ်မဟုတ်လား၊ နိုင်လာတဲ့အတွက် မာနစိတ်ကလေးကလည်း အညွန့်တလူလူ တက် လာကြလိမ့်မယ်၊ အစဉ်အဆက်က သေနာပတိကြီးတွေ ကြောက် လန့်ခဲ့တဲ့အချက်ကတော့ ကိုယ့်တပ်သားတွေ မာနထောင်လွှားပြီး ရန်သူကိုအထင်သေးအမြင်သေး ဆက်ဆံတဲ့ အဖြစ်မျိုးပဲ၊ အဲ့ဒီအခါ မျိုးမှာ မြေကြီးလက်ခတ်မလွဲ ရှုံးနိမ့်တတ်တယ်"

"ဟာ - မှန်တယ်ဗျာ - မှန်ပါတယ်၊ ကျုပ် - ကျုပ် ဒီအထိ မတွေးမိခဲ့ပါဘူး၊ ကျုပ်တပ်ကို ပြန်ဆုတ်ခိုင်းလိုက်ရမလား"

"ဒီနေရာကတော့ ဆုတ်ပေးရမှာပဲ၊ ဒါပေမယ့် တစ်ခြားနေရာ ကိုတော့ ဝင်တိုက်ရဦးမယ်"

"ဟား - ဟား - ဟား - ဟန်ကျပြီဗျို့ ကြိုက်ပြီ၊ အခုပဲ ဆုတ်ဖို့အမိန့်ပေးလိုက်ပါ့မယ်၊ ကျုပ်တို့ဝင်တိုက်ရမယ့် နေရာကို ကော မသိရဘူးလား"

"သိရပါတယ်လေ၊ ခင်ဗျားပဲ ဦးစီးဦးဆောင်လုပ်ပြီး တိုက်ရမှာ ကိုတော့ မသိလို့တယ်ဖြစ်ပါ့မလဲ၊ ကျုပ်တို့ဝင်တိုက်မယ့်နေရာက တော့ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ ဌာနချုပ်ဖြစ်တဲ့ သူ့နေအိမ်ကိုပေါ့ ဗျာ၊ အဲဒီနေရာမှာ အင်အားသိပ်နည်းနေတယ်၊ သူ့ရဲ့ပျော့ကွက် မှန်သမျှ ကျုပ်တို့ကလိုက်ပြီး ထိုးနှက်ရမှာပဲ - "

လုံကျင်ဖုံးက အားရဝမ်းသာဖြစ်သွားသော်လည်း ချက်ချင်းပင် တုံ့ဆိုင်းဆိုင်းဖြစ်သွား၏။

"ဒါ - ဒါပေမယ့် - ရှင်ပျော်ပျော်မြို့စားကြီးရဲ့နေအိမ်ကို ရှာဖို့ ဆိုတာက ကောက်ရိုးပုံထဲကအပ်ကို ရှာရတာထက်ပိုခက်နေပါသေးတယ်"

ဝတ်စုံနက်လူက တစ်ခွန်းချင်းပြောလိုက်၏။

"ကျုပ်သိတယ်၊ ကဲ - ခင်ဗျားလူတွေကို အမိန့်ပေးလိုက်ပေတော့၊ ကျုပ်တို့ ဆုတ်ခွာဖို့ သင့်နေပြီ"

လုံကျင်ဖုံးသည် သူ၏ကျွဲချိုကို ရှည်လျားစွာမှုတ်လိုက်ပြီး ဗျူဟာမှူးနှင့်အတူ အပြင်းဆုတ်ခွာသွားလေသည်။ သူ၏ မြင်းစီးစစ်သည်တော်များသည်လည်း သူတို့နောက်မှ ထက်ကြပ်မကွာလိုက်ပါ ဆုတ်ခွာသွားလေတော့၏။

❖ ❖ ❖



ရွက်ဖျင်တဲသည် စင်လုံတို့အပေါ်သို့ ဖုံးအုပ်ကျလာလေ၏။ အလွန်ကြီးမားသော ရွက်ဖျင်တဲကြီးဖြစ်၍ သူတို့အားလုံးမှာ မသက်မသာမစားရဖွယ်ရှိသည်ဟု ထင်မှတ်ရ၏။ သို့သော် တကယ်တမ်းအားဖြင့် ရွက်ဖျင်တဲကြီး သူတို့အပေါ်ကျလာသည့်အတွက် သူတို့အားလုံး အသက်ရှုချောင်သွားကြရသည်သာဖြစ်ပါ၏။

ထိုနောက်တိုက်နိုက်သံများ၊ အော်ဟစ်ကြွေးကြော်သံများ အတန်ကြာကြာရပြီးသည့်နောက်ဝယ် မြင်းခွာသံများ တဖြည်းဖြည်းဝေးကွာသွားလေတော့သည်။

ချစ်ချစ်သည် သက်ပြင်းရှည်ကြီးချရင်း တီးတိုးခေါ်လိုက်သည်။

"စင်လုံ - စင်လုံ"

"ချစ်ချစ် - ကျုပ်ဒီရွက်ဖျင်တဲအောက်မှာပဲ ရှိနေပါတယ်"

ချစ်ချစ်၏အသံကလေးသည် ရွက်ဖျင်တဲအောက်မှ ထွက်ပေါ်လာသည်။

"စင်လုံ - ရှင့်မှာ နတ်မျက်စိများ ရှိထားသလားဟင်၊ ရှင်ကိုယ်တိုင်တွက်ချက်ထားသမျှ အားလုံးဖြစ်လာတာပဲနော်"

ဝံကြောင်ကလေးက ရယ်ရင်းပြောလေ၏။

"ချစ်ချစ်ရဲ့ - နင်ရူးနေသလား၊ သူစဉ်းစားတွက်ချက်ထားတာမှ တစ်ချက်ကလေးမှားလို့ ဖြစ်ပုံမလားဟ၊ သူတစ်ချက်မှားတာ ငါတို့အားလုံး သေကုန်မှာပေါ့"

ဝမ်းလင်းဝါးထဲမှလည်း အသံထွက်လာသည်။

"ဟို - ဗျူဟာမှူးဆိုတဲ့ပုဂ္ဂိုလ်ကလည်း တော်လိုက်တာ၊ လွန်ရောပဲဗျာ၊ သူတွက်ချက်ထားတာတွေကလည်း အားလုံးကွက်တိ

ပဲ၊ ရှင်ပျော်ပျော်မြို့စားကြီးလည်း တစ်ကွက်တည်းနဲ့ အညှာမိသွား တာပဲ၊ စင်လုံ - အဲ့ဒီဗျူဟာမှူးဆိုတဲ့လူဟာ ဘယ်သူများဖြစ်နိုင် မလဲဗျ"

စင်လုံထံမှ စကားတော်တော်နှင့်ထွက်မလာဘဲ ဖြစ်နေသည် အတန်ကြာမှ -

"အခုအချိန်မှာတော့ ဘယ်လိုမှ မခန့်မှန်းနိုင်သေးပါဘူးကွာ"

ချစ်ချစ်က ဝင်မေး၏။

"လုံကျင်ဖုံးတို့ ပြန်ဆုတ်သွားတာ သိပ်အံ့ဩစရာကောင်းတာ ပဲနော်"

စင်လုံက ရယ်သံနှော၍ပြောလိုက်၏။

"ခန်းမှာရှိသမျှလူတွေအကုန်သတ်ပြီးမှ သူတို့တွေဘာဖြစ် နောက်ပြန်မဆုတ်ရမှာလဲ"

"အို - စင်လုံကလည်းရှင်၊ ရှင်ပဲစဉ်းစားကြည့်ပါဦး၊ သူ ဘယ်လောက် စိတ်ဓာတ်တက်ကြွနေမလဲ၊ ရှင်ပျော်ပျော်မြို့စား အလာကိုစောင့်ပြီး တစ်ဟုန်ထိုးတိုက်ခိုက်ရင် အသာကလေးနိုင်မှာ

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မိလေတော့၏။

"မင်းသာ လုံကျင်ဖုံးရဲ့ဗျူဟာမှူးဖြစ်ရင် လုံကျင်ဖုံးတော့ ရင်သေ၊ မသေရင် ခွေးပြေးဝက်ပြေး ပြေးရတော့မှာပဲ"

"ဘာကြောင့်လဲရှင်"

"ရှင်ပျော်ပျော်မြို့စားကြီးဟာ သာမန်လူမဟုတ်ဘူးချစ်ချစ် ဟာ ဆုံးရှုံးမှုကို သင်ခန်းစာယူတတ်တဲ့ လူထူးလူဆန်းဖြစ်တ တကယ်တမ်းရင်ဆိုင်တိုက်ခိုက်ရင် လုံကျင်ဖုံးရဲ့စစ်သည်တော်



ဟာ ခွက်ခွက်လန်အောင် ရှုံးမှာသေချာပါတယ်"

ချစ်ချစ်သည် စင်လုံ၏စကားကို သဘောပေါက်သွား၏။

"ဟာ - ဟုတ်ပြီ - ဟုတ်ပြီ - ဟို - ဟို - ဗျူဟာမှူးဆိုတဲ့ လူဟာ ဒီအချက်ကို တွေးဆမိပုံရကယ်နော်၊ ဒါပေမယ့် ရှင်ပျော်ပျော် မြို့စားကြီးကို ဘယ်လျှော့တွက်လို့ရမလဲ၊ သူ့စခန်းရဲ့အဖြစ်အပျက်ကို တွေ့တာနဲ့ လုံကျင်ဖုံးတို့နောက် ထက်ကြပ်မကွာ လိုက်တိုက်နိုင်တာ ပဲ"

"သူတို့နောက်ကို ရှင်ပျော်ပျော်မြို့စားကြီးက လိုက်မတိုက်ပါဘူး"

"ဘာဖြစ်လို့ လိုက်မတိုက်တာလဲစင်လုံ"

"ကုလားအုပ်ဆိုတဲ့ သတ္တဝါက မြင်းဆိုတဲ့သတ္တဝါကို လိုက်မီ မယ်လို့များ မင်းကြားဖူးလို့လား"

"ဒါပေမယ့် သဲကန္တာရထဲမှာ မြင်းတွေက ဘယ်လောက်ဝေးဝေး ထိပြေးနိုင်မှာလဲ၊ နောက်ဆုံးကုလားအုပ်တွေရဲ့ အမိကိုခံရ မှာ"

စင်လုံက ရယ်လိုက်သည်။

"လုံကျင်ဖုံးတို့ကတော့ မြင်းတွေကို အလဲအလှယ်နဲ့ စီးတော့ မှာပဲလား"

ချစ်ချစ်သည် တခစ်ခစ်ရယ်မောလေတော့၏။

"ကျွန်မဟာလေ - တကယ်ထုံတာပဲနော်၊ ဘာကိုမှ ရှည်ရှည် ဝေးဝေးမတွေးတတ်ဘူး။ လုံကျင်ဖုံးတို့ဟာ အားလုံးအဆင်သင့်လုပ် ထားမှာပဲနော်"

"မေးရှာတာပေါ့ကွာ"

ထိုစဉ် ဝမ်းလင်းဝါးက သူ၏ထင်မြင်ချက်ကို ပြောပြလိုက်၏။

"အခုဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေကို ကြည့်ကြစမ်းဗျာ၊ ဒီ တွေကိုထောက်ရင် ဗျူဟာမှူးဆိုတဲ့ပုဂ္ဂိုလ်ဟာ ရွှင်ပျော်ပျော်မြို့စားကြီး ရဲ့အကြောင်းကို အတော်ကလေးအတွင်းကျကျသိထားပုံရတယ်၊ ဒီ တော့ အခုအချိန်လောက်ဆိုရင် ရွှင်ပျော်ပျော်မြို့စားကြီးရဲ့နေအိမ်ကို ဝင်တိုက်လောက်ပြီလို့ ထင်မိတာပဲ"

ချစ်ချစ်က ချီးကျူးလိုက်၏။

"ဝမ်းလင်းဝါးလည်း အတွေးအခေါ်ကောင်းတာပဲ၊ အဲဒီအတိုင် ဖြစ်နိုင်တယ်"

စင်လုံထံမှ ရယ်သံပေါ်လာ၏။

"လုံကျင်ဖုံးသာ အဲဒီကိုသွားတိုက်မိရင် ဒုက္ခရောက်မှာ သေချ ပါတယ်"

ဝမ်းလင်းဝါးက ပြန်လှန်မေးလိုက်၏။

"ဘာကြောင့်လဲဗျ -"

"ဘာကြောင့်လဲဆိုတော့ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ နေအိမ်ဟ သူ့ရဲ့အခြေစိုက်ဌာနချုပ်ဖြစ်လို့ပဲ၊ သူက သူ့ရဲ့အခြေစိုက်စခန်းကို လွ လွယ်နဲ့ဘယ်အတိုက်ခံမလဲ၊ ရန်သူကို လုံလောက်တဲ့စစ်သည်အ အားတွေ ပြင်ဆင်ချထားခဲ့မှာ သေချာပါတယ်၊ ဒီလိုမှ ပြင်ဆင် ထားခဲ့ဘူးဆိုရင် သူ့ကိုတစ်ခေတ်မှာတစ်ယောက်ပေါ်တဲ့ ပုဂ္ဂိုလ် ဘယ်ခေါ်နိုင်တော့မလဲ"

ဝမ်းလင်းဝါး စောဒကတက်လိုက်၏။

"ကျုပ်ကတော့ ဗျူဟာမှူးဆိုတဲ့လူကို အထင်ကြီးတယ်



စင်များပြောတဲ့အချက်တွေကို ဗျူဟာမှူးဆိုတဲ့လူ သိမှာပဲ၊ မသိဘဲ နဲ့တော့ သူမတိုက်ဘူး"

စင်လုံက စဉ်းစဉ်းစားစားပြောသည်။

"အဲဒီအချက်ကတော့ စဉ်းစားစရာပဲ၊ ဗျူဟာမှူးဆိုတဲ့လူ သိချင် သိမယ်၊ မသိချင်လည်းမသိဘူး။ ငါ့စိတ်ထင်တော့ ဒီလိုလျှို့ဝှက်တဲ့ စကားမျိုးကို ဘယ်သူ့ကိုမှ အသိပေးမယ်မထင်ဘူး"

ဝမ်းလင်းဝါးက ရယ်လိုက်သည်။

"ကျုပ်ကတော့ ဗျူဟာမှူးဆိုတဲ့လူပဲ အနိုင်ရမယ်လို့ ထင်တယ် ဗျ"

ဝံကြောင်ကလေးက ကြားထဲမှဖြတ်၍ ပြောလိုက်သည်။

"ဝမ်းလင်းဝါး - ဖြစ်ပြီးခဲ့တာတွေ ပြန်ကြည့်စမ်း၊ စင်လုံပြော တာတွေ ဘာများလွဲခဲ့သလဲ၊ တစ်ခုမှမလွဲခဲ့ဘူးကွ၊ ဒီတော့ သူ ပြောတဲ့စကားတွေကို အေးအေးဆေးဆေးနားထောင်တာပဲ ကောင်း ပါတယ်ကွာ"

❖ ❖ ❖

ရှင်ပျော်ပျော်မြို့စားကြီးတို့လူသိုက်သည် တိတ်ဆိတ်စွာချီတက်
လျက်ရှိကြ၏။ သဲများကိုနင်း၍ သွားနေခြင်းဖြစ်၍ ကုလားအုပ်ခြေသံ
များကလည်း သိပ်မကျယ်လောင်လှချေ။

မကြာမီအချိန်အတွင်းမှာပင် ရွက်ဖျင်တဲလေးငါးလုံးကို တွေ့
၏။ သဲတောင်ကုန်းရှေ့၌ရှိသည့် ရွက်ဖျင်တဲကြီးသည် အကြီးဆုံး
ဖြစ်နေပြီး ထိုတဲကြီး၏ပတ်လည်တွင် လူအချို့ထိုင်နေသည်ကို တွေ့
လိုက်ကြရ၏။ သို့သော် မည်သည့်အသံကိုမျှ မကြားရဘဲဖြစ်နေ
သည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏လက်မောင်းကို ဆန့်တန်
ရင်း ခပ်အုပ်အုပ်ခေါ်လိုက်၏။

"မြင်းစီးသူ့ရဲကောင်းနံပါတ်တစ် -"

"အသင့်ရှိပါတယ် သခင်ကြီး"

"လူတွေအားလုံးဆင်းခိုင်း။ လုံကျင်ဖုံးရဲ့ တပ်သားတွေကို တ
ယောက်မကျန် သတ်ပစ်"

ရှင်ပျော်ပျော်မြို့စားကြီး၏ စကားဆုံးသည်နှင့် မြင်းစီးသူ့
ကောင်းနံပါတ်တစ်ဦးဆောင်သော စစ်သည်များသည် ရွက်ဖျင်
များဆီသို့ တစ်ဟုန်ထိုးပြေးဝင်ပြီး ထိုးခုတ်ကြလေတော့၏။

မြင်းစီးသူ့ရဲကောင်းနံပါတ်တစ်သည် ဓားဖြင့် နှစ်ချက်မျှဝှေ့ယ
ပြီးသည်နှင့် အလန့်တကြားအော်လိုက်မိတော့သည်။

"ဟိုက် - ငါတို့တော့ အလိမ်ခံရပြီ"

သူအော်လိုက်သည်မှာ အကြောင်းရှိ၏။ သူတို့ထိုးခုတ်လို
သူများမှာ သက်ရှိများမဟုတ်ကြပေ။ သက်မဲ့လူသားများသာဖြစ်



လုံကျင်ဖုံးတပ်သားများထဲမှ ဒဏ်ရာပြင်းထန်စွာရပြီး သေဆုံးသွား
သည့် အလောင်းများကို နည်းအမျိုးမျိုးဖြင့် ထိုင်နေသည့်ပုံသဏ္ဍာန်
မျိုး ပြုလုပ်ထားသည်။

ထိုးခုတ်တိုက်ခိုက်သည့် စစ်သည်များသည် ချက်ချင်းရပ်ဆိုင်း
များသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ရှေ့ဆက်
အလုပ်ရမည်မှန်းမသိဘဲ ဖြစ်နေကြတော့သည်။

ဝေဝေသည် မျက်နှာအပျက်ပျက်ဖြင့် ညည်းတွားလိုက်မိသည်။

"ကျားကိုတောင် ညာပြီး ခေါ်ထုတ်တဲ့ အကြံဉာဏ်ပဲ"

ရှင်ပျော်ပျော်မြို့စားကြီးမှာ ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့
ငြိမ်သက်တိတ်ဆိတ်စွာ မတ်တတ်ရပ်နေသည်။ သူ၏ မျက်နှာမှာ
လည်း အေးစက်ဖြူရော်လျက်ရှိနေသည်။

သူသည် စကားတစ်ခွန်းမျှ မပြောရုံမျှမက အနည်းငယ်မျှလည်း
မပြုံးရှာပေ။ သူ၏ဦးခေါင်းမှ ဆံစအချို့သည် တသွေးသွေးတိုက်
ခတ်နေသောလေကြောင့် ဖွာရရာကြဲကာ တလူလူလွင့်လျက်ရှိနေ
၏။ ညှို့ကဲ့သို့ မတုန်မလှုပ်အမူအရာသည် မြင်သူအပေါင်းတို့အတွက်
ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ ဖြစ်နေတော့သည်။

ထိုအခြင်းအရာကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ စတင်
စကားမပြောဝံ့ဘဲ ဖြစ်နေကြရသည်။ ထိုစဉ် ဝေဝေကစတင်ပြော
ကြားလိုက်သည်။

"သခင်ကြီး - ကျွန်မတို့ ပြန်ကြရင် သင့်မယ်လို့ထင်ပါတယ်"

ထိုအခါကျမှ မြင်းစီးသူ့ရဲကောင်းနံပါတ်တစ်လည်း စကားပြော
ရဲတော့သည်။

"မှန်ပါတယ်သခင်ကြီး၊ ရန်သူတွေဟာ အရှေ့ကိုအရောင်ပြပြီး အနောက်ကိုဝင်တိုက်ကြတာပါ၊ အခုအချိန်မှာ ကျွန်တော်တို့ရဲ့စခန်းကို ဝင်တိုက်နေလောက်ပါပြီ၊ အမြန်ဆုံးမပြန်ရင် ကျွန်တော်တို့လူတွေ ကို မကယ်နိုင်ဘဲ ဖြစ်သွားပါလိမ့်မယ်"

ရွှင်ပျော်ပျော်မြို့စားကြီးက မပီမသအော်ဟစ်လိုက်သည်။

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

မြင်းစီးသူရဲကောင်းနံပါတ်တစ်သည် ဆတ်ခနဲတုန်သွား၏ သူ၏ဦးခေါင်းသည် ချက်ချင်းငုံ့သွားကာ လုံးဝနှုတ်ဆိတ်သွားလေ တော့သည်။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ဒေါသထွက်နေသည့်မျက်လုံ များဖြင့် အဝေးသို့လှမ်းမျှော်ကြည့်နေသည်။ ထို့နောက် တစ်ခွ ချင်းတစ်ခွန်းချင်း အေးစက်စက်ပြောနေတော့၏။ သူ၏စကားသ များက သူ၏နာကြည်းခံပြင်းမှုကို ဖော်ပြနေတော့သည်။

"တယ်လည်းတော်တဲ့ ဗျူဟာမှူး၊ တယ်လည်းတော်တဲ့ က စားချေသူတမန်တော်ပဲကွ၊ မင်းကို ငါက အထင်သေးမိပေတာကို

ဝေဝေက သာယာချိုလွင်သောအသံကလေးဖြင့် ဖျောင်းဖျ သိမ့်လိုက်သည်။

"ရှုံးခြင်းနဲ့နိုင်ခြင်းဟာ စစ်ရဲ့သဘောမှာ မလွဲမသွေတွေ့ရ သဘောတစ်ခုပါပဲရှင်၊ အခုလို နည်းနည်းပါးပါးရှုံးတဲ့အတွက် သိ စိတ်မထိခိုက်ပါနဲ့ သခင်ကြီးရှင့်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားအော်ဟစ်ရယ်‌ လိုက်၏။ ပြီးမှ -



"ကျုပ်ဟာ - တိုက်ပွဲပေါင်းများစွာကို ကြုံတွေ့တိုက်ခိုက်ပြီး ပါပြီ၊ တစ်ဦးချင်းတိုက်ပွဲ၊ အုပ်စုနဲ့တိုက်ပွဲ၊ တပ်မချင်းတိုက်ပွဲ စသည် ဖြင့်တိုက်ပွဲရာပေါင်းများစွာကို တိုက်ခိုက်ခဲ့ပြီးပြီ၊ အတွေ့အကြုံတွေ လည်း အများကြီးရခဲ့ပြီးပြီ၊ အကြိမ်ပေါင်းမြောက်များစွာ အနိုင်ရခဲ့ သလို အကြိမ်ပေါင်းမြောက်များစွာလည်း ရှုံးခဲ့ပြီးပြီ၊ အခုလို အလိမ် အညာခံရတဲ့အတွက် ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိတာပဲရှိတယ်၊ ကိစ္စ မရှိပါဘူးလေ၊ သင်ခန်းစာဆိုတာ ဒီလိုအဖြစ်အပျက်တွေထဲက နုတ် ယူရတာပဲ၊ ကျုပ်စိတ်ထဲမှာ အမြဲတမ်းစိတ်ထိခိုက်နေမှာ မဟုတ်ပါ ဘူးကွာ"

ဝေဝေက စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြောလိုက်သည်။

"တော်ပါသေးရဲ့ရှင်၊ ကျွန်မကတော့ သခင်ကြီးသိပ်ပြီးစိတ်ထိ ခိုက်သွားမှာကိုပဲ စိုးရိမ်ပါတယ်၊ ကျွန်မတို့ မြန်မြန်ပြန်သွားရင် မ ကောင်းဘူးလား"

ရွှင်ပျော်ပျော်မြို့စားကြီး၏မျက်နှာ၌ ဒေါသအရိပ်အရောင်များ မရှိတော့ဘဲ မြူတိမ်ကင်းရှင်းသည့် ငွေလမင်းပမာ ကြည်ကြည်လင် လင်ဖြစ်လာသည်။

သူသည် အံ့သြဖွယ်ကောင်းလောက်အောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ခဲ့သည်။ အများထင်မှတ်သကဲ့သို့ ကမူးရှူးထိုးမဖြစ်ခဲ့ ပေ။ သူက ဝေဝေအား ခပ်အုပ်အုပ်ပြောလိုက်၏။

"ဝေဝေ - ကျုပ်တို့အခုချက်ချင်း ပြန်လို့မဖြစ်သေးဘူးကွယ့်"

"ဘာဖြစ်လို့လဲ - သခင်ကြီး၊ ကျွန်မတို့လူတွေကို - "

"ကျုပ်တို့လူတွေ ချေမှုန်းခံရမှာကတော့ သေချာနေပါပြီ၊ သူ တို့ကို ကယ်နည်းနဲ့မှ ကယ်နိုင်မှာမဟုတ်တော့ဘူး၊ ကျုပ်တို့ ပြန်

သွားရင် ဒုတိယအကြိမ်သူတို့ထောင်ချောက်ထဲ တိုးဝင်သလို ဖြစ်သွားလိမ့်မယ်"

"ဘယ်လိုထောင်ချောက်မျိုးလဲ သခင်ကြီးရှင့်"

"သူတို့ရဲ့ထောင်ချောက်ကို အသာထားပါဦးလေ၊ အခုကျုပ်နဲ့ အတူပါလာတဲ့ တပ်သားတွေဟာ နောက်ပိုင်းအချိန်တွေမှာ အမြဲတမ်းအောင်ပွဲခံလာတဲ့ တပ်သားတွေဖြစ်တယ်၊ အရှုံးဆိုတာ ချိုနဲ့ လားလို့ မေးယူရအောင် အမြဲတမ်းအောင်ပွဲဆင်ခဲ့သူတွေဖြစ်တယ်၊ အခုဆိုရင် ကျုပ်တပ်သားတွေဟာ မကြုံစဖူးအဖြစ်ထူးတွေ တွေ့ နေကြပြီ၊ ဟိုစခန်းကိုပြန်ရောက်ရင် စခန်းတစ်ခုလုံး ပြုတ်ပြုတ်ပြန်း နေတာကို တွေ့ပြီး စိတ်ဓာတ်အကြီးအကျယ်ကျသွားလိမ့်မယ်၊ စိတ်ဓာတ်တက်ကြွနေတဲ့ ဟိုကောင်လုံကျင်ဖုံးရဲ့တပ်သားတွေနဲ့တွေ့ရင် မရှုမလှထပ်ပြီး ရှုံးသွားနိုင်တယ်"

ဝေဝေက ခပ်တိုးတိုးပြန်ပြောလိုက်သည်။

"မှန်ပါတယ်ရှင်၊ သခင်ကြီးဝမ်ဟာ အားလုံးကို ကြိုတင်တွက်ဆနိုင်စွမ်းရှိပါပေတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားနှင့် အော်ဟစ်ရယ်မောလေတော့၏။ စကားကိုလည်း ခပ်အုပ်အုပ်ထိန်း၍ မပြောတော့ပေ။ ကျယ်ကျယ်လောင်လောင်ကြီးပြောနေတော့သည်။

"ဟား - ဟား - ဟား - သူတို့ရဲ့စိတ်ထဲမှာ ကျုပ်ဟာ သူတို့ရဲ့အလိမ်အညာကိုခံရပြီလို့ ထင်သွားကြပြီ ဟား - ဟား ဟား"

ဝေဝေက ထောက်ခံလိုက်၏။

"ဟုတ်တယ် - ကျွန်မသိထားပါတယ်၊ ကောင်းကောင်းကြီး



သိထားပါတယ်၊ သခင်ကြီးဝမ်ဟာ သူတစ်ပါးရဲ့အလိမ်အညာကို ဘယ်တော့မှာ မခံဘူးဆိုတာ"

ရှင်ပျော်ပျော်မြို့စားကြီးက အားရပါးရအော်ဟစ်ရယ်မောလိုက်၏။

"အဲဒါ ကျုပ်ရဲ့စွမ်းရည်ကို အမှန်ကန်ဆုံး သိထားခြင်းပဲ၊ ကျုပ်ကို တချို့လူတွေက အညှာအတာအကြင်နာမရှိဘူးလို့ ဆိုကြတယ်၊ အဲဒီစကားများကြောင်း အခုသက်သေပြလိုက်တာပဲ၊ ကျုပ်က သူတို့ကို အမှုညှာတာလိုက်ပြီ၊ သူတို့ဟာ ကျုပ်ကို ထိထိခိုက်ခိုက်တစ်ခါမှ မတိုက်ခိုက်နိုင်ခဲ့ဘူး၊ ဒီတစ်ခါတော့ ကျုပ်ကတမင်အလျှော့ပေးလိုက်တယ်၊ ပျော်ရွှင်အားတက်ခြင်းရဲ့အရသာကို ချိုချိုမြိန်မြိန်ကလေး ခံစားကြပါစေတော့ဆိုပြီး သူတို့ကို အခွင့်အရေးနည်းနည်းပါးပါး ပေးလိုက်တာပဲ"

"သခင်ကြီးရှင့်၊ ဒီအချက်ကို သူတို့သတိပြုမိမှာမဟုတ်ပါဘူး၊ အနိုင်ရတယ်ဆိုပြီး မာနခေါင်ခိုက်တဝင်မြင့်သွားလိမ့်မယ်လို့ ထင်ပါတယ်"

"ဟား - ဟား - ဟား - အဲဒါပေါ့ ကျုပ်လိုချင်တဲ့အချက်က အဲဒါပေါ့၊ ကျုပ်က ရေမှာငါးစာလေးတပ်ပေးထားတယ်၊ ငါးစာနောက်မှာ ငါးမျှားချိတ်ကြီးရှိနေတယ်၊ သူတို့တစ်တွေ မာနခေါင်ခိုက်အောင်၊ တဝင်မြင့်မော်ကြွားအောင် ကျုပ်က တမင်လုပ်ပေးလိုက်တာပဲ၊ နောက်ပိုင်းမှာ ကျုပ်အစွမ်းအစကို သူတို့သိကြရတော့မယ်၊ ငါးမျှားချိတ်ကြီး အာခေါင်မှာစိုက်တာကို ခံရတော့မယ်၊ ဟား - ဟား - ဟား"

သူသည် စကားပြောရင်းမှ အတောမသတ်အောင် ရယ်နေတော့သည်။ အတန်ကြာမှ ရယ်ရှိန်သတ်ပြီး -

"သူတို့က ကျုပ်ရဲ့အခြေစိုက်စခန်းကို ခိုးကြောင်ခိုးဝှက်လာတိုက်ကြတယ်၊ ကျုပ်က ဘာဖြစ်သွားမှာလဲ၊ ကျုပ်ရဲ့အင်အားတွေလျော့ပါးသွားမှာတဲ့လား ဟား - ဟား - ဟား ဝေးသေးတယ်၊ အခြေစိုက်စခန်းမှာ ထားခဲ့တဲ့စစ်သည်တော်တွေဟာ အားကောင်းမောင်းသန်စစ်သည်တော်တွေ မဟုတ်ဘူး၊ ချိကျိုးနာရွက်ပဲ့ စစ်သည်တော်တွေ၊ ကင်းစောင့်ရုံသာတန်ဖိုးရှိတော့တဲ့ စစ်သည်တော်တွေပဲဖြစ်တယ်၊ တကယ့်အားကောင်းမောင်းသန် စစ်သည်တော်တွေကိုတော့ ကျုပ်က ကျုပ်နဲ့အတူ ခေါ်လာခဲ့တယ်၊ ဟား - ဟား - ဟား - လုံကျင်ဖုံး - လုံကျင်ဖုံး မင်းတိုက်ခိုက်ခဲ့တာက ကိုင်းဖျားကိုင်းနားကလေးပါကွာ"

သူ၏ဘေးပတ်လည်ရှိ စစ်သည်တော်များသည် သူတို့ သခင်ကြီးဝမ်၏စကားကြောင့် စိတ်ဓာတ်များတက်ကြွလာကြ၏။ သူတို့အားအားကောင်းမောင်းသန် ထိတ်ထိတ်ကြဲ စစ်သည်တော်များ အဖြစ် သူတို့၏သခင်ကြီးက ယုံမှတ်အားထားနေသည် မဟုတ် ပါလော။

ဝေဝေက ကျယ်လောင်စူးရှစွာ အော်ဟစ်ကြွေးကြော်လိုက်၏။

"သခင်ကြီးဝမ်ဟာ ဘယ်တော့မှ မရှုံးနိမ့်ဘူး"

ဘေးပတ်လည်ရှိ စစ်သည်တော်များကလည်း တစ်ခဲနက် အော်ဟစ်ကြွေးကြော်လေ၏။

"သခင်ကြီးဝမ် ဘယ်တော့မှ မရှုံးနိမ့်နိုင်ဘူး"

ရှင်ပျော်ပျော်မြို့စားကြီးက လက်ကာပြရင်း စကားဆက်ပြောလိုက်သည်။

"လုံကျင်ဖုံးဟာ သူပိုင်ပြီသူနိုင်ပြီလို့ တွက်ထားတယ်၊ သူရဲ့အနိုင်ယူမှုဟာ အပေါ်ယံပါးပါးကလေးပဲဖြစ်တယ်၊ ရှုံးနိမ့်ခြင်းဆိုတဲ့



အောက်ကထုကြီးကို သူမကြာခင် မြည်းစမ်းရမယ်၊ သူမကြာခင် ဒုက္ခရောက်စေရမယ်"

စစ်သည်တော်များက တစ်ခဲနက်အော်ဟစ်ကြွေးကြော်လိုက်ကြသည်။

"လုံကျင်ဖုံး မကြာခင် ဒုက္ခရောက်စေရမယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏တပ်သားများအား အော်ဟစ်ပြန့်ကြားနေပြန်သည်။

"သူ့ရဲကောင်း စစ်သည်တော်တို့ မင်းတို့တစ်တွေဟာ ငါ့နောက်က ဖြောင့်ဖြောင့်မတ်မတ်သာလိုက်ခဲ့ကြ၊ မင်းတို့ရဲ့ ညီတော်နောင်တော်တွေကို သတ်ဖြတ်သွားတဲ့ လုံကျင်ဖုံးရဲ့ဦးခေါင်းပြတ်ကို မင်းတို့ရစေရမယ်"

"လိုက်မယ် - လိုက်မယ် - သခင်ကြီးနောက်ကို လိုက်မယ်"

ရှင်ပျော်ပျော်မြို့စားကြီးဆိုသည်မှာ နာမည်တစ်လုံးနှင့်နေသူဖြစ်၏။ သာမန်လူတစ်ယောက်မဟုတ်ပေ။ သူသည် ရှုံးနိမ့်မှုကြောင့် ပေါ်ထွက်ခဲ့ရ၏။ သို့သော်သူသည် သူ၏ဒေါသကို မျိုသိပ်သိမ်းဆည်းနိုင်ခဲ့၏။ သူ၏ ရှုံးနိမ့်မှုမှ အမြတ်ပြန်ပေါ်အောင် ပြုလုပ်နိုင်ခဲ့၏။ စိတ်ဓာတ်ကျလုဆဲဆဲဖြစ်နေသည့် သူ၏စစ်သည် တော်များသည် သူ၏စကားများကြောင့် သူတို့ကိုယ်သူတို့ နတ်စစ်သည်များအဖြစ် မှတ်ထင်သွားကြကာ ခေါင်းတမော့မော့ ဟန်တ ချီချီဖြစ်လာကြသည်။ ရှေးခေတ်မှ ယခုအထိပေါ်ပေါက်ခဲ့ပြီးသည့် စစ်သေနာပတိများအနက် ထူးမြက်ထက်သော ဤကဲ့သို့စွမ်းရည်ရှိသော စစ်သေနာပတိမျိုး တစ်ယောက်နှစ်ယောက်ပါဝင်ခဲ့ပါသနည်း။

ဝေဝေသည် ပြုံးရယ်နေ၏။ အများ၏အမြင်တွင် ရှင်ပျော်ပျော်မြို့စားကြီးအတွက် အားကြိုးမာန်တက်ရှိလှသည့် ကြင်ယာတော်လောင်းဟု ယူဆဖွယ်ရာရှိနေ၏။ သို့သော်သူမ၏ရင်တွင်းသို့ ဝင်ကြည့်နိုင်လျှင်မူ တစ်မူခြား၍ တစ်ဘာသာကွဲပြားနေသည်ကို တွေ့ရပေလိမ့်မည်။

သူမ၏စိတ်ထဲမှ ပြောနေသည့်စကားမှာ -

"အင်း - ဒီလူကြီးကို ရှင်းပစ်ဖို့ကတော့ အတော့်ကို ခက်ခဲတဲ့ ကိစ္စကြီးပါလား"ဟူ၍ ဖြစ်ပါသတည်း။

များမကြာမီ အလိမ်အညာခံလိုက်ရသော ရှင်ပျော်ပျော်မြို့စားကြီး၏ ကုလားအုပ်တပ်ဖွဲ့ကြီးသည် သူတို့၏ ပြုတ်ပြုတ်ပြန်းပျက်စီးနေသည့် အခြေခံစခန်း၏ အနိဋ္ဌာရုံများကို ကသိုဏ်းရှုရန် ပြန်လည်ဆုတ်ခွာလာခဲ့ကြသည်။ သို့သော် ထူးထူးဆန်းဆန်းပင် ရှင်လန်းတက်ကြွနေကြသည်။ ထိုထူးခြားဆန်းကြယ်မှုကို ရှင်ပျော်ပျော်မြို့စားကြီးက ဖန်တီးခဲ့ခြင်းပင် မဟုတ်ပါလား။

❖ ❖ ❖



ရှင်ပျော်ပျော်မြို့စားကြီး၏ အခြေစိုက်စခန်းများသည် မီးများတဟုန်းဟုန်းတောက်နေ၏။ ရှင်ပျော်ပျော်မြို့စားကြီးနှင့် ဝေဝေတို့သည် ထိုမြင်ကွင်းကို မြင်းကိုယ်စီပေါ်မှ ကြည့်ရှုနေကြသည်။

ဝေဝေက စိတ်မကောင်းသံနှင့် ပြောလိုက်သည်။

"ကျွန်မ တစ်ခြားဘာမှ မနေပြောဘူး ကိစ္စတစ်ခုအတွက်ပဲ နဲ့ပြောတယ်"

ရှင်ပျော်ပျော်မြို့စားကြီးက ပြုံးရယ်ရင်း ပြန်မေးလိုက်၏။

"ဘာလဲ - စင်လုံကို နဲ့ပြောတာလား"

"ဟုတ်ပါတယ် သခင်ကြီး၊ သူသေသွားတာကို ကျွန်မသိပ်နဲ့ပြောပါတယ်၊ သူ့ကိုကျွန်မမသတ်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ သေလုမျောပါးဖြစ်သွားအောင် တဖြည်းဖြည်းညှဉ်းဆဲမယ်၊ သေကာနီးကျမှ အသက်ရှင်အောင် ပြန်ပြုစုမယ်၊ နောက်ပြီး ပြန်ညှဉ်းဆဲမယ်၊ သူ့ကို ကောင်းကောင်းကြီးဒုက္ခခံရစေမယ်လို့ ကျွန်မဆုံးဖြတ်ထားခဲ့ပါတယ်၊ ဒါပေမယ့် - အခုတော့ -"

"ဟား - ဟား - ဟား - မပူပါနဲ့ကွာ၊ စိတ်ချစမ်းပါ၊ စင်လုံမသေနိုင်ပါဘူး၊ ဟောဒီအချိန်မှာတော့ သူဘယ်လိုမှ သေနိုင်မှာမဟုတ်ပါဘူး"

ဝေဝေမှာ ပါးစပ်ကလေးအဟောင်းသား ဖြစ်သွားလေတော့၏။

ရှင်ပျော်ပျော်မြို့စားကြီး၏စကားက သူမကို အကြီးအကျယ်အံ့ဩသွားစေခဲ့ပြီမဟုတ်ပါလား။

"ရှင် - သူမသေနိုင်ဘူးဟုတ်လား၊ ဘယ်လိုလုပ် မသေဘဲရှိမလဲ၊ မီးလောင်တဲ့အထဲ ပါရင်ပါမယ်၊ မပါရင် လုံကျင်ဖုံးရဲ့ဝှာပ်ဓားတွေရဲ့ ဓားချက်နဲ့သေမယ်၊ သူတို့ကို အကြောပိတ်ထားခဲ့တော့

သူတို့ ဘယ်လိုမှ ရှောင်တိမ်းပြေးလွှားနိုင်မှာ မဟုတ်ဘူး”

“ဟုတ်တယ် - ဒီလိုအခြေအနေမျိုးမှာ တခြားလူအသက်မရှင်နိုင်ပေမယ့် စင်လုံအသက်ရှင်နိုင်တယ်”

“ဒါ - ဒါပေမယ့်ရှင် အခွင့်အရေးကနည်းလွန်း -”

ရွှင်ပျော်ပျော်မြို့စားကြီးက အသံကုန်ဟစ်၍ ရယ်မောမိလေတော့၏။

“စင်လုံအတွက် အခွင့်အရေးများဖို့ မလိုပါဘူး။ ဘယ်လောက်နည်းတဲ့အခွင့်အရေးပဲဖြစ်ဖြစ် အခွင့်အရေးအဖြစ်ရရှိဖို့ပဲလိုတယ်၊ အဲဒီနည်းတဲ့အခွင့်အရေးလေးကို သူကြံဖန်ပြီး အသုံးချမှာပဲ၊ စင်လုံဒီလောက်ညံ့ရင် ကျုပ်ကိုဒုက္ခပေးနိုင်တဲ့အဆင့်တောင် ရောက်မလာပါဘူး”

လေပြင်းတိုက်ခတ်လိုက်ခြင်းကြောင့် သဲများသည် ကောင်းကင်ပြင်သို့ လွင့်ပျံတက်နေ၏။ တအူအူတက်နေသည့် မီးခိုးများကလည်း လေပြင်းနှင့်အတူ အဝေးသို့လွင့်မျောနေ၏။ သဲပြင်ပေါ်၌ ကြည့်မကောင်းရှုမကောင်းအောင် အလောင်းကောင်များ ပြန့်ကျဲနေသည်။ မလင်းတလင်းမီးရောင်အောက်တွင် အလောင်းကောင်များ၏ မျက်နှာများမှာ ကြောက်စရာကောင်းနေ၏။

အမှန်စင်စစ် ဤမြင်ကွင်းမှာ ကြေကွဲဖွယ်ကောင်းလှသည့် မြင်ကွင်းပင်ဖြစ်သည်။ ဤမြင်ကွင်းကို တွေ့ရှိသွားသူသည် တစ်သက်လုံး မေ့ပျောက်နိုင်တော့မည်မဟုတ်ချေ။

ရွှင်ပျော်ပျော်မြို့စားကြီးက အားရပါးရရယ်မောရင်း -

“ကဲ - အားလုံးကြည့်လိုက်စမ်းပါဦးကွာ၊ ခိုးကြောင်ခိုးဝှက် အလစ်ဝင်တိုက်ပြီး အမြီးကုပ်ပြေးသွားလိုက်ကြတာ သူတို့လို အ



သေးအမွှားကလေး ကစားစရာအင်အားကလေးနဲ့ ငါ့ကိုလာတိုက်လို့ရနိုင်ပါ့မလားလို့ -”

သူ၏စစ်သည်တော်များက အော်ဟစ်တောင်းဆိုလိုက်၏။

“သခင်ကြီး - ကျွန်တော်တို့ သူတို့နောက်ကိုလိုက်ပြီး တိုက်ခိုက်ပါရစေ၊ ကျွန်တော်တို့ အသက်ပေးပြီးတိုက်ပါ့မယ်”

ရွှင်ပျော်ပျော်မြို့စားကြီးက နှစ်သိမ့်လိုက်၏။

“ဘာဖြစ်လို့ ဒီလောက်ဆန္ဒစောနေကြသလဲကွယ်၊ သူတို့ ထွက်ပြေးလို့လွတ်နိုင်မယ်ထင်သလား၊ ကမ္ဘာဆုံးအောင် ပြေးစမ်းပါစေ၊ ငါတို့လက်ထဲက မလွှတ်နိုင်ပါဘူးကွယ့်”

ရွှင်ပျော်ပျော်မြို့စားကြီးနှင့် ဝေဝေတို့သည် အပျက်အစီးများအလောင်းကောင်များကြားမှ မြင်းကိုယ်စီစီးလျက် လိုက်လံကြည့်ရှုစစ်ဆေးလာကြ၏။ အစုလိုက်အပြုံလိုက် ပြိုကျနေသည့် ရွက်ဖျင်တဲကြီးတစ်ခုကို မြင်လိုက်သည်နှင့် ရွှင်ပျော်ပျော်မြို့စားကြီးက အော်ဟစ်အမိန့်ပေးလိုက်သည်။

“ဟေ့ - ဟောဟိုရွက်ဖျင်တဲကြီးကို မလိုက်ကြစမ်း။ အဲဒီအောက်မှာ စင်လုံတို့လူသိုက် ကျိန်းသေရှိရမယ်”

ဝေဝေက ရင်ကလေးကိုဖိလိုက်လျက် ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်သည်။

“ကျွန်မမိတ်ဆွေကြီး မီးလောင်မသေပါစေနဲ့လို့ဘဲ ကျွန်မကတော့ ဆုတောင်းနေမိပါတယ်ရှင်”

ရွှင်ပျော်ပျော်မြို့စားကြီးက တဟားဟားရယ်မောလိုက်ရင်း -

“စိတ်ချစမ်းပါလို့ ကျုပ်ပြောခဲ့တယ်မဟုတ်လား၊ စင်လုံလို လူ[illegible]လား၊ မီးလောင်လို့သေမှာ၊ စိတ်ချစမ်းပါကွာ၊ စိတ်ချစမ်းပါ”

တငွေ့ငွေ့လောင်ကျွမ်းနေသောမီးများကို သံများနှင့်ပက်လျက် ငြိမ်းသက်လိုက်ကြသည်။ ပုံကျနေသည့် ရွက်ဖျင်တဲကြီးကို ဝိုင်းဝန်း ဆွဲမလိုက်သောအခါ စင်လုံတို့လှသိုက်ကို ခလုတ်မထိဘေးမငြိဘဲ ကျန်းမာပကတိ တွေ့ရှိလိုက်ရသည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကြီးကို ပွတ်သပ်ရင်း ခပ်အေးအေးပင်မေးလိုက်၏။

"စင်လုံ - မင်းတို့အားလုံး ရွက်ဖျင်တဲအောက်ကို လုံကျင်ဖုံးတို့မရောက်လာခင်ကတည်းက ရွှေ့နိုင်းထားတယ်မဟုတ်လား"

စင်လုံက ခန့်ခန့်ညားညားပြုံးရင်း ပြန်ဖြေ၏။

"မှန်ပါတယ်ဗျာ"

စင်လုံ ဤသို့ခန့်ညားစွာ ပြုံးနိုင်သည်မှာ လွန်စွာချီးကျူးဖွယ် ကောင်းလှပါ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အစာအာ ဟာရနှင့် သောက်ရေများကို အချိန်မှန်မှန် စားသောက်ခြင်းမပြုရ သည့်အတွက် အားလုံးလိုလို ပုံပျက်ပန်းပျက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသောကြောင့်တည်း။ ဤသို့သောအခြေအနေမျိုး၌ မည် သူတစ်ဦးတစ်ယောက်မျှ ဤသို့ခန့်ညားစွာ ပြုံးနိုင်မည်မဟုတ်ချေ။

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် ရုတ်တရက် ကျဉ်း မြောင်းသွား၏။ အေးစက်စက်လေသံဖြင့် မေးလိုက်ပြန်သည်။

"ဒီလိုဆိုရင် လုံကျင်ဖုံးတို့ ရောက်လာမယ်ဆိုတာ မင်းကကြို တင်သိထားနေတာပေါ့ ဟုတ်လား"

"ဒါလည်း - မှန်ပါတယ်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက ဒေါသတကြီး အော်ဟစ်လိုက်၏။

"ဘာကြောင့် မင်းကငါ့ကို ပြောမပြခဲ့ရတာလဲ"



စင်လုံက ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်သည်။

"ခင်ဗျားကရော ကျုပ်ကို မေးခဲ့လို့လားဗျာ၊ စကားပုံတစ်ခု ရှိတယ်ဗျ၊ မမေးရင် ဘယ်တော့မှမဖြေပါနဲ့တဲ့၊ ကျုပ်အနေနဲ့ ခင် ဗျားကို မျက်နှာလိုမျက်နှာရလုပ်စရာအကြောင်းကလည်း ဘာမှ မရှိ တော့ ကျုပ်အနေနဲ့ ဘာကိုမှပြောစရာမလိုတော့ဘူးပေါ့ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံအား စူးစိုက်၍ကြည့်လိုက် ၏။ ထို့နောက် အေးစက်စက်ဖြင့် တစ်ခွန်းချင်းမေးလိုက်၏။

"ကောင်းပြီ - အခုမင်းကိုမေးပါပြီတဲ့ကွာ၊ အခုအချိန်မှာ လုံ ကျင်ဖုံးတို့လှစု ဘယ်နေရာကို ရောက်နေနိုင်လောက်သလဲ၊ သူတို့ ဘယ်လောက်ဝေးဝေး ပြေးနိုင်လောက်သလဲ"

စင်လုံကရယ်ရင်း -

"စစ်နိုင်သူဟာ ပြေးတယ်လို့ မရှိပါဘူးဗျာ"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်ခုံးများသည် ရုတ်တရက် မြင့် တက်သွား၏။ ထို့နောက် ဟက်ဟက်ပက်ပက်ရယ်လေတော့၏။

"မှန်တယ် - မှန်တယ် - သူတို့ထွက်မပြေးကြပါဘူး၊ ငါ့ ...ကို ပြင်မေးပါတယ်၊ အောင်နိုင်သူတွေ ဘယ်ဘက်ကိုသွား ...ကြပါသလဲ"

"ဒီမေးခွန်းကို ကျုပ်ကိုမေးဖို့လိုသေးလားဗျာ၊ ခင်ဗျားအနေနဲ့ ကျုပ်ကိုလာလျောင်တာလား"

ရှင်ပျော်ပျော်မြို့စားကြီးက တည်တည်ငြိမ်ငြိမ်ပင် ဖြေလိုက်၏။

"မင်းကို လျောင်တာမဟုတ်ပါဘူး၊ ငါတကယ်သိချင်လို့ မေး ...ပါ"

"ကောင်းပြီ - ဒီလိုဆိုရင် ကျုပ်ကဖြေရတော့မှာပေါ့၊ လူတစ်

ယောက်ဟာ မြွေကိုရိုက်သတ်ချင်ရင် ဘယ်နေရာကို ရိုက်သတ်မလဲ

"မြွေရဲ့ဇက်ကို ရိုက်သတ်ရမှာပေါ့"

စင်လုံက ရယ်ရင်းမေးလိုက်၏။

"မြွေရဲ့ဇက်ဆိုတာ ဘယ်နေရာလဲ သိရဲ့လား။ ခင်ဗျားမှမသိရ လည်း ဘယ်သူမှ သိမှာမဟုတ်တော့ဘူးဗျာ"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် ရုတ်တရက် ဝ လက်တောက်ပသွား၏။

"ကောင်းပါပြီတဲ့ဗျာ၊ ဒီလိုဖြေတဲ့အတွက် ငါကအင်မတန်ဝ ငူးတင်လှပါသကွာ၊ စင်လုံဆိုတဲ့လူကတော့ တကယ့်ကို နာမ တစ်လုံးနဲ့နေတဲ့ လူပဲကိုကွ၊ ငါသာမင်းကို ဖမ်းမိမထားရင်ဝ ငါဟာ ညတိုင်းကောင်းကောင်းမွန်မွန်ကို အိပ်စက်ရတော့မှာ မဟု ဘူး။ အိပ်စက်ခွင့်ရရင်လည်း ကိုယ့်ခေါင်းကိုယ် တစ်ညဆယ်ကြ လောက် ထစမ်းနေရမှာ သေချာတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်အားရစွာ ရယ်မော

"စင်လုံ - မြွေရိုက်သတ်ချင်တဲ့လူဟာ ဇက်ကိုရိုက်မှာသေ တယ်နော်"

စင်လုံက ရယ်လိုက်၏။

"ဒါက ကျုပ်ရဲ့ခန့်မှန်းချက်ပါ။ ကျုပ်ဟာ အရာရာကို ထိုး သိမြင်နိုင်တဲ့ မဟာလူသားမဟုတ်ပါဘူး။ ဆက်စပ်စဉ်းစားပြီး နိုင်မယ့်အချက်ကိုသာ ခန့်မှန်းပြောရတာပါ၊ ကျုပ်ရဲ့ခန့်မှန်းချက် ဟာ မြေကြီးလက်ခတ်မလွဲသေချာပေါက် ဖြစ်လာလိမ့်မယ်လို့ တာဝန်မခံနိုင်ဘူး"



ရှင်ပျော်ပျော်မြို့စားကြီးက လက်ခုပ်လက်ဝါးတီးလျက် ရယ် လေတော့၏။

"မှန်တယ်ဟေ့ - ဒါပေမယ့် ငါတစ်ခုမေးမယ်၊ မြွေရဲ့ဇတ်ကို မရိုက်မိရင် အဲဒီလူ ဘာဖြစ်မလဲ"

စင်လုံက ခပ်ပြုံးပြုံးဖြေလိုက်၏။

"မြွေရဲ့ဇက်ကို ထိထိမိမိမရိုက်နိုင်ရင် အဲဒီလူဟာ မြွေပေါက် ရမှာပေါ့ဗျာ၊ မြွေဆိပ်တက်နိုင်တယ်၊ သေနိုင်တယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားရယ်လိုက်လေ၏။ ပြီးနောက် နောက်ဘက်သို့လှည့်၍ အော်လိုက်၏။

"မြင်းစီးသူရဲကောင်းနံပါတ်တစ်"

"အသင့်ရှိနေပါတယ်ခင်ဗျာ"

"မင်းကို နေရာခုနစ်ရာခွဲပြီး မြင်းတွေမွေးမြူထားနိုင်းခဲ့တယ်၊ ငါတို့ရဲ့ အနီးကပ်ဆုံး မြင်းမွေးမြူရေးစခန်းဟာ ဘယ်နေရာလဲ"

"နဂါးမြုံခွေဒေသထဲမှာရှိတဲ့ လို့ကျိုးနိုင်းစခန်းဖြစ်ပါတယ် ခင် ဗျာ"

"ဒီစခန်းကို လုံကျင်ဖုံး တွေ့နိုင်သလား"

"လို့ကျိုးနိုင်းစခန်းဟာ အင်မတန်လူသူအရောက်အပေါက်နည်း တဲ့ဒေသဖြစ်ပါတယ်၊ လုံကျင်ဖုံးဟာ သဲကန္တာရထဲမှာ အင်မတန် ပျော်ကျင်တဲ့လူတစ်ယောက်ဖြစ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဒီစခန်းကိုတော့ သူရှာမတွေ့နိုင်ပါဘူး"

ရှင်ပျော်ပျော်မြို့စားကြီးက ခပ်ငေါက်ငေါက်မေးလိုက်လေ၏။

"လုံကျင်ဖုံးဟာ လူတစ်ပိုင်း သဲတစ်ပိုင်းပေါင်းစပ်ထားတဲ့လူ

လို့တောင် ခေါ်နိုင်လောက်တဲ့လူဖြစ်တယ်၊ သဲကန္တာရထဲမှာ မွေ ဖွားလာတဲ့လူဖြစ်တယ်၊ သူ့ရှာမတွေ့နိုင်ဘူးလို့ မင်း အာမခံရဲ့သလား

“ကျွန်တော် အာမခံနိုင်ပါတယ်၊ ဒီစခန်းကို ကျွန်တော် ပုံဖျက် ထားပါတယ်၊ မြင်းမွေးမြူရေးစခန်းလို့ လူတွေမသိအောင် အတု ယောင်တွေနဲ့ အသေးစိတ်ဖုံးအုပ်ကာကွယ်ထားပါတယ်၊ သူ ဘယ် လိုမှ မတွေ့နိုင်ပါဘူး”

“မြင်း ဘယ်နှစ်ကောင်မွေးထားသလဲ”

“အဲဒီစခန်းပတ်ဝန်းကျင်မှာ ရေနဲ့မြက်သိပ်ပြီးမပေါများလှပါဘူ ဒါကြောင့်မို့ မြင်းဆယ်ကောင်ပဲ မွေးထားရပါသေးတယ်၊ ဒါပေမယ် ဒီမြင်းတွေဟာ နယ်နယ်ရရမြင်းတော့ မဟုတ်ပါဘူး။ လက်ရွေး မြင်းတွေဖြစ်ပါတယ်၊ မြင်းတစ်ရာမှာ တစ်ကောင်သာရှိတတ် မြင်းအာဇာနည်မျိုးကို ရွေးချယ်ပြီး မွေးမြူထားတာဖြစ်ပါတယ်”

“ကုလားအုပ်တွေနဲ့သွားရင် ဘယ်လောက်ကြာမလဲ”

“နှစ်နာရီအတွင်း ရောက်နိုင်ပါတယ်”

“ဒီစခန်းအကြောင်းကို မင်းတစ်ယောက်ပဲ သိသလား။ ဘ သူ့ကို အသိပေးထားသေးသလဲ”

“မြင်းစီးသူရဲကောင်းနံ့ပါတ်သုံး သိပါသေးတယ်”

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်အားရစွာ ရယ်မောလို လေ၏။ ထို့နောက် မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်အား အမိန့် လိုက်၏။

“မင်းရဲ့အရည်အချင်းကတော့ စစ်တပ်ကြီးတစ်တပ်ကို အုပ် ပြီး စစ်ပွဲတစ်ပွဲကို ကောင်းကောင်းကြီးတိုက်နိုင်လောက်ပါတယ်



မင်းကိုစိတ်ချတယ်၊ ဒီတော့ အခုစစ်တပ်ကြီးကို မင်းလက်ထဲ အပ်လိုက်မယ်၊ ပန်းတိုင်ရောက်အောင် ခေါ်ဆောင်သွားပေတော့၊ စင်လုံကိုလည်း ခေါ်သွားပါ”

မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်မှာ အံ့ဩလွန်းသဖြင့် စကား မပြောနိုင်အောင်ဖြစ်သွားသည်။ အတန်ကြာမှ ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်မိသည်။

“သ - သခင်ကြီးဝမ်ကကော”

“ငါလား - ငါကတော့ လွိုကျိုးနိုင်းစခန်းကို အမြန်ဆုံးသွား မယ်၊ မြင်းစီးသူရဲကောင်းနံ့ပါတ်သုံးနဲ့ လူကိုးယောက်ကို ငါ့ဆီလွှတ် လိုက်”

မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်သည် အကျိုးအကြောင်းကို ပြန် လှန်မမေးဝံ့တော့သဖြင့် ဦးညွှတ်အရိုအသေပေးပြီး ခြေလှမ်းသုံးလှမ်း ဆုတ်သွားသည်။ ထို့နောက် အမိန့်အတိုင်း ဆောင်ရွက်ရန် အလျင် အမြန်ထွက်သွားလေတော့၏။

ရှင်ပျော်ပျော်မြို့စားကြီးသည် ဖျတ်လတ်သွက်လက်စွာ ထွက် သွားသော မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်အား ခေါင်းတညိတ်ညိတ် ဖြင့် ကြည့်နေလိုက်၏။ သူ့မျက်စိရှေ့မှ ပျောက်ကွယ်သွားသည့်အခါမှ ဝေဝေ၏လက်ကိုဆွဲရင်း ပြောလိုက်သည်။

“ဝေဝေမင်းကတော့ ကျုပ်နဲ့ပဲလိုက်ခဲ့ပေတော့”

ဝေဝေသည် ဝမ်းသာရွှင်မြူးသွားဟန်ဖြင့် -

“အို - ဝမ်းသာလိုက်တာ၊ သခင်ကြီးသွားမယ့်နေရာဆိုရင် ငရဲပြည်ကိုပဲဖြစ်ဖြစ် လိုက်ပါ့မယ်၊ အခုသွားမှာ လွိုကျိုးနိုင်းစခန်းကိုပဲ မဟုတ်လား။ ဘာလုပ်မလို့လဲဟင်”

ရှင်ပျော်ပျော်မြို့စားကြီးသည် အော်ကြီးဟစ်ကျယ် ရယ်မောလေတော့၏။

"ဟုတ်တယ် - လွှိုကျိုးနိုင်းဒေသကိုသွားကြမယ်၊ မြွေရဲ့ဂုဏ်ကို ရိုက်မယ့်သူမလာခင် မြွေက အဲ့ဒီလူကို ပြန်ပေါက်ရမယ်၊ ကျုပ်ကို ပမာမခန့်လုပ်တဲ့သူတွေကို နည်းနည်းပါးပါးတော့ အကြောင်းပြရမှာပဲ"

❖ ❖ ❖

ရှင်ပျော်ပျော်မြို့စားကြီးသည် မြင်းစီးသူရဲကောင်းနံ့ပါတ်သုံး အပါအဝင် တပ်သားဆယ်ယောက်ကို ခေါ်ဆောင်လျက် ကုလားအုပ်ဆယ့်တစ်စီးဖြင့် အပြင်းထွက်ခွာသွားတော့၏။

တဖြည်းဖြည်းဝေးကွာသွားသော ရှင်ပျော်ပျော်မြို့စားကြီးတို့ လူစုကကိုကြည့်ပြီး ချစ်ချစ်က သက်ပြင်းချလိုက်မိသည်။

"စင်လုံ - ဟိုဗျူဟာမှူးဆိုတဲ့လူဟာ ဝမ်းလင်းဝါးပြောသလို ရှင်ပျော်ပျော်မြို့စားကြီးရဲ့ နေအိမ်ဖြစ်တဲ့ ဌာနချုပ်ကို မတိုက်တော့ဘူးပေါ့နော်၊ လွှိုကျိုးနိုင်းမြင်းမွေးမြူရေးစခန်းကိုပဲ တိုက်တော့မယ့်သဘောပေါ့"

"ဒီသဘောပါပဲ၊ ဒါပေမယ့် ဗျူဟာမှူးဆိုတဲ့လူရဲ့သဘောကိုတော့ အသေအချာတွက်ထားလို့မရဘူး။ ဗျူဟာမှူးနဲ့တွေ့ပြီး တိုက်ရင်လည်း ရှင်ပျော်ပျော်မြို့စားကြီးဟာ ဗျူဟာမှူးကို လွယ်လွယ်ကူကူနဲ့တော့ တိုက်နိုင်မှာမဟုတ်ပါဘူး"

ချစ်ချစ်က စိတ်ဝင်စားစွာ မေးလိုက်၏။



"အဲ့ဒီဗျူဟာမှူးဟာ - ရှင်ပျော်ပျော်မြို့စားကြီးကို - "

သူတို့ရှိရာသို့ မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်လျှောက်လာသဖြင့် ရုတ်တရက်စကားစပြတ်သွားသည်။ သူသည် စင်လုံကို ပြုံးရွှင်စွာ ကြည့်၍ စကားပြောသည်။

"ဒီစစ်တပ်ကြီးတစ်ခုလုံးကို ဘေးမသီရန်မခ သယ်ဆောင်သွားဖို့ သခင်ကြီးဝမ်က ကျွန်တော့်ကိုတာဝန်ပေးလိုက်ပါပြီ၊ ဒီတာဝန်ကြီးကို ထမ်းဆောင်ဖို့ ကျွန်တော့်မှာအရည်အချင်း ရှိချင်မှရှိမယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကြိုးစားပြီးထမ်းဆောင်သွားပါ့မယ်၊ ဒီလိုကျွန်တော့်အနေနဲ့ တာဝန်ထမ်းဆောင်တဲ့နေရာမှာ သခင်ကလေးစင်လုံကလည်း ကူညီပါလို့ ကျွန်တော့်အနေနဲ့ တောင်းပန်ပါတယ်"

စင်လုံက ရယ်လိုက်၏။

"ဟာဗျာ - ခင်ဗျားက ကျုပ်ကိုမနေတတ် မထိုင်တတ်အောင်လာပြောနေတာကိုး။ ကျုပ်က ခင်ဗျားတို့ရဲ့ သုံ့ပန်းပါဗျာ"

မြင်းစီးသူရဲကောင်းနံ့ပါတ်တစ်၏ တည်ကြည်ရဲရင့်သော ရုပ်ရည်သည် လေးနက်မှုများ ဖုံးလွှမ်းနေ၏။

"ကျွန်တော် အပိုစကားကို များများပြောလေ့မရှိပါဘူး၊ ကျွန်တော် လိုက်လိုက်လှဲလှဲပြောပြီဆိုရင်လည်း အဲဒီစကားလုံးတွေဟာ ရင်ထဲကထွက်လာတဲ့ စကားလုံးတွေဖြစ်တယ်ဆိုတာ သေချာပါတယ်၊ သခင်ကလေးစင်လုံကို ကျွန်တော်လေးစားခဲ့တာကြာပါပြီ၊ ဒါပေမယ့် ကံဆိုးချင်တော့ သခင်ကလေးစင်လုံနဲ့ ကျွန်တော်ဟာ ဆန့်ကျင်ဘက် တစ်ဖက်စီမှာ ရပ်နေခဲ့ပြီဖြစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်လေးစားတာကတော့ လေးစားတာပါပဲ၊ လမ်းခရီးမှာ ကျွန်

တော့်အတွက် အခက်အခဲတွေပေါ်လာရင် သခင်ကလေးစင်လုံရဲ့ အကြံဉာဏ်နဲ့ ကူညီဖြေရှင်းပေးလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါရစေ၊ သခင်ကလေးစင်လုံ အကြံဉာဏ်ပေးတဲ့အတိုင်း တသွေမတိမ်း ဆောင်ရွက်မယ်ဆိုတာလည်း ကျွန်တော်ကတိပြုပါတယ်"

စင်လုံမှာ သက်ပြင်းချမိတော့သည်။

"ရှင်ပျော်ပျော်မြူးစားကြီးဟာ တကယ့်လူတော်လူကောင်းပေါ့ ကို စုစည်းထားနိုင်တဲ့ လူရည်ချွန်ကြီးပါလား၊ ခင်ဗျားလို လူမျိုးတစ်ယောက် သူ့ရရှိထားတဲ့အတွက် သူ့ပိုပြီးကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်"

"သခင်ကလေးစင်လုံရဲ့စကားဟာ ကျွန်တော့်အတွက် ကျွန်တော့်ကို အထူးချီးမြှင့်လိုက်တဲ့ ဆုလာဘ်ကြီးတစ်ခုပါပဲ၊ ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ်"

စင်လုံက အေးအေးဆေးဆေးပင် မေးလိုက်မိ၏။

"ခင်ဗျားရဲ့နာမည် အပြည့်အစုံမသိရဘူးလား -"

မြင်းစီးသူရဲကောင်းနံပါတ်တစ်က လေးစားရိုကျိုးစွာ ပြောသည်

"သခင်ကြီးဝမ်ဆီမှာ တပည့်ခံပြီးတဲ့နောက် ကိုယ့်နာမည် ကိုယ်တောင် မေ့သွားခဲ့ပါတယ်ဗျာ၊ ကျွန်တော်ပြန်စဉ်းစားရပါရစေဦး၊ ဖန် - ဖန် - ကျွန်တော့်နာမည် ဖန်စန်းချီပါခင်ဗျား -"

ဖန်စန်းချီခေါ် မြင်းစီးသူရဲကောင်းနံပါတ်တစ်သည် ဆက်လက် ပြုံးချိုစွာပြောနေသည်။

"ကျွန်တော်ဟာ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ မြင်း ဖို့ချည်း တွေးနေမိခဲ့တဲ့လူပါပဲခင်ဗျာ၊ ကျွန်တော့်ဘဝအကြော



ကတော့ ဒါပါပဲခင်ဗျာ"

စင်လုံက ပြုံးလိုက်၏။

"ကျုပ်လည်းယုံပါတယ်၊ ခင်ဗျားသာတကယ်စီးရင် ခင်ဗျားကို ဘယ်သူမှ ယှဉ်နိုင်မှာမဟုတ်ဘူးဆိုတာ"

ဖန်းစန်းချီသည် ခါးကိုကိုင်း၍ ဦးညွှတ်လိုက်ပြီး -

"အထူးကျေးဇူးတင်လှပါတယ် ခင်ဗျာ"

စင်လုံက -

"အခု - ကျုပ်တို့ဘယ်သွားကြမှာလဲ၊ သိခွင့်ရှိရင်တော့ သိချင်ပါတယ်"

"သိခွင့်ရှိပါတယ်ခင်ဗျာ၊ သိနိုင်ပါတယ်၊ ကျွန်တော်တို့မှာ ရိက္ခာနည်းနေတဲ့အတွက် သောက်ရေဖြည့်တင်းဖို့ "ယိုဝါကျီအရပ်"ကို သွားကြရပါမယ်၊ အဲဒီကနေ အနောက်မြောက်ဘက်ကိုထပ်ပြီး ခရီးဆက်ကြရပါမယ်"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် ဝမ်းလင်းဝါးက အလန့်တကြား ဝင်မေးလိုက်သည်။

"အနောက်မြောက်ဘက်ဟုတ်လား၊ ဘယ်အထိများရောက်အောင် သွားမှာလဲဗျာ"

ဖန်စန်းချီက ပြုံးရယ်ရင်း ဖြေလိုက်၏။

"ငရဲကန္တာရအထိပါ"

ဝမ်းလင်းဝါးသည် အထိတ်တလန့်အော်လိုက်သည်။

"ဘုရားရေ - သိုင်းလောကထဲက ဒဏ္ဍာရီလိုလို ကျော်ကြားနေတဲ့ ငရဲကန္တာရဒေသလား၊ ငှက်တွေ၊ တိရစ္ဆာန်တွေ မရောက်နိုင်

တဲ့နေရာလို့ဆိုတဲ့ ဒေသလေ"

ဖန်စန်းချိသည် ရယ်လိုက်မိသည်။

"မှန်ပါတယ်ခင်ဗျာ၊ အဲဒီနေရာပါပဲ"

ချစ်ချစ်က စိတ်ပျက်လက်ပျက် ညည်းတွားလိုက်၏။

"ကျေးငှက်တိရစ္ဆာန်တွေတောင် အသက်မရှင်နိုင်တဲ့နေရာမှာ လူတွေဘယ်လိုအသက်ရှင်နိုင်ပါ့မလဲရှင်၊ အဲဒီနေရာကို သွားတဲ့ လူတွေလောက် မိုက်လုံးကြီးတဲ့လူ ရှိပါဦးမလားဟင်"

ဖန်စန်းချိက အေးအေးဆေးဆေးပင် ပြောသည်။

"လူကတော့ တတ်နိုင်တာပေါ့ဗျာ"

ချစ်ချစ်က စောဒကတက်လိုက်၏။

"မှန်ပါတယ်၊ ရှင်ပြောသလို လူတွေအသက်ရှင်အောင်တော့ ကြိုးစားနိုင်ကောင်းကြိုးစားနိုင်မယ်၊ ဒါပေမယ့် အသက်ရှင်ဖို့ အပြင်း အထန်ကြိုးစားနေရတဲ့အချိန်မျိုးမှာ စည်းစိမ်ခံဖို့ကိစ္စကိုတော့ ဘယ် သူမှ ဆောင်ရွက်နိုင်မှာမဟုတ်ဘူးရှင့်၊ ရှင်တို့ရဲ့သခင်ကြီးဆိုတာက သဲကန္တာရထဲမှာတောင် လှလှပပခန့်ခန့်ညားညား ရွက်ဖျင်တဲနဲ့ နေ ချင်တဲ့လူမျိုး၊ ဒီလိုလူမျိုးနဲ့ ငရဲကန္တာရဒေသနဲ့ ဘယ်လိုဆက်စပ်လို့ ရပ့်မလဲရှင်"

စင်လုံက ရယ်ရင်း ကြားဖြတ်ပြောလိုက်၏။

"ရှင်ပျော်ပျော်မြို့စားကြီးဆိုတာ သာမန်လူရိုးရိုးမှမဟုတ်တာဘဲ ချစ်ချစ်ရယ်၊ သူကတော့ မဖြစ်နိုင်တဲ့ နေရာမျိုးမှာ ဖြစ်နိုင်အောင် စည်းစိမ်ခံမှာ သေချာပါတယ်"

ဖန်စန်းချိသည် လက်ခုပ်လက်ဝါးတီးလျက် ရယ်မောလေတော့ ၏။



"သခင်ကြီးဝမ်ဟာ စကားတစ်ခွန်းကို အခွင့်သင့်တိုင်း ပြော လေ့ရှိပါတယ်၊ ဒီတစ်လောကလုံးမှာ သူ့အကြောင်းအသိဆုံးလူဟာ စင်လုံတစ်ယောက်ပဲရှိတယ်လို့ အမြဲတမ်းပြောခဲ့ပါတယ်၊ အခုဆိုရင် သခင်ကြီးပြောတဲ့စကား အမှန်ပဲဆိုတာ လက်တွေ့သိရှိရပါပြီ"

❖ ❖ ❖

"ယိုဝါကျီအရပ်"ဆိုသည်မှာ နဂါးဖြူခွေဒေသ၏ အပြင်ဘက် တွင် တည်ရှိသည်။ ရှေးယခင့်ယခင် ကုန်သည်များ ခေတ္တခဏ ကွန်းထောက်သည့် စခန်းကလေးမျှသာဖြစ်သည်။ သို့သော် နှစ် ပရိစ္ဆေဒကြာမြင့်ခဲ့ပြီးနောက် တဖြည်းဖြည်းစည်ကားသိုက်မြိုက်လာ ကာ ဈေးမြို့တစ်မြို့ဖြစ်လာခဲ့သည်။

မဟာတံတိုင်းကြီး၏ အပြင်ဘက်တွင် ခြေဦးတည့်ရာ လှည့် လည်သွားလာကြသူများ၊ သိုးကျောင်းသမားများ၊ ကုလားအုပ်ကုန် သည်များနှင့် မဟာတံတိုင်းကြီးအတွင်းဘက်မှ ကုန်သည်များသည် ဤ"ယိုဝါကျီအရပ်"၌ တွေ့ဆုံ၍ ကုန်စည်ဖလှယ်ကြ၏။ ထိုကုန်သည် များ၏ စားရေးသောက်ရေးအတွက် လာရောက်ဖွင့်လှစ်ရောင်းချ သည့် စားသောက်ဆိုင်များ၊ ဈေးဆိုင်များကြောင့် ပို၍စည်ကားလာ ခဲ့ရပြန်သည်။

ဤနေရာကို ဤသို့စည်ကားလာစေသည့် အချက်မှာ သောက် ရေရရှိမှုပင်ဖြစ်၏။ ဤအရပ်ဒေသ၏ မိုင်နှစ်ဆယ်ပတ်လည်အတွင်း ရေကောင်းစွာရရှိနိုင်သည်။

ဖန်စန်းချိုသည် "ယိုဝါကျီအရပ်"သို့ သူ၏စစ်တပ်ကြီး တစ်ခုလုံးကို ခေါ်ဆောင်သွားခဲ့သည်။ ထိုအရပ်ဒေသ၌ သူ၏ကုလားအုပ်များကို ဈေးအနှုန်းကြီးကြီးပေး၍ ရေများဝယ်တိုက်ရမည်ဖြစ်၏။

ယိုဝါကျီအရပ်ဒေသသို့ ရောက်သည့်အခါ ဖန်စန်းချိုသည် လိုအပ်သမျှကို တစ်ကွက်မကျန်ဖြည့်ဆည်းတော့၏။ သားရေအိတ်များဖြင့် ရေများကို ထည့်ယူသည်။ ကုလားအုပ်များကို ရေတိုက်သည်။ အားလုံးပြီးစီးသည်နှင့် အနောက်မြောက်ဘက်ဒေသရှိ "ငရဲကန္တာရ"သို့ ဦးတည်ချီ တက်လေတော့၏။

"ငရဲကန္တာရ"ဒေသ မည်မျှဆိုးရွားသည်ကို တပ်အပ်သေချာမသိရသေးသော်လည်း ယင်းဒေသသို့သွားသည့် ခရီးလမ်း၏ ဆိုးရွားပုံကား စာဖွဲ့၍မကုန်နိုင်အောင်ရှိတော့၏။

အကယ်၍ ဖန်စန်းချိုသာ ဤဒေသ၏ သဲနုံးများ။ တားကဲ့သို့ ထက်နေသည့် ကျောက်ချွန်ကျောက်ခက်များ။ အဆိပ်ပြင်းလှသည့် ငရဲကန္တာရဆူးပင်များအကြောင်းကို ကြိုကြိုတင်တင်ပိုင်ပိုင်နိုင်နိုင် သိမထားပါက တပ်ကြီးလေးပုံသုံးပုံခန့်မှာ လမ်းခရီးတစ်ဝက်၌ပင် ကိစ္စချောသွားနိုင်သည်။ ဖန်စန်းချိုကဲ့သို့ ကျွမ်းကျင်သောလမ်းပြ မပါလျှင် မြွေတစ်ကောင်ပင် အန္တရာယ်ကင်းကင်းနှင့် ဖြတ်ကျော်သွားနိုင်မည်မဟုတ်ချေ။

ဤမျှ ခက်ခဲသော ကြမ်းတမ်းသော အန္တရာယ်ပြွမ်းတီးသော လမ်းကြမ်းကြီး၌ ရှင်ပျော်ပျော်မြူးတူးကြီး၏ ကုလားအုပ်တပ်ဖွဲ့ကြီးသည် ဖန်စန်းချို၏ ကွပ်ကဲအုပ်ချုပ်မှုအောက်၌ စည်းကမ်းတကျ ချီတက်သွားနေသည်။ သူတို့သည် "လူခဲ့ဟို"အမည်ရှိ တိမ်ကောနေသည့် မြစ်ကြီးကို ဖြတ်ကျော်လာခဲ့ကြပြီး ကွေ့ကွေ့ကောက်ကောက်ပင် ချီတက်ခဲ့ကြပြန်သည်။



ယခုအချိန်တွင် ချစ်ချစ်သည် စင်လုံနှင့်အတူ ကုလားအုပ်တစ်ကောင်တည်းပေါ်တွင် စီးခွင့်ရရှိခဲ့ပေပြီ။ ခရီးလမ်းသည် သေချင်လောက်အောင်ပင် ပင်ပန်းကြမ်းတမ်းလှသော်လည်း ချစ်ချစ်သည် ပျော်တပြုံးပြုံးဖြစ်နေ၏။

အမှန်စင်စစ် သူတို့လေးယောက်သည် သေရွာသို့ သွားကြရမည့်သူများ ဖြစ်ကြ၏။ သို့သော် - စင်လုံနှင့် အတူတကွသွားနေရသဖြင့် ချစ်ချစ်အဖို့သေခြင်းတရားကို စိုးစဉ်းမျှမတွေးမိတော့ဘဲ ဖြစ်နေသည်။ သူ့အဖို့ ပျားရည်ဆမ်းချစ်ခရီးထွက်နေသည့်နယ် ထင်မှတ်နေမိတော့သည်။

တကယ်တမ်းအားဖြင့် သူတို့သည် သူတို့၏ သင်္ချိုင်းဆီသို့ တစ်လှမ်းပြီးတစ်လှမ်း တိုးသွားနေကြခြင်းသာဖြစ်သည်။ ခြေတစ်လှမ်းတိုးသွားတိုင်း သေဘေးနှင့်တစ်လှမ်းနီးသွားသည်ကို သူတို့ မသိဘဲဖြစ်နေကြသည်။ မကြာမီပင် သူတို့၏ဘဝခရီးလမ်းဆုံးသို့ ရောက်ရှိကြရပေတော့မည်။

မကြာမီပင် "ငရဲကန္တာရ"ဒေသအတွင်းသို့ ခြေချမိကြတော့သည်။ ဤဒေသ၌ သဲမှုန့်များ ပျံ့ဝဲနေသည်ကို မတွေ့ကြရပါချေ။ ကျောက်ကာသလောကကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေပါ၏။ သို့သော် - ခြွင်းချက်တစ်ခုကတော့ ရှိနေပါသည်။ ထိုခြွင်းချက်မှာ ကုလားအုပ်များ၏ လည်ပင်း၌ချိတ်ဆွဲထားသည့် ချူများ၏အသံပင်ဖြစ်ပါသည်။

ကုလားအုပ်များ၏ ချူသံများသည် ကြောက်မက်ဖွယ်လမ်းခရီး ဂီတအသံများဖြစ်နေ၏။ ငြိမ်သက်တိတ်ဆိတ်နေသည့်

ငရဲကန္တာရသည်လည်း ထိုချုံသံများကြောင့် ကဗျာဆန်လာသည်။

ချစ်ချစ်သည် စိတ်အေးလက်အေးစကားပြောလာသည်။

“စင်လုံ - ရွှင်ပျော်ပျော်မြို့စားကြီးဟာ ဘာဖြစ်လို့ ဒီနေရာကို ရွေးချယ်ထားတာလဲ မသိဘူးနော်၊ ဒီမှာနေရင် အများကြီးဒုက္ခခံရမယ် ဆိုတာ သူမသိဘဲရှိမှာမဟုတ်ပါဘူး”

စင်လုံက ရယ်လိုက်၏။

“ချစ်ချစ် - တစ်ချို့ကိစ္စတွေဟာ ဘာအကြောင်းအချက်မရှိ ဘဲနဲ့ စိတ်ကအလိုလိုသိမြင်ခံစားရတတ်တဲ့ဟာမျိုးရှိတယ်၊ တစ်ချို့ ကိစ္စတွေကျတော့ အကျိုးနဲ့အကြောင်းနဲ့ ဆက်စပ်ပြီးသိနိုင်တဲ့ဟာ မျိုးဖြစ်တယ်၊ အခု ချစ်ချစ်ပြောတဲ့စကားကို ချေပနိုင်တဲ့အကြောင်း တစ်ချက်ရှိနေတယ်”

“ဘာအကြောင်းလဲ စင်လုံ”

“ဒီနေရာမှာ ရွှင်ပျော်ပျော်မြို့စားကြီးအနေနဲ့ အများကြီးဒုက္ခ ရမယ်လို့ ပြောခဲ့တယ်မဟုတ်လား”

“ဟုတ်တယ်လေ၊ ဒီနေရာဟာ နာမည်နဲ့လိုက်အောင် ဆိုးရွားတဲ့ နေရာပဲမဟုတ်လား”

“သည့်မြင်လူတွေအတွက် ဆိုးရွားချင်ဆိုးရွားမယ်၊ အင်မတ အတွေးအခေါ်ကောင်းလှတဲ့ ရွှင်ပျော်ပျော်မြို့စားကြီးအတွက်တော့ ဆိုးရွားမှာမဟုတ်ပါဘူး။ သူ့လိုလူမျိုး ဒီနေရာမှာနေတယ်ဆိုကတည် က ဒီနေရာမှာ ထူးထူးဆန်းဆန်းလျှို့လျှို့ဝှက်ဝှက် အကြောင်းအ တစ်ခုခုရှိနေပြီဆိုတာကို မြေကြီးလက်ခတ်မလွဲ သေသေချာချာ နိုင်နေပြီ”



ချစ်ချစ်၏မျက်လုံးများသည် အရောင်ဝင်းလက်တောက်ပသွား ၏။

“လျှို့ဝှက်တဲ့နေရာဟုတ်လား၊ ကျွန်ုပ်ရေးဟောင်းသင်္ချိုင်းဂူတစ် ခုခုရှိနေပြီနဲ့တူတယ်”

စင်လုံက ခပ်ဖြည်းဖြည်းပြောလိုက်သည်။

“ဟောဒီ မိုးအောက်မြေပြင်တစ်ခုလုံးမှာ လျှို့ဝှက်မှုတွေ ပြည့် နေတယ်၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ဘယ်သူမှ မခန့်မှန်း နိုင်ဘူး။ ယေဘုယျအားဖြင့်သာ ခန့်မှန်းနိုင်တယ်”

ချစ်ချစ်သည် တစ်စုံတစ်ခုကို အမှတ်တရဖြစ်သွားဟန်ဖြင့် -

“စင်လုံ - ရှင်မှတ်မိသေးရဲ့လားဟင်၊ ပေ့ယန်းမြို့ပြင်က မြေ အောက်သင်္ချိုင်းဂူကြီးထဲမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်သနစ်တွေကိုလေ”

စင်လုံက သက်ပြင်းချရင်း -

“ဟုတ်တယ်၊ မှတ်မိပါတယ်၊ အဲဒီနေရာမှာပဲ ကံဆိုးရာတဲ့ ပိတ်ဆွေကြီး ကျင်းစုမန်းကို စတွေ့ခဲ့ရတာပဲ”

ချစ်ချစ်က စိတ်ကောက်သံကလေးဖြင့် ပြောလိုက်သည်။

“ကျွန်မကတော့ ရှင့်အကြောင်းတွေးနေတယ်၊ ရှင်ကတော့ မမများအကြောင်းတွေးနေတယ်၊ အဲဒါ - တရားမျှတရဲ့လားဟင်”

စင်လုံက ခပ်လေးလေးရှင်းပြလိုက်သည်။

“ကလေးမဆန်ပါနဲ့ ချစ်ချစ်ရယ်၊ မင်းဟာ ကျုပ်ဘေးမှာရှိနေ ပြီ ကျုပ်နဲ့သေမကွာရှင်အတူရှိနေပြီ မင်းကို ဘာဖြစ်လို့ထပ်ပြီး တွေး နေရတော့မှာလဲကွယ်၊ မင်းကို တစ်ခုပြောပြထားချင်ပါတယ်၊ ယောက်ျားကလေးနဲ့ မိန်းကလေးတစ်ယောက်ဟာ အချစ်နဲ့ပတ်သက်

လာရင် ကွဲပြားခြားနားမှုရှိပါတယ်၊ အချစ်ဟာ မိန်းကလေးတစ်ယောက်အတွက် ဘဝတစ်ခုလုံးဖြစ်ပေမယ့် ယောကျ်ားကလေးအတွက်တော့ ဘဝတစ်ခုလုံးမဖြစ်ပါဘူး။ ဘဝတစ်ခုလုံးထဲက အစိတ်အပိုင်းကလေးတစ်ခုပဲဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားသားဆိုတာ အခက်အခဲတွေ၊ အကျပ်အတည်းတွေနဲ့ အမြဲတမ်းရင်ဆိုင်တိုက်ခိုက်နေရတဲ့အတွက်ပဲဖြစ်ပါတယ်၊ သူတို့ဟာ သူတို့ရဲ့ချစ်သူတွေကို မချစ်ကြလို့မဟုတ်ဘူးဆိုတာတော့ မင်းနားလည်စေချင်ပါတယ်၊ ပြီးတော့ ကျောင်းစုမန်းဆိုတာကလဲ -"

စင်လုံသည် စကားဆက်ပြောမည်ပြုပြီး မပြောတော့ဘဲ နှုတ်ပိတ်တိတ်ဆိတ်သွားတော့သည်။

မိတ်ကောင်းဆွေကောင်းဆိုသည်မှာ မေ့လျော့အပ်သည့်လူမျိုးမဟုတ်ပါချေ။ အထူးသဖြင့် အသက်ပေး၍ ခင်မင်မှုကို ပြတတ်သောမိတ်ဟောင်းဆွေဟောင်းကို ပို၍မမေ့အပ်ချေ။ ချစ်ချစ်သည်လည်းစိတ်လက်မကောင်းဘဲ ဖြစ်သွားတော့သည်။ သူမသည်လည်း ကျောင်းစုမန်းအား အစ်ကိုကြီးတစ်ယောက်သဖွယ် လေးစားခင်မင်ခဲ့သည်မဟုတ်ပါလား"

သူမသည် သက်ပြင်းချရင်း -

"အစ်ကိုကြီးကျောင်းစုမန်းလည်း သေသလား ရှင်သလားမသိရဘူး။ ကျွန်မမောင်လေး ကြူးပလည်း သေသလားရှင်သလားမသိရဘူး။ သူတို့ ဘယ်များရောက်နေကသလဲမသိဘူးနော်"

စင်လုံ၏မျက်နှာသည် ရုတ်ချည်း နှုန်းညှို့ပျော့ပျောင်းသွား၏။ ဤကဲ့သို့သော ခရီးကြမ်းကြီးကို သွားလာနေစဉ်အတွင်း ချစ်ချစ်ကိုစိတ်ဝမ်းမညစ်နွမ်းစေလိုပါချေ။



"မင်းရဲ့မောင်လေးကြူးပဟာ သိုင်းပညာလည်း အထိုက်အလျောက်တတ်တယ်၊ အသက်လည်းငယ်တယ်၊ လိမ္မာရေးခြားလည်းရှိတယ်၊ ပါးလည်းပါးနပ်တယ်၊ သူဟာ ဘယ်တော့မှ အသတ်မခံရဘူး။ ဘယ်သူ့လက်ထဲ ကျရောက်ကျရောက် သူဟာ ကောင်းကောင်းမွန်မွန်အစောင့်အရှောက်ခံရမှာ သေချာပါတယ်"

"အဲဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းနေရတာပါပဲ စင်လုံရယ်-"

ထိုစဉ် ကုလားအုပ်များ၏ ချူညံမှုများသည် ရုတ်တရက်ရပ်ဆိုင်းများ၏။ ဖန်စန်းချို၏ ခပ်အုပ်အုပ်လှမ်းခေါ်သံကို ကြားလိုက်ရသည်။

"သခင်ကလေးစင်လုံ - "

စင်လုံက ပြန်ထူးလိုက်၏။

"ဖန်စန်းချိုလား ဘာကိစ္စရှိလို့လဲ"

ဖန်စန်းချိုသည် ကုလားအုပ်တစ်ကောင်ပေါ်၌ အဆောင်ကလေးယ်ကာရံပေးထားသည့် တင်းတိမ်များကို ဆွဲဖွင့်လိုက်ပြီး တောင်းစကားပြောကြားသည်။

"စိတ်မဆိုးကြပါနဲ့ခင်ဗျား။ ကျွန်တော် အနှောင့်အယှက်ပေးလို့ဖြစ်သွားမလားမသိဘူး"

"ကိစ္စမရှိပါဘူး။ ဘာကိစ္စရှိသလဲဆိုတာသာ ပြောပါ"

"သခင်ကလေးစင်လုံနဲ့ ကြူးချစ်ချစ်တို့ကို ရိုင်းရိုင်းပြပြဆက်ဆံကြမှာဖြစ်တဲ့အတွက် ကျွန်တော်တောင်းပန်ခွင့်တောင်းတာပါ"

ဖန်စန်းချိုသည် သူ၏လက်ထဲမှ ပိတ်စအနက်နှစ်ခုကို ကိုင်လိုက်ပြ၏။

"ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ရောက်ပါတော့မယ်၊ ဒါကြောင့် နောင်ကြီးတို့နှစ်ယောက်စလုံးရဲ့ မျက်နှာတွေကို အဝတ်နဲ့

စည်းရပါတော့မယ်၊ မစည်းမဖြစ်လို့ စည်းနှောင်ရတဲ့အတွက် ခွင့် လွှတ်ပါ"

ချစ်ချစ်သည် လွန်စွာစိတ်ဓာတ်ကျသွားသည်။

"ကျွန်မတို့ဟာ ဒီကန္တာရခရီးလမ်းတစ်လျှောက်လုံးမှာ ဘာ လျှို့ဝှက်ချက်မှ တွေ့ကြရတာလည်းမဟုတ်ပါဘူးရှင်၊ နောက်ပြီး သ ဘာဝအလှဆိုတာလည်း ဘာမှမတွေ့ကြရပါဘူး။ ဒါနဲ့တောင် ကျွန်မ တို့ရဲ့မျက်နှာတွေကို အဝတ်နဲ့စည်းဦးမလားရှင်၊ ကျွန် - မ - ကျွန် - စင်လုံကိုတောင် တွေ့မြင်ခွင့် မရတော့ဘူးပေါ့"

ဖန်စန်းချီမှာ အလွန်အားတုံ့အားနာ ဖြစ်သွားလေတော့ ရုတ်တရက် စကားမပြောတတ်သလိုဖြစ်သွားသည်။ အတန်ကြာ တောင်းတောင်းပန်ပန်ဖြင့် ပြောသည်။

"သိပ်ပြီးအားနာပါတယ်ခင်ဗျာ၊ သခင်ကြီးဝမ်ရဲ့အမိန့်အရ ကျွန်တော့်အနေနဲ့လုံးဝမလုပ်လို့မဖြစ်ပါဘူး။ ကျွန်တော့်အနေနဲ့ကတေ သခင်ကြီးဝမ်ရဲ့အမိန့်ကို နာခံရတဲ့တပည့်တစ်ယောက်မို့ ခင်ဗျားတို့ ဒီလိုမလုပ်ချင်ပေမယ့်လည်း အားနာပါးနာနဲ့ လုပ်ရတာပါခင်ဗျာ

စင်လုံနှင့် ချစ်ချစ်တို့၏မျက်လုံးများကို ပိတ်စအနက်များဖြ စည်းလိုက်သောအခါ မည်သည့်အရာကိုမျှ မတွေ့မမြင်ရတော့ ဖြစ်သွားသည်။ ယခုရောက်ရှိမည့် အရပ်ဒေသ၏ လမ်းပန်းအ အထားကို စင်လုံတို့အား မမြင်မတွေ့စေချင်သည်မှာ ထင်ရှ သဖြင့် အထူးလျှို့ဝှက်သည့်နေရာတစ်နေရာဖြစ်ကြောင်း သံသ ရှိရန်မလိုတော့ချေ။

ကုလားအုပ်တပ်ဖွဲ့ကြီးသည် ပြန်လည်၍ခရီးဆက်ပြန်တော့ ကုလားအုပ်များဦးဆွဲထားသည့် ချုညံများကို ပြန်လည်ကြား…



ပြန်တော့သည်။ အတန်ကြာသောအခါ ခပ်လှမ်းလှမ်းတစ်နေရာမှ လူတစ်ယောက်၏ အော်ဟစ်သံကို အမှတ်မထင်ထင်ကြားလိုက်ရ ပြန်သည်။

"မိုးထိမြင့်တဲ့ ဂေဟာကြီး - "

ကုလားအုပ်တပ်ဖွဲ့ကြီးမှ လူတစ်ယောက်ပြန်လှန်အော်ဟစ်သံကို ကြားရပြန်သည်။

"ချောက်နက်ထဲက ဝိညာဉ်"

ထို့နောက် ကုလားအုပ်များသည် ပို၍လျင်မြန်လာတော့၏။

ချစ်ချစ်က စင်လုံအားပြောလိုက်သည်။

"စင်လုံ ကြားတယ်မဟုတ်လား။ တစ်ယောက်က မိုးထိမြင့်တဲ့ ဂေဟာကြီးလို့ အော်တယ်၊ နောက်တစ်ယောက်က ချောက်နက်ထဲ က ဝိညာဉ်လို့အော်တယ်"

စင်လုံက ရယ်လိုက်၏။

"ဒါ - ဘာများထူးဆန်းလို့လဲ ချစ်ချစ်ရယ်၊ ရွှင်ပျော်ပျော် …ားကြီးရဲ့ လျှို့ဝှက်အချက်ပြစကားတွေပေါ့၊ ကြည့်နေ - မကြာခင် …ပျော်ပျော်မြို့စားကြီးနေတဲ့နေရာကို ရောက်တော့မယ်"

"ဒီလောက် လူမရောက် သူမရောက် ဝေးလံသီခေါင်လှတဲ့ …ရာမှာတောင် ဒီလောက် ဂရုစိုက်နေရင် ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ …မြို့သိုင်းလောကထဲက နေရာတွေဆိုရင် ဘယ်လောက်ဂရုစိုက် …မသိဘူးနော်"

စင်လုံက အထူးလေးနက်သောလေသံဖြင့် ပြောလိုက်၏။

"ချစ်ချစ် - နားထောင်စမ်း၊ မြင်းခွာသံတွေမဟုတ်လား"

ယောက်ျားအချို့၏ တစ်ဦးနှင့်တစ်ဦး အော်ဟစ်ပြောကြား သည့် စကားများကို ကြားလာရပြန်၏။ အတန်ငယ်ဆက်၍ ခရီး လာပြီးသည့်အခါ အမျိုးသမီးများ၏ ရယ်သံများ။ ကလေးငယ်များ ဆော့ကစားနေသံများကို ကြားလာရပြန်၏။

ချစ်ချစ်က မှတ်ချက်ချလိုက်၏။

"စင်လုံ - ဒီနေရာမှာ မြင်းခွာသံတွေ ကြားရခြင်းကိုထောက် မြင်းမွေးမြူရေးစခန်းတစ်ခုဖြစ်မယ်ဆိုတာ သေချာတယ်နော်၊ ရွက် တဲတွေလည်းရှိရမယ်၊ မြင်းမွေးတဲ့မိသားစုတွေ စုစုစည်းစည်းရှိနေ နေရာကကလေးပဲဖြစ်ရမယ်"

ချစ်ချစ်သည် စကားမပြောတော့ဘဲ အတန်ကြာတိတ်ဆိ သွားပြန်၏။ ထို့နောက် စင်လုံအားမေးလိုက်၏။

"စင်လုံ - ဒီ မြင်းမွေးတဲ့စခန်းနားမှာ ရှင်ပျော်ပျော်မြူးတူး နေပါ့မလား"

"အဲဒီအချက်ကို ကျုပ်မစဉ်းစားမိသေးဘူး"

ထိုမိန်းမသံ၊ ယောက်ျားသံ၊ ကလေးသံများနှင့် မြင်းဟီသံ သည် တဖြည်းဖြည်းနောက်၌ ကျန်ရစ်ခဲ့တော့သည်။ မကြာမီ ကလေးတစ်မြို့ဟု ပူဆရသောနေရာသို့ ရောက်လာပြန်သည်။ ကို ဖြတ်ကျော်လာပြီးသောအခါတွင်မူ သူတို့ကုလားအုပ်စီးရသ အတော်ကလေး ဟန်မကျပန်းမကျဖြစ်လာရတော့၏။

အဘယ့်ကြောင့်ဆိုသော် ကုလားအုပ်များသည် တောင် မှ အောက်သို့ဆင်းသကဲ့သို့ ဆင်းနေကြကြောင်း ချစ်ချစ်တို့ခံစာ ကြသောကြောင့်ဖြစ်၏။ ချစ်ချစ်က စိုးရွံ့စွာမေးလိုက်၏။



"စင်လုံ - သိပ်အံ့ဩစရာကောင်းတာပဲနော်၊ ကုလားအုပ်တွေ မြေညီမြေပြန့်ပေါ် လျှောက်နေတာမဟုတ်တော့ဘူး။ အောက်ဘက် ကို ဆင်းနေကြတယ်၊ ဘဖြစ်လို့ အောက်ဘက်ကို ဆင်းနေကြရ တာလဲ"

စင်လုံသည် လုံးဝစကားမပြောပေ။ သူကြားရသမျှ အချက် အလက်အားလုံးကို စုစည်းစဉ်းစားနေဟန်တူ၏။ ထိုစဉ် မြောက်များ စွာသော မြင်းခွာသံများကို ကြားရပြန်သည်။ ပုံတင်ထပ်သံလို အသံ များလည်း ကြားနေရသဖြင့် တောင်ကြားတစ်ခုအတွင်း ဝင်လာလေ သလားဟု ရော်ရမ်းတွေးဆနေကြရပြန်၏။

ဖန်စန်းချီ၏ အော်ဟစ်မေးသံကြောင့် စင်လုံနှင့်ချစ်ချစ်တို့ နားရွက်များ ထောင်သွားကြရပြန်၏။

"မြင်းစီးသူရဲကောင်းနံပါတ်သုံး - သခင်ကြီးဝမ် ပြန်ရောက်နေ ပြီလား"

"ပြန်ရောက်နေပါပြီ၊ စင်လုံတို့ကိုပါ တပါတည်း ခေါ်လာခဲ့ဖို့ အမိန့်ပေးလိုက်ပါတယ်"

ကုလားအုပ်များ ရပ်တန့်သွားကြသည်။ စင်လုံကို ဝေါယာဉ် တစ်ခုပေါ်သို့ ပြောင်းလဲတင်ပေးလိုက်ကြ၏။ စင်လုံကို တင်ပြီးနောက် ဝေါယာဉ်သည် တဖြည်းဖြည်းထွက်ခွာလာတော့သည်။ ငြိမ်သက် တိတ်ဆိတ်နေသည့် စင်လုံထံမှ ထူးထူးခြားခြား အော်သံထွက်ပေါ် လာသည်။

"ချစ်ချစ် - "

ဖန်စန်းချီသည် အားတုံ့အားနာလေသံဖြင့် ကပျာကယာဝင် ပြောသည်။

"နောင်ကြီးစင်လုံ - ကြူးချစ်ချစ်ဟာ တခြားဝေါယာဉ်တစ်ခုနဲ့ ကျွန်တော်တို့နောက်က ပါလာပါတယ်"

စင်လုံ့ထံမှ ရယ်သံထွက်ပေါ်လာသည်။

"ကောင်းကြပါလေရဲ့ဗျာ၊ အခု ကျုပ်တို့ဘယ်လိုဖြစ်နေကြတာလဲ၊ မြေကြီးအောက်ကို ရောက်နေတာလား။ အဝီစိကိုသွားနေတာတော့ ဟုတ်မယ်မထင်ဘူး"

ဖန်စန်းချီသည် စင်လုံ၏စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မိလေတော့၏။

"နောင်ကြီးစင်လုံ သခင်ကြီးဝမ်နဲ့ တွေ့တဲ့အခါကျတော့ အားလုံး အပြည့်အစုံသိရမှာပါ၊ စိတ်ချပါ"

စင်လုံသည် ထပ်မံ၍မမေးတော့ပေ။ ပါးစပ်ကိုအလုပ်ပေးရန်ထက် ဦးနှောက်ကို ပို၍အလုပ်ပေးရန်ကြိုးစားနေ၏။ ဤကဲ့သို့သော မြေအောက်ဒေသမျိုး၌ မည်သူမျှ အဆောက်အအုံတစ်ခု ဆောက်လုပ်နိုင်မည်မဟုတ်ပေ။ မြေပေါ်ဒေသကလည်း ကျေးငှက်တိရစ္ဆာန်များပင် သေနိုင်လောက်သည့် ကန္တာရဒေသဖြစ်နေသည်မဟုတ်ပါလား။ အဘယ့်ကြောင့် ဤမြေအောက်ဒေသကို ရှင်ပျော်ပျော်မြို့စားကြီး ရွေးချယ်ရသနည်း။

စင်လုံ၏မျက်နှာ၌ စည်းထားသောပိတ်စအနက်ကို ဖြေပေးလိုက်ကြ၏။ စင်လုံသည် သူ၏မျက်လုံးများကို ရုတ်တရက်မဖွင့်ပေ၊ ဖြည်းညင်းစွာဖွင့်သည်။ သူသည် မှောင်အတိကျနေသောကမ္ဘာထဲမှ အလင်းရောင်ကမ္ဘာကြီးထဲသို့ ပြန်လည်ကျရောက်လာခဲ့ရလေပြီ။

စိတ်ခံစားရမှုအမျိုးမျိုးကို ထိန်းချုပ်တတ်သည့် စင်လုံသည် သူ့ရှေ့မှမြင်ကွင်းများကို တွေ့လိုက်ရသောအခါ သူ့စိတ်ကို မထိန်းချုပ်နိုင်အောင်ဖြစ်သွားရပြီး အံ့ဩသွားတော့၏။ အဘယ့်ကြောင့်ဆိုသော် သူ့ရှေ့၌ ကြီးကျယ်လှပသော အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။



ရောမကျောက်တိုင်ကြီးများပေါ်၌ စုလစ်မွန်းချွန်များ၊ ခုံးကြီးများကို ထုနှင့်ထည်နှင့် တင်ထားသည့် အဆောက်အအုံကြီးဖြစ်နေ၏။ အဆောက်အအုံကြီး၏ အတွင်းဘက်၌လည်း တောက်ပပြောင်လက်လှသည့် ပန်းချီကားကြီးများကို တွေ့နေရသည်။ ကန္တာရအတွင်း၌ ဤကဲ့သို့ ကြီးမားခန့်ထည်လှသော အဆောက်အအုံကြီးမျိုးကို တွေ့ရလိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဖူးချေ။

ဤအဆောက်အအုံကြီးမျိုးကို မြေကြီးပေါ်၌ တွေ့မြင်ရလျှင်ပင် မည်သူမဆို ရင်သပ်ရှုမော အံ့ဩကြရမည်ဖြစ်၏။ ယခုသော်ကား မြေကြီးပေါ်၌ပင် မဟုတ်တော့ဘဲ မြေအောက်၌ ခန့်ညားထယ်ဝါနေလေတော့သည်တကား။

ကျောက်ခုံများ၊ လှေကားထစ်များသည် ဖြူဖွေးလှသော ကျောက်တုံးကျောက်သားများဖြစ်၏။ ကျောက်လှေကား၏ အောက်ဆုံးအထစ်မှ အပေါ်ဆုံးအထိ တစ်ဆက်တည်းခင်းထားသည့် ကော်ဇောနီကြီးကြောင့် အဆောက်အအုံကြီး၏ အရှိန်အဝါမှာ ပို၍ကြီးမြင့်သွားရပြန်သည်။

စင်လုံကို ကော်ဇောနီကြီးပေါ်မှ သယ်မသွားကြသည်။ အပေါ်ဘက်မှ ရယ်မောသံထွက်ပေါ်လာ၏။ ရှင်ပျော်ပျော်မြို့စားကြီး၏ ရယ်သံသာဖြစ်ပါ၏။

"စင်လုံ ငါ့ရဲ့နေရာက အဆင်ပြေရဲ့လား၊ ကြည့်ရှုဝေဖန်စမ်းပါဦးကွာ"

စင်လုံက လိုက်လုံစွာပြောလိုက်၏။

"မြေကြီးပေါ်မှာ ရှိရင်တောင် ရင်သပ်ရှုမောဖြစ်ရမယ့် အဆောက်အအုံမျိုးပါဗျာ၊ မြေအောက်မှာဆိုတော့ ကျုပ်ဘယ်လိုလုပ်ပြီး ဝေဖန်ရတော့မလဲဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက ရယ်လိုက်၏။

"မြေအောက်မှာဆိုတာတောင် သိနေပြီလား စင်လုံရ"

"အဲဒီမြေအောက်မှာရှိနေတဲ့အတွက် ကျုပ်မှာ ချီးကျူးစရာရာမတွေ့ဘဲ ဖြစ်နေရတာပေါ့ဗျာ၊ ဒီလိုအဆောက်အအုံမျိုးကို ခက်ခက်ခဲခဲ ဆောက်လုပ်နိုင်တဲ့အတွက် ခင်ဗျားဟာ အတုမဲ့ဗိသုကာပညာရှင်ကြီး ဖြစ်သွားရပြန်တာပေါ့ဗျာ၊ ဒီအကြောင်းကို ကျုပ်ကိုယ်တိုင်မမြင်ရဘဲနဲ့ နားနဲ့ကြားရုံလောက်ဆိုရင် ဘယ်လိုမှ မယုံနိုင်ပါဘူး။ အခုတော့ မယုံလို့မဖြစ်တော့ဘဲကိုးဗျ -"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကြီးကို လက်ဖြင့်ပွတ်သပ်လျက် ကျေနပ်အားရစွာ ရယ်မောနေ၏။

"အဲ့ဒီလောက်တော့ မချီးကျူးပါနဲ့ကွာ၊ ဒီအဆောက်အအုံကြီးကို ငါကိုယ်တိုင် ဗိသုကာပညာရှင်လုပ်ပြီး တည်ဆောက်ထားတာမဟုတ်ပါဘူး"

"ခင်ဗျား တည်ဆောက်တာမဟုတ်ရင် ဘယ်သူတည်ဆောက်သလဲ၊ ကျုပ်တော့ စဉ်းစားလို့မရနိုင်ဘူးဗျာ"

"ဟား - ဟား - ဟား - မင်းစဉ်းစားလို့မရဘူးဆိုတဲ့ ကိစ္စဟာ ဒီတစ်ခုတည်းရှိတယ်နဲ့တူပါရဲ့ကွာ၊ သိပ်လည်း ချီးကျူးမနေနဲ့ဦးကွ၊ အဆောက်အအုံကြီးဟာ မူလက မြေပေါ်မှာရှိနေခဲ့တာပါ"



စင်လုံမှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့အဖို့ အံ့သြစရာတွေချည်း ကြားနေရသည်။

"ဗျာ - ဒီနေရာဟာ မူလက မြေပေါ်မှာဟုတ်လား။ ဘယ်နှယ့် မြေကြီးအောက်ရောက်သွားရတာလဲ၊ ပဉ္စလက်အတတ်နဲ့ လုပ်လိုက်တာများလား"

"ဟောဒီ အဆောက်အအုံကြီးနဲ့ ဟောဒီ ဒေသကြီးဟာ "ကျင်" ခေတ်မတိုင်မီမှာပဲ ပျက်စီးခဲ့ရတယ်၊ နောက်တော့ သဲတွေခဲတွေ တဖြည်းဖြည်းဖုံးအုပ်ပြီး ပျောက်ကွယ်ခဲ့ရတယ်၊ ငါပြန်တွေ့ပြီးတဲ့နောက် ဆယ်နှစ်တိတိ ငွေတွေသောက်သောက်လဲအကုန်ခံပြီး ပြန်ဖော်ထုတ်ခဲ့ရတယ်၊ အခုတော့ မူလပုံစံနဲ့ နည်းနည်းတော့ပြန်တူလာပါပြီ"

စင်လုံသည် အမှန်တကယ်ပင် အံ့သြနေမိတော့သည်။ ထို့ကြောင့် -

"ခင်ဗျားပြောတာတွေကြားနေရတာ တကယ့်ပုံပြင်တစ်ပုဒ်ကို ကြားနေရသလိုပါပဲဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက ရယ်ရင်း -

ပုံပြင်နဲ့တူမှာသာ တူရော့ကွာ၊ ဒါပေမယ့် ဟောဒီနေရာနဲ့ ဟောဒီအဆောက်အအုံကြီးဟာ သမိုင်းမှတ်တမ်းတွေထဲမှာ တကယ်တမ်းရှိနေခဲ့တဲ့ အရာတွေပါပဲ"

"ဟုတ်လား။ ကျုပ်တော့ တကယ်အံ့သြမိပါတယ်ဗျာ၊ ဒီအကြောင်းကို ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံသိချင်ပါတယ်"

"ကောင်းပြီ - ငါပြောပြမယ်၊ မင်းအနေနဲ့ "ယိုလန်"ဆိုတဲ့ ဝေါဟာရကို ကြားဖူးသလား"

စင်လုံသည် မျက်လုံးများကိုပိတ်ပြီး ယိုလန်၊ ယိုလန်ဟု နှုတ်မှ တ တွတ်တွတ်ရေရွတ်နေသည်။ ထို့နောက် အားတက်သရော ပြောလိုက်၏။

"ကျုပ် မှတ်မိပြီ"

"ကဲ - ဆိုစမ်းပါဦး မင်းမှတ်မိထားတာတွေကို"

စင်လုံက သိထားသမျှကို တိတိကျကျပင် ပြောပြသည်။

"ယိုလန်ဆိုတာ ဟန်မင်းဆက်တွေ စိုးမိုးခဲ့တဲ့ခေတ်အတွင်းက ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးက စင်လုံအား ချီးကျူးလိုက်၏။

"မှန်တယ်၊ စင်လုံဟာ သိုင်းပညာတွင် တော်တာမဟုတ်ဘူး၊ ဗဟုသုတနဲ့လည်း ပြည့်စုံတယ်လို့ သိုင်းလောကထဲမှာ ကျော်ကြားနေခဲ့တယ်၊ အဲ့ဒီအတိုင်း မှန်နေတာပဲ"

စင်လုံက နားလည်သဘောပေါက်သွားသည်။

"ကျုပ်နားလည်ပြီ၊ ဒီနေရာဟာ ယိုလန်နိုင်ငံတော်ရဲ့ မင်းမြို့တော်ဟောင်းကြီး ဆိုပါတော့ဗျာ၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ မင်းပြောတဲ့အတိုင်းပဲ၊ ဒီနေရာဟာ ယိုလန်နိုင်ငံတော်ရဲ့ မင်းနေပြည်တော်ဟောင်းကြီးပါပဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်အားရစွာ ဆက်၍ပြောနေ၏။

"နှစ်ပရိစ္ဆေဒကြာမြင့်စွာ နှစ်မြုပ်နေခဲ့တဲ့ မင်းနေပြည်တော်ဟောင်းကြီးကို ငါဟာ ပထမဆုံးတွေ့မြင်ခဲ့သူ၊ ဖော်ထုတ်ခဲ့သူဖြစ်တယ်၊ ငါမတွေ့ခင်တုန်းကတော့ လူတိုင်းလိုလို ဒီနေရာကို လွင်



တီးခေါင်ကြီးအဖြစ်ပဲ မှတ်ယူထားခဲ့ကြတယ်၊ မင်းမြို့တော်ဟောင်းကြီးတစ်ခုရှိနေတယ်ဆိုတာ ဘယ်သူမှ အိပ်မက်တောင်မက်ဖူးမှာမဟုတ်ဘူး"

ရှင်ပျော်ပျော်မြို့စားကြီးသည် စကားဆုံးသွားသော်လည်း အားရကျေနပ်စွာရယ်နေသေး၏။ သူ့ရယ်သံ၌ ဂုဏ်ယူမှုအပြည့်အဝ ပါနေသည်။ ဂုဏ်ယူမည်ဆိုကလည်း ဂုဏ်ယူနိုင်လောက်သည့် ကိစ္စကြီးတစ်ရပ်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်မှ သုတေသီများသည်လည်းကောင်း၊ သိုင်းပညာရှင်များသည်လည်းကောင်း ဤမင်းမြို့တော်ဟောင်းကြီး၏ သဲလွန်စကို မရှာဖွေနိုင်ခဲ့ကြချေ။ ထိုအထဲတွင် ရှင်ပျော်ပျော်မြို့စားကြီးက ထူးထူးချွန်ချွန်တွေ့ရှိ ဖော်ထုတ်နိုင်ခဲ့သည်မဟုတ်ပါလား။ စင်လုံသည် ရှင်ပျော်ပျော်မြို့စားကြီးကို ငေးမော၍ကြည့်နေမိသည်။ ဤလူကြီးသည် သူတစ်ပါးထက် ခေါင်းတစ်လုံးပိုမြင့်သည်ဟု . မှတ်ထင်လောက်အောင် ထူးချွန်သူဖြစ်သည်ကိုမူ သူ၏ဦးနှောက်က လက်ခံနေမိလေ၏။

စင်လုံက လေးလေးပင်ပင်ကြီး ချီးကျူးလိုက်သည်။

"ဟောဒီအဆောက်အအုံကြီးကို ခင်ဗျားတည်ဆောက်တာ မဟုတ်ဘူးဆိုပေမယ့် ဟောဒီနေရာဒေသကြီးတစ်ဝိုက်ကို တွေ့ရှိဖော်ထုတ်ခဲ့တဲ့ ခင်ဗျားရဲ့စွမ်းရည်ကိုတော့ ဘယ်သူကမှ မလေးစားဘဲ မနေနိုင်ပါဘူးဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက လက်ခုပ်လက်ဝါးတီးရင်း ကျေနပ်အားရစွာ ရယ်မောလေတော့၏။

"စင်လုံ - စင်လုံ - မင်းဟာငါ့အကြောင်းကို တကယ်သိတဲ့

လူပါပဲ၊ ဒီစကားတွေကို မင်းရဲ့အသည်းနှလုံးထဲက လာတဲ့စကား တွေဖြစ်တယ်ဆိုတာသိနေလို့လည်း ငါတကယ်ပဲ ဂုဏ်ယူပါတယ် ကွာ"

စင်လုံက ခပ်ယဲ့ယဲ့ပြုံးရင်း -

"ခင်ဗျားရဲ့ မြို့တော်ကြီးအကြောင်း အတော်ကလေး စေ့စေ့ စုံစုံသိရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ကျုပ် မိတ်ဆွေ ဝံကြောင်ကလေးတို့ ဘယ်ရောက်နေသလဲဗျ၊ ကျုပ်သိခွင့် မရှိဘူးလား"

ရှင်ပျော်ပျော်မြို့စားကြီးသည် အထူးအူမြူးနေသည်ဖြစ်၍ တဟားဟားအော်ဟစ်ရယ်မောလေတော့၏။

"စင်လုံ - စင်လုံ - တကယ့်လူပဲ၊ မင်းနဲ့ငါ ရန်ဘက်ဖြစ်နေရတာတော့ တကယ့်ကိုဆိုးတာပါပဲကွာ၊ ကြူးချစ်ချစ်ကို အလျင် မမေးဘဲနဲ့ ဝံကြောင်ကလေးလိုလူမျိုးကို အလျင်မေးပြီဆိုကတည်းက မင်းဟာသာမန်လူတစ်ယောက်မဟုတ်ဘူးဆိုတာ သက်သေပြနေတာ ပါပဲ၊ စိတ်သာချ စင်လုံ - မင်းအသက်ရှည်နေသေးသမျှတော့ သူတို့ကို မသတ်သေးပါဘူး"

စင်လုံက ခပ်အေးအေးဆေးဆေးပင် မေးလိုက်၏။

"အဲ့ဒီအတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒါနဲ့ - ဟိုလူ့ကို တွေ့ရဲ့လား"

ရှင်ပျော်ပျော်မြို့စားကြီး၏မျက်နှာသည် ရုတ်ချည်းတင်းမာသွား တော့၏။ သူ့လက်ထဲမှ အရက်ခွက်ကို ကြမ်းပြင်ပေါ်သို့ ပေါက်ချ လိုက်၏။



"ကလဲစားချေသူတမန်တော်ဆိုတဲ့လူလား။ ဒီလူဟာ တကယ့် မြေခွေးပဲ၊ အင်မတန်ကောက်ကျစ်ပါးနပ်တဲ့ မြေခွေး။ သူဟာ တောင်ချောက်ထဲ အကြိမ်ကြိမ်ကျခဲ့ဖူးတဲ့ မြေခွေးလိုပဲ အန္တရာယ် အနံ့ရတာနဲ့ တစ်ခါတည်း ဆုတ်ပြေးတာပဲ၊ သူဘယ်လောက်ပြေး နိုင်မလဲ၊ ကြည့်ကြသေးတာပေါ့၊ နောက်တစ်ခါကြုံရင် သူသေကို သေရစေ့မယ်၊ အဲ့ဒီအခါကျရင် သူ့မျက်နှာဘယ်လိုဖြစ်နေမလဲဆိုတာ သေသေချာချာကို စောင့်ကြည့်ရဦးမယ်"

ထိုစဉ် ငွေဆည်းလည်းသံလှုပ်ခတ်သကဲ့သို့ ချိုလွင်လှသော ရယ်သံကလေး ပေါ်ထွက်လာတော့သည်။ ဝေဝေသည် လှုပ်လီ လှုပ်လဲ့လျှောက်လာနေသည်။ သူမသည် ငှက်မွေးဖြင့် ရက်လုပ် ထားသည့် ပါးပါးလွှာလွှာဝတ်စုံကို ဝတ်ဆင်ထား၏။ ပုလဲလုံးများ ကိုလည်း စီသွယ်ဆင်မြန်းထားသဖြင့် မိုးပေါ်မှကျလာသည့် နတ် မိမယ်တစ်ပါးအလား ရင်သပ်ရှုမောဖွယ် လှပနေတော့သည်။ ဤ မိန်းမလှကလေးကို ကြောက်မက်ဖွယ်ရာကောင်းလှသော ဝိညာဉ် ဂိုဏ်းချုပ်သခင်မဟု မည်သူပြောရဲပါသနည်း။

ဝေဝေက ပြုံးရယ်ရင်း ချိုလွင်စွာပြောလိုက်၏။

"သတင်းကောင်းတစ်ပုဒ်ပါတယ်၊ သတင်းကောင်းတစ်ပုဒ်ပါ တယ်၊ စင်လုံ - အဲဒီသတင်းကောင်းကို ကြားချင်သလား"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။ အခါး ချင်းပြိုင်လျှင် တမာပင်ထိပ်ဖျား၌ ကြက်ဟင်းခါး သီးပြမည့်သူဖြစ် သည်။

"လူတွေကြားချင်တဲ့ သတင်းကောင်းမှန်သမျှ ကျုပ်လည်း ကြားချင်တာပါပဲ"

ဝေဝေက တစ်ခွန်းချင်းပြောလိုက်၏။

"ရှင်ပျော်ပျော်မြို့စားကြီးက ဆုံးဖြတ်လိုက်ပြီရှင့်၊ နောက်ထပ်ခုနစ်ရက်ကြာရင် ကျွန်မနဲ့ရှင်ပျော်ပျော်မြို့စားကြီးတို့ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပါတော့မယ်"

စင်လုံမှာ မရယ်နိုင်တော့ပေ။ သဘာဝတရားကိုလွန်ဆန်၍ ပြုလုပ်မည့်ကိစ္စကြီးတစ်ခုအတွက် အဘယ်မှာလျှင် ရယ်မောနိုင်ပါအံ့နည်း။

"ခင် - ခင်ဗျား - တကယ် - တကယ့်ကို"

ဝေဝေက ရယ်မောရင်းပြောလိုက်၏။

"ရှင် - ဘာတွေကို စိတ်ပူနေသလဲ၊ ဘာတွေမှ စိတ်မပူနဲ့၊ ရှင်တို့အတွက် နောက်ခုနစ်ရက်လောက် အသက်ရှင်ခွင့်ရသွားတဲ့အတွက် ရှင်ဝမ်းသာဖို့တောင် ကောင်းနေသေးတယ်၊ ကျက်သရေမင်္ဂလာရှိတဲ့ မင်္ဂလာရက်မြတ်အတွင်းမှာ လူသတ်လို့တယ်ဖြစ်ပါ့ မလဲ"

စင်လုံသည် မည်သူ့ကိုမျှ မမြင်တော့ဟန်ဖြင့် အဝေးသို့ငေးမျှော်ရင်း တစ်ကိုယ်တည်းရေရွတ်နေမိတော့သည်။

"ခုနစ်ရက် - ခုနစ်ရက် - ခုနစ်ရက်ဆိုပါကလား"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကြီးကို လက်ဖြင့်ပွတ်သပ်လျက် ခပ်ပြုံးပြုံးပြောလိုက်၏။

"ဒီနေရာဟာ အင်မတန် လူသူအရောက်အပေါက်နည်းလှတယ်၊ ဒီတော့ မင်းတို့လေးယောက်ဟာ ငါ့မင်္ဂလာပွဲမှာ အထူးဧည့်သည်တော်တွေအဖြစ် တက်ရောက်ချီးမြှင့်ကြရမယ်"

ဝေဝေက တခစ်ခစ်ရယ်မောရင်း ကျေနပ်အားရစွာပြောလိုက်၏။



"အခုခေတ်အတွင်းမှာ အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံး၊ သတ္တိအရှိဆုံးပုဂ္ဂိုလ်ကြီးနဲ့ အချောဆုံးအလှဆုံး မိန်းကလေးတစ်ယောက်တို့ရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ မင်္ဂလာပွဲကြီးကို နောင်ခုနစ်ရက်ကြာရင် ရှင်တို့မြင်တွေ့ရတော့မယ်၊ စင်လုံ အဲ့ဒီလို မြင်တွေ့ရတဲ့အတွက် သိပ်ပြီးကံကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ဂုဏ်ယူစမ်းပါရှင်"

❖ ❖ ❖

## အခန်း(၄၂)

## မင်္ဂလာအခါတော်ပေးတာက

ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည့် အခန်း ကျယ်ကြီးသည် ဤအဆောက်အအုံကြီးထဲ၌ရှိနေ၏။ အမှန်စင်စစ် ဤအဆောက်အအုံအတွင်း၌ ဤအခန်းမျိုးမည်မျှရှိသည်ကို လူစိမ်း သူစိမ်းများအနေဖြင့် မည်သို့မျှ မသိနိုင်ပေ။

ကျောက်သားနံရံတွင် ကျောက်တုံးများကို ထွင်းထုထားသည် လူခန္ဓာကိုယ်နှင့် တိရစ္ဆာန်ဦးခေါင်း၊ လူဦးခေါင်းနှင့် တိရစ္ဆာန်ခန္ဓာ ကိုယ် အစရှိသည့် ဆိုးရွားရုပ်ကြောက်မက်ဖွယ်ရာကောင်းလှသော ရုပ်တုများကို ထုထွင်းထားသည်။ သို့သော် ရှေးဟောင်းအနုပညာ လက်ရာ ပီသလှအောင် လက်ရာမြောက်ကောင်းမွန်လှ၏။

အခန်း၏ ထူးခြားချက်တစ်ခုကား စားပွဲများ၊ ကုလားထိုင်များ လုပသည့် ခုတင်များကို ဖြည့်ဆည်းထားခြင်းပေတည်း။ ဤ အဆောက်အအုံကြီး ဆောက်လုပ်စဉ်အချိန်ကာလက လူများသ မြေကြီးများပေါ်၌သာ ထိုင်တတ်ကြသဖြင့် ကုလားထိုင်နှင့်တူသ ကျောက်တုံးကျောက်ခဲကြီးများဟူ၍- လုံးဝထွင်းထုမထားခဲ့ကြ



ဤကုလားထိုင်များနှင့် ခုတင်များမှာ ရွှင်ပျော်ပျော်မြို့စားကြီးက ဖြည့် ထားခြင်းသာဖြစ်ပါ၏။ ထို့ကြောင့် ရှေးခေတ်ဟောင်းလက်ရာနှင့် ခေတ်သစ်တို့၏ လက်ရာများသည် ဤအဆောက်အအုံကြီးထဲ ရေနှောပေါင်းစပ်လျက်ရှိနေတော့သည်။ ကြုံတောင့်ကြုံခဲ မြင်ရသော အနုပညာလက်ရာပေါင်းစည်းမှုဖြစ်သည်ဟု မှတ်ချက် နိုင်ပါ၏။

စင်လုံသည် အခန်းလယ်ရှိ ခုတင်တစ်လုံးပေါ်၌ ပက်လက်လှန် ရင်း မျက်နှာကြက်မှ ရုပ်တုများကို ငေးမောကြည့်နေ၏။ သို့ သူ့မျက်စိထဲတွင် ရုပ်တုများကို လုံးဝမမြင်ပါချေ။ ပြောင် ကသော အနုပညာလက်ရာများကိုလည်း မခံစားနိုင်ပါချေ။ သူ့ ကစိထဲ၌ မြင်နေသည်မှာ ဝေဝေ၏ မျက်နှာကလေးသာဖြစ်၏။ နားထဲ၌ ကြားနေသည်မှာ ဝေဝေ၏ စကားသံများသာဖြစ်၏။

"အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံး သတ္တိအရှိဆုံးသော ပုဂ္ဂိုလ် နှင့် အချောဆုံး အလှဆုံးသော မိန်းကလေးတို့၏ စုလျားရစ်ပတ် ထပ်မင်္ဂလာပွဲ -"

စင်လုံသည် သိုင်းလောက၌ အတွေ့အကြုံ များပြားကြွယ်ဝသူ မှုမက အသိဉာဏ်ပညာဗဟုသုတနှင့်လည်း ပြည့်စုံသူဖြစ်၏။ စ်သက်၌ ယခုကဲ့သို့ ငိုရမည်မှန်းမသိ ရယ်ရမည်မှန်းမသိနိုင် ခံစားချက်မျိုးကို တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရပါချေ။ အမှန် ဝမ်းနည်းကြေကွဲလျက် ပျော်ရွှင်မှုမရဖြစ်ရမည့် ကိစ္စကြီးတစ်ရပ် ဖြစ်ပါ၏။

ဝေဝေ၏ အဆိုအရ သေရမည့်ရက်သည် မဝေးလှကြောင်း လည်ထားကြရ၏။ သို့သော် သူတို့သေရမည့်ကိစ္စကို စင်လုံ

လုံးဝ မစဉ်းစားမိချေ။ တစ်ခေတ်တွင် တစ်ယောက်ပေါ်ထွန်းလာသည့် သိုင်းပညာရှင်ကြီးနှင့် နတ်မိမယ်တမျှ လှပချောမောလှသည့် မိန်းကလေးတစ်ယောက်၏ ဖြေရာမဲ့ဆွေးမြေ့ကြေကွဲဖွယ်ကောင်းလှသည့် အဖြစ်သနစ်ကြီးကိုသာ တွေးပြီးရင်းတွေးမိနေပါလေ၏။

ထိုစဉ် မွှေးကြိုင်သင်းပျံ့လှသည့် အမွှေးရနံ့တစ်မျိုးကို စင်လုံ ရှူရှိုက်မိတော့သည်။ အခန်းထဲသို့ ဝေဝေဝင်ရောက်လာခြင်းသာ တည်း။

ဝေဝေသည် ပါးလျားသောဝတ်စုံကို ဝတ်ဆင်ထားပြီး ခုတင်ပေါ်၌ ပက်လက်လှန်လျက် မျက်နှာကြက်ပေါ်သို့ ငေးမောနေသည့် စင်လုံအား တစ်ပတ်ပတ်ကြည့်လိုက်သည်။ သူမ၏ လှုပ်ရှားပုံမှာ ပန်းဝတ်မှုန်ကို စုပ်ယူစားသောက်ရန် ပန်းလိပ်ပြာကလေးနှင့် တူနေသေးတော့သည်။

သူမ၏နောက်မှ လူတစ်ယောက်ပါလာသည်။ ထိုသူသည် အစားအသောက်မျိုးစုံပါသည့် ဗန်းကြီးတစ်ခုကို ကိုင်ထားသည်။ သူကိုင်ထားသည့်ဗန်းကြီးကို စားပွဲပေါ်၌တင်ခဲ့ပြီး ချက်ချင်းထွက်သွားသည်။ အခန်း၏ကျောက်တံခါးကြီးကိုလည်း ပိတ်သွား၏။

ဝေဝေသည် အခန်းထဲ၌ လှည့်ပတ်လျှောက်နေပြီးမှ ရုတ်တရက် ရယ်မောလိုက်သည်။

"စင်လုံ - ရှင်သိရဲ့လားဟင်၊ ဟောဒီ အဆောက်အအုံကြီးဟာ ယိုလန်နိုင်ငံရဲ့ မင်းနေပြည်တော်ဟောင်းကြီးဖြစ်တယ်ဆိုတာ"

"သိပါတယ်ကွာ - သိပါတယ်"

"အဲဒီခေတ်အခါတုန်းက ဟောဒီအခန်းကို ဘယ်သူပိုင်ဆိုင်တယ်ထင်သလဲ၊ ဘယ်သူနေထိုင်ခဲ့တယ် ထင်သလဲ"



စင်လုံက အငေါ်တူးတူးဖြင့် ပြန်မေးလိုက်၏။

"မိန်းမထိန်းရှင့် - မိန်းမထိန်း။ ဟောဒီအခန်းဟာ မိန်းမထိန်းကြီး နေထိုင်ခဲ့တဲ့အခန်းလဲ"

သူမသည် ကျောက်သားနံရံမှ ရုပ်တုများကို သူမ၏ လက်ချောင်းကလေးများဖြင့် ပွတ်သပ်ပြီး အေးစက်စက်ရယ်လိုက်တော့၏။

"ဟောဒီ ရုပ်ပုံကလေးတွေက ဘာတွေကို ဖော်ညွှန်းနေသလဲဆိုတာကို ရှင်သိရဲ့လား"

စင်လုံက ရယ်လိုက်၏။

"ဟား - ဟား - ဟား - ကျုပ်က ရေးဟောင်းသုတေသီလည်းမဟုတ်ဘူး။ ဒါတွေကို ဝါသနာပါတဲ့လူလည်း မဟုတ်ဘူး။ သိုင်းပညာရှင်လည်း မဟုတ်ဘူး ဒီတော့ကျုပ်က ဒါတွေအကြောင်း ဘယ်သိရမှာလဲ၊ မေးချင်းမေးရင် မင်းကိုတောင် ပြန်မေးရဦးမယ်"

ဝေဝေက အမေးမခံဘဲ ဖြတ်၍ပြောလိုက်၏။

"ကျွန်မကို ပြန်မေးမနေစမ်းပါနဲ့၊ ကျွန်မမေးတာကိုသာ ဖြေစမ်း ဒီရုပ်ပုံတွေ ဘာကိုဖော်ညွှန်းထားသလဲ၊ ရှင်သိသလောက်ပဲ ပြောစမ်းပါ"

"တယ်လည်းခက်ပါလား။ ကျုပ်လုံးဝ မသိပါဘူးကွာ"

"ကောင်းပြီ ကျွန်မပြောပြမယ်၊ ဟောဒီပုံတွေဟာ တဏှာရာဂကို ဖော်ညွှန်းထားတယ်"

စင်လုံသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အဖြစ်အပျက်များ၊ ရင်တုန်ရင်ခုန်ဖွယ်ရာ တိုက်ပွဲများ၊ ချောက်ခြားဖွယ်ရာအဖြစ်ဆန်း

များကို အမျိုးမျိုးအဖုံဖုံ ကြုံတွေ့ခဲ့ဖူးသည်။ သို့သော် တစ်ကြိမ်မ
ခါမျှ ထိတ်လန့်ခဲ့ခြင်းမရှိပါချေ။

ဝေဝေသည် စင်လုံမျက်စိမျက်နှာပျက်နေပုံကိုကြည့်၍ လွန်
သဘောကျကျေနပ်သွား၏။ ငွေဆည်းလည်းလှုပ်ခတ်သံမျိုး
တခစ်ခစ်ရယ်တော့သည်။

စင်လုံက ဖြည်းညင်းစွာရယ်လိုက်မိသည်။

"မင်းကတော့ တကယ့်ကို အာဂမိန်းကလေးပဲ၊ အေး
တစ်ခြားသူတွေ အိပ်မက်တောင်မမက်ဝံ့တဲ့ လက်စားချေနည်
နဲ့တောင် လက်စားချေဖို့ ကြိုးစားရဲတဲ့ မိန်းကလေးတစ်ယေ
အဖို့ ဒီလိုကိစ္စမျိုးတွေဟာ ဘာဟုတ်တော့မှာလဲ၊ အားလုံး အ
အဖွဲ့ကလေးတွေဖြစ်သွားပြီပေါ့"

"ဘာလဲ ရှင်က ကျွန်မပြောတဲ့အချက်တွေကို လက်မခံ
လား"

"လက်မခံနိုင်ဘူးလို့ မပြောပါဘူးကွာ၊ မင်းကို ချီးကျူး
ပါ၊ ကဲ ဆက်ပြောစမ်းပါဦး"

"စိတ်ချ - ကျွန်မကလည်း ဆက်ပြောမှာပါပဲ၊ သားနဲ့မ
မိသားစုနဲ့ ပျော်ပျော်ပါးပါးနေထိုင်ရတဲ့လူဟာ အဲဒီမိန်းမထိ
လို ဘယ်တော့မှ မရက်စက်ဘူး။ အဲဒီမိန်းမထိန်းတွေမှာ မှန်
စိတ်ဓာတ်မျိုးဘယ်တော့မှမရှိဘူး၊ ကျွန်မပြောတာ ဟုတ်ရဲ့

"ဒါလည်း ဟုတ်တာပဲ"

"ရှင်က ပေါ့ပျက်ပျက်မပြောစမ်းပါနဲ့၊ ရှင့်ပါးစပ်က
လောက် ပေါ့ပျက်ပျက်ပြောပြော၊ ရှင့်အသည်းနှလုံးကတော့



မရဲ့စကားတွေကို အလေးအနက်လက်ခံနေမှာ သေချာတယ်၊ ဒီ
လောကထဲမှာ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်တဲ့ သဘောတရားတွေကို
နိုက်နိုက်ချွတ်ချွတ်လေ့လာတဲ့မိန်းကလေးဆိုလို့ ကျွန်မတစ်ယောက်ပဲ
ရှိလိမ့်မယ်ထင်တယ် - ရှင့်"

စင်လုံက မဲ့ပြုံးပြုံးရင်း ထောက်ခံလိုက်၏။

"ဒါလည်း မှန်တာပဲ၊ မင်းလိုမိန်းကလေးမျိုးက ဒီလောကထဲမှာ
တစ်ယောက်ပဲ ရှိနိုင်ပါတယ်"

ဝေဝေသည် ခုတင်ကိုပတ်၍ တစ်ပတ်ပြီးတစ်ပတ်လျှောက်နေ
၏။ ထို့နောက် စင်လုံ၏ခုတင်ဘေး၌ရပ်ကာ စင်လုံ၏မျက်နှာကို
စေ့စေ့ကြည့်၍ မေးလိုက်၏။

"ကျွန်မက ရှင့်ကိုဘာကြောင့် မိန်းမထိန်းတွေနေတဲ့အခန်းထဲမှာ
လာထားသလဲဆိုတာ ရှင်သိရဲ့လား"

"မင်းရဲ့စိတ်ထဲမှာဖြစ်နေတဲ့ ကိစ္စတွေကို ငါကဘယ်လိုလုပ်
သိ နိုင်မှာလဲကွာ၊ ငါက နတ်သိကြားမှမဟုတ်တာ"

"ဒီလိုဆိုရင်လည်း ပြောရတာပေါ့ရှင်၊ ဒီလိုရှင့် - ရှင့်ဘဝဟာ
မိန်းမထိန်းတွေရဲ့ ဘဝနဲ့သိပ်မထူးခြားလို့ ရှင့်ကိုဒီအခန်းထဲမှာ ထည့်
ထားခဲ့တာရှင့် သိပြီလား"

စင်လုံက အလန့်တကြားအော်လိုက်၏။

"ဘုရားရေ - ကျုပ်က မိန်းမထိန်းတွေနဲ့ တူနေတယ်ဟုတ်
လား၊ ကျုပ်ရဲ့ဘဝသက်တမ်းတစ်လျှောက်မှာ ကျုပ်ကို အမျိုးမျိုး
အဖုံဖုံ ဆဲဆိုခဲ့ကြတဲ့လူတွေ မနည်းပါဘူး။ မင်းအခုပြောတာကတော့
အဲဒီဆဲ့တာတွေထက် ဆယ်ဆမက သာပါတယ်ကွာ"

"ဘာလဲ - ရှင်က နာနေလို့လား၊ မနာနဲ့ရှင့်၊ မနာနဲ့၊ ရှင်ဟာ

မိန်းမထိန်းလိုလူစားပဲ၊ မဟုတ်တူးလို့ပြင်းရင် ရှင်ဟာ လူလိမ်လူညာ တစ်ယောက်ဖြစ်မှာပဲ"

"မင်းရဲ့စကားတွေက ပြင်းထန်လှချည်လား"

စင်လုံသိပါ၏။ ဝေဝေ၏စိတ်ဓာတ်သည် သာမန်လူများ၏ စိတ်ဓာတ်နှင့် တူမနေတော့ပါ။ သူ့မိခင်၏ နာကျည်းဖွယ်ရာ အဖြစ်အပျက်များသည် သူမဘဝအပေါ်၌ အရိပ်ထိုးနေပြီဖြစ်၍ သူမသည် လူလူချင်းအပေါ်၌ လူကဲ့သို့မြင်နိုင်စွမ်းမရှိတော့ချေ။ ကျားနာကဲ့သို့ မည်းမည်းမြင်ရာ ကိုက်ခဲဖို့သာ စိတ်ကူးနေတော့သည်။

စင်လုံသည် ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေလိုက်၏။

"ရှင်ဟာ ကိုယ့်ကိစ္စကို ကိုယ်မလုပ်ဘူး။ ဘယ်တော့မဆို သူများတကာတွေရဲ့ကိစ္စကိုလုပ်တယ်၊ ရှုပ်တယ်၊ အဲဒီအပြုအမူဟာလည်း မိန်းမထိန်းနှတွေရဲ့ စိတ်ဓာတ်ပဲရှင့်"

စင်လုံသည် ရေငုံနှုတ်ပိတ်ထား၍သာ နေမိသည်။ ဝေဝေက ဆက်ပြောသည်။

"ကျွန်မကတော့ လူဆိုတဲ့သတ္တဝါကို သိပ်သဘောမကျချင်ဘူး။ သူတို့တွေဟာ အစာငတ်ရင် အစာရှာစားတတ်ပါရဲ့ ရေငတ်ရင် ရေရှာသောက်တတ်ပါရဲ့ ဒါပေမယ့် ကာမဆန္ဒရှိလာတဲ့အခါမျိုးကျတော့ ပါးစပ်ကဖွင့်ဟပြီး မပြောတတ်ကြတော့ဘူးရှင့်"

စင်လုံက စိတ်ပျက်လက်ပျက်ညည်းညူလိုက်မိသည်။

"ကျုပ်ရှေ့မှာ ဒီစကားတွေကို ဘာအဓိပ္ပါယ်နဲ့လာပြောတယ်ဆိုတာ ကျုပ်တော့ နားမလည်တော့ပါဘူးကွာ"

ဝေဝေက ချိုလွင်စွာရယ်လိုက်၏။

"အခုနားမလည်ပေမယ့် ဒီစကားတွေကို နောက်တော့နားလည်



သဘောပေါက်သွားမှာပါရှင့် - ကဲ - ကဲ - ရှင်စားဖို့သောက်ဖို့ စားစရာ သောက်စရာတွေယူလာတယ်၊ စားသောက်လိုက်ပါဦး"

စင်လုံ၏ ကိုယ်အထက်ပိုင်းရှိ သွေးကြောများအား ဖွင့်ပေးထားသဖြင့် စင်လုံသည် ဝေဝေယူဆောင်လာသည့် အစားအသောက်များကို တစ်ခုမကျန်စားသောက်ပစ်လိုက်၏။ ခန္ဓာကိုယ်တွင် အစဉ်အမြဲအားပြည့်နေပါမှ အခွင့်အရေးရသည့်အခါ၌ လွတ်မြောက် အောင်ကြိုးစားနိုင်မည်ကို စင်လုံကောင်းစွာသိသည်။

ဝေဝေသည် စင်လုံစားသောက်နေသည့်ကို ငြိမ်သက်စွာ ထိုင်ကြည့်နေ၏။ လုံးဝစားသောက်ပြီးစီးသွားသည့်အခါကျမှ ဝေဝေသည် ထိုင်ရာမှထသည်။ သူမသည် စင်လုံကို စူးစူးစိုက်စိုက်ကြည့်လျက် မေးလိုက်၏။

"စင်လုံ - ရှင်ဘာလိုနေသေးသလဲရှင်"

"ဘာမှမလိုတော့ပါဘူးကွ"

ဝေဝေက မာန်ဖီသောအပြုံးမျိုးပြုံးလျက် -

"ရှင့်မှာ လိုနေတာရှိနေရင်လည်း ရှင့်ပါးစပ်က ထုတ်ဖော်ပြောတာမှ မဟုတ်တာ"

ဝေဝေသည် ထိုစကားကို ပြောပြီးသည်နှင့် စင်လုံအားကျောခိုင်းထွက်သွားတော့၏။

စင်လုံသည် ဝေဝေ၏လှပသော ကျောပြင်ကလေးကို ငေးကြည့်ကျန်ရစ်ခဲ့တော့သည်။ ဝေဝေနှင့်ပတ်သက်သည့် အကြောင်းအရာများသည် ခေါင်းထဲသို့ အစီအရီဝင်ရောက်လာလျက်ရှိသည်။

"အင်း - ဝေဝေ - ဝေဝေ တကယ့်ကို ထူးဆန်းတဲ့ မိန်းမပဲ မိန်းဆန်းကလေးတစ်ယောက်ပါလား"

အခန်းတစ်ခန်းလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းမှာ အဖော်မဲ့တစ်ကိုယ်တည်းနေရသူတို့၏ အကောင်းဆုံးမိတ်ဆွေကြီးဟု ဆိုနိုင်လောက်ပါသည်။

သို့သော် စင်လုံသည် အဖော်မဲ့တစ်ကိုယ်နေရခြင်း၏ ဒုက္ခကို ရုတ်ချည်းခံစားလိုက်ရ၏။ သူ၏ခန္ဓာကိုယ်ထဲသို့ စွမ်းအားတစ်ခု တ ဖြည်းဖြည်းဖြတ်သန်းဝင်ရောက်လာသည်။ သူ၏သွေးသားများသည် တဖြည်းဖြည်းနိုးကြားလာ၏။ တဖြည်းဖြည်းဆူပွက်လာ၏။ ကြာ သော် တစ်ကိုယ်လုံးပေါက်ကွဲထွက်မတတ် ခံစားလာရ၏။

စင်လုံသည် အစားအစာများထဲ၌ တစ်စုံတစ်ခုသောအရာ ပ သွားသည်ကို ရုတ်ချည်းမတွေးမိဘဲရှိသဖြင့် သူ၏အတွင်းအားဖြ တတ်စွမ်းသမျှ ကြံ့ကြံ့ခံကြည့်နေသည်။ သို့သော် သူ၏အတွင်းအာ ပညာကလည်း သူ့အားမည်သို့မျှ အကူအညီမပေးနိုင်ပါချေ။

သူတစ်ကိုယ်လုံး၌ ဖော်မပြနိုင်သည့် ဝေဒနာတစ်ခုကို ခံစ နေရသည်။ ထို့ကြောင့် စင်လုံသည် တစ်ကိုယ်တည်းရေရွတ်မိလေ တော့၏။

"ငါ - ငါ -ဘာမှမလိုအပ်တော့ဘူးလို့ ဘာဖြစ်လို့ ပြောလိုက် မိတာလဲ၊ ဝေဝေလောက်တပ်မက်ဖို့ကောင်းတဲ့မိန်းကလေး ဒီလေ ကထဲမှာ ခပ်ရှားရှားပဲ"

စင်လုံသည် ကမူးရှူးထိုးလျှောက်တွေးနေ၏။ ဝေဝေ၏ မျ နာကို မြင်လိုစိတ်များသည် တားဆီးမရနိုင်အောင် ပေါ်ပေါက် သည်။ ထိုစဉ်မှာပင် ဝေဝေသည် အခန်းထဲသို့ ပြန်ဝင်လာလေ

ဝေဝေသည် သောက်ရေတစ်ခွက်ကိုကိုင်လျက် သူ၏ခု



ဘေး၌ လာရပ်သည်။

"ရှင် - အာခေါင်ခြောက်နေပြီ မဟုတ်လား - "

"အား - ရေ - ရေ - ရေငတ်လိုက်တာကွာ"

စင်လုံ၏အသံသည် ပြာတာတာရှိနေလေသည်။ သူ့အသံကို သူပင်မမှတ်မိသလိုဖြစ်နေသည်။ စင်လုံ၏ အမူအရာနှင့် လိုလိုချင်ချင် ရေတောင်းသံကို ကြားလိုက်သောအခါ ဝေဝေသည် ကျေနပ်အားရစွာ ပြုံးလိုက်၏။

"ကျွန်မထင်သားပဲ၊ ဒီစကားတစ်ခွန်းကိုတော့ ရှင်ကျိန်းသေ ပြောဝံ့မယ်လို့"

ဝေဝေသည် စင်လုံ၏တစ်ကိုယ်လုံးမှ သွေးကြောများကို ဖွင့် ပေးလိုက်၏။ ထို့နောက် စင်လုံကို မွေ့ချီထူမလျက် ရေတိုက်သည်။ စင်လုံသည် တစ်ကိုယ်လုံးရှိအကြောများ ဖွင့်ပေးခြင်းခံရသော်လည်း လူကောင်းတစ်ယောက်ကဲ့သို့ လှုပ်ရှားနိုင်စွမ်းမရှိဘဲဖြစ်နေသည်။

"ကျွန်မစိတ်ကူးက တစ်မျိုးရှင့်၊ ကျွန်မစိတ်ကူးမျိုး ဘယ်သူမှ တွေးမိမှာမဟုတ်ဘူး"

"ဆိုစမ်းပါဦး၊ မင်းရဲ့ အရူးအနှမ်းစိတ်ကူးတွေကို"

"အရူးအနှမ်းစိတ်ကူးလို့ ပြောချင်လည်းပြောပေတော့၊ ကျွန်မက ဒီစိတ်ကူးကို ကောင်းကောင်းကြီး အကောင်အထည်ဖော်လိုက်တာ ပါပဲရှင်၊ ကျွန်မနဲ့ရှင်နဲ့ နှစ်ယောက်ပေါင်းစပ်ပြီး မွေးဖွားလာတဲ့ကလေး ဟာ ဘယ်လိုကလေးမျိုးဖြစ်မလဲဆိုတာ ကျွန်မ သိပ်သိချင်တယ်"

"ဘုရားရေ - တကယ့်အရူးအနှမ်းစိတ်ဓာတ်ပါလားကွာ"

ဝေဝေသည် တခစ်ခစ်ရယ်ရင်း ဆက်ပြောနေ၏။

"လောကမှာ သိပ်ပြီးဖြောင့်မတ်တယ်၊ ဉာဏ်ပညာအမြော်အမြင်လည်းရှိတယ်၊ အများရဲ့အကျိုးကို သယ်ပိုးတတ်တဲ့ အမျိုးသားတစ်ယောက်နဲ့ ရက်လည်းရက်စက်၊ ယုတ်လည်းယုတ်မာ ဉာဏ်ပညာလည်းကောင်းတဲ့ အမျိုးသမီးတစ်ယောက်တို့က မွေးဖွားလာတဲ့ကလေးဟာ ဘယ်လိုပုံစံမျိုး၊ ဘယ်လိုအရည်အသွေးမျိုးရှိမလဲ ဆိုတာကို ကျွန်မ သိပ်ကြည့်ချင်တယ်၊ ဒီကလေးဟာ ဉာဏ်ကောင်းသူ၊ ရိုးဖြောင့်သူဖြစ်မလား၊ ဉာဏ်ကောင်းလျက်နဲ့ ယုတ်မာသူဖြစ်မလား၊ ဒီကလေးဟာ ဖခင်လိုပဲ အများအကျိုးသယ်ပိုးမှာလား၊ မိခင်လိုပဲ လူတကာကို ရန်လုပ်နေမှာလား၊ ဒါတွေ ကျွန်မသိပ်သိချင်တယ်"

စင်လုံမှာ ဝေဝေ၏စိတ်ကူးစိတ်သန်းအတွက် လွန်စွာ ထိတ်လန့်သွားမိတော့သည်။

"မင်းဟာ - တကယ့်ကို လူသားတစ်ယောက် မဟုတ်တော့ပါဘူးကွာ"

"ဘာဖြစ်လို့ လူသားမဟုတ်ရမှာလည်း၊ ကျွန်မမွေးလာတဲ့ ကလေးဟာ ဘာပဲဖြစ်ဖြစ်၊ အင်မတန်ထူးချွန်မယ့် ကလေးဖြစ်မယ်ဆိုတာတော့ သံသယရှိစရာမလိုဘူး။ မိန်းကလေးမွေးလာရင် တစ်လောလုံးမှာရှိတဲ့ ယောက်ျားသားတွေကို အရူးအမူးဖြစ်သွားစေရမယ်၊ ရှိရှိသမျှယောက်ျားတွေဟာ သူ့ရဲ့ခြေရင်းမှာ ဝပ်ဆင်းခစားစေရမယ်၊ တကယ်လို့ ယောက်ျားကလေးရလာရင်လည်း ဟောဒီ လောကကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခံဖြစ်သွားရမယ်"

စင်လုံသည် လုံးဝစကားမပြောတော့ဘဲ ရေငုံနှုတ်ပိတ်လျက်နားထောင်နေသည်။ ဝေဝေသည် စင်လုံ၏ ရင်ဘတ်ကိုပွတ်သပ်ရင်းမေးလိုက်၏။



"စင်လုံ - ဒီကလေးမျိုးတစ်ယောက် ရလိုက်ရင် ရှင့်စိတ်ထဲမှာ ဘယ်လိုနေမလဲဟင်"

စင်လုံက သက်ပြင်းချရင်း -

"ကျုပ်က ဘာပြောရမှာလဲ၊ ဘာပြောစေချင်သလဲ"

"ရှင်ဘာမှ မပြောချင်လည်း မပြောနဲ့၊ ကျွန်မ ဂရုမစိုက်ဘူး။ ရှင်တစ်ခုသိထားဖို့က ရှင့်အတွက်ဒီလိုကလေးမျိုးတစ်ယောက် ရှိခဲ့ပြီဆိုရ င် ရှင်သေပျော်ပြီဆိုတာ သိထားဖို့ပဲ၊ ကျွန်မအတွက်ကျတော့လည်း တကယ့်ကို အဆင်ပြေသွားပြီရှင်၊ ရှင်သေသွားလို့ ကျွန်မမှာ အဖော်မဲ့တစ်ကိုယ်တည်း ပျင်းရိမနေတော့ဘူး။ ရှင့်ကိုသတိရအောက်မေ့ရင် ဒီကလေးကိုကြည့်ပြီး အလွမ်းဖြေလို့ရပြီ"

စင်လုံက ခပ်သဲ့သဲ့ရယ်လိုက်၏။

"မင်းအယူအဆကို ကျုပ်တော့ ဘာမှနားမလည်ဘူး။ ကျုပ်ကိုချစ်တယ်လည်းဆိုတယ်၊ ကျုပ်နဲ့ရတဲ့ရင်သွေးရချင်တယ်လို့လည်းဆိုတယ်၊ သတိရအောက်မေ့တယ်လို့လည်းဆိုတယ်၊ ကျုပ်ကိုလည်းလူပြည်မှာ မနေရဘူးလို့လည်းဆိုတယ်၊ မင်းကိုယ်မင်းဘာတွေ ပြောနေသလဲဆိုတာ သိမှသိရဲ့လားလို့ ကျုပ်တော့ သံသယဝင်နေတာပဲ"

ဝေဝေက ရယ်လိုက်၏။

"အို - ဉာဏ်ကြီးရှင်ကလည်း၊ ဒီတစ်ခါကျတော့ ဦးနှောက်မကောင်းတော့ပါလား။ မစဉ်းစားတတ်တော့ပါလား။ ရှင့်ကို ကျွန်မချစ်တဲ့ကိစ္စနဲ့ ရှင့်ကိုသတ်တဲ့ကိစ္စတစ်ခြားစီပဲ၊ ဘာမှမဆိုင်တဲ့ဥစ္စာပဲ"

"ကောင်းတယ် - ကောင်းတယ် ဒီလိုအတွေးအခေါ်မျိုးရှိတဲ့လူဟာ ဒီလောကကြီးထဲမှာ မင်းတစ်ယောက်ပဲရှိတယ်ဆိုတာ ကျုပ်ပြောရဲတယ်"

ဝေဝေသည် တခစ်ခစ်ရယ်မောလေတော့၏။

"ရှင့်ကို ကျွန်မက ကြိုတင်ပြောပြထားသားပဲ၊ ကျွန်မဟာ သူများတွေနဲ့ မတူပါဘူးလို့"

"မှန်တယ်၊ ကျုပ်ကလည်း အဲဒါပဲပြောတာပဲ၊ မင်းဟာ သူတစ်ပါးနဲ့မတူကြောင်းပြောတာပဲ"

"ကျွန်မဟာ သူများနဲ့အတူသလို ရှင်လည်းသူများနဲ့ မတူပါဘူး။ ဒါကြောင့် ကျွန်မကချစ်တာ၊ ကျွန်မအသက်ထက်ဆုံး စွဲစွဲလမ်းလမ်း ချစ်သွားရမယ့်လူကတော့ ရှင်တစ်ယောက်ပဲရှိတယ်၊ ဒီတော့ ကျွန်မရဲ့ မင်္ဂလာပွဲကို ရှင်တက်ကိုတက်ရမယ်၊ အဲဒီအခါကျရင် ရှင်ဟာ ကျွန်မကို ချစ်ချင်ချစ်လာမှာပဲ"

စင်လုံသည် ထိုအခါကျမှ သူ့ရင်ထဲ၌ မသက်မသာဖြစ်နေရသည်များကို ဖွင့်ထုတ်ပြောလိုက်သည်။

"အင်း - မင်္ဂလာပွဲ - မင်္ဂလာပွဲ ဒီမင်္ဂလာပွဲကတော့ ဒီလောကကြီးထဲမှာ လုပ်သမျှမင်္ဂလာပွဲတွေထဲမှာ အယုတ်ညံ့ဆုံးမင်္ဂလာမရှိတဲ့ပွဲပဲ၊ သဘာဝတရားကို ကောင်းကောင်းကြီးဆန့်ကျင်တိုက်ခိုက်တဲ့ အမင်္ဂလာပွဲပဲ၊ လူ့လောကရဲ့ စည်းကမ်းတွေကို ဖောက်ဖျက်တဲ့ အမင်္ဂလာပွဲပဲ၊ မှန်မှန်ကန်ကန်တွေးခေါ်တတ်တဲ့လူတိုင်း ဒီအမင်္ဂလာပွဲကို ဆန့်ကျင်မှာသေချာတယ်"

ဝေဝေသည် တခစ်ခစ်ရယ်ရင်း -

"ဟင်း - ဟင်း - ဟင်း - စင်လုံ ဒေါသထွက်လာတာကို မတွေ့ဖူးဘူးတဲ့၊ သိုင်းလောကထဲမှာ ပျံ့နှံ့နေတဲ့ ရှင့်ရဲ့ဒဏ္ဍာရီတွေလေ၊ အခု ဒေါသမထွက်ဖူးတဲ့ စင်လုံတစ်ယောက် ဒေါသထွက်နေပါလား။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ရှင့်ကို ချစ်ပါတယ်ရှင်၊



ကျွန်မရူးတယ်ဆိုရင် ရှင့်ကိုချစ်မိလို့ ရူးတာပဲဖြစ်မယ်၊ သည့်ပြင်အကြောင်းကြောင့်တော့ မရူးနိုင်ပါဘူးရှင်"

ထို့နောက် စင်လုံ၏ခန္ဓာကိုယ်ပေါ်ရှိ သွေးကြောခုနစ်ခုကို ပိတ်ပစ်လိုက်တော့၏။ စောစော မူးယစ်ဆေးများ၏ဒဏ်ကို ခံနေရသော်လည်း လှုပ်ရှားနိုင်သေး၏။ သွေးကြောများဖွင့်ပေးခံရ၍ဖြစ်သည်။ ယခုမူ လုံးဝမလှုပ်ရှားနိုင်တော့ချေ။ မူလ ပုံမှန်အခြေအနေသို့ ရောက်သွားပြန်လေ၏။

ဝေဝေသည် စင်လုံ၏နားဝသို့ ကပ်၍တီးတိုးပြောလိုက်၏။

"ကဲ - ရှင့်အနေနဲ့ ကျွန်မကိုဘာများ ထပ်ပြောစရာရှိသေးသလဲ"

စင်လုံသည် ဝေဝေအားမော့ကြည့်ရင်း တီးတိုးပြောလိုက်၏။

"မင်းလို ရူးသွပ်နေတဲ့မိန်းကလေးမျိုးနဲ့ တွေ့ကြုံပြီးတော့ ကျုပ်က ဘာစကားများပြောစရာရှိဦးမှာလဲ"

ဝေဝေက ရယ်လိုက်၏။

"ဒါပေမယ့် ဒီလိုရူးသွပ်နေတဲ့ မိန်းကလေးမျိုးကိုတော့ လူတိုင်းကြုံကြိုက်နိုင်ခွင့်မရှိဘူးရှင့်၊ ဟုတ်တယ်မဟုတ်လား။ ရှင့်ကိုယ်ရှင်ငါကံကောင်းတယ်လို့များ မတွေးမိဘူးလား။ တကယ်တော့ ရှင်ကံကောင်းတာပါရှင်"

"ကျွန်မလေ ကျွန်မရှင့်ကိုသိပ်ချစ်ပါတယ်၊ အဲဒါကို ရှင်ယုံချင်မှယုံမယ်၊ ရှင်ယုံအောင် ကျွန်မတစ်ခုတော့ လုပ်ပေးပါ့မယ်၊ ရှင်ဟာ သူများတွေလို ဒုက္ခခံပြီး မသေရပါဘူး။ သက်တောင့်သက်သာနဲ့ သေသွားစေရပါမယ်၊ ကဲ - ကျွန်မသွားပြီ"

ဝေဝေသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွား၏။ ကျောက်တုံးတံခါးကြီးသည်လည်း ဂျိမ်းခနဲပိတ်သွားတော့၏။

ချစ်ချစ်၊ ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့သုံးယောက်မှာမူ စင်လုံလောက် စည်းစိမ်မရှိခဲ့ကြချေ။ သို့သော် စင်လုံလောက်လည်း ဒုက္ခမခံစားကြရချေ။

သူတို့သုံးယောက်အား အခန်းတစ်ခန်းအတွင်း၌ စုပေါင်းပိတ်လှောင်ထားခဲ့၏။ သည်အခန်းသည်လည်း လေးဘက်လေးတန် စလုံးကျောက်သားများနှင့်သာ တည်ဆောက်ထားသည်။

သူတို့သုံးယောက်စလုံး စိတ်ဓာတ်အကြီးအကျယ်ကျနေသဖြင့် တစ်ဦးနှင့်တစ်ဦး လုံးဝစကားမပြောမိကြပေ။ စကားပြောချင်စိတ်လည်း မရှိဘဲဖြစ်နေကြ၏။ ထို့ကြောင့် ငြိမ်သက်တိတ်ဆိတ်၍သာနေသည်။

ထိုစဉ် အခန်းထဲသို့ ဝေဝေရောက်ရှိလာသည်။ သူမသည် ယခင်ကထက်ပင် ပို၍လှပနေသည်။ ချစ်ချစ်သည် ဝေဝေအား တစ်ချက်မျှသာကြည့်ပြီး နောက်ထပ်မကြည့်ချင်တော့ပေ။ မျက်လုံးများ စုံမှိတ်ထားလိုက်တော့၏။

ဝေဝေသည် ချစ်ချစ်ရှေ့သို့ တန်းတန်းမတ်မတ်ပင် လျှောက်သွားသည်။

"ကြူး ချစ်ချစ် - ကျန်းကျန်းမာမာ ချမ်းချမ်းသာသာရှိပါရဲ့နော်"

ချစ်ချစ်၏မျက်လုံးများသည် ချက်ချင်းပင်ပွင့်လာပြီး ခပ်ငေါ့ငေါ့ နှုတ်ဆက်လိုက်၏။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၊ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ ကြင်ယာတော်လောင်းကြီး ပို့သသောမေတ္တာကြောင့် ကျန်းမာပကာတိ ချမ်းသာစွာ ရှိပါသတဲ့ရှင်"

ဝေဝေက ချစ်ခစ်၏အပြောကို သဘောကျသွားဟန်ဖြင့် ဟက်



ဟက်ပက်ပက်ရယ်မောလေတော့၏။

"ရှင်ပွါးစပ်ကသာ ကျန်းမပကာတိ ချမ်းသာစွာရှိတယ်လို့ ပြောနေတာ၊ မျက်နှာကတော့ မရွှင်မလန်းနဲ့ပါလား"

ချစ်ချစ်က အေးစက်စက်ရယ်မောလိုက်ပြီး -

"ရှင်ကကော ရွှင်လန်းနေလို့လား"

ဝေဝေက တခစ်ခစ်ရယ်မောလေတော့၏။

"ကျွန်မ အခုပဲရှင့်ဆီ လာမလို့ဘဲ၊ နည်းနည်းကလေး အချိန်နောက်ကျသွားတယ်၊ ပြောရမယ့်ကိစ္စကတော့ ပျော်စရာပါ၊ သူ လည်း ပျော်နေမှာပဲ"

ဝေဝေ၏စကားထဲ၌ လျှို့ဝှက်သော အနက်အဓိပ္ပါယ်များ ပါနေကြောင်း ချစ်ချစ်က ရုတ်ချည်းသဘောပေါက်လိုက်သည်။ "သူလည်းပျော်နေမှာပဲ"ဆိုသည့် စကားတစ်ခွန်းသည် ချစ်ချစ်၏သိချင်စိတ်ကို ပို၍နှိုးဆွပေးလိုက်နိုင်၏။ ထို့ကြောင့် ချစ်ချစ်က အသံမြှင့်၍ အော်မေးလိုက်၏။

"ရှင်ဘာတွေပြောနေတာလဲ၊ ကိုယ်ပျော်တဲ့ကိစ္စများ တိုင်းခန်းလှည့် ကြေညာနေရသလား"

ဝေဝေက မနို့တရို့ပြောလိုက်၏။

"ကြေညာရတာပေါ့ရှင်၊ ကျွန်မဆီမှာ သူ့ပစ္စည်းရှိနေပြီဆိုတော့ တိုင်းခန်းလှည့် ကြေညာရတာပေါ့ရှင်"

ချစ်ချစ်မှာ သိချင်စိတ်ပို၍ပြင်းပြလာ၏။ စကားများကို ဤမျှ အမျိုးများ နိဒါန်းများခင်းနေကတည်းက စင်လုံနှင့် တစ်စုံတစ်ခု ပတ်သက်တော့မည်ကို ချစ်ချစ်၏စိတ်ထဲ၌ အလိုလိုသိလာ၏။ သူမသည် ဝေဝေအား စူးစမ်းသောမျက်လုံးဖြင့် ပေါက်ထွက်မတတ်

လေ့လာနေ၏။ ဝေဝေ၏မျက်လုံးများသည် ရီဝေလျက်ရှိပြီး တစ်စုံတစ်ခုကို ကျေနပ်အားရလျက်ရှိကြောင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ချစ်ချစ်မှာ တဖြည်းဖြည်းတုန်လှုပ်လာပြီး တုန်တုန်ယင်ယင်ဖြင့် မေးလိုက်မိ၏။

“ရှင့်ဆီမှာ သူ့ရဲ့ဘာပစ္စည်းတွေ ရှိနေလို့လဲ”

ဝေဝေသည် တခစ်ခစ်ရယ်ရင်း -

“ဪ - ကြူးချစ်ချစ် - ကြူးချစ်ချစ် - သနားလိုက်ပါဘိတော့တယ်၊ ကျွန်မဆီမှာ သူ့ရဲ့ဘာပစ္စည်းရှိမလဲဆိုတာ ရှင့်ဘာသာရှင်ပဲ အေးအေးဆေးဆေးစဉ်းစားကြည့်ပါတော့လေ၊ ရှင် စဉ်းစားလို့မရရင်လည်း တစ်နည်းအားဖြင့် ကောင်းတာပါပဲ၊ ရှင်စိတ်ချမ်းသာရ ရသွားတာပေါ့၊ အဲ - စဉ်းစားမိသွားရင်တော့ စိတ်ဆင်းရဲသွားလိမ့်မယ်လို့ ထင်တာပဲ၊ ကဲ - သွားတော့မယ်နော်”

ဝေဝေသည် ချစ်ချစ်၏မေးစေ့ကို တစ်ချက်မျှကိုင်ဆွဲလိုက်ပြီး ပြုံးရွှင်စွာထွက်ခွာသွားလေတော့၏။

ချစ်ချစ်မှာ လုံးဝစကားမပြောနိုင်တော့ဘဲ ကျန်ရစ်ခဲ့ရလေတော့၏။ အတန်ကြာငေးငိုင်နေပြီးမှ ချုံးပွဲချငိုကြွေးလေတော့သည်။ ချစ်ချစ်သဘောပေါက်သွားချေပြီ။ ထို့ကြောင့် ဝမ်းပန်းတနည်း အဆက်မပြတ်ငိုကြွေးနေမိတော့သည်။

ဝံကြောင်ကလေးက ဖျောင်းဖျနှစ်သိမ့်လိုက်၏။

“ချစ်ချစ် - မငိုနဲ့၊ တိတ်လိုက်၊ နင်ငိုရင် ဟိုတစ္ဆေမက ပိုပြီး အကြိုက်တွေ့သွားလိမ့်မယ်၊ သူက ဒါကိုကြည့်ချင်မြင်ချင်ကြားချင်လို့ ဒီစကားတွေလာပြောနေတာ”



“အစ်ကိုကြီး ဝံကြောင်ကလေးရယ်၊ သူ့ပြောပုံက စင်လုံနဲ့ သူ - သူ - သူ”

“မဟုတ်တာတွေပေါ့ဟာ၊ နင်ကတောင် စင်လုံကို မယုံကြည်တော့ဘူးလား။ ဒါက သူ့စကားတင်ရှိသေးတာပါ၊ သူနဲ့စင်လုံ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ငါကတော့ မိုးပြိုကျလာပြီဆိုတာ ယုံချင်ယုံမယ်၊ သူ့စကားတော့ မယုံဘူး”

“သူဘယ်လိုမိန်းမမျိုးဆိုတာ အစ်ကိုကြီးမသိဘူးလား။ သူက သိပ်ပြီး ယုတ်မာတဲ့မိန်းမ၊ ဘာကိစ္စမျိုးမဆို သူလုပ်ဝံ့တာပဲ - ”

“နင်ဟာ တကယ်ရူးနေတာပဲ၊ ဟိုတစ္ဆေမက သူများစိတ်မချမ်းသာမဲ့ကိစ္စမှန်ရင် အကုန်လျှောက်ပြောမှာပဲ၊ သူ့စကားကိုသာ လိုက်ယုံနေရင် ကိုယ့်ကိုယ်ကို ဒုက္ခပေးရာကျမှာပဲ၊ သူက နင့်ကို တမင်ပွပေးနေတာဟာ၊ ကိုယ့်စိတ်ကိုယ် ကိုယ်ထိန်းမှပေါ့”

ထိုစဉ် ဝမ်းလင်းဝါးက ရုတ်တရက်ဝင်ပြောလေ၏။

“ဝံကြောင်ကလေး - ဒီကိစ္စက ဟုတ်ချင်ဟုတ်နေမှာဗျ၊ တမင်လီဆယ်ပြီးပြောတဲ့စကား ဖြစ်ချင်မှ ဖြစ်မှာပါဗျာ၊ သူ့ပြောပုံဆိုပုံကို ကြည့်ရင် တကယ်ဟုတ်နိုင်ဖို့များတယ်”

ချစ်ချစ်သည် ခေါင်းတခါခါ လည်တခါခါဖြင့် ငြင်းဆန်ပြန်၏။

“ဒါ - ဒါမဖြစ်နိုင်ဘူး၊ ဖြစ်နိုင်မယ် မထင်ပါဘူး”

ဝမ်းလင်းဝါးက အေးစက်စက်ရယ်လိုက်၏။

“ဖြစ်နိုင်မယ်မထင်ဘဲနဲ့ ဘာကြောင့် ခင်ဗျားက အော်ကြီးဟစ်ကျယ် ငိုရတာလဲ”

ဝံကြောင်ကလေးက “တောက်”ခေါက်ရင်း ဝမ်းလင်းဝါးအား ဟောက်ငေါက်ပစ်လိုက်၏။

"ဝမ်းလင်းဝါး - မင်းဘယ်လိုကောင်လဲ၊ ဘာဖြစ်လို့ ဒီစကားမျိုးဝင်ပြောရတာလဲ၊ ဒီလိုအချိန်မျိုးမှာ ဒီလိုစကားမျိုး မပြောသင့်ဘူးဆိုတာ မင်း သိသင့်တယ်ကွာ"

ဝမ်းလင်းဝါးက ထိမထင်သည့်လေသံဖြင့် ပြန်ပက်သည်။

"ကျုပ်က မဟုတ်တာပြောတာမှ မဟုတ်တာ၊ မှန်တာပြောတာပဲ၊ ဒါက စိတ်ဆိုးစရာမှမဟုတ်တာဘဲ"

ဝံကြောင်ကလေး၏မျက်နှာမှာ ဒေါသကြောင့် ရဲရဲနီနေ၏။ အကယ်၍ သွေးကြောသာ အပိတ်မခံရပါက အသေအကြေ တိုက်ခိုက်မိပေလိမ့်မည်။

"မင်းတို့မောင်နှမ နှစ်ယောက်ကတော့ကွာ နတ်ဆိုးရဲ့ သားနဲ့ သမီးပါပဲ၊ သူတစ်ပါးစိတ်မချမ်းသာမယ့်ကိစ္စဆိုရင် ကိုယ့်စရိတ်နဲ့ ဆောင်ကြဉ်းပေးကြမယ့် မောင်နှမပါပဲ၊ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျလေ မင်းတို့က ပျော်လေပဲ၊ မင်းတို့မောင်နှမလောက် ဆိုးညစ်ယုတ်မာတဲ့လူကို နောက်ထပ်ဘယ်နည်းနဲ့မှ ရှာဖွေတွေ့နိုင်မှာ မဟုတ်တော့ဘူး"

ဝမ်းလင်းဝါးသည် ဝံကြောင်ကလေး၏ စကားကို အားရပါးရ ထောက်ခံလိုက်၏။

"ဟား - ဟား - ဟား ဒါကလည်း တကယ့်အမှန်တရားစကားပဲ၊ ကျုပ်နဲ့ ဝေဝေတို့ဟာ အတော်ကလေးကို တူညီကြတယ်ဗျ၊ အချက်တစ်ချက်က လွဲရင်ပေါ့ဗျာ"

"ဟင်း - မင်းနဲ့ဟိုတစ္ဆေမနဲ့ မတူတဲ့အချက် ရှိသေးတယ် ဟုတ်လား၊ တော်စမ်းပါကွာ၊ ငါ့အမြင်မှာတော့ မတူတဲ့အချက် တစ်ချက်မှမရှိဘူး၊ မင်းပြောတဲ့အချက်က ဘာအချက်လဲ"



ဝမ်းလင်းဝါးက အေးစက်စက်ရယ်ရင်း -

"ဝေဝေက စင်လုံကိုချစ်တယ်ဗျာ၊ ကျုပ်ကတော့ စင်လုံကို မချစ်ဘူး၊ ဒါပဲ"

ဝံကြောင်ကလေးသည် ချစ်ချစ်ထံသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ဝမ်းလင်းဝါးအား ပြန်မေးလိုက်၏။

"ဝေဝေက စင်လုံကိုချစ်တယ် ဟုတ်လား၊ မင်း ဘယ်လိုလုပ်သိသလဲ၊ ပေါက်ကရစကားတွေ မပြောစမ်းနဲ့ကွာ၊ ကဲ - မင်းပဲ ပြောစမ်းပါဦး၊ ဝေဝေက စင်လုံကိုချစ်တယ်ဆိုရင် ဘာဖြစ်လို့ သတ်ရမှာလည်း၊ အခုကျိန်းသေသတ်မှာကွ"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"မသတ်ရင်မဖြစ်လို့ သတ်တာပေါ့ဗျ"

"ရှင်းစမ်းပါဦး"

"ခင်ဗျားက တယ်ညံ့သကိုးဗျ၊ အင်းလေ ပြောပြီးမှတော့ ဆက်ရှင်းပြရတော့မှာပေါ့၊ ဝေဝေက စင်လုံကို မသတ်ရင်မဖြစ်တဲ့အကြောင်း နှစ်ချက်ရှိတယ်ဗျ၊ ပထမအချက်ကတော့ ရွှင်ပျော်ပျော်မြို့စားကြီးကို သူသိပ်ပြီး ကလဲ့စားချေချင်နေတယ်၊ ဒီတော့ ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ လက်မထပ်ဖြစ်လက်ထပ်ရမယ်၊ လက်ထပ်ပြီဆိုတဲ့နောက်ကတော့ စင်လုံကိုမသတ်လို့ မဖြစ်တော့ဘူး၊ အဲဒါက ပထမအချက်"

ဝံကြောင်ကလေးက ထောက်ပေးလိုက်သည်။

"အင်း - 'ဒုတိယအချက်ကို ဆိုစမ်းပါဦး"

ဝမ်းလင်းဝါးက ဆက်၍ရှင်းပြ၏။

"ဝေဝေဟာ စင်လုံကို ဘယ်နည်းနဲ့မှ သူမရနိုင်ဘူးဆိုတာ

သိ နေတယ်၊ ဒီတော့ သူမရနိုင်တဲ့လူကို လောကထဲမှာ အသက်ရှင် လျက် မထားလိုဘူးပေါ့ဗျာ၊ အဲဒီတော့ သတ်ပစ်ရမယ်၊ ဒါက ... တိယအချက်ပဲ"

ဝံကြောင်ကလေးက ခါးသီးစွာပြောလိုက်၏။

"ဒါက လူ့စိတ်လူ့သဘာဝမှ မဟုတ်တာပါပဲကွာ၊ လုံးဝ လူ မဆန်တဲ့ အတွေးအခေါ်ပဲ"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"လူဆန်သန့်မဆန်ဆန် သူက ဘာကိုမှ ဂရုစိုက်နေမှာမဟုတ် ဘူး။ ကျုပ်ဆိုရင်လည်း ဒီအတိုင်းပဲ လုပ်မှာပဲ၊ ရွှင်ပျော်ပျော်မြူးထူးကြ နဲ့ လက်မထပ်ပါဘူး။ ကျွန်မကိုယူပါလို့ ဝေဝေက တောင်းပန် တောင် စင်လုံက သူ့ကိုယူမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော သူ့အသည်းနှလုံးထဲမှာ ချစ်ချစ်နေရှိနေပြီးပြီကိုးဗျ၊ ဒီတော့ စင်လုံ သတ်ရုံကလွဲလို့ ဘာလုပ်ရတော့မှာလဲ၊ သူများပျော်တာရွှင်တာ သူမကြည့်ချင်ဘူးလို့ ပြောခဲ့ပြီးပြီမဟုတ်လား"

ချစ်ချစ်က အံ့ကြိတ်ရင်းပြောလိုက်၏။

"ကျွန်မကိုကော ဘာဖြစ်လို့ မသတ်သေးတာလဲ၊ ကျွန်မ ရှင်သေပါစေ၊ စင်လုံအသက်ရှင် ကျန်ရစ်ခဲ့ရင် ကျွန်မကျေနပ်တယ်

ဝမ်းလင်းဝါးက သရော်လိုက်၏။

"တယ်လည်းကြီးမြတ်တဲ့ ချစ်ခြင်းမေတ္တာပါလား။ လေး လောက် ဂုဏ်ယူလောက်ပါပေတယ်ဗျာ၊ ခင်ဗျားကိုသတ်ပြီးလို့ စ ကို မသတ်ဘူးလို့ ထင်နေသလား၊ ခင်ဗျားကိုသတ်ပြီးလည်း စ ကို သတ်မှာပဲ စိတ်ချ"



ချစ်ချစ်မှာ လွန်စွာအံ့ဩသွား၏။

"ဘာကြောင့်လဲ"

ဝမ်းလင်းဝါးက ရှင်းပြလိုက်၏။

"ဘာကြောင့်ရမလဲ - ခင်ဗျားကိုသတ်ပြီး စင်လုံကိုချန်ထားခဲ့ ရင် စင်လုံဟာ သူ့အသက်ရှင်နေရတဲ့ သက်တမ်းတစ်လျှောက်လုံး ခင်ဗျားကို ပိုပြီးသတိရ လွမ်းဆွတ်နေတော့မှာမို့လို့ပေါ့ဗျာ၊ နောက် ပြီး ခင်ဗျားကိုသတ်ပစ်တဲ့အတွက် ဝေဝေကို စင်လုံက ပိုပြီးနာကြည်း နေလိမ့်မယ်"

ဝံကြောင်ကလေးက ဝမ်းလင်းဝါး၏စကားကို လက်ခံလိုက် သည်။

"ဒီအတွေးအခေါ်ကတော့ မဆိုးဘူး"

ဝမ်းလင်းဝါးက သက်ပြင်းချပြီး -

"နောက်ဆုံးတော့ဗျာ၊ ဘယ်လို အကြောင်းရှိရှိ ဘာပဲဖြစ်ဖြစ် ဝေဝေဟာ စင်လုံကိုသတ်မှာကတော့ သေချာပါတယ်၊ ဝေဝေမှာ ဒီလမ်းကလွဲလို့ တခြားရွေးစရာလမ်းမှ မရှိတော့ပဲဗျာ

ချစ်ချစ်မှာ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာရင်း နာ ကြည်းစွာ ပြောလိုက်မိသည်။

"ဘုရားသခင်က ဘာကြောင့်များ ဒီလိုဖြစ်အောင် ဖန်တီးပေး လိုက်ရသလဲ မသိပါဘူးရှင်"

ဝံကြောင်ကလေးက နှစ်သိမ့်လိုက်၏။

"ချစ်ချစ် - ဘာမှ စိတ်ထိခိုက်မနေနဲ့၊ ဝမ်းလင်းဝါးပြောတဲ့ စကားတစ်ချို့တစ်ဝက်ကတော့ သိပ်မဆိုးလှပါဘူး၊ ဒါပေမယ့် ဘာ

ပဲပြောပြော ဟိုတစ္ဆေမရဲ့စိတ်ထဲမှာ ဖြစ်နေသမျှကို ဒီကောင်မသိနိုင်ပါဘူး"

ဝမ်းလင်းဝါးက အေးစက်စက်ပြောလိုက်၏။

"မှန်တယ်၊ ခင်ဗျားပြောသလို သူ့စိတ်ထဲရှိသမျှတွေကို ကျုပ်မသိနိုင်ဘူး။ ဒါပေမယ့် သူ့ခန္ဓာကိုယ်ထဲမှာ စီးဆင်းလှည့်ပတ်နေတဲ့သွေးနဲ့ ကျုပ်ခန္ဓာကိုယ်ထဲမှာ စီးဆင်းလှည့်ပတ်နေတဲ့သွေးက တူညီနေတယ်ဗျ။ အဲဒီတော့ ဝေဝေရဲ့စိတ်ခံစားမှုကို အခြားသူထက်တော့ ကျုပ်က ပိုပြီးနားလည်နိုင်တယ်ဗျ"

ဝံကြောင်ကလေးက အေးစက်စက်ရယ်မောရင်း -

"သောက်ကျိုးနည်း ကြောက်စရာကောင်းတဲ့ မောင်နှမနှစ်ယောက်ပါပဲကွာ၊ မင်းတို့ဟာ ငရဲပြည်က လူ့ပြည်ကိုမျက်စိလည်လမ်းမှားလာတဲ့ ငရဲသားမောင်နှမနှစ်ယောက်ပါပဲ၊ ဘာကြောင့်များယမမင်းကြီးက လွှတ်လိုက်ရသလဲမသိဘူး"

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက်ရယ်မောလေ၏။

"ဟား - ဟား - ဟား - ယမမင်းကြီးက လူ့လောကတစ်လမ်းကောင်းတစ်မုဒ်ကို ကြည့်ချင်မြင်ချင်လို့ဖြစ်မှာပေါ့ဗျ။ သွေးမြေစရာကောင်းတဲ့ လူ့လောကမှာ အလွမ်းတေးတွေ ဖြေပြေရာမဲ့ အဖြစ်အပျက်မျိုးတွေကလွဲလို့ တခြားဘာမှမရှိဘူးဆိုတာကိုလည်း လူတွေ သိစေချင်တယ်နဲ့တူပါရဲ့ဗျာ"

❖ ❖ ❖



ချစ်ချစ်၏ရှေ့မှောက်၌ လှပသော အဝတ်အထည်မျိုးစုံကို စုပုံချထား၏။ အမျိုးသမီးနှစ်ယောက်တို့သည် ဝတ်စုံများကို တစ်ထည်ပြီးတစ်ထည် ပြနေသည်။ ဖန်စန်းချီကမူ ထိုအမျိုးသမီးများ၏ နောက်ဘက်၌ လက်ကိုနောက်ပစ်လျက် ရပ်နေ၏။ ဖန်စန်းချီက ပြုံးလျက် -

"ဟောဒီဝတ်စုံတွေအားလုံး အသစ်စက်စက်ချည်းပါပဲ၊ ဒီဝတ်စုံတွေအားလုံးကို ခင်ဗျားတို့ သုံးယောက်အတွက် ဝူးကျိုးမြို့က ဝယ်ယူခဲ့တာပါ"

ဝံကြောင်ကလေးသည် ထိုဝတ်စုံများရှိရာသို့ တစ်ချက်မျှ လှည့်မကြည့်ပါချေ။ သတ်ကာနီးဆဲဆဲ လူများအား ဤနည်းဖြင့် ကျီစယ်နေခြင်းမှာ မလုပ်ကောင်းသောအလုပ်ဟု စိတ်ထဲမှ တွေးနေမိ၏။

ဝမ်းလင်းဝါးကမူ ရယ်မောရင်း လှမ်းပြောသည်။

"ရှင်ပျော်ပျော်မြို့စားကြီးဟာ ဘာဖြစ်လို့ ကျုပ်တို့အပေါ် ဒီလောက် ဧည့်ဝတ်ကျေပွန်နေရတာလဲ၊ အဝတ်အစားသစ်တွေကို ကျုပ်တို့ကိုဝတ်ဆင်နိုင်းပြီး နောက်တော့ခေါင်းဖြတ်မယ်မဟုတ်လား၊ အဝတ်အစားဟောင်းတွေနဲ့ အလောင်းနဲ့ ကြည့်မကောင်းဘူးလို့များ ထင်နေသလားဗျ"

ဖန်စန်းချီက ပြုံးပြရင်း -

"ဩ - ခင်ဗျားတို့က ဘာမှမသိကြသေးဘဲကိုး"

ဝမ်းလင်းဝါးက မျက်နှာထားခပ်တည်တည်ဖြင့် မေးလိုက်၏။

"ကျုပ်တို့က အကျဉ်းသားတွေပဲ၊ ရိုးရိုးအကျဉ်းသားတွေတောင် မဟုတ်ဘူး။ တစ်နေ့လုံး တစ်ညလုံး သွေးကြောပိတ်ခံထားရတဲ့

အကျဉ်းသားတွေ၊ ဒီတော့ ကျုပ်တို့က ခင်ဗျားတို့ဘာစိတ်ကူးနဲ့ ဘာတွေစီစဉ်ထားမှန်း ကျုပ်တို့ဘယ်သိနိုင်ပါ့မလဲ"

ဖန်စန်းချီက ခွင့်လွှတ်သောမျက်နှာထားဖြင့် ရှင်းပြသည်။

"မှန်ပါတယ်ဗျာ - ခင်ဗျားပြောတာမှန်ပါတယ်၊ မနက်ဖြန်ကျရင် ရွှင်ပျော်ပျော်မြူးစားကြီးနဲ့ သခင်မဝေဝေတို့ရဲ့ မင်္ဂလာပွဲနေ့ အခမ်းအနားကျင်းပမှာဖြစ်ပါတယ်၊ ဒီအခမ်းအနားမှာ ခင်ဗျားတို့သုံးယောက်က အဝတ်အစားသစ်တွေနဲ့ တက်ရောက်ချီးမြှင့်ကြရမှာဖြစ်ပါတယ်"

"အို - သူတို့က တကယ့်ကို လက်ထပ်ကြတော့မှာကိုး၊ ဘုရား - ဘုရား"

ချစ်ချစ်သည် ကြားထဲမှ လွှတ်ခနဲပြောလိုက်မိသည်။ ဖန်စန်းချီက -

"မှန်ပါတယ်၊ တကယ်လက်ထပ်ကြမှာပဲ၊ အင်မတန်အရေးကြီးတဲ့ကိစ္စကြီးကကို ပျက်တီးပျက်ချော်လက်ထပ်တယ်လို့ ဘယ်ရှိပါ့မလဲ"

ချစ်ချစ်သည် သက်ပြင်းရှည်ကြီးချလိုက်၏။ ဤကိစ္စကြီးသည် ဝမ်းနည်းရမှန်း ဝမ်းသာရမှန်းမသိသော ကိစ္စတစ်ရပ်ဖြစ်နေသဖြင့် တစ်ကိုယ်တည်း ခပ်ကြောင်ကြောင် ရေရွတ်နေမိတော့သည်။

မနက်ဖြန် - မနက်ဖြန် - တော်တော်မြန်ပါကလား"

ဝံကြောင်ကလေးသည် ဖန်စန်းချီဝင်ရောက်လာချိန်မှစ၍ စကားတစ်ခွန်းမျှမပြောခဲ့ချေ။ ယခုမူ မပြောဘဲမနေနိုင်သဖြင့် ဝင်ပြောမိတော့၏။

"ကောင်းပါ့ဗျာ - မသေခင်ကလေးမှာ မင်္ဂလာပွဲကို လုလုပပ တက်ရောက်ချီးမြှင့်ဖူးတဲ့လူဆိုလို့ တစ်လောကလုံးမှာ ကျုပ်တို့



ချည်းပဲရှိမယ်နဲ့ တူပါရဲ့"

ဝမ်းလင်းဝါးကမူ သန်းခေါင်ထက် ညဥ့်မနက်တော့ ဟူသည့် သဘောဖြင့် ရယ်ရွှန်းဖတ်ရွှန်းပြောလိုက်၏။

"ဟား - ဟား - ဟား - ကျုပ်ကတော့ သဘောကျတယ်ဗျို့ မသေခင် မင်္ဂလာပွဲတစ်ပွဲတွေ့လိုက်ရတဲ့အတွက် ကျုပ်အတွက်တော့ သေပျော်တယ်၊ အိမ်ရှင်တွေက တကူးတကစီစဉ်ပေးမှတော့ ကျုပ်တို့က ငြင်းပယ်လို့လည်း သိပ်မကောင်းဘူး၊ ဒီတော့ ကျုပ်က အနီရောင်ဝတ်စုံကို ရွေးတယ်ဗျို့ ဒါမှ သိုက်သိုက်မြိုက်မြိုက် ခန့်ခန့်ညားညားဖြစ်သွားမှာ"

ဖန်စန်းချီက ဦးညွှတ်လိုက်ပြီး -

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဟောဒီက နောင်ကြီးဝံကြောင်ကလေးကကော ဘယ်ဝတ်စုံများ ကြိုက်နှစ်သက်ပါသလဲ"

ဝံကြောင်ကလေးက ရှုံ့မဲ့ရင်း -

"တော်စမ်းပါဗျာ၊ ကျုပ်တစ်သက်လုံးမှာ ဒီလိုတောက်တောက်ပြောင်ပြောင် အဝတ်အစားတွေ တစ်ခါမှမဝတ်ခဲ့ဖူးပါဘူး၊ ကျုပ်က လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားမှာ နေတဲ့လူဆိုတော့ ဘောင်းဘီစုတ်၊ အင်္ကျီစုတ်နဲ့ပဲ အသားကျနေတယ်၊ ဒီအဝတ်တွေကိုတော့ မဝတ်ပါရစေနဲ့ဗျာ၊ တောင်းပန်ပါတယ်"

ဖန်စန်းချီက ဝံကြောင်ကလေးအား အနူးအညွတ်တောင်းပန်သည်။ သူကဲ့သို့ ထင်ရာလုပ်နိုင်သည့် အခွင့်အာဏာရှိသူထံမှ ဤကဲ့သို့ တောင်းပန်စကားထွက်လာခြင်းမှာ လွန်စွာအံ့ဩဖွယ်ရာကောင်းလှသည်။ တောင်းပန်ခံရသူကိုလည်း လွန်စွာငြင်းပယ်ရခက်စေသည်။

"သခင်ကြီးဝမ်က အမိန့်ပေးမှတော့ ကျွန်တော့်အနေနဲ့ မလုပ်ရင်မဖြစ်တော့ဘူးဆိုတာ နောင်ကြီးဝံကြောင်ကလေး သိမြင်သဘောပေါက်မယ်လို့ ထင်ပါတယ်ဗျာ၊ နောင်ကြီးကလည်း ဟောဒီအနီရောင်ဝတ်စုံပဲယူပါလို့ ကျွန်တော်တောင်းပန်ပါတယ်"

ဝမ်းလင်းဝါးက ရယ်ရင်းဝင်ပြောသည်။

"ဝံကြောင်ကလေး - စောစောစီးစီး ခေါင်းမဖြတ်ချင်စမ်းပါနဲ့ဗျာ၊ အနီရောင်က မင်္ဂလာရောင်ပါဗျ၊ အနီရောင်ဝတ်စုံ ဝတ်ဆင်ရတဲ့အတွက် ကျေးဇူးတောင်တင်ဖို့ကောင်းတယ်၊ ဝမ်းမြောက်ဝမ်းသာရှိစမ်းပါဗျာ"

ဝံကြောင်ကလေးသည် ဆိတ်ဆိတ်နေဝန်ခံ ဆိုသည့် သဘောဖြင့် တိတ်ဆိတ်စွာနေလိုက်သည်။ ဖန်စန်းချီက ဝံကြောင်ကလေးအတွက် ဝတ်စုံကိစ္စအေးချမ်းသွားပြီဟု နားလည်သဘောပေါက်လိုက်သည့်အတွက် ချစ်ချစ်ရှိရာသို့ လှည့်၍မေးလိုက်ပြန် သည်။

"ဟောဒီက - ကြူးချစ်ချစ်ကကော ဘယ်လိုဝတ်စုံမျိုး၊ ဘယ်လိုအရောင်မျိုး အလိုရှိပါသလဲခင်ဗျာ"

ချစ်ချစ်သည် စိတ်မဝင်စားသည့်လေသံဖြင့် ခပ်ငေါ့ငေါ့ပင် မေးလိုက်၏။

စင်လုံကကော ဘာအရောင်များ ရွေးယူလိုက်သလဲ"

ဖန်စန်းချီက -

"ကျွန်တော် အဲဒါတော့ မမှတ်မိလိုက်ဘူးဗျာ"

"ယုံရမှာလားရှင့်၊ ဟောဒီစခန်းတစ်ခုလုံးမှာ ရှင်မသိတဲ့အရာတစ်ခုမှ မရှိပါဘူး"

ဖန်စန်းချီက စိတ်မသက်မသာလေသံဖြင့် ဖြေကြားလိုက်၏။



"သခင်ကလေးစင်လုံရဲ့ ကိစ္စအဝဝကို ကျွန်တော်တာဝန်မယူပါဘူး။ သခင်မဝေဝေကသာ တာဝန်ယူလုပ်ဆောင်ပါတယ်၊ ဒါ ကြောင့် ကျွန်တော်မသိတာပါ"

ချစ်ချစ်က အံကိုတင်းတင်းကြိတ်မိတော့၏။

"အင်း - နက်ဖြန်ပြီးသွားရင်တော့ ဝေဝေက စင်လုံအတွက် ဘာများ လုပ်ပေးနိုင်ဦးမှာလဲ၊ နက်ဖြန်ပြီးသွားတဲ့နောက် ဝေဝေ လုပ်ပေးနိုင်မယ့်အလုပ်က ဘာအလုပ်လဲ"

ဝမ်းလင်းဝါးက ချစ်ချစ်၏စကားကြောင့် သက်ပြင်းချလိုက်မိ၏။

"နက်ဖြန်ပြီးရင်ဆိုတဲ့စကားမှာ စင်လုံတစ်ယောက်တည်း တွေးလို့ မရဘူးလေဗျာ၊ ခင်ဗျားကော၊ ဝံကြောင်ကလေးကော၊ ကျုပ်ကော ဘယ်လိုဖြစ်ကြမလဲ"

မှန်သည်။ နက်ဖြန်ဆိုသည့်ကိစ္စနှင့် ဆက်စပ်စဉ်းစားလျှင် တစ်ယောက်ချင်း တစ်ဦးချင်း ကွက်ကွက်ကလေး စဉ်းစား၍မရပါ။ ရှင်ပျော်ပျော်မြို့စားကြီးနှင့် ဝေဝေတို့လက်ထပ်ပြီးလျှင် ကြေကွဲဖွယ်ရာ ယူကျုံးမရဖွယ်ရာများ မည်သို့ဖြစ်ပျက်လာမည်ကို မည်သူမျှ ကြိုတင်မသိနိုင်ပေ။

ဝံကြောင်ကလေးသည် သူတို့လေးယောက်၏ ဇာတ်သိမ်းခန်းကို မကြာမီမြင်တွေ့သိရှိရတော့မည်ဖြစ်၍ သက်ပြင်းချရင်း ညည်းညူလိုက်မိတော့သည်။

"မနက်ဖြန် - မနက်ဖြန် - မနက်ဖြန်ဆိုတာ ဘယ်လိုနေ့ရက်မျိုးပါလိမ့်ကွာ၊ မနက်ဖြန်ဆိုတာ ခဏခဏကြုံဖူးခဲ့ပါရဲ့၊ ဒါပေမယ့်

အခုကြုံတွေ့ရမယ့် မနက်ဖြန်ကိုတော့ ဘယ်လိုမနက်ဖြန်လဲဆိုတာ တွေးလို့ မရပါဘူးကွာ"

၀၀၀

ဝေဝေသည် ခုတင်ကိုမှီလျက် စင်လုံကိုကြည့်နေ၏။ သူမ၏ အကြည့်များသည် များသောအားဖြင့် အေးစက်စက်ဖြစ်နေတတ် သော်လည်း ယခုအခါတွင်မူ ပူနွေးနေဟန်ရှိသည်။ စင်လုံအား ချစ်ကြင်မြတ်နိုးသောအကြည့်ဖြင့် စူးစူးစိုက်စိုက်ကြည့်လျက်ရှိနေသည်။ သို့သော် သူမထံမှ ပေါ့ပျက်ပျက်ရယ်သံနှင့် ပေါ့ပျက်ပျက်ပြောလိုက်သည့် စကားသံသာ ထွက်လာ၏။

"မနက်ဖြန်ကျရင် ကျွန်မလက်ထပ်ရတော့မယ်ရှင့်၊ ရှင် - သိရဲ့လား"

"အေးလေ - မင်းပဲ မကြာခဏပြောနေတာပဲ၊ အဲဒါလောက်တော့ မှတ်မိပါတယ်ကွာ"

"ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားနေရသလဲ"

"ဘာခံစားရမှာလဲ၊ ဘာမှမခံစားရဘူး"

ဝေဝေသည် သူမ၏နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် သွားဖြင့် ကိုက်လိုက်မိသည်။ ထို့နောက် အသက်မပါသည့် အသံဖြင့်ရယ်လိုက်ရင်း -

"ဘာပြောတယ်ရှင့်၊ ဘာမှမခံစားရဘူး ဟုတ်လား။ မနက်ဖြန်ပြီးသွားရင် ရှင်ဘာဖြစ်မယ်ဆိုတာကို ရှင်မတွေးမိဘူးနဲ့တူတယ်-"



စင်လုံက ခပ်သဲ့သဲ့ရယ်လိုက်၏။

"သိပ်စောလွန်းပါတယ်ကွာ၊ မင်းပြောတဲ့ကိစ္စက မနက်ဖြန်ပြီးမှ ဖြစ်လာမယ့်ကိစ္စပါ၊ မနက်ဖြန်တောင်မရောက်သေးပဲနဲ့ ဘာဖြစ်လို့ နောက်တစ်နေ့ကို တွေးပူနေရမှာလဲ၊ မနက်ဖြန်ပြီးမှ နောက်တစ်နေ့ကို စဉ်းစားမယ်"

ဝေဝေက ဟက်ဟက်ပက်ပက်ရယ်လေတော့၏။

"ထားပါတော့လေ၊ နက်ဖြန်ဆိုတဲ့ နောက်တစ်နေ့အကြောင်း ရှင်မစဉ်းစားမိဘူးဆိုတာ ထားပါတော့၊ ဒါပေမယ့် နက်ဖြန်အကြောင်းကတော့ ရှင်မစဉ်းစားဘဲ နေနိုင်မှာမဟုတ်ဘူးလို့ ကျွန်မယုံတယ်၊ လူတစ်ထောင်သိရင် တစ်ထောင်လုံး စိတ်ဝင်စားမယ့် နေ့ကြီးရက်ကြီး မင်္ဂလာအခမ်းအနားမျိုးအတွက် ရှင့်စိတ်ထဲမှာ နည်းနည်းမှ ခံစားမှုမပေါ်ဘူးဆိုတာတော့ ကျွန်မမယုံဘူး"

စင်လုံက အေးအေးဆေးဆေးပင်ပြောသည်။ သူ့အေးဆေးပုံက သူ့ရင်ထဲမှ အမှန်စကားများကိုသာ ထုတ်ပြောနေခြင်းဖြစ်ကြောင်း သက်သေပြသကဲ့သို့ ရှိနေသည်။

"ကျုပ်ကတော့ တစ်စက်ကလေးမှ စိတ်မဝင်စားပါဘူးကွာ၊ စဉ်းစားပြီးတော့ ကျုပ်က ဘာလုပ်ရမှာလဲ"

ဝေဝေက ဒေါသဖြင့် အော်လိုက်၏။

"မနက်ဖြန်အတွက် စိတ်မဝင်စားနိုင်လောက်အောင် ဘာမှမခံစားတတ်လောက်အောင် ရှင်က သစ်သားရုပ်ဖြစ်နေလို့လား"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်လေတော့၏။

"သစ်သားရုပ်ဟာ နာခြင်း၊ ကျင်ခြင်း၊ ကိုက်ခဲခြင်းဆိုတဲ့ ဝေဒနာတွေ ဘာမှမသိနိုင်ဘူး၊ သစ်သားရုပ်ဖြစ်နေရင်တော့ အ

ကောင်းဆုံးပဲ၊ ကျုပ်ဟာ သစ်သားရုပ်တော့မဟုတ်ပါဘူး။ ဒါပေ မယ့် နက်ဖြန်အတွက်တော့ စိတ်ထဲမှာ ဘာမှမလှုပ်ရှားတာလဲ အမှန်ပဲ"

ဝေဝေသည် တွေခနဲဖြစ်သွားသည်။ ထို့နောက် သဘော ပေါက်သွားဟန်ဖြင့် ဟက်ဟက်ပက်ပက်ရယ်သည်။

"ရှင့်အကြောင်း မသိရင်ခက်မယ်၊ ရှင့်စိတ်ထဲမှာ ဘာတွေ ကြံစည်နေသလဲ၊ ကျွန်မကို ပြောစမ်းပါဦး"

စင်လုံက ခပ်သဲ့သဲ့ရယ်လိုက်၏။

"မင်းက အမျိုးမျိုးပဲ၊ အခုပဲ ငါ့ကိုသစ်သားရုပ်လားလို့ သံ သယနဲ့မေးသေးတယ်၊ အခုပဲ ဘာတွေကြံစည်နေပြန်သလဲလို့ မေး ပြန်တယ်၊ ငါက သစ်သားရုပ်မဟုတ်ပေမယ့် သစ်သားရုပ်နီးပါးလူ ဆိုတော့ ဘာတွေကြံစည်နိုင်မှာလဲကွာ"

ဝေဝေက ရယ်လျက် -

"တော်စမ်းပါရှင်၊ ရှင့်အကြောင်းမသိရင်ခက်မယ်၊ ကျွန်မကို ရှင်ညာလို့ရမယ်မထင်နဲ့၊ ရှင့်လိုလူလား - အခုလို အေးအေးဆေး ဆေး ငုက်ပျောတုံးကြီးလို အသေခံမှာ၊ ရှင်ဟာ အသတ်ခံရလို့ အသက်ငင်နေတဲ့အချိန်မှာတောင် လွတ်မြောက်ရေးအတွက် ကြိုး စားနေမယ့်လူ -"

"ဟုတ်ချင်လဲ ဟုတ်မှာပဲလေ၊ ဒါပေမယ့် ကျုပ်ကို အဲဒီ လောက် အထင်မကြီးပါနဲ့ကွာ"

"ဟင်း - ဟင်း - ဟင်း - အထင်မကြီးပါဘူးရှင်၊ အထင် မကြီးပါဘူး။ ရှင်ဘယ်လောက် ကြိုးစားကြိုးစား ကျွန်မကတော့ မပူသေးဘူး။ ရှင့်ကြိုးစားချက်တွေဟာလည်း သဲထဲရေသွန်ဖြစ်မှာ သေချာတယ်"



"ဟုတ်ရဲ့လား"

"ဟင်း - ဟင်း - ဟင်း - ရှင်က သရော်တယ်ပေါ့လေ၊ သရော်စမ်းပါ၊ သရော်စမ်းပါ၊ ဘယ်နှစ်ရက်လောက် သရော်နိုင်မလဲ ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့၊ အင်း မနက်ဖြန်ကျရင်တော့ နှစ်ထောင်ပေါင်းများစွာအတွင်းမှာ အထူးခြားဆုံး အဆန်းကြယ်ဆုံး ဆိုတဲ့ မင်္ဂလာပွဲကြီးကို ကျင်းပတော့မယ်၊ ဒီမင်္ဂလာပွဲကြီးဟာ ပျော်ရွှင်စရာတွေရှိသလို ဝမ်းနည်းစရာတွေလည်းရှိမယ်၊ မနက်ဖြန် ကျင်းပတဲ့မင်္ဂလာပွဲကြီးဟာ သိုင်းလောကထဲမှာ နှစ်ထောင်ပေါင်းများ စွာ ပြောစမှတ်တွင်ကျန်ရစ်မယ့် မင်္ဂလာပွဲဖြစ်တယ်၊ သိုင်းလောက ကြီးအတွက် သရော်စရာနေ့ရက်၊ အထိတ်တလန့်ဖြစ်စရာ နေ့ရက် ကြီးလည်းဖြစ်တယ်"

စင်လုံသည် စကားတစ်ခွန်းမှမပြောဘဲ တိတ်ဆိတ်ငြိမ်သက် စွာ နားထောင်နေသည်။ ဝေဝေသည် အားမလိုအားမရဖြစ်လာဟန် ဖြင့် စင်လုံ၏လက်မောင်းကို ကိုင်လှုပ်ရင်း တဖွဖွပြောနေပြန်၏။

"ဒီကစ္စကြီးတစ်ရပ်လုံး အောင်မြင်လာအောင် ကျွန်မဟာ အချိန် အများကြီးပေးခဲ့ရတယ်၊ အစီအစဉ်တွေ အသေးစိတ် ရေးဆွဲခဲ့ရ တယ်၊ အခုဆိုရင် ကျွန်မရဲ့အစီအစဉ်တွေအားလုံးလိုလိုကို အကောင် အထည်ဖော်နိုင်ခဲ့ပြီ ဘယ်သူ့ရဲ့ နှောင့်ယှက်ဖျက်ဆီးမှုကိုမှ ကျွန်မ လက်မခံဘူး၊ လာရောက်ဖျက်ဆီးမယ့်လူလည်း မရှိတော့ဘူး။ ကဲ - ကျွန်မရဲ့မင်္ဂလာပွဲမှမအောင်မြင်ရင် ဘယ်မင်္ဂလာပွဲက အောင်မြင် တော့မှာလဲ"

ဝေဝေသည် ကျေနပ်နှစ်သိမ့်စွာဖြင့် ရယ်မောနေလေ၏။

❖ ❖ ❖

ကြီးမြတ်သော မင်္ဂလာနေ့ရက်ကြီးသည် နောက်ဆုံးတွင် ကျရောက်လာခဲ့လေသည်။ အစီအစဉ်များသည် ကွေ့ကောက်ခြင်း၊ တိမ်းချော်ခြင်း၊ သွေဖည်ခြင်းမရှိဘဲ အောင်မြင်စွာ ဖြစ်မြောက်လာခဲ့သည်။

ဝံကြောင်ကလေးသည် တောက်ပသည့် အနီရောင် ဝတ်ရုံကြီးကို ဝတ်ဆင်ထားလျက်ရှိပြီး လွန်စွာသန့်ရှင်းသပ်ရပ်နေ၏။ သို့သော် မျက်နှာအမူအရာကမူ ဒေါသများ တရိပ်ရိပ်ထလျက်ရှိနေသည်။

ဝမ်းလင်းဝါးက ရယ်ရင်း -

“နောင်ကြီး ဝံကြောင်ကလေး အခုလိုဝတ်ဆင်လိုက်ရုံနဲ့ ဒီလောက် သားသားနားနားဖြစ်လာလိမ့်မယ်လို့ ကျုပ်ဖြင့် မထင်မိဘူးဗျာ၊ အခုဆိုရင် ခင်ဗျားဟာ သတို့သားလောင်းတစ်ယောက်လို့ တောင်ထင်မှတ်များနေရပြီ။

ဝံကြောင်ကလေးမှာ ဝတ်စုံအနီဝတ်နေရသဖြင့် စိတ်မသက်မသာဖြစ်ရသည့်အထဲ ဝမ်းလင်းဝါး၏ လှောင်ပြောင်မှုကို ကြားလိုက်ရသည့်အခါ အလွန်ဒေါသထွက်သွားမိ၏။

“မင်းကိုယ်မင်းလဲ ပြန်ကြည့်စမ်းပါဦး၊ ဘာကောင်ဖြစ်နေပြီလဲဆိုတာ”

ဝံကြောင်ကလေးက ဒေါသဖြစ်လွန်းသဖြင့် ဝမ်းလင်းဝါးကို အော်ဟစ်ဆဲဆို၏။ ဝမ်းလင်းဝါးသည် ဝံကြောင်ကလေးအော်ဟစ်ဆဲဆိုပုံကိုကြည့်၍ အလွန်ရယ်ချင်၏။ သို့သော် တကယ်တမ်းတွင်မူ မရယ်နိုင်တော့ဘဲဖြစ်သွားရပါ၏။ အဘယ်ကြောင့်ဆိုသော် အပြင်ဘက်မှ ရုတ်တရက်ပစ်ဖောက်လိုက်သည့် ဗျောက်အိုးဖောက်သံများသည် နားကွဲလုမတတ် မြည်ဟည်းသွားသောကြောင့်ပေတည်း။



ဝံကြောင်ကလေး၊ ဝမ်းလင်းဝါးနှင့် ချစ်ချစ်တို့မှာ ဝတ်ကောင်း
လှများ ဝတ်ဆင်ထားကြရသော်လည်း စင်စစ်တွင် ကုလားထိုင်
လုံးစီ၌ ရုပ်သေးရုပ်များသဖွယ် ထိုင်နေကြရခြင်းသာဖြစ်ပါသည်။
ျာက်အိုးသံများ တိတ်ဆိတ်သွားသည်နှင့် လူများသည် သူတို့
ားထိုင်များကို မ,ထုတ်သွားကြတော့၏။

သူတို့အား ခေါ်ထုတ်သွားရာလမ်းတစ်လျှောက် အားလုံး အကဲ
ကြည့်နေမိကြသည်။ အဆောက်အအုံကြီးအတွင်းသာ တစ်ခန်း
တစ်ခန်း၊ တစ်လမ်းပြီးတစ်လမ်း ခေါ်သွားခြင်းဖြစ်ကြောင်း အား
သတိပြုမိကြ၏။

နေရာတကာ၌ မီးပုံးများ ချိတ်ဆွဲထားပြီး ကန့်လန့်ကာများ၊
များ၊ ပိုးပဝါများ စသည်တို့ကို လှပစွာပြင်ဆင်ထား၏။ သို့
ထူးဆန်းသော ရှေးဟောင်းရုပ်တုရုပ်ကြွများ၊ ပွတ်လုံးကြီးများ
ဤနေရာ၌ ရှေးလူတို့၏ဝိညာဉ်များ တည်ရှိနေသည့်နေရာဖြစ်
င်း သတိပေးညွှန်ပြလျက်ရှိ၏။ မှန်၏။ ဤနေရာသည် ယိုလန်
၏ မင်းနေပြည်တော်ဟောင်းကြီး မဟုတ်ပါလား။ ဤနေရာ၌
သောင်းမကသော ဝိညာဉ်များရှိနေခဲ့ပေလိမ့်မည်။

ည်သို့ပင်ဖြစ်စေ ရွှင်ပျော်ပျော်မြို့စားကြီးကမူ အ,မင်္ဂလာ မြင်
များကို တတ်နိုင်သမျှ ဖျောက်ဖျက်ထား၏။ ကျောက်ဖြူလှေ
ိုင်း၌ အနီရောင်ကော်ဇောကြီးများ ခင်းထား၏။

ဤသို့ဖြင့် ဝံကြောင်ကလေး၊ ဝမ်းလင်းဝါးနှင့် ချစ်ချစ်တို့သည်
အခမ်းအနားကျင်းပမည့် ခန်းမကျယ်ကြီးထဲသို့ ရောက်ရှိလာ
ကြ၏။

အတန်ငယ်မြင့်သည့်နေရာတွင် ကျောက်သားများဖြင့် ပြု ထားသည့် စားပွဲကြီးတစ်လုံးနှင့် ကုလားထိုင်ကြီးနှစ်လုံး အ ချထား၏။ ရွှင်ပျော်ပျော်မြူးစားကြီးနှင့် သူ၏ကြင်ယာတော်လေ ထိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်ပေလိမ့်မည်။

ထို့ထက်နိမ့်သော အောက်ဘက်တွင် စားပွဲရှည်ကြီးများ လက်ဝဲလက်ယာ နှစ်ဘက်စလုံး၌ ခင်းကျင်းထားပြီး ထမင်း ဟင်းလျာများ၊ သစ်သီးများ စသည်ဖြင့် ရှားပါးလှသော စားသေ ဖွယ်ရာများကို လှပခမ်းနားစွာ ပြင်ဆင်ထားသည်။

တူများ၊ ခွက်များ၊ ပန်းကန်များမှာ ရွှေ၊ ငွေ၊ ကျောက်သ မြားအစတီပြီးသော ပစ္စည်းများဖြစ်သည်။ ဤမျှအဖိုးတန်သော ပ များကို မည်သည့်မင်္ဂလာအခမ်းအနားကမျှ အသုံးပြုနိုင်လိမ့် မဟုတ်ချေ။

မကြာမီအချိန်အတွင်း မင်္ဂလာအခမ်းအနားသို့ တက်ေ သည့်လူများ ဝင်လာကြသည်။ သူတို့သည် ဝတ်စုံသစ်မျ တောက်ပပြောင်လက်နေ၏။ ရယ်ရယ်မောမောစကားပြော သည်။ သို့သော် သူတို့၏စိတ်ထဲ၌ လေးလံနေကြသည်။ တစ်ခုသော အဖြစ်ဆိုးကြီးများသည် မကြာမီကျရောက်လာ မည်ဟု အလိုလိုသိနေမိကြသည်။ မည်သည့် အန္တရာယ်ဆိုးပြ ကိုတော့ မည်သူကမျှ တိတိကျကျ မသိနိုင်ကြပါပေ။

❖ ❖ ❖



မကြာမီ စင်လုံထိုင်နေသည့် ကုလားထိုင်ကို လူများ မ.ယူ ဆောင်လာတော့၏။ ချစ်ချစ်သည် စင်လုံကို ကြိမ်ဖန်များစွာ ၏။ ပြုံးနေသော စင်လုံ၏မျက်နှာကိုလည်း ယခင်က တွေ့ ပါ၏။ သို့သော် ယခုတစ်ကြိမ်တွင်မူ စင်လုံ၏မျက်နှာကို ညှိုချင်အောင်ဖြစ်လာသဖြင့် မျက်နှာလွှဲပစ်လိုက်မိသည်။

သယ်ဆောင်လာသည့် အစောင့်များသည် စင်လုံ၏ကုလား ကို ချစ်ချစ်၏ ကုလားထိုင်ဘေး၌ ယှဉ်၍ချထားလိုက်ကြသည်။

"ချစ်ချစ် - နေလို့ထိုင်လို့ အဆင်ပြေရဲ့လား"

ချစ်ချစ်သည် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ရင်း မျက်နှာလွှဲ ပြန်၏။ စင်လုံကို ကြည့်လည်းမကြည့် စကားလည်း မပြောပေ။

စင်လုံက ခပ်ပြုံးပြုံးမေးလိုက်၏။

"ချစ်ချစ် - ကျုပ်ကို စိတ်ကောက်နေပြီနဲ့တူတယ်၊ ဘာဖြစ်လို့ ကို စကားမပြောတာလဲ"

ချစ်ချစ်၏မျက်နှာသည် စင်လုံဘက်သို့လှည့်လာ၏။ သို့သော် ၏မျက်လုံးများသည် နီရဲလျက်ရှိပြီး မျက်ရည်များကျလုမတတ် ၏။

စင်လုံက ကြင်နာစွာမေးလိုက်သည်။

"ချစ်ချစ် - မင်း ဘာတွေစိတ်ထိခိုက်နေပြန်ပြီလဲ"

ချစ်ချစ်က အံကြိတ်ရင်း ပြန်ပြော၏။

"ကျွန်မက ရှင့်လောက် ပျော်ပျော်ပါးပါးမနေနိုင်တော့ စိတ် ရတာပေါ့ရှင်"

စင်လုံမှာ တအံ့တသြဖြစ်သွားတော့သည်။

"ဘုရားရေ - ကျုပ်က ပျော်ပျော်ပါးပါးနေနိုင်တယ် ဟုတ်လ

"ဘာလဲ မဟုတ်ဘူးလား။ ရှင့်ကို အစားအသောက်ကျွေး လူရှိနေပြီ၊ အင်္ကျီအဝတ်အစား လဲပေးမယ့်လူရှိနေပြီ၊ ရှင့်ကို ယုယပေးမယ့်လူလည်း ရှိနေပြီ ဒါတောင် ရှင်ကမပျော်နိုင်သေ လား"

သူမ၏စကားဆုံးသည်နှင့် မျက်ဝန်းအိမ်မှ မျက်ရည်ဥကြီ သည် တလိမ့်လိမ့်ကျဆင်းလာလေတော့၏။ စင်လုံသည် ချစ် ဆိုလိုရင်းကို သဘောပေါက်သွားပြီး တစ်ချက်မျှ ရယ်လိုက်မိ

"ဩော် - မင်းက ကျုပ်ကို စိတ်ကောက်နေတာကိုး"

ချစ်ချစ်က ဒေါသဖြင့် အော်လိုက်သည်။

"ဘာ စိတ်ကောက်ရမှာလဲ၊ ရှင့်ကို ကျွန်မတစ်ခုလောက် စမ်းပါရစေဦး။ သူ့ဆီမှာ ရှင့်ပစ္စည်းရှိနေပြီလို့ ဟိုတစ္ဆေမက ကို လာပြောတယ်၊ အဲဒါဘာပစ္စည်းလည်း ကျွန်မကို တိတိ ပြောစမ်းပါရှင်"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်ရင်း -

"မင်းကတော့ ခက်နေပြီ ကျုပ် စကားဆိုရင် မယုံဘူး ပြောတဲ့စကားတွေဆိုရင်တော့ မင်းက မျက်စိမှိတ်ပြီး ယုံ ပဲ"

ချစ်ချစ်သည် နာကြည်းစွာပြောလိုက်မိ၏။

"ရှင့်စကားကို ဘယ်လိုလုပ်ပြီး ယုံရမှာလဲ၊ ရှင့်ပါးစပ် မပျော်ဘူးလို့ပြောတယ်၊ ရှင်မျက်နှာကတော့ ပြုံးလို့ရယ် မျက်နှာက မပျော်တဲ့မျက်နှာလား"



စင်လုံသည် ခပ်တိုးတိုးပြောလိုက်၏။

"ချစ်ချစ် - ကလေးဆန်မနေစမ်းပါနဲ့ကွာ၊ ကျုပ်ပျော်နေတာ အကြောင်းရှိပါတယ်၊ ဒါပေမယ့် မင်းပြောတဲ့ အကြောင်းကြောင့် တော့ မဟုတ်ပါဘူး"

ချစ်ချစ်က အလျင်စလိုမေးလိုက်၏။

"ဘာအကြောင်းလဲရှင့်၊ ရှင်းရှင်းလင်းလင်းပြောစမ်းပါ၊ ရှင်းရှင်း လင်းလင်းမပြောဘဲနဲ့တော့ ကျွန်မ ဘယ်စိတ်အေးနိုင်ပါ့မလဲ - "

စင်လုံ၏အသံက ပို၍တိုးသွား၏။

"အခုအချိန်မှာတော့ ဘယ်လိုမှ မပြောနိုင်သေးဘူး၊ တော် တော်ကြာလောက်ဆိုရင်တော့ မင်းကိုယ်တိုင် သိလာမှာပါ"

စင်လုံ၏မျက်လုံးများ၌ ခန့်မှန်းရခက်သည့် အလင်းရောင်များ တောက်ပနေသည်။ မည်သည့်အတွက် ဤမျှတောက်ပနေခြင်းဖြစ် ကြောင်းကို ချစ်ချစ်မခန့်မှန်းနိုင်ဘဲဖြစ်နေသည်။ ဤတောက်ပမှုများ သည် စင်လုံပြောသည့် လျှို့ဝှက်ချက်နှင့် ဆက်စပ်နေသည်လား တော့ မဆိုနိုင်ပေ။

ချစ်ချစ်သည် သက်ပြင်းရှည်ကြီးတစ်ချက်သာ ချမိတော့၏။ သူမသည် စင်လုံအား တစ်ခွန်းတစ်ပါဒမျှ ဆက်မမေးတော့ချေ။

ထိုအချိန်တွင် စားပွဲများ၊ ကုလားထိုင်များ၌ လူများပြည့်နက် နေချေပြီ။ သူတို့အားလုံးသည် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာ သော သူစိမ်းသူရှံဆံ ဧည့်သည်များမဟုတ်ကြပေ။ ရှင်ပျော်ပျော် မြို့စားကြီး၏ လက်အောက်ငယ်သားများသာ ဖြစ်ပါ၏။ သူတို့သည် ရယ်ရယ်မောမောရှိကြသော်လည်း အားလုံး သေသေဝပ်ဝပ် စည်း ကမ်းတကျရှိကြသည်။

ထိုစဉ် ဖန်စန်းချိဝင်လာတော့သည်။ သူသည် ညှော်ခန်းမကြီးကို ကျော်လွန်၍ လျှောက်လာပြီး ထိပ်ဆုံးနား၌ရှိနေသည့် စင်လုံတို့ထံသို့ ရောက်ရှိလာ၏။ သူ၏ခါး၌အမြဲတစေချိတ်ဆွဲထားသည့် ဓားရှည်ကို မတွေ့ရတော့ပေ။ မင်္ဂလာအခမ်းအနား၌ မချိတ်ဆွဲလိုသဖြင့် ဖြုတ်ချထားခဲ့ဟန်တူသည်။

ဖန်စန်းချိ၏ အမူအရာမှာ ပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွပင် ရှိနေသည်။ ဤမင်္ဂလာပွဲသည် သူ့အားအမှန်တကယ်ပင် ပျော်ရွှင်တက်ကြွစေဟန်တူသည်။

စင်လုံက နှုတ်ဆက်လိုက်၏။

"ဖန်စန်းချိ ခင်ဗျားကြည့်ရတာ ပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွပါပဲလား။ အလုပ်တွေတော့ သိပ်များနေမှာပဲနော် -"

ဖန်စန်းချိက စင်လုံအား ဦးညွှတ်နှုတ်ဆက်လိုက်၏။

"အလုပ်များတဲ့အတွက်တော့ ကျွန်တော်စိတ်မညစ်ပါဘူးဗျာ၊ အခုလိုမင်္ဂလာအခမ်းအနားအတွက် အလုပ်များရတာက တခြားကိစ္စတွေမှာ အလုပ်များတာထက် ပျော်စရာကောင်းပါတယ်ဗျာ"

စင်လုံက ခပ်ပေါ့ပေါ့လေသံဖြင့် မေးလိုက်၏။

"ဒီ အဆောက်အအုံရဲ့ အပြင်ဘက်မှာကော ရာသီဥတု အခြေအနေကောင်းရဲ့လား"

ဖန်စန်းချိမှာ စင်လုံ၏အမေးစကားကို ချက်ချင်းသဘောပေါက်သည်။ စင်လုံက ဤအဆောက်အအုံပတ်ဝန်းကျင်၌ ရန်သူတို့၏ ဘေးအန္တရာယ်များ ကင်းရှင်းပါ၏လောဟု မေးမြန်းစုံစမ်းလိုက်ခြင်းသာဖြစ်သည်။ ဖန်စန်းချိက ရယ်ရင်း -

"မိုးသားတိမ်လိပ်တွေကင်းစင်တဲ့ ကောင်းကင်ပြာပြာကြီးကို



မြင်တွေ့နေရတော့ ရာသီဥတုအခြေအနေ သာယာတယ်လို့ ဆိုနိုင်မယ်ထင်ပါတယ်၊ သွေးထွက်သံယိုဖြစ်စရာအကြောင်းလည်း ရှိမယ်မထင်ပါဘူးဗျာ"

စင်လုံက ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"တကယ်ပဲ သွေးထွက်သံယို ကိစ္စမျိုး မရှိနိုင်ဘူးလားဗျ"

"မရှိနိုင်ပါဘူးဗျာ၊ ဟောဒီစခန်းရဲ့ မိုင်နှစ်ရာသုံးရာအတွင်းမှာ အိပ်ကို အေးချမ်းနေပါတယ်၊ ရန်သူနဲ့တူတာဆိုလို့ အရိပ်အယောင်တောင်မှမတွေ့ရပါဘူး။ အားလုံး အေးအေးချမ်းချမ်းသာသာယာယာရှိနေပါတယ်၊ ဘယ်သူမှလည်း နှောင့်ယှက်ရဲမှာ မဟုတ်ပါဘူး"

"အင်း - ခင်ဗျားကတော့ အားလုံးကို သေသေချာချာ စေ့စေ့စပ်စပ်ပြင်ဆင်ထားတာကိုး။ ခင်ဗျားလို လူမျိုးတစ်ယောက် ရထားတဲ့အတွက် ရွှင်ပျော်ပျော်မြို့စားကြီး စိတ်အေးလက်အေး အိပ်နိုင်တာပဲ၊ နို့မို့ရင် သူ့စခန်းလုံခြုံရေးကို သူ့ဖာသာ ထလုပ်နေရမှာသေချာတယ်"

ဖန်စန်းချိသည် စင်လုံအား ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ - ကဲ - သခင်လေးစင်လုံ၊ ချူးချစ်ချစ်၊ ဝံကြောင်ကလေးနဲ့ ဝမ်းလင်းဝါးဆိုတဲ့ လူလေးယောက်ကတော့ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ မင်္ဂလာပွဲမှာ အထူးညှော်သည်တော်ကြီးများဖြစ်ပါတယ်၊ ဒီမင်္ဂလာပွဲကြီးမှာ ခင်ဗျားတို့အားလုံး ပျော်ရွှင်မြူးဆန်းကြလိမ့်မယ်လို့လည်း ကျွန်တော် မျှော်လင့်ပါတယ်ဗျာ"

ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေသည့် ချစ်ချစ်က ရုတ်တရက်ဝင်မေးလိုက်သည်။

"ညှော်သည်တော်က ကျွန်မတို့လေးယောက်တည်းပဲလား၊

သည့်ပြင် ဧည့်သည်တော်တွေကော မလာကြဘူးလား"

ဖန်စန်းချိုက ရယ်ရယ်မောမောပင် ဖြေကြားသည်။

"သိုင်းလောကထဲက ခင်ဗျားတို့လေးဦးကလွဲလို့ ဘယ်သူမျှ ဒီနေရာကို ထွန်းထွန်းပေါက်ပေါက်ရောက်လာနိုင်မှာလဲ ရှင်ပျော်ပျော် မြို့စားကြီးရဲ့ မင်္ဂလာပွဲကို ခင်ဗျားတို့အပြင် တက်ရောက်နိုင်မယ် ဘယ်သူ့ကိုမျှ မြင်ထားကြလို့လဲဗျာ"

"ဟင်း - ဟင်း - ဟင်း - ရှင်ပြောပုံအရဆိုရင် ကျွန်မတို့က တကယ့်လူစွမ်းကောင်းတွေဖြစ်နေပါလားရှင်၊ ကြည့်စမ်းပါဦးရှင် လူစွမ်းကောင်းတွေရဲ့အဖြစ်ကတော့ ရယ်စရာကြီးပါပဲ"

ထိုစဉ် မြင်းစီးသူရဲကောင်းနံပါတ်သုံးသည် ရုတ်တရက်ဝ ရောက်လာပြီး သူသည် ဖန်စန်းချိုအား သုတ်သီးသုတ်ပျာပြောလို က်၏။

"နောင်ကြီး - အဆင်သင့်ဖြစ်ပြီဆိုရင် သခင်ကြီးဆီ လာ ပါဦး။ သခင်ကြီးက မင်္ဂလာအခမ်းအနားစတင်ဖို့ အမိန့်ပေးနေပါ

ဖန်စန်းချိုသည် သုတ်သီးသုတ်ပျာဖြင့် မြင်းစီးသူရဲကော နံပါတ်သုံးနောက်သို့ လိုက်ပါသွားသည်။ သူတို့ထွက်သွားပြီး မကြ မှာပင် တူရိယာများ စတင်တီးမှုတ်လေတော့၏။ မင်္ဂလာအခမ်းအ စတင်ပေတော့မည်တကား။

ယောကျ်ားကလေးနှင့် မိန်းကလေးဆယ့်ခြောက်တွဲတို့သ တူရိယာတေးသွားအတိုင်း ကော်ဇောနီကြီးပေါ်မှ အေးအေးငြိမ့် လျှောက်လာကြသည်။ သူတို့၏ တစ်ဖက်တစ်ချက်တွင် ပန်းဆွဲ များကိုလည်း ကိုင်ဆောင်ထားကြသည်။

ထိုစဉ် ပရိသတ်ထုကြီး၏ဘေးမှ ကွင်းပတ်လျှောက်လာ



မိန်းကလေးလေးယောက်တို့သည် စင်လုံတို့၏နောက်သို့ ရုတ်ခြည်း ရောက်ရှိလာသည်။ ထိုမိန်းကလေးများသည် စင်လုံတို့လူစုသောက် ရန် ကရားထဲမှ အရက်များကို ခွက်ငယ်များအတွင်းသို့ လောင်းငှဲ့ ပေးကြသည်။ စင်လုံက ပြုံး၍ -

"အခုလို ပြုစုတာကို ကျေးဇူးတင်ပါတယ်"

ထိုအမျိုးသမီးကလေးများအနက် တစ်ယောက်သည် အရက် ခွက်များကို ရှေ့သို့တိုးပေးရင်း စင်လုံ၏နားဝသို့ တိုးကပ်လာကာ တီးတိုးပြောလိုက်၏။

"သခင်ကလေး ကောင်းကောင်းသတိထားပါ၊ သခင်ကလေး ပါးစပ်ကသာ မဖွယ်မရာတစ်ခုခုထွက်လာရင် ဓားမြှောင်နဲ့ အဆုံး ထိုးသွင်းလိုက်လို့ သခင်မက အမိန့်ပေးလိုက်ပါတယ်၊ ဓားမြှောင်ထိုး သွင်းရမယ့်နေရာကိုတောင် သတ်မှတ်ပေးလိုက်ပါတယ်ရှင်"

စင်လုံက တီးတိုးရယ်လိုက်သည်။

"ဘယ်နေရာကို ထိုးသွင်းရမယ်တဲ့လဲ"

ထိုမိန်းကလေးက ခပ်တိုးတိုးဖြေသည်။

"သခင်ကလေးရဲ့ ကျောကုန်းမှာရှိတဲ့ စိန်ခွ်ီးသွေးကြောထဲကို ပါ"

စင်လုံသည် သူ့ရဲဘော်များဘက်သို့ မျက်လုံးများဝေ့စောင်း၍ ကြည့်လိုက်၏။ ချစ်ချစ်မှာ အတော်ကလေး မျက်စိမျက်နှာပျက်လျက် ရှိနေသည်။ ထို့ကြောင့် မိန်းကလေး၏ခြိမ်းခြောက်စကားများကို ချစ်ချစ်ကြားသွားပြီဖြစ်ကြောင်း စင်လုံနားလည်သဘောပေါက်လိုက် မိသည်။

ချက်ချင်းလိုပင် ချွန်မြသော ဓားဦးချွန်များသည် သူတို့လေး

ယောက်၏ နောက်ကျောများကို ထောက်ထားပြီးဖြစ်နေသည်။ စင်လုံ ကရယ်ရင်းပြောလိုက်သည်။

"မင်းတို့သခင်မကတော့ လွန်တယ်ကွာ၊ ဒီလောက်တောင် သတိဝီရိယကြီးဖို့ မလိုပါဘူးကွ၊ ငါတို့က သေလူတွေပါ၊ ဘာမှလည်း လုပ်ရှားနိုင်စွမ်းမရှိပါဘူး၊ မဖွယ်မရာပြောလို့လည်း တို့အဖို့ အသက် ရှင်လမ်းမရှိပါဘူး။ ဒီတော့ အကျိုးမဲ့မဖွယ်မရာစကားကို ငါတို့က ဘယ်ပြောပါတော့မလဲကွာ၊ သူ့လမ်းသူသွားနေတာ ငါတို့က ဘာ ဖြစ်လို့ တားရတော့မှာလဲ"

အမျိုးသမီးကလေးက တီးတိုးပြောလိုက်၏။

"သခင်ကလေးပါးစပ်က ဘာမှထွက်မလာဘူးဆိုရင်တော့ အ ကောင်းဆုံးပဲပေါ့ရှင်"

သူမသည် စင်လုံ၏နားဝအနီး၌ ကပ်နေရာမှ အနည်းငယ်ခွာ၍ ကိုယ်ကိုမတ်လိုက်၏။ သို့သော် - သူမလက်ထဲမှ ဓားမြှောင်ကမူ စင်လုံ၏ကျောသို့ မယိမ်းမယိုင်ထောက်ထားလေ၏။

ဝေဝေ၏အစီအစဉ်များ၌ တစ်ကွက်မျှ ယိုပေါက်မရှိချေ။ လစ် ကွက်ဟာကွက်မှန်သမျှကို မည်သို့ပိတ်ဆို့ရမည်ကို ကြိုတင် စဉ်းစား ထားပြီးဖြစ်နေသည်။ သူမအနေဖြင့် ကြိုတင်တွက်ချက်ထားသည့် အချက်တစ်ချက်မှာ စင်လုံသည် အရေးအကြီးဆုံးသောအချိန်၌ သူမ ၏ လျှို့ဝှက်ချက်ကို ဖွင့်ပြောနိုင်သည်ဆိုသော အချက်ပေတည်း။

သူမသည် မည်သည့်အမှားအယွင်းကိုမျှ လက်မခံပေ။ သူမ ကိုယ်တိုင်လည်းမမှား၊ သူမနှင့် ဆက်နွယ်ခဲ့သူများထံမှ အမှားအ ယွင်းထွက်ပေါ်လာခြင်းများကိုလည်း လုံးဝမလိုလားပေ။ ထို့ကြောင့် သူမ၏ လက်မရှုံ့အခြေအရံလေးဦးကို စင်လုံထံမှ ထွက်ပေါ်လာနိုင်



သည့် အမှားအယွင်းများကို ပိတ်ဆို့တားဆီးရန် အချိန်မီစေလွှတ် လိုက်ခြင်း ဖြစ်လေတော့၏။

စင်လုံသည် မျက်နှာ၌ပြုံးနေသော်လည်း စိတ်ထဲ၌မူ မသက် မသာကြီးဖြစ်နေမိသည်။ ထိုအချိန်၌ မိန်းကလေးနှင့် ယောက်ျား ကလေးစုံတွဲ ဆယ့်ခြောက်တွဲတို့သည် ခန်းမကြီးထဲမှ ထွက်ခွာသွား ကြပြီဖြစ်လေ၏။

မကြာမီ ပါးလွှာသော ရောင်စုံဇာပဝါများ ဝတ်ဆင်ထားကြ သည့် မိန်းမချောကလေး ဆယ့်ခြောက်ယောက်တို့သည် တူရိယာ တေးသံနှင့်အညီ စည်းချက်ဝါးချက်ကျကျ လျှောက်လှမ်းလာကြ သည်။ တူရိယာတေးဂီတသံများသည်လည်း ပို၍ငြိမ့်ညောင်းလာ သည်။

ထိုအချိန်တွင် စင်လုံတို့လေးဦးမှတစ်ပါး ကျန်ညေ့်သည် ပရိသတ်အားလုံး မတ်တပ်ရပ်လျက်ရှိနေကြလေပြီ၊ အဘယ့်ကြောင့် ဆိုသော် သတို့သားလောင်းဖြစ်သည့် ရွှင်ပျော်ပျော်မြို့စားကြီးထွက် လာနေသည်ကို အားလုံးတွေ့ရှိလိုက်ကြ၍ဖြစ်၏။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ခရမ်းရောင် တောက်ပနေသည့် ပိုးဝတ်စုံကို ဝတ်ဆင်ထား၏။ ငှက်မွေးများထိုးထားသည့် ဦးထုပ် မြင့်မြင့်ကြီးတစ်လုံးကိုဆောင်းထားပြီး လွန်စွာခန့်ညားလှသည့် ဣန္ဒြေကိုဆောင်လာ၏။ သူ၏မုတ်ဆိတ်မွေးများကို သေသေသပ်သပ် ဖြီးသင်လာခဲ့သဖြင့် သူ့မုတ်ဆိတ်မွေးများသည် မီးရောင်အောက်၌ အရောင်တောက်ပနေသည်။ သို့သော် သူ၏မျက်နှာရိုးပေါ်၌ရှိနေ သည့် အမာရွတ်တစ်ခု အထင်းသားဖြစ်နေသည်။

သူ၏ဘေးနားတွင် မြင်းစီးသူရဲကောင်းနံပါတ်တစ်ဖြစ်သည် ဖန်

စန်းချိုက ယှဉ်တွဲပါလာသည်။ သူ၏အနောက်တက်တွင်မူ သူရသတ္တိ အလွန်ရှိကြောင်း ဖော်ပြရန်မလိုသည့် အမူအရာအားဖြင့်လည်းကောင်း။ ရုပ်သွင်လက္ခဏာအားဖြင့်လည်းကောင်း သိရှိနိုင်သည့် လူငယ်သုံးယောက် စောင့်ရှောက်ပါရှိလာသည်။

အကယ်၍ ရှင်ပျော်ပျော်မြို့စားကြီးအား လူသုံးဆယ်ဝင်ရောက်တိုက်ခိုက်ပါက ထိုလူငယ်သုံးယောက်က တွန်းလှန်နိုင်မည်ဖြစ်သည်။ အသို့သော် ဤမျှအထိအခြေအနေ ဆိုးရွားလာနိုင်မည်မဟုတ်ပေ။ ဘယ်ကြောင့်ဆိုသော် ဖန်စန်းချိုသည် ယိုလန်မင်းမြို့တော်ဟောင်း၏ ပတ်လည်၌ သူ၏သိုင်းသမားများကို အထပ်ထပ်ချထားသောကြောင့်ပေတည်း။

ရှင်ပျော်ပျော်မြို့စားကြီးသည် တစ်ခေတ်တွင် တစ်ယောက်ပေါ်ထွန်းသည့် သိုင်းပညာရှင်ကြီးတစ်ယောက်အဖြစ် သူ့ကိုယ်သူ ဂုဏ်ယူဝံ့ကြွားလျက် ဟိတ်ဟန်မှင်မောင်းအပြည့်ဖြင့် လျှောက်လှမ်းလာနေသည်။

ထိုစဉ် ဝံကြောင်ကလေးက -

“ဟင် - ရှင်ပျော်ပျော်မြို့စားကြီးရဲ့ သတို့သားလောင်းအခင်းအပြင်ကလည်း ရယ်စရာကြီးပါလား။ ဇာတ်မင်းသားပဲလုပ်တော့မလိုလို၊ ဟိုဒင်းပဲလုပ်တော့မလိုလိုနဲ့ -”

ဝံကြောင်ကလေး၏ စကားသံမှာ တိုးတိုးပြောလိုက်သည့် အသံဖြစ်သော်လည်း ရှင်ပျော်ပျော်မြို့စားကြီးအနေဖြင့် ပီပီသသကြီး ကြားလိုက်ရသည်။ သူ့ဘေးမှ ဖန်စန်းချိုမှာမူ မျက်စိမျက်နှာပျက်နေတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် စူးရှလှသည့် သိမ်းငှက်မျက်လုံး



များဖြင့် ဝံကြောင်ကလေးအား လှမ်းကြည့်လိုက်သည်။ ဤသို့ စူးစူးရဲရဲကြည့်လိုက်သည့်အကြည့်ကြောင့် အချို့လူများသည် ဒူးတဆတ်ဆတ်တုန်သွားရမည်ဖြစ်သည်။ သို့သော် ဝံကြောင်ကလေးဆိုသည်က အခြားသူတစ်ဦးမဟုတ်ပါပေ။

ဝံကြောင်ကလေးသည် ရှင်ပျော်ပျော်မြို့စားကြီး၏ မီးခဲမျက်လုံးများကို မသိဟန်ဆောင်လျက် အော်ဟစ်နှုတ်ဆက်လိုက်လေ၏။

“မင်္ဂလာပါဗျာ - မင်္ဂလာပါ၊ ဒီနေ့ဟာ ကြီးကျယ်မြင့်မြတ်တဲ့ မင်္ဂလာပွဲကြီးပါ။ ခင်ဗျားသိပ်ပြီး ဒေါသမထွက်ဖို့ ကျုပ်ကြိုကြိုတင်တင် တောင်းပန်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အင်မတန်နူးညံ့ သိပ်မွှေးလှတဲ့ ခင်ဗျားရဲ့သတို့သမီးလောင်းကလေး ထွက်ပြေးသွားမှာ စိုးလို့ပါဗျာ”

ဧည့်ပရိတ်သတ်အပေါင်းမှာ ဝံကြောင်ကလေး၏ မထီမဲ့မြင်စကားကြောင့် တုတ်တုတ်မျှမလှုပ်ရဲကြတော့ပေ။ အားလုံးထိတ်လန့်တကြားဖြစ်သွားကြသည်။ ရှင်ပျော်ပျော်မြို့စားကြီး၏ ဒေါသမည်သို့ပေါက်ကွဲလာမည်ကို စိုးရိမ်တကြီး စောင့်ကြည့်နေမိကြသည်။ သို့သော် -

“ဟား - ဟား -.ဟား - ဝံကြောင်ကလေး မင်းစိတ်ချလက်ချနေစမ်းပါကွာ၊ ငါရဲ့သတို့သမီးဟာ ယုန်အသည်းနဲ့မိန်းကလေးမဟုတ်ပါဘူးကွာ၊ ငါ့သတို့သမီးကို ကြောက်လန့်အောင်လုပ်နိုင်မယ့်လူ လောကထဲမှာ မရှိသေးဘူးဆိုတာကို မင်းယုံကွ”

ဝမ်းလင်းဝါးက သက်ပြင်းချရင်း ထောက်ခံလိုက်၏။

လူပရိသတ်အားလုံးသည် ရှင်ပျော်ပျော်မြို့စားကြီး၏ ရယ်မောသံကြောင့် တင်းထားသည့်အကြောများ အလိုလိုပြေလျော့

ကျသွားကြ၏။ ရွှင်ပျော်ပျော်မြို့စားကြီး၏ ဒေါသသည် အံ့ညြလောက်အောင်ပျက်ကြေသွားခဲ့ပေသည်။ ထို့ကြောင့် အားလုံးဟင်းချလိုက်ကြပြီး ရယ်ရယ်မောမောစကားပြောလာနိုင်ကြသည်။

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူ့အတွက် သတ်မှတ်ထားသည့် ကျောက်ခုံမြင့်ထက်သို့ တက်သွားပြီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ သတို့သားတော့ ရောက်လာပေပြီ။ သတို့သမီး ရောက်လာရန်သာ ကျန်ပေတော့သည်။ ထို့ကြောင့် ဧည့်ပရိသတ် အားလုံးတို့သည် သတို့သမီးကို တမျှော်မျှော်ရှိနေကြတော့၏။

သို့သော် လက်ဖက်ရည်အိုးတစ်အိုး ပွက်ပွက်ဆူလောက်သည့် အချိန်အထိ သတို့သမီး၏ အရိပ်အယောင်ကို မတွေ့မြင်ကြရသဖြင့် ဧည့်ပရိတ်သတ်များ လှုပ်လှုပ်ရွရွဖြစ်သွားကြတော၏။

ချစ်ချစ်က ကျယ်လောင်စူးရှစွာ ပြောလိုက်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ဘယ်လို မင်္ဂလာပွဲလဲ၊ သတို့သမီးက ဘယ်မှာလဲ၊ သတို့သားရောက်နေတာ ကြာလှပြီ၊ အခုဆိုရင် ထွက်လာဖို့ သင့်နေပြီပေါ့"

ဝံကြောင်ကလေးက ထပ်မံ၍ ဖြည့်စွက်လိုက်ပြန်၏။

"ကြည့်ရတာ မင်္ဂလာဆောင်ရမှာကြောက်ပြီး ထွက်ပြေးသွားပြီနဲ့တူတယ်"

သူတို့သည် သတို့သမီး၏ အခြေအနေမဟန်တော့ကြောင်း ရိပ်မိလိုက်ကြသဖြင့် ရွှင်ပျော်ပျော်မြို့စားကြီးအား ဒေါသမထွက်အောင် ဆွပေးနေကြခြင်းဖြစ်၏။ သူတို့အားလုံး ရွှင်ပျော်ပျော်မြို့စားကြီးကို လုံးဝမကြောက်ရွံ့ကြတော့ပေ။ သေချိန်ကလည်း ကပ်နေပြီမဟုတ်ပါလား။



ချစ်ချစ်နှင့် ဝံကြောင်ကလေးတို့၏ ထိုးနှက်ချက်သည် အောင်မြင်ပါ၏။ အဘယ်ကြောင့်ဆိုသော် ရွှင်ပျော်ပျော်မြို့စားကြီး၏ မျက်နှာမှာ ချက်ချင်းညှိုပုပ်လာသောကြောင့်ပေတည်း။

သူသည် ဖန်စန်းချီဘက်သို့ ခေါင်းငဲ့လျက် တီးတိုးမေးလိုက်၏။

"ဝေဝေ ဘယ်ရောက်နေသလဲ"

ဖန်းစန်းချီက တီးတိုးပြန်ပြောသည်။

"လွန်ခဲ့တဲ့ တစ်နာရီလောက်က ပန်းပေါင်းတစ်ရာအဆောင်တော်ထဲမှာ သခင်မ အလှပြင်နေပါတယ်"

"သူ့ပတ်ဝန်းကျင်မှာ ဘယ်သူတွေရှိနေသလဲ၊ သံသယဖြစ်စရာလူတွေ ရှိနေသလား"

"သခင်မဘေးမှာ ရှိနေတဲ့လူတွေကို ကျွန်တော်သတိထားကြည့်ခဲ့ပါတယ်၊ အလှပြင်တဲ့ဆရာကြီးက တစ်ယောက်၊ အဲဒီဆရာကြီးကိုကူမယ့် မိန်းမဖော် အသွားကြီးကနှစ်ယောက်၊ ပြီးတော့ သခင်မရဲ့ အနိုင်းအစေမကတစ်ယောက်"

ရွှင်ပျော်ပျော်မြို့စားကြီးက စိုးရိမ်တကြီး မေးလိုက်၏။

"ဘာ - အလှပြုပြင်တဲ့ဆရာကြီး၊ သူက ဘယ်ကရောက်လာတာလဲ - "

ဖန်စန်းချီက တီးတိုးရှင်းပြသည်။

"အဲဒီ အလှပြုပြင်တဲ့ဆရာကြီးဟာ မဟာတံတိုင်းကြီးအပြင်ဘက်မှာ အတော်ကလေး ထင်ရှားကျော်ကြားတဲ့ဆရာကြီးပါ၊ နှစ်ပေါင်းငါးဆယ်လောက်အထိ သူဟာကျော်ကြားခဲ့ပြီးပါပြီ၊ သူဌေးကြွယ် မင်းစိုးရာဇာတွေရဲ့ သားသမီးတွေ မင်္ဂလာပွဲကျင်းပတဲ့

အခါတိုင်း ဒီဆရာကြီးကို ပင့်ဖိတ်ကြရတာချည်းပါပဲ၊ လူရိုးလူဖြောင့်ကြီးတစ်ယောက်ပါ"

"မင်း - သူ့ကို သေသေချာချာ စုံစမ်းစစ်ဆေးခဲ့ရဲ့လား"

"ဟုတ်ကဲ့ - ကျွန်တော် သေသေချာချာစေ့စေ့စပ်စပ်စုံစမ်းစစ်ဆေးခဲ့ပါတယ်၊ တစ်ခြားလူတစ်ယောက် သူ့အသွင်ရုပ်ပြောင်းပြီး ဝင်လာတာမဟုတ်ပါဘူး။ နောက်တစ်ချက်က သူ့ဆီမှာ ထူးထူးခြားခြား ဘာပစ္စည်းမှလည်း မပါပါဘူး။ ဒါကြောင့် ဝင်ခွင့်ပေးလိုက်တာပါ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်စွာ ရယ်မောလိုက်၏။

"ဟောဒီနှစ်ရက်အတွင်းမှာ ငါ့စိတ်တွေဟာ မင်္ဂလာအခမ်းအနားဆီပဲ ရောက်နေတယ်၊ တစ်ခြားကိစ္စဝိစ္စတွေမှာ ပေါ့ပေါ့ဆဆဖြစ်နေမိတယ်၊ ဒီတော့ မင်းကပိုပြီး ဂရုစိုက်ပါ၊ မင်းကို ငါယုံတယ်"

ဖန်စန်းချိုက ဦးညွှတ်လိုက်၏။

"စိတ်ချပါ သခင်ကြီးခင်ဗျား၊ သခင်ကြီးဝမ်က ကျွန်တော့်ကို ယုံကြည်လေ၊ ကျွန်တော်က အသက်စွန့်ပြီး တာဝန်များကို ထမ်းဆောင်လေပါပဲခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးမှာ သူ၏လက်နှစ်ဖက်ကို အားရကျေနပ်စွာ ပွတ်သပ်ရင်း -

"ကောင်းပါလေရဲ့ကွာ၊ ကောင်းပါလေရဲ့"

ဟု နှုတ်မှ ရေရွတ်နေတော့၏။ သို့သော် ချက်ချင်းပင် ခေါင်းကို ဆတ်ခနဲခါလိုက်ပြီး -

"ဒါပေမယ့် သူကဘာဖြစ်လို့ အခုအချိန်အထိ ရောက်မလာ



သေးတာလဲ"

ဖန်စန်းချိုက -

"စောစောကပဲ ကျွန်တော်လူလွှတ်ပြီး သခင်မကို ပင့်ခေါ်နိုင်းလိုက်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးက တီးတိုးပြောလိုက်၏။

"မင်းကိုယ်တိုင် သွားကြည့်ပါလား။ ပန်းပေါင်းတစ်ရာအဆောင်ထဲမှာ ပြဿနာတစ်ခုခုများ ရှိနေလို့လားမသိဘူး"

ရှင်ပျော်ပျော်မြို့စားကြီးသည် ချက်ချင်းပင် ဦးခေါင်းထောင်လာပြီး -

"ဟော - လာနေပြီ"

ရှင်ပျော်ပျော်မြို့စားကြီး၏ နားအကြားစွမ်းအင်မှာ လွန်စွာကောင်းလှ၏။ ဟောလာနေပြီဟု ပြောလိုက်ခြင်းမှာ လွန်စွာတိုးတိတ်ညင်သာလှသည့် ခြေသံများကို ကြားလိုက်ရ၍ဖြစ်သည်။ ထိုခြေသံများကို အခြားမည်သူမျှ မကြားရချေ။

ရှင်ပျော်ပျော်မြို့စားကြီး၏ ရှင်လန်းသွားသောဟန်ပန်နှင့် တံခါးသို့ လှမ်းကြည့်လိုက်သည့် ဟန်ပန်ကြောင့် ပရိသတ်အားလုံးက တံခါးပေါက်သို့ မျှော်ကြည့်လိုက်မိကြသည်။

မှန်ပါသည်။ သတို့သမီး - ရှင်ပျော်ပျော်မြို့စားကြီး၏ ကြင်ယာတော်လောင်း ဝိညာဉ်ကိုထိန်းချုပ်သခင်မဝေဝေသည် အမှန်တကယ်ပင် တံခါးဝ၌ ပေါ်လာခဲ့ပါချေပြီ။

❖ ❖ ❖

သူ၏ခြေလှမ်းများသည် ပျောင်းနွဲ့လှ၏။ ငြိမ့်ညောင်းသော ခြေတေးသွားနှင့်အတူ လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းလာသည်။ ခြေတစ်လှမ်းလျှင် ကုဋေတစ်သန်းတန်သည်ဟူသော ခြေလှမ်းမျိုးဖြစ်ပါ၏။

သူမ၏ကိုယ်ပေါ်တွင် အရောင်ငါးမျိုးပါဝင်သော ဇာပဝါအင်္ကျီကို ဝတ်ဆင်လာ၏။ ဇာပဝါအင်္ကျီပေါ် ဝတ်ရုံရှည်ကြီးတစ်ထည် လွှမ်းခြုံထားသည်။ ထိုဝတ်ရုံရှည်ကြီးသည် တစ်ကိုယ်လုံးကို ဖုံးအုပ်မနေချေ။ တစ်ချို့တစ်ဝက်သည် ခန္ဓာကိုယ်ပေါ်၌ လွှမ်းခြုံထားပြီး တစ်ချို့တစ်ဝက်က ခြေနင်းကော်ဇောပေါ်၌ တရွတ်ဆွဲ၍ပါလာ၏။

သူမ၏ ဦးခေါင်းထက်တွင် ဦးထုပ်တစ်လုံး ဆောင်းထား၏။ ထိုဦးထုပ်မှာ သာမန်ဦးထုပ်မဟုတ်ပေ။ ငှက်တစ်ကောင်၏ ဦးခေါင်းပုံကို လုပစွာပုံဖော်ထားသည့် ဦးထုပ်ဖြစ်နေသည်။ ထိုဦးထုပ်၏ အစွန်အဖျားများတွင်လည်း ပုလဲကုံးများ ချိတ်ဆွဲထားသဖြင့် သူမ၏ မျက်နှာကို ပီပြင်ပြည့်ဝစွာ မတွေ့မြင်နိုင်ပေ။ သူမ၏ ပင်ကိုယ်အလှအပ သူမ၏ အဝတ်အစားအဆင်အပြင်နှင့် သူမလျှောက်လှမ်းလာပုံများအရ သူမကို မိုးကျနတ်မယ်အလား ထင်မှတ်မှားရပေတော့သည်။

မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသူများမှာ ပုရိသယောကျ်ားများချည်းသာဖြစ်၍ မိန်းမတစ်ယောက်၏ အလှအပကို ခံစားတတ်ကြသူချည်းဖြစ်နေသည်။ သူတို့၏စိတ်ထဲ၌ ဤကဲ့သို့ အသေလှပသော မိန်းမမျိုးကိုသာရပါက အသက်ဆယ်သက်မျှပင် အသေခံသင့်သည်ဟု ယူမှတ်မိကြလေ၏။

လူတစ်ဦးက တီးတိုးပြောလိုက်သည်။

"ဘယ်သူပဲဖြစ်ဖြစ်၊ ဒီလောက်လှပတဲ့ မိန်းကလေးကို လက်



ထပ်ခွင့်ရတဲ့လူဟာ ရှေးဘဝက ရေစက်ပေါင်းကြောင့်ပဲ ဖြစ်ရမယ်"

"ဟုတ်တယ် - ဟုတ်တယ်"

တီးတိုးထောက်ခံသံများသည် စုပေါင်းသွားပြီး ကျယ်လောင်လှသည့် အသံကြီးဖြစ်သွားသည်။ သို့သော် စင်လုံတစ်ယောက်ကတော့ သည်မိန်းကလေးအား လက်ထပ်ပေါင်းသင်းမိသူသည် ကံဆိုးမိုးမှောင်ကျသူသာဖြစ်ကြောင်း စိတ်ထဲမှ ပြောနေမိပါ၏။

ယခုအခါ သေချာပေါက် ကံဆိုးရာမည့်သူမှာ ရှင်ပျော်ပျော်မြို့စားကြီးမှတစ်ပါး အခြားသူမရှိပြီ။ ရှင်ပျော်ပျော်မြို့စားကြီးဆိုသည့်အတိုင်း ချမ်းသာသုခအမျိုးမျိုးကို အမျိုးမျိုးအဖုံဖုံခံစားခဲ့သည်။ သို့သော် ယခုအချိန်မှစ၍ နောင်တွင် ဤပုဂ္ဂိုလ်ကြီးသည် မည်သည့်ပျော်ရွှင်သုခကိုမျှ ခံစားရတော့မည်မဟုတ်ပေ။ ဤအကြောင်းကို စင်လုံမှတစ်ပါး အခြားမည်သူမျှ စဉ်းစားတွေးခေါ်နိုင်ခဲ့ခြင်းမရှိပေ။

ဝေဝေသည် ကော်ဇောနီကြီးခင်းထားသည့် လှေကားထစ်များပေါ်သို့ တစ်လှမ်းချင်းတစ်လှမ်းချင်း နင်း၍တက်လာ၏။ ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကြီးကို ပွတ်သပ်လျက် ကျေနပ်နှစ်သိမ့်စွာကြည့်နေ၏။ မုတ်ဆိတ်မွေးကို ပွတ်သပ်နေသည့် လက်ချောင်းများမှ စိန်လက်စွပ်သုံးကွင်းသည် တဖျိုးဖျိုးတဖျပ်ဖျပ် တောက်ပနေ၏။

ဝံကြောင်ကလေးက ရုတ်တရက်အော်ဟစ်လိုက်သည်။

"ဘယ်လိုလဲဗျ၊ သတို့သားက တယ်ညံ့ပါလား၊ သတို့သမီးလာနေတာကို မတ်တတ်ရပ်ပြီး ကြိုဆိုဖို့သင့်တာပေါ့"

ရှင်ပျော်ပျော်မြို့စားကြီးက အားပါးတရ ရယ်မောလိုက်သည်။ ဝံကြောင်ကလေး၏စကားကို လက်ခံသည့်အနေဖြင့် မတ်တပ်ရပ်၍ ကြိုဆိုလိုက်သည်။

"ဟုတ်တယ်ဟေ့၊ သတို့သမီးကို မတ်တပ်ရပ်ကြိုဆိုမှ တန်ဖိုးထားရာ ပိုရောက်သကိုးကွ"

သူသည် တဟားဟားရယ်မောရင်းမှ တစ်ကိုယ်တည်းပြောနေသည်။

"ငါက လူသာမန်တွေလိုပဲ ဩဘာစာရွတ်ပြီး မင်္ဂလာဘိတ်သိပ်ခံရဦးမှာလား"

သူသည် ဧည့်ပရိသတ်များကိုကြည့်ပြီး အောင်မြင်ခန့်ညား သော အသံကြီးဖြင့် ပြောလိုက်၏။

"ကဲ - ဟောဒီမင်္ဂလာအခမ်းအနားဟာ ဒီအချိန်ကစပြီး ဟော ဒီမင်္ဂလာအခမ်းအနားရဲ့ အဓိကအချက်ကတော့ လောကမှာ အလှဆုံ အချောဆုံးဆိုတဲ့ မိန်းကလေးကို ကျုပ်ပိုင်ဆိုင်လိုက်ပြီဆိုတဲ့ အချက် ပဲ"

ဝေဝေသည် ကြောက်သလို ရှုံ့သလို ရှက်သလိုဖြစ်လာမိသည် ရှင်ပျော်ပျော်မြို့စားကြီးအနီး ခေါင်းကလေးငုံ့လျက် ရပ်နေရာမှ တိ တိုးပြောလိုက်၏။ ထိုတိုးတိုးစကားကို ရှင်ပျော်ပျော်မြို့စားကြီးမှ တစ် အခြားမည်သူမျှ မကြားနိုင်ပေ။

"ကျေးဇူးတင်ပါတယ် သခင်ကြီးဝမ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် ရှက်စနိုးဖြစ်နေသော ဝေဝေအ ကြည့်ရင်း ချစ်ဇောဟုန်များ တက်ကြွနေမိတော့၏။ ထို့နော ကျေနပ်အားရစွာ တဟားဟားရယ်မောရင်း လက်ခုပ်တဖြေ



ဖြောင်းတီးလိုက်၏။ သူသည် ဖန်စနန်းချိဘက်သို့ စောင်းငဲ့ကြည့်ရင်း အမိန့်ပေးလိုက်၏။

"မြင်းစီးသူရဲကောင်းနံပါတ်တစ် ငါ့ရဲ့အထူးဧည့်သည်တော် လေးဦးအတွက် အရက်မပြတ်စေနဲ့"

"ထွီ - "

တံတွေးလှမ်းထွေးလိုက်သောအသံကြောင့် ရှင်ပျော်ပျော်မြို့စား ကြီးသည် စင်လုံတို့လူသိုက်အား လှမ်းကြည့်လိုက်၏။ ထွီခနဲတံ တွေးထွေးလိုက်သူမှာ ဝံကြောင်ကလေးဖြစ်သည်။ သူတို့အား ရှင် ပျော်ပျော်မြို့စားကြီး လှမ်းကြည့်လိုက်သည်နှင့် အားမနာပါးမနာ လှမ်းပြောလိုက်သည်။

"ခင်ဗျားရဲ့ ကောင်မစုတ်ကလေးတွေကို အရက်လာမတိုက်နိုင်း နဲ့၊ လာတိုက်နိုင်းတာနဲ့ ကျုပ်ကတော့ ထွေးထုတ်ပစ်မှာပဲ၊ ဘယ့် နယ်ဗျာ၊ အထူးဧည့်သည်တော်၊ အထူးဧည့်သည်တော်နဲ့ ဂုဏ်ပုဒ် က နည်းနည်းနောနောဂုဏ်ပုဒ်မဟုတ်ဘူး။ အရက်ကျတော့ ကိုယ့် ဖာသာကိုယ်တောင် ယူသောက်နိုင်ခွင့်မပေးခဲ့ဘူး။ ကျုပ်တို့လေး ယောက်ကို ကြောက်လိုက်တာလည်း လွန်ပါရောပဲဗျာ၊ အဲဒီလိုဆို လည်း အထူးဧည့်သည်တော်ဘာညာ ခေါ်မနေနဲ့တော့ ရှင်ပျော်ပျော် မြို့စားကြီး ကြောက်ရွံ့ရသော အကျဉ်းသားဧည့်သည်တော်များလို့ပဲ ခေါ်လိုက်ပါတော့"

ရှင်ပျော်ပျော်မြို့စားကြီးမှာ တွေဝေ၍သွားတော့သည်။ ထို့နောက် ဖန်စနန်းချိဘက်သို့လှည့်၍ အမိန့်ပေးလိုက်၏။

"မြင်းစီးသူရဲကောင်းနံပါတ်တစ်၊ သူတို့ရဲ့လက်ဝဲဘက်လက်တွေ လှုပ်ရှားနိုင်အောင် အကြောဖွင့်ပေးလိုက်စမ်း။ လက်တစ်ဘက် လှုပ်

ရှားနိုင်ရင် သူတို့အားလုံး အရက်ခွက်ကိုကိုင်ပြီး သောက်နိုင်ပြီ၊ ဒီ နေ့လို နေ့ထူးနေ့မြတ်မှာတော့ အားလုံးစိတ်ချမ်းသာအောင် လိုက် လျောရမှာပဲ၊ အရက်ကိုလည်း မပြတ်စေနဲ့၊ သူတို့လိုသလောက် ရအောင် ဆောင်ရွက်ပေးလိုက်ပါ"

စင်လုံတို့လူသိုက်မှာ လက်ဝဲဘက်လက်ကို သွေးကြောဖွင့်ပေး ခြင်းခံရသော်လည်း အရက်ခွက်ကိုင်နိုင်ရုံမျှအပ အခြားမည်သို့မျှ မဆောင်ရွက်နိုင်ဘဲဖြစ်နေသည်။ ဘေးမှစောင့်ဆိုင်းနေသည့် အ စောင့်အကြပ်များကလည်း သူတို့လေးယောက်အား မျက်စိဒေါက် ထောက်ကြည့်ရှုနေကြ၏။

ဤသို့ဖြင့် စင်လုံတို့လူသိုက်မှာ ဟင်းသီးဟင်းရွက်ဖပ်များကို ကောက်ဝါးလိုက်၊ အရက်သောက်လိုက်သာ လုပ်နေကြရတော့သည်။ ထိုအလုပ်မှတစ်ပါး အခြားအလုပ်များကိုလည်း မလုပ်နိုင်။

ရွှင်ပျော်ပျော်မြို့စားကြီးကမူ လွန်စွာပျော်ရွှင်မြူးတူးနေတော့ သည်။ အဘယ်မှာလျှင် မပျော်ရွှင်ဘဲ ရှိပါအံ့နည်း။ ယခုအချိန်၌ သူ့ဘဝ၌ ရည်မှန်းချက်အားလုံး အောင်မြင်ပြီဟု မဆိုနိုင်သေးသော် လည်း ကိုးဆယ်ရာခိုင်နှုန်းနီးပါးမျှ အောင်မြင်နေပြီဖြစ်၍ အောင်ပွဲ သရဖူဆောင်းလုလုအချိန်ဟု သတ်မှတ်နိုင်ပြီမဟုတ်ပါလား။

သူသည် အရက်များများသောက်နိုင်သူဖြစ်သည့်အားလျော်စွာ အရက်များကို တစ်ခွက်ပြီးတစ်ခွက် သောက်နေတော့သည်။ ထို့ နောက် မာနတက်ကြွသောလေသံဖြင့် စင်လုံအား လှမ်းမေးလိုက် ၏။

"စင်လုံ မင်းဟာအတွေးအခေါ်ကောင်းတယ်၊ ဘယ်အရာကို မဆို ဝေဖန်ဆန်းစစ်တတ်တယ်၊ ကဲ - မင်းပဲ ဆန်းစစ်ဝေဖန်ကြည့်



စမ်းကွာ၊ သိုင်းလောကထဲမှာ ငါ့လောက်အောင်မြင်တဲ့လူ ရှိခဲ့သေး သလားလို့"

ဤကား လူ့သဘာဝပေတည်း။ အောင်မြင်မှု၌ မယစ်မူးသော သူဟူ၍ မရှိပေ။ ထိပ်ဖျားသို့ရောက်ရှိလာလျှင် ငါနှင့်ငါသာ နှိုင်း စရာဟူသော မာနစိတ်များ ဝင်ရောက်လာလျက် ခြေဖျားထောက် မောက်ကြွားကြလေတော့သည်။ ရွှင်ပျော်ပျော်မြို့စားကြီးသည်လည်း မာနတက်ကြွသည့်စကားကို ဆိုနေလေပြီ။

စင်လုံက ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး -

"ယုတ်မာမှု၊ ကောက်ကျစ်မှု၊ မတော်မတရားမှုတွေနဲ့ အတိပြီး နေတဲ့ အောင်မြင်မှုဆိုတာ ကြာရှည်ခံတဲ့ အောင်မြင်မှုမျိုးမဟုတ် ပါဘူး။ ခင်ဗျားလို မတော်မတရား စုစည်းရရှိထားတဲ့ အောင်မြင်မှု မျိုးကို မဆိုထားနဲ့ တရားသဖြင့် ရရှိစုဆောင်းထားတဲ့ အောင်မြင်မှု၊ စည်းစိမ်၊ ဥစ္စာဓနဆိုတဲ့ လောကီရဲ့ဆုလာဘ်အားလုံးဟာ လေအဟုန် ကြောင့် လွင့်ပါးပျောက်ကွယ်သွားနိုင်တဲ့ လုပတဲ့ တိမ်စိုင်တိမ်ခဲ ကြီးများလိုပါပဲ၊ ဒါတွေအားလုံးဟာ တစ်ခဏပါပဲ"

ရွှင်ပျော်ပျော်မြို့စားကြီး၏မျက်နှာ၌ ဒေါသအရိပ်အယောင်များ ထွက်ပေါ်လာသည်။ တဖြည်းဖြည်းညိုပုပ်လာသည်။ သူ့အား ချီးမြှင့် ထောက်ခံသည့်စကားကို မကြားရဘဲ ရှုတ်ချပြစ်တင်သည့်စကားကို ကြားလိုက်ရသောအခါ မခံချိမခံသာ ခံစားလာမိသည်။

"ဟော့ကောင် စင်လုံ၊ မင်းဟာ ငါ့ရဲ့အကျဉ်းသားတစ်ယောက် ဖြစ်တယ်ဆိုတာ မေ့နေပြီလား။ ငါ့ခြေဖဝါးအောက်က အကျဉ်းသား ဆိုတာ မေ့နေပြီလား"

စင်လုံက ရွှင်ပျော်ပျော်မြို့စားကြီးအား စိတ်မဆိုးပါ။ အောင်

မြင်မှု ယစ်မူးသူမှန်သမျှသည် အမှန်တရားကို လက်သင့်မခံတတ်ကြချေ။ တလူလူလွင့်တက်နေသည့်စွန်သည် ကြိုးမှပြတ်လျက် မြေပြင်သို့ပြန်ကျမှ နောင်တရသကဲ့သို့ အောင်မြင်မှု၌ ယစ်မူးသောသူသည်လည်း နိမ့်ပါးကျဆုံးသောအခါမှ အသိတရားရတတ်လေသည်။

စင်လုံက ခွင့်လွှတ်သောအပြုံးဖြင့်ကြည့်ရင်း -

"ကျုပ်က အမှန်တရားကို စေတနာအပြည့်နဲ့ ပြောတာပါဗျာ၊ ကျုပ်ရဲ့ ပျားသကာစကားက ခင်ဗျားအတွက် တမာလိုခါးနေမယ်ဆိုရင်တော့ ကျုပ်လည်း ဘာမှမတတ်နိုင်ပါဘူး"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် စင်လုံအားကြည့်နေ၏။ သူ၏ အပြုအမူနှင့် သူ၏ ခက်ထန်သော စကားလုံးများက မင်္ဂလာခန်းမတစ်ခုလုံးအား မီးကို ရေနှင့်သတ်လိုက်သကဲ့သို့ ရှဲခနဲငြိမ်သက်သွားစေ၏။ ရယ်မော သံများ ဆူညံသံများ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ချစ်ချစ်နှင့် ဝံကြောင်ကလေးတို့၏ အကြောအချဉ်များမှာလည်း တင်းတင်းကျပ်ကျပ်ကြီး ဖြစ်လာသည်။ ဆိုးရွားသောအခြေအနေ သည် တဒင်္ဂအတွင်း သေခြင်းတရားကို ပေးနိုင်ကြောင်း သူတို့နား လည်မိကြသည်။

သို့သော် - တင်းမာခက်ထန်နေသော ရွှင်ပျော်ပျော်မြို့စားကြီး က ရုတ်ချည်းရယ်မောလိုက်ပြန်သဖြင့် ခန်းမကြီးတစ်ခုလုံး အံ့ဩ သွားကြရပြန်သည်။

"ဟား - ဟား - ဟား - စင်လုံ - စင်လုံ မင်းကငါ့ကို မနာလိုဝန်တိုဖြစ်နေတာကိုး။ ဟုတ်တယ် မဟုတ်လား။ မင်းဟာ



ငါ့ရဲ့ကြီးကျယ်ခမ်းနားလှတဲ့ အောင်မြင်မှုကို မနာလိုဖြစ်နေတယ်၊ နတ်မိမယ်လို ချောမွေ့လှပတဲ့ ဇနီးတစ်ယောက် ရရှိတာကိုလည်း မနာလိုဖြစ်နေတယ်၊ ဒါကြောင့်မို့ မင်းပါးစပ်က ဒီစကားမျိုးပြောထွက်တာပဲ"

ထိုစဉ် ဝမ်းလင်းဝါးမှ အေးစက်စက်ဝင်ထောက်လိုက်သည်။

"မှန်တယ်၊ သူမနာလိုလို့ ဒီလိုပြောတာပဲ၊ ခင်ဗျား စိတ်မဆိုးဘူးလား"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ဝမ်းလင်းဝါး၏စကားကို ကြားလိုက်ရမှ ပို၍ရယ်မောလေတော့၏။

"ဟား - ဟား - ဟား - ငါက ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ စင်လုံလိုလူမျိုးရဲ့ မနာလိုဝန်တိုမှုကို ခံရတယ်ဆိုတာ နည်းနည်းနောနော ဂုဏ်ပြုချီးကျူးမှုမှမဟုတ်တာ၊ နှစ်နှစ်ခြိုက်ခြိုက်ကျေနပ်ရမယ့်ကိစ္စကွ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ပရိသတ်များဘက်သို့ လက်ကို ဝှေ့ယမ်းပြလိုက်ပြီး -

"ကဲ - မင်းတို့အားလုံး ငါ့အတွက် ဂုဏ်ပြုအရက်မသောက်သင့်ဘူးလား။ ငါ့လိုလူစား ရှေးကလည်းမရှိခဲ့ဘူး။ နောင်လည်း မရှိနိုင်ဘူး။ ပဟောဒိပစ္စုပ္ပန်ကာလမှာပဲ ရှိနေတယ်၊ ငါတစ်ယောက်တည်းပဲရှိနေတယ်၊ ကဲ - ဒီလိုလူမျိုးအတွက် ဂုဏ်ပြုအရက် မသောက်သင့်ဘူးလား"

"သောက်သင့်ပါတယ်"

"သောက်သင့်ပါတယ်"

အော်ဟစ်သံများသည် အဆောက်အအုံကြီးတစ်ခုလုံး ပွင့်ထွက်

သွားမတတ် တစ်ခဲနက်ထွက်ပေါ်လာသည်။ လူအားလုံး မတ်တပ်ထလျက် အရက်များကို တရှိန်ထိုးမော့သောက်ကြလေတော့၏။

ဝမ်လင်းဝါးက စင်လုံအား လှမ်းပြောလိုက်၏။

“စင်လုံ ကြံစမ်းပါဦးဗျ၊ သူတို့က အိပ်ရာထဲဝင်ကြတော့မယ်၊ ကျုပ်တို့ကတော့ ခေါင်းဖြတ်ခံရတော့မယ်၊ စင်လုံ ခင်ဗျားမကြံနိုင်တော့ဘူးလား”

စင်လုံက ခပ်သဲ့သဲ့ပြုံးရင်းပြန်ဖြေ၏။

“အချိန်မကျရောက်ဘဲနဲ့ ငါက ဘယ်လိုကြံရမှာလဲ”

ဝမ်းလင်းဝါးက အသက်မပါဘဲ ရယ်လိုက်သည်။ သူ့ရယ်သံက ခြောက်ကပ်နေသည်။

“အချိန်က ဘယ်တော့ကျရောက်မှာလဲ၊ ကျုပ်တို့ဦးခေါင်းတွေ မြေပေါ်ပြုတ်ချခံပြီးမှပဲ အချိန်ကျရောက်တော့မှာလား”

စင်လုံက ရယ်လိုက်၏။

“ဝမ်းလင်းဝါး ငါးသုံးကောင် ပုံပြင်ကို ကြားဖူးသလား”

“ဟင့်အင်း - မကြားဖူးပါဘူး”

“ကံ၊ ဥာဏ်၊ ဝီရိယဆိုတဲ့ ငါးသုံးကောင်ရှိတယ်တဲ့၊ ငါးသုံးကောင်ဟာ တံငါလှေရဲ့ပိုက်ကွန်ထဲမှာ အမိခံရပြီး လှေဝမ်းထဲရောက်ကုန်ကြတယ်၊ ဝီရိယငါးကတော့ သူလွတ်မြောက်ရေးအတွက် လှေဝမ်းထဲကနေ ရေထဲသို့ ခုန်ချနိုင်အောင် တဖျပ်ဖျပ်နဲ့ ခုန်နေသတဲ့၊ သူလွတ်မြောက်ရေးအတွက် ကြိုးစားနေတာပေါ့လေ၊ အဲဒါကို မျက်စိနှောက်နေတဲ့ တံငါသည်က တက်နဲ့ရိုက်ချလိုက်တာ သေပါရော”

“ဆက်ပြောစမ်းပါဦး - ခင်ဗျားရဲ့ပုံပြင်ကို”



“ပြောပါ့မယ်၊ ပြောပါ့မယ်၊ ‘ဉာဏ်’ငါးကတော့ အခွင့်အခါကို စောင့်နေတယ်၊ ဦးရိယငါးလို အလကားနေရင်း ခုန်မနေဘူး၊ တံငါသည်တွေ နောက်တစ်ခါ ပိုက်ကွန်ဆွဲအတင်မှာ လှေစောင်းသွားတယ်၊ အဲဒီအခွင့်အရေးကိုသုံးပြီး ရေထဲကို ဖျတ်ခနဲခုန်ချပြီး လွတ်မြောက်သွားတယ်”

“ဟို ‘ကံ’ငါးကကောဗျာ”

“ကံငါးကတော့ ကံအတိုင်းပဲ ကံရှိရင်အသက်ရှင်မှာပဲဆိုပြီး ဘာမှ မကြိုးစားဘူး၊ ဒီအတိုင်းလိုက်သွားတယ်၊ နောက်ဆုံးတော့ ဟင်းအိုးထဲရောက်သွားရတာပေါ့ကွာ”

ဝမ်းလင်းဝါးက ရယ်မောမိတော့၏။

“ခင်ဗျားက တကယ်တော်တယ်၊ ခင်ဗျားပို့ချင်တဲ့ လမ်းကြောင်းပေါ်ကို မရောက်ရောက်အောင် ဆွဲခေါ်သွားနိုင်တယ်၊ ကျုပ်တို့ဟာ ‘ဉာဏ်’ငါးလို အချိန်စောင့်ရတော့မှာပေါ့ ဟုတ်လား”

ဝံကြောင်ကလေးက အော်ဟစ်ရယ်မောရင်း -

“ဝမ်းလင်းဝါး မင်းကသေရမှာ ကြောက်နေသလား၊ သေကော ဘာဖြစ်သလဲ၊ ငါကတော့ ဂရုမစိုက်ဘူးကွ၊ မသေခင် အရက်အဝ ကြီးသောက်မယ်၊ အရက်ခွက်ပေါင်း သုံးရာသောက်မယ်၊ ခွက်သုံးရာသောက်ပြီး ပျော်ပျော်ပါးပါးသေမယ်၊ ဟား - ဟား - ဟား”

ချစ်ချစ်ကမူ ပြုံးတုံ့တုံ့ပြော၏။

“ကျွန်မ ရတ်တရက်တော့ သေရမှာကြောက်သွားတယ်၊ ဒါပေမယ့် စင်လုံကျွန်မအနားမှာ ရှိနေတယ်ဆိုတာ သတိရတော့မှပဲ စိတ်အေးသွားတယ်၊ သေရမှာ မကြောက်တော့ဘူး၊ စင်လုံနဲ့အတူတူ သေလို့ကတော့ ဆယ်သက်အသေခံဝံ့ပါတယ်”

ဝံကြောင်ကလေး၏မျက်နှာမှာ ချက်ချင်း ညှိုးမှိုင်းသွားသည်။ ထို့နောက်စိတ်ထိခိုက်သည့် လေသံဖြင့် စင်လုံအားလှမ်းပြောသည်။

"အစ်ကိုကြီးစင်လုံ - ဒီဘဝမှာ ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ရတဲ့အတွက် ကျွန်တော်သိပ်ပြီး ဂုဏ်ယူပါတယ်၊ ကျွန်တော်ဟာ အောက်တန်းစားလို ကလေကဝနေခဲ့ပေမယ့် ဆင်းရဲသူတွေကို အမြတ်တန်းကူညီခဲ့တယ်၊ ကျွန်တော့်အပေါင်းအသင်းတွေဟာလည်း ကလေကချေတွေလို ထင်မှတ်ရပေမယ့် ဆင်းရဲသူတွေကို အမြဲတမ်းကူညီခဲ့သူတွေဖြစ်တယ်၊ အခုနောက်ပိုင်းမှာ လူတကာကို ကူညီတတ်တဲ့ ခင်ဗျားနဲ့ထပ်ပြီး မိတ်ဆွေဖြစ်ရတဲ့အတွက် ကျွန်တော်ကျေနပ်လို့ မဆုံးဘူး။ ဒီတော့ ကျွန်တော်တို့မသေခင် နှုတ်ဆက်အရက်သုံးခွက်လောက်သောက်ရအောင်"

စင်စစ်ဝံကြောင်ကလေးသည် သူသေရမည့်အတွက် စိတ်ထိခိုက်နေခြင်းမဟုတ်ပါပေ။ စင်လုံနှင့်ခွဲခွာရမည့်အတွက် စိတ်ထိခိုက်နေရခြင်းဖြစ်ပါ၏။ သူနှင့်စင်လုံတို့တွင် ပွင့်လင်းခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ သစ္စာရှိခြင်းနှင့် သူတစ်ပါးတို့အား ကူညီတတ်ခြင်းတို့တွင် အလွန်တူညီကြသည်။ သို့သော် စင်လုံက သူ၏ခံစားချက်ကို အလွယ်တကူ ထုတ်မပြတတ်သော်လည်း ဝံကြောင်ကလေးက သူ၏ခံစားချက်ကို လွယ်လွယ်ကူကူထုတ်ပြတတ်သည်။ ထိုအချက်သာ ကွာခြားလေသည်။

ထို့ကြောင့် ဝံကြောင်ကလေးနှင့်စင်လုံတို့တွင် ညီအစ်ကိုအရင်းတို့ထက် ခိုင်မြဲသည့် သံယောဇဉ်နှောင်ကြိုးရှိနေခြင်းဖြစ်တော့၏။ သူရဲကောင်းတို့မည်သည် သေဆုံးခြင်းကို မကြောက်ကြသော်လည်း ခွဲခွာရမည့်ကိစ္စကိုတော့ စိတ်ထိခိုက်တတ်ကြသည်။ ထို့အပြင် ဤ



တစ်ကြိမ်ခွဲခွာရခြင်းမှာ လူ့ဘဝ၌ နောက်ဆုံးပိတ် ခွဲခွာရခြင်းဖြစ်နေသည် မဟုတ်ပါလား"

ရွှင်ပျော်ပျော်မြို့စားကြီးသည် အရက်ခွက်ကို စားပွဲပေါ်၌ ပြန်ချရင်း သူ၏မုတ်ဆိတ်မွေးကို ပွတ်သပ်နေသည်။ ထို့နောက် ပြုံးရင်း လှမ်းပြော၏။

"ကဲ - ကဲ - ခင်ဗျားတို့တော့ ဒီမှာပဲ အရက်သောက်နေခဲ့ကြဦးပေါ့ ကျုပ်ကတော့ မင်္ဂလာဦးပွဲသဘင် ဆင်နွှဲလိုက်ကြဦးမယ်"

စကားဆုံးသည်နှင့် ရွှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် ဝေဝေထံသို့ ရောက်ရှိသွားသည်။ ဝေဝေက ရှက်ရွံ့စွာ ခေါင်းငုံ့နေ၏။

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက်ရယ်မောရင်း -

"မှန်တယ်ဗျို့ ဟောဒီအချိန်ကာလဟာ ရွှေနဲ့စက်ပြီး တန်ဖိုးရှိတယ်ဗျို့ ကျုပ်တို့ကို ဂရုတစိုက်ဧည့်ခံမနေပါနဲ့တော့ဗျာ၊ ခင်ဗျားဆောင်ရွက်သင့်တဲ့ကိစ္စကိုသာ ဆောင်ရွက်ပါ"

ရွှင်ပျော်ပျော်မြို့စားကြီးက လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ရင်း အားရကျေနပ်စွာ ချီးကျူးလိုက်၏။

"ဝမ်းလင်းဝါး - ဝမ်းလင်းဝါး - မင်းဟာ တကယ်မဆိုးတဲ့ လူပဲ"

ထိုစဉ် အစောင့်တစ်ယောက်သည် တံခါးဝမှနေ၍ အတွင်းဘက်သို့ အပြေးအလွှားရောက်ရှိလာသည်။ သူသည် ကိုယ်ကြပ်အင်္ကျီကိုဝတ်ဆင်ထားပြီး ကျောက်စိမ်းရည်တစ်ချောင်းလွယ်ထားသည်။ စင်လုံက တိုးတိုးပြောလိုက်၏။

"ဟောဒီလူဟာ ဒီအဆောက်အအုံကြီးရဲ့အပြင်ဘက်မှာ ကင်းစောင့်နေတဲ့လူပဲဖြစ်ရယ်"

ဝမ်းလင်းဝါးက ထောက်ခံ၏။

"မှန်တယ် သူ့ပုံပန်းကိုကြည့်ပါလား။ အရက်လည်း လုံးဝသောက်ထားပုံမရဘူး"

ဝံကြောင်ကလေးက စိုးရိမ်တကြီးလှမ်းပြောသည်။

"သူပြေးဝင်လာတာ ကမူးရှူးထိုးနိုင်လှတယ်၊ အပြင်မှာ ဘာပြဿနာဖြစ်နေသလဲမသိဘူး"

ဖန်စန်းချီသည် ရှေ့သို့ထွက်သွားပြီး ဝင်လာသည့်အစောင့်နှင့် တီးတိုးပြောနေကြ၏။ စကားပြောနေရင်း ဖန်စန်းချီမျက်နှာပျက်လာသည်ကို တွေ့မြင်ရသည်။ မကြာမီ ဖန်စန်းချီသည် သုတ်သီးသုတ်ပျာ လျှောက်လာပြီး ရှင်ပျော်ပျော်မြို့စားကြီးအား တီးတိုးအစီရင်ခံနေတော့၏။

"သခင်ကြီး - အပြင်ဘက်မှာ မင်္ဂလာပွဲကို ဂုဏ်ပြုမယ့် ဧည့်သည်တွေ ရောက်ရှိလာတယ်လို့ သတင်းလာပို့နေပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးမှာ မျက်မှောင်ကြုတ်သွားတော့၏။

"ဘာ - မင်္ဂလာပွဲကို ဂုဏ်ပြုမလို့ဟုတ်လား"

ဖန်စန်းချီမှာ ကိုယ်အနည်းငယ် ယို့သွား၏။

"မှန်ပါတယ် သခင်ကြီးခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီး၏ အသံသည် ကျားဟိန်းသကဲ့သို့ ဟိန်း၍ ထွက်ပေါ်လာသည်။

"ငါ့ မင်္ဂလာပွဲသတင်းကို မင်းတို့ထုတ်လွှင့်လိုက်ကြသလား"



"မထုတ်လွှင့်ပါဘူး သခင်ကြီးခင်ဗျာ၊ တစ်နေရာရာက သတင်းပေါက်ကြားသွားတာ ဖြစ်ပါလိမ့်မယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏ကြီးမားလှသော လက်ဝါးကြီးဖြင့် စားပွဲခုံကို "ဖြန်း" ခနဲ ရိုက်ချလိုက်သည်။

"ဘာကြောင့် သတင်းပေါက်ကြားသွားရသလဲ"

ဖန်စန်းချီမှာ ဦးခေါင်းငုံ့သွားတော့၏။

"ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ကျွန်တော် ပေါ့ဆမှုကြောင့် ဒီသတင်းပေါက်ကြားသွားခဲ့တာပါ။ အဲဒီအတွက် အပြစ်ဒဏ်ခံယူပါ့မယ်"

တင်းမာနေသော ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်နှာထားသည် ပြေလျော့သွား၏။

"မင်းအပြစ် သိပ်မရှိဘူး။ ပူးတစ်ရာအပေါက်ကိုသာ ပိတ်ဆို့ထားနိုင်မယ်၊ ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်ဆို့ဖို့ဆိုတာ မလွယ်လှဘူး။ ဒီမှာက လူတွေကများလွန်းတော့ တစ်ယောက်တစ်ယောက်ဆီက ပေါက်ကြားသွားနိုင်တယ်၊ အန္တရာယ်အသွယ်သွယ်ကိုဖောက်ပြီး ဒီကိုလိုက်လာတာကိုထောက်ရင် အဲဒီလူတွေဟာ ရိုးရိုးသားသားလာတာမဟုတ်ဘူးဆိုတာ ထင်ရှားတယ်"

ဖန်စန်းချီက ရိုကျိုးနှိမ့်ချစွာဖြင့် -

"သခင်ကြီးရဲ့ အယူအဆကလည်း မှန်နိုင်ပါတယ်၊ ဒါပေမယ့် သူတို့ဟာ ကျော်ကြားလွန်းတဲ့ သခင်ကြီးကို မျက်နှာလိုမျက်နှာရလုပ်ချင်လွန်းလို့ ဒီလိုစွန့်စွန့်စားစားလာတာလို့လည်း တစ်နည်းအားဖြင့် မှတ်ယူနိုင်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးက ပေါ့ပါးစွာ ရယ်မိသည်။

"ဟား - ဟား - ဟား - ဒါလည်း ဖြစ်နိုင်တာပဲ"

ထို့နောက် အသံကိုနိမ့်၍ မေးလိုက်၏။

"အခု ဘယ်နှစ်ယောက်လာကြသလဲ"

"လူက ကိုးယောက်၊ သေတ္တာကနှစ်လုံး။ သခင်ကြီးအတွက် လက်ဆောင်ပေးဖို့ သေတ္တာတွေလို့ ပြောကြပါတယ်"

"သူတို့ကို အကဲခတ်မကြည့်ဘူးလား။ ပုံပန်းသဏ္ဌာန်က ဘယ်လိုလဲ"

"အခုရောက်ရှိလာတဲ့လူကတော့ "ဖူကုံးကျို" လို့ခေါ်ပါတယ် သခင်ကြီး။ ငွေကြေးလည်း အလွန်ကြွယ်ဝပါတယ်၊ ကိုယ်ဖော့ သိုင်းပညာကလည်း ပထမတန်းသိုင်းပညာဖြစ်ပါသတဲ့"

"ဘာ - ဖူကုံးကျိုဟုတ်လား။ ဒီနာမည်ကိုတော့ ငါကြားဖူးတယ်၊ ဒါပေမယ့် ငါနဲ့ရင်းနှီးမှုမရှိပါဘူး။ ဘာကြောင့်များ ငါ့ကို မျက်နှာလိုပျက်နာရ လာလုပ်ရတာလဲမသိဘူး"

ဖန်စန်းချိုက ပေါ့ပါးစွာ ရယ်လိုက်၏။

"သခင်ကြီးဝမ်ခင်ဗျား - သခင်ကြီးဝမ်ဟာ တစ်ခေတ်မှာတစ်ပေါ်ထွန်းတဲ့ သိုင်းပညာရှင်ကြီးပါ။ သခင်ကြီးကို မျက်နှာလို မျက်နှာရ မလုပ်ချင်တဲ့လူ ဘယ်သူရှိပါသလဲခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးမှာ ဘဝင်ခိုက်သွားတော့၏။ ဤစကားလုံးများထက် သူ၏နှလုံးအိမ်ကို ပီတိစိမ့်မည့် အခြားစကားလုံးများ မရှိချေ။ သူ၏မှတ်ဆိတ်မွေးကို လက်ဖြင့်အသာအယာပွတ်သပ်ရင်း ဖြည်းညင်းစွာပြောလိုက်၏။



"အေး - ဒီလိုဆိုရင်တော့လည်း ဒီလူတွေကို လက်ခံရတော့မှာပေါ့ကွာ၊ သူတို့ရဲ့ အသက်ကိုးသက်ကို မနှမြောဘူးဆိုရင်တော့ သူတို့လုပ်ချင်တာကို လုပ်ကြပါစေ၊ ကဲ - အဲဒီလူကိုးယောက်ကို ခေါ်သွင်းလိုက်ပေတော့"

သူတို့ပြောနေသည့် စကားများကို စင်လုံတို့တစ်သိုက်က ကောင်းစွာကြားသိရသည်။ ထို့ကြောင့် ချစ်ချစ်က အသံခပ်အုပ်အုပ်ဖြင့် တီးတိုးမေးလိုက်၏။

"စင်လုံ - ဖူကုံးကျိုဟာ ရိုးရိုးသားသားလက်ဆောင်လာပေးတာလား"

"စောင့်ကြည့်နေတုန်းပါပဲကွယ်၊ အဲဒီအကြောင်း ကျုပ်စဉ်းစားနေတယ်"

ဝမ်းလင်းဝါးက ရှုံ့မဲ့၍ ဝင်ထောက်လိုက်၏။

"ဖူကုံးကျိုဟာ ဘာလုပ်နိုင်မှာလဲ၊ ရိုးရိုးသားသားလက်ဆောင်လာပေးတာဆိုရင်တော့ သူသက်သာမယ်၊ ဆန်းဆန်းပြားပြားလာတာဆိုရင်တော့ သူ့သေတွင်း သူတူးတာပဲ"

ဝံကြောင်ကလေးက သူသိသလို ဝင်ပြောပြန်သည်။

"ဖူကုံးကျိုဟာ နာမည်တစ်လုံးနဲ့ သိုင်းလောကထဲမှာ ကျော်ကြားခဲ့သူပဲ၊ "လယ်ကွက်ပြာက ကျောက်စားပြ" ဆိုတာ အရင်က နာမည်ပေါ့၊ ဒါပေမယ့် ရှင်ပျော်ပျော်မြို့စားကြီးကို နှိုင်းယှဉ်ဖို့ ကတော့ နှစ်တစ်ရာလောက် ကြိုးစားရဦးမယ်"

ချစ်ချစ်က တွေဝေစဉ်းစားနေသော စင်လုံအား လှမ်းမေးသည်။

"စင်လုံ - ရှင်စဉ်းစားလို့ ရပြီလားဟင်"

စင်လုံက ပြုံးရင်း -

"ဒီကစ္စဟာ ရိုးတော့မရိုးသားဘူး၊ ဖူကုံးကျိဟာ သူ့တစ်ယောက်ထဲတော့လာရဲမှာ မဟုတ်ဘူး၊ သံသယရှိစရာတစ်ခုက ဟို သေတ္တာနှစ်လုံးပဲ"

ဝမ်းလင်းဝါးက သဘောရယ်ရင်း -

"ဘာများလဲဗျာ၊ သေတ္တာထဲမှာ လူသားစားဘီလူးကြီးတွေ ထည့်ထားနိုင်တယ်လို့များ ခင်ဗျားက ယူဆနေလို့လား"

စင်လုံ ခပ်ပြုံးပြုံးဖြင့် ပြန်ဖြေသည်။

"မင်းပြောသလိုပဲ ဖြစ်ချင်ဖြစ်နေမှာပဲ"

ထိုစဉ် ထူးထူးခြားခြားဆိုက်ရောက်လာသည့် ဂုဏ်ပြုဧည့်သည်တော်များ၏ သေတ္တာကြီးနှစ်လုံးကို ခန်းမဆောင်အတွင်းသို့ သယ်မ ယူဆောင်လာကြ၏။

သေတ္တာကြီးများကို အကောင်းဆုံးသစ်သားများဖြင့် ပြုလုပ်ထားပြီး ထောင့်လေးထောင့်ကို ရွှေများဖြင့်ကွပ်ထား၏။ လက်ကိုင်ကွင်းများကိုလည်း ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည်။

သေတ္တာတစ်လုံးလျှင် လူလေးယောက်ကျ ထမ်းလာကြသဖြင့် သေတ္တာနှစ်လုံးကို လူရှစ်ယောက်ထမ်းယူလာကြသည်။ အထမ်းသမားများ၏ အဝတ်အစားများမှာ တောက်တောက်ပြောင်ပြောင်ရှိသော်လည်း ရုပ်ရည်များမှာမူ သာမန်ရုပ်ရည်များသာရှိသည်။

သို့သော် ဦးစီးဦးဆောင်ပြုလာသည့် ဖူကုံးကျိကား အများနှင့်မတူ တမူထူးခြားသူဖြစ်သည်။ သူ၏ဆံပင်မှာ ကွေးကောက်တွန့်လိမ်နေ၏။ အမဲရောင်တစ်ဝက် အဝါရောင်တစ်ဝက် ရောစွက်နေသဖြင့် မြင်ရသူအဖို့ အထူးအဆန်းဖြစ်နေသည်။



သူ၏မျက်လုံးများကား ထူးထူးခြားခြားတောက်ပနေသော်လည်း အတွင်းသို့ ချိုင့်ဝင်နေသည်။ ပါးရိုးများမှာ ငေါထွက်နေသဖြင့် ကြည့်မြင်သူများအဖို့ ကြောက်မက်ဖွယ်ရာဖြစ်စေသည်။ သူ၏နားတွင် ကြီးမားသော ရွှေနားကွင်းကြီးနှစ်ကွင်းကို ချိတ်ဆွဲပန်ဆင်ထားသည်။ တောက်ပြောင်သည့် ဝတ်ရုံရှည်ကြီးကြောင့် ဖူကုံးကျိအား မှော်ဆရာကြီးသဖွယ် ထင်မှတ်စေ၏။ သို့သော် သူ၏အပြုံးကမူ သူ့ခန္ဓာကိုယ်ရှိ အရာရာသော လျှို့ဝှက်ဆန်းကျယ်မှုများနှင့် ပြောင်းပြန်ဖြစ်နေ၏။ သူ့အပြုံးများသည် လွန်စွာရိုးသားပွင့်လင်းလှသည်။

ဝံကြောင်ကလေးက သူကြားသိသမျှကို တီးတိုးရှင်းပြနေသည်။

"သိုင်းလောကမှာ ကောလာဟလသတင်းတစ်ခု ပျံ့လွင့်ဖူးတယ်၊ ဖူကုံးကျိရဲ့မိခင်ဟာ မိဖုရားငယ်တစ်ဦးဖြစ်သတဲ့၊ အဲဒီ မိဖုရားငယ်ဟာ သိုင်းပညာအလွန်ပဲ ထက်မြက်သတဲ့၊ ဖူးကုံးကျိဟာ သူ့မိခင်ဆီက သိုင်းပညာအမွေရလိုက်သလားတော့မသိဘူး၊ သိုင်းပညာမှာ အတော်ကလေး ထက်မြက်သတဲ့၊ သူ့ပညာကိုလည်း ဆန်းကြယ်တယ်ဆိုပြီး သိုင်းလောကက အင်မတန်အံ့သြကြတယ်"

ဝမ်းလင်းဝါးမှာ သိလိုစိတ် ပြင်းပြလာသဖြင့် -

"ဘယ်လို ဆန်းကြယ်တာလဲ၊ ထူးထူးခြားခြား ဥပမာတစ်ခုလောက် ပြောပြပါလား"

ဝံကြောင်ကလေးက -

"ငါလည်း အဲဒီလို ထူးထူးခြားခြားဥပမာ မကြားဖူးတော့ မပြောတတ်ဘူးကွာ၊ သူတို့ပြောတာက ယေဘုယျသဘောလောက်ပါပဲ၊ မှော်ပညာဆန်ဆန် သိုင်းပညာလို့ ဆိုကြတာပဲ"

ဝံကြောင်ကလေးသည် စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြော

သည်။

"အဲဒီ မှော်ပညာဆန်ဆန် သိုင်းပညာရဲ့ အစိက အကျဆုံးကတော့ ထွက်ပြေးခြင်းပဲ"

ဝမ်းလင်းဝါးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏"

"ဗျာ - ထွက်ပြေးခြင်းဟုတ်လား"

ဝံကြောင်ကလေးက ပြုံးလိုက်ပြီး -

"ဟုတ်တယ်၊ ထွက်ပြေးခြင်းပဲ၊ အဲဒီသိုင်းပညာတတ်မြောက်ထားတဲ့လူ ထွက်ပြေးရင် ဘယ်သူမှတားမြစ်လို့ မရနိုင်ဘူးတဲ့၊ ဘယ်သူမှလည်း သူ့ကို လိုက်လို့မမှီဘူးတဲ့၊ ဒါက သိုင်းလောကမှာ ကြားထားရတဲ့ ဖူကုံးကျိုနဲ့ ပတ်သက်ကောလာဟလသတင်းပဲ"

ဝမ်းလင်းဝါးက တအံ့တသြပြော၏။

"သူ့လို မှော်ပညာဆန်ဆန် သိုင်းပညာမျိုးအကြောင်း ကျုပ်တော့ မကြားဖူးပေါင်ဗျာ"

ဝံကြောင်ကလေးက စိတ်ရှည်လက်ရှည် ထပ်မံရှင်းပြသည်။

"မင်းကြားဖူးမှာပေါ့ကွာ၊ ဖူကုံးကျိုဟာ ကိုယ်ဖျောက်ပညာ အင်မတန်ကောင်းတယ်လို့ သိုင်းလောကထဲမှာ ကျော်ကြားပါတယ်၊ ခုနက မှော်ပညာဆန်ဆန် သိုင်းပညာဆိုတာ သူ့ရဲ့ကိုယ်ဖျောက်ပညာကို ဆိုလိုတာပဲ ဖြစ်မှာပါ"

ဝမ်းလင်းဝါးသည် တဖြည်းဖြည်းပြုံးလာ၏။ သူသဘောပေါက်သွားလေပြီ။

"အား - ဟုတ်တာပေ့ါ၊ ကိုယ်ဖျောက်ပညာအင်မတန် ကောင်းမှတော့ ဘယ်သူက လိုက်နိုင်တော့မလဲ၊ ဟုတ်ပြီ - ဟုတ်ပြီ၊ ကျုပ်



နားလည်ပြီ"

ထိုအချိန်တွင် သေတ္တာကြီးနှစ်လုံးသည် ရှင်ပျော်ပျော်မြို့စားကြီး၏ ရှေ့မှောက်၌ ချထားပြီးဖြစ်နေပေပြီ။ ခန်းမဆောင်ထဲမှ ဧည့်ပရိသတ်အားလုံးကမူ သေတ္တာကြီးနှစ်လုံးကို စိတ်မဝင်စားကြပေ။ ထူးထူးဆန်းဆန်း ရုပ်သွင်ရှိသည့် ဖူကုံးကျိုကိုသာ စိတ်ဝင်စားနေကြသည်။ မျက်လုံးပေါင်းထောင်သောင်းသည် ဖူကုံးကျို၏ ခန္ဓာကိုယ်ပေါ်သို့သာ စုပြုံရောက်ရှိနေသည်။ သေတ္တာနှစ်လုံးကို ထမ်းယူလာသည့် မည်သူတစ်ဦးတစ်ယောက်ကမျှ သတိမထားမိချေ။ ရှင်ပျော်ပျော်မြို့စားကြီးကိုယ်တိုင်ပင် သေတ္တာနှစ်လုံးနှင့် လူရှစ်ယောက်တို့ထက် ဖူကုံးကျိုကိုသာ စိတ်ဝင်စားပြီး စူးစူးစိုက်စိုက်ကြည့်သည်။ သို့သော် ဖူကုံးကျိုကမူ လူပေါင်းများစွာ၏ အကြည့်ဒဏ်ကို ဂရုမစိုက်ပြုံးနေသည်။ ညာလက်ကို ဦးထုပ်ဆီသို့ မြှောက်၍ အရိုအသေပြုကာ ...

ထိုတခဏအတွင်းမှာပင် မင်္ဂလာခန်းမဆောင်စင်မြင့်ဘေးမှ လူတစ်ယောက်က ကျယ်လောင်စူးရှစွာ အော်ဟစ်ပြီး ဖူးကုံးကျိုအားရောက်နှင့်နေပြီးသည့် ဧည့်ပရိသတ်များနှင့် မိတ်ဆက်ပေးလေ၏။

"နန်ကျန်းပြည်နယ်က ဖူကုံးကျိုဟာ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ မင်္ဂလာပွဲကိုတက်ရောက်ပြီး ရှင်ပျော်ပျော်မြို့စားကြီးကို လာရောက်ဂါရဝပြုနေပါပြီခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကုလားထိုင်၌ ခန့်ညားစွာထိုင်နေရာမှ ဖြည်းညင်းစွာ မတ်တပ်ထရပ်လိုက်သည်။

"ဒီလောက်ဝေးလံတဲ့နေရာကိုတောင် ရောက်အောင်လာပြီး မင်္ဂလာပွဲကို တက်ရောက်တဲ့အတွက် မိတ်ဆွေကြီးကို အများကြီးကျေးဇူးတင်ပါတယ်"

ဖူကုံးကျိုက ဦးညွှတ်ရင်း -

"ကျေးဇူးတင်ဖို့ မလိုပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ သခင်ကြီးဝမ်ရဲ့ သတင်းစကားကို ကြားနေခဲ့ရတာ ကြာလှပါပြီ၊ တစ်ခါမှလည်း မျက်မြင်ကိုယ်တွေ့ မကြုံကြိုက်ခဲ့ရပါဘူး။ ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး အရဲစွန့်ဝင်လာခဲ့တာပါ။ ဒီအတွက် အပြစ်မမြင်ဘူးဆိုရင်ပဲ ကျွန်တော်ကတော့ ကျေနပ်ဝမ်းမြောက်လှပါပြီခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် အားရပါးရ အော်ဟစ်ရယ်လေတော့၏။ ဖူကုံးကျိုပေါ်၌ ရှိနေသည့် သံသယများလည်း လျော့ပါးသွားသည်။

"ဖူကုံးကျိုက သိပ်ပြီးအားနာတာကိုး၊ ကျုပ်မင်္ဂလာပွဲကို ပင်ပန်းခံပြီး တက်ရောက်လာတဲ့လူကို ကျုပ်က အပြစ်မြင်ရမှာလား။ ကဲ - ကဲ - ဘေးမှာနေရာလွတ်တွေရှိပါတယ်၊ ကျယ်ကျယ်ဝန်းဝန်း ထိုင်ပြီး အနားယူကြပါ"

ရှင်ပျော်ပျော်မြို့စားကြီး၏ တပည့်များသည် ဧည့်သည်များ ထိုင်နိုင်ရန် စားပွဲများ ကုလားထိုင်များကို အလျင်အမြန် ခင်းကျင်းပြင်ဆင်ပေးလိုက်၏။ သို့သော် ဖူကုံးကျိုသည် စားပွဲများ ကုလားထိုင်များကို ကြည့်ရင်း ပြုံးလိုက်၏။

"သခင်ကြီးဝမ်ရဲ့ ဧည့်ဝတ်ကျေပွန်မှုကတော့ ကျွန်တော်တို့ ကြားထားဖူးတဲ့အတိုင်း ရက်ရောဖော်ရွေလှပါပေတယ်၊ ကျွန်တော်တို့ရဲ့ မပြောပလောက်တဲ့ လက်ဆောင်ပစ္စည်းကလေးတွေကို သခင်ကြီးဝမ်က လက်ခံယူပြီးမှသာ သခင်ကြီးပေးသနားတဲ့ ထိုင်ခုံများမှာ ထိုင်ဝံ့ကြမှာပါခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးများကို ဖြည်း



ညင်းစွာဆွဲရင်း -

"လူကိုယ်တိုင် ကြွရောက်ချီးမြှင့်ပြီးမှတော့ ဘာလက်ဆောင်ပစ္စည်းများ လိုနေဦးမှာလဲဗျာ၊ ခင်ဗျားရဲ့ လက်ဆောင်ပစ္စည်းကို လက်ခံယူရင် ကျုပ်အဖို့ ဧည့်ဝတ်မကျေပွန်ရာ ကျနေပါလိမ့်မယ်"

ဖူကုံးကျိုက နူးညံ့သိမ်မွေ့စွာပြောသည်။

"ကျွန်တော်က ဒီလက်ဆောင်ပစ္စည်းတွေ ယူသာယူလာရတယ်၊ စိတ်ထဲကတော့ သိပ်ဖြောင့်လှတာ မဟုတ်ပါဘူးခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ သခင်ကြီးဝမ်လို အချမ်းသာဆုံးပုဂ္ဂိုလ်ကြီးတစ်ယောက်အတွက် ကျွန်တော့်လက်ဆောင်ကလေးတွေဟာ ခြေနင်းသဲမှုန့်လိုဖြစ်မှာ စိုးလို့ပါပဲ၊ ဒါပေမယ့် - သခင်ကြီးရဲ့ စိတ်နှလုံးနဲ့တွေ့သွားမယ့် လက်ဆောင်မျိုးဆိုရင်တော့ ကျွန်တော်အဖို့ဝမ်းသာလို့ ဆုံးမှာမဟုတ်တော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်လက်ဆောင်ကလေးကို လက်ခံပါလို့ တောင်းပန်ပါတယ်၊ သခင်ကြီးဝမ်သာ လက်မခံရင်တော့ ကျွန်တော့်အဖို့ ယူကျုံးမရဖြစ်လို့ ဆုံးမှာ မဟုတ်ပါဘူးခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးမှာ အမှန်တကယ်ပင် ပျော်ရွှင်လျက်ရှိနေလေပြီ - ။ သူက ပြုံးရင်း -

"ကောင်းပါပြီ - ကောင်းပါပြီ၊ ဒီလောက်တောင်တောင်းပန်နေဖို့ မလိုပါဘူး။ ကဲ - ကဲ - ခင်ဗျားယူလာတဲ့ လက်ဆောင်တွေကြည့်ပါရစေ"

ဖူကုံးကျိုသည် ဦးညွှတ်အရိုအသေပေးရင်း -

"ဒီပစ္စည်းက တစ်မျိုးထူးခြားပါတယ်၊ ကျွန်တော်ကိုယ်တိုင်အတော်လေးအပင်ပန်းခံပြီးမှ ဒီပစ္စည်းကို ရရှိလာတာပါ။ သခင်ကြီး

ဝပ် လက်ခံပြီဆိုရင်တော့ ကျွန်တော့်အဖို့ အပင်ပန်းခံရကျိုး နပ်နေပြီပေါ့ခင်ဗျာ"

သူသည် လက်ခုပ်တစ်ချက်တီးလိုက်၏။ သူ့ရှေ့ရှစ်ယောက်သည် သေတ္တာကြီးနှစ်လုံးကို ရှေ့သို့တိုး၍ယူလာသည်။ ခန်းမထဲရှိ လူအားလုံးသည် သေတ္တာထဲ၌ မည်သည့်အရာဝတ္ထုပါလာလေသနည်းဟူသော စူးစမ်းသည့် အကြည့်များဖြင့် မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေကြလေ၏။

သို့သော် ပုလဲသွယ်များ၏ နောက်ကွယ်၌ ရှိနေသည့် ဝေဝေ၏ မျက်လုံးများကမူ သေတ္တာကြီးများထဲ၌ မည်သည့်ပစ္စည်းများ ပါလာသည်ကို စိတ်ဝင်စားဟန်မတူပါချေ။ ထိုသေတ္တာကြီးများကို လုံးဝမကြည့်ဘဲ ရွှင်ပျော်ပျော်မြူးစားကြီး၏မျက်နှာကိုသာ တစ်ချက်မလွှတ်တမ်း စူးစိုက်ကြည့်နေသည်။

တစ်နည်းအားဖြင့် သူမသည် သေတ္တာကြီးထဲ၌ မည်သည့်ပစ္စည်းပါလာမည်ကို ကြိုတင်သိမြင်ပြီးသကဲ့သို့ပေတည်း။

❖ ❖ ❖



သေတ္တာကြီးများ၌ ကြီးမားသော သော့ခလောက်ကြီးများ ရှိသော်လည်း သော့ခတ်မထားပါချေ။ ဖူကုံးကျို၏ မျက်လုံးများသည် တဖိတ်ဖိတ်တလက်လက်တောက်ပနေ၏။ သူ၏လက်များသည် ဖြည်းညင်းစွာ လှုပ်ရှားနေသည်။ ကချေသည်၏ သွယ်ပျောင်းသော လက်များကဲ့သို့ သေတ္တာကြီး၏အဖုံးကို ဖြည်းညင်းစွာ မ,လိုက်၏။

သူသည် သေတ္တာကို ဖွင့်ရင်းမှ ရွှင်ပျော်ပျော်မြူးစားကြီးအား လှမ်းပြောသည်။

"သခင်ကြီးဝမ်ခင်ဗျား - ကျွန်တော် အများကြီးစဉ်းစားခဲ့ပါတယ်၊ သခင်ကြီးဝမ်ကို လက်ဆောင်ပေးရင် ဘယ်လက်ဆောင်ပစ္စည်းဟာ သခင်ကြီးဝမ်ရဲ့စိတ်ကို လှုပ်ရှားစေနိုင်မလဲဆိုတာကို၊ ဒါကြောင့်မို့ သက်မဲ့ပစ္စည်းတွေပေးဖို့ အစီအစဉ်ကို ပယ်ဖျက်လိုက်ပြီး သက်ရှိလက်ဆောင်ပစ္စည်းကို ယူဆောင်လာခဲ့ပါတယ်၊ သခင်ကြီးဝမ် ရှုစားပါဦးခင်ဗျား"

စကားဆုံးသည်နှင့် ဖူကုံးကျိုသည် သေတ္တာကြီး၏ အဖုံးအား လျှင်မြန်စွာ ဖွင့်ချလိုက်သည်။

ဟော - တွေ့ရပါလေပြီ။ လူတစ်ယောက်လဲလျောင်းနေ၏၊ တိတိကျကျဆိုရလျှင် မိန်းမတစ်ယောက်လဲလျောင်းနေ၏။ နုပျိုချောမောသော မိန်းကလေးတစ်ယောက် လဲလျောင်းနေပါ၏။

ထိုမိန်းကလေးသည် အိပ်ပျော်နေသကဲ့သို့ လဲလျောင်းနေသည်။ ပြည့်ပြည့်ဖြိုးဖြိုး စိုစိုပြေပြေရှိသည်။ အသားအရေလည်း ညှို့ဟန်ရှိသည်။ သူမသည် ဤသေတ္တာကြီးအတွင်း၌ အိပ်ပျော်နေသည်လား သို့မဟုတ် မူးမေ့ပြီး သတိမေ့နေသည်လားဆိုသည့်အချက်ကိုမူ မည်သူမျှ မသိနိုင်ပါချေ။

ထိုမြင်ကွင်းကို မြင်လိုက်ရသည့် စင်လုံး ဝံကြောင်ကလေး၊ ချစ်ချစ်နှင့် ဝမ်းလင်းဝါးတို့မှာ အလန့်တကြားဖြစ်သွားမိတော့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုမိန်းကလေး၏မျက်နှာမှာ ဝမ်ကတော်၏ မျက်နှာနှင့် တူနေသောကြောင့်ပေတည်း။

သို့သော် သေတ္တာထဲမှ မိန်းကလေး၏ခန္ဓာကိုယ်မှာ ဝမ်ကတော်လောက် ပြည့်ဖြိုးခြင်းမရှိလှချေ။

"ဟား - ဟား - ဟား - ဟား"

ရှင်ပျော့ပျော့မြို့စားကြီးသည် တဟားဟားအော်ဟစ်ရယ်မောနေတော့၏။ အတန်ကြာ ရယ်မောပြီးမှ -

"မိတ်ဆွေကြီး ဖူကုံးကျို - ခင်ဗျားလက်ဆောင်ပေးတဲ့ မိန်းကလေးက သိပ်မဆိုးလှပါဘူး၊ ဒါပေမယ့် ခုလိုအချိန်မျိုးတော့ လာမပို့သင့်ဘူးဗျ၊ ကျုပ်ရဲ့ဇနီးလောင်းသတို့သမီးက ခင်ဗျားကို အမျက်တော်ရှတော့မှာပေါ့"

ဖူကုံးကျိုက ပြုံးလျက်ပြန်သောသည်။

"သခင်ကြီးဝမ်က ကျွန်တော့်ရဲ့စေတနာကို သဘောမပေါက်ပဲဖြစ်နေတာကိုး၊ ကျွန်တော်က ဒီမိန်းကလေးကို မယားငယ်အဖြစ် ချီးမြှင့်ဖို့ လာပို့တာမဟုတ်ပါဘူး၊ ဒီနေ့မင်္ဂလာပွဲမှာ လူ့အသက်နဲ့ ယာဇ်ပူဇော်ဖို့အတွက် လာရောက်ပေးဆက်ခြင်းဖြစ်ပါတယ်"

ရှင်ပျော့ပျော့မြို့စားကြီး၏ မျက်ခုံးများသည် အထက်သို့ တွန့်တက်သွားသည်။

"မိတ်ဆွေကြီး ဖူကုံးကျို - ခင်ဗျားပြောတဲ့စကားတွေကိုတော့ ကျုပ်အဓိပ္ပါယ်မပေါက်ဘူးဗျာ၊ ဘာအဓိပ္ပါယ်နဲ့ ပြောနေတာလဲ ရှင်းပြပါဦး"



ဖူကုံးကျိုက -

"ဒီလိုပါ သခင်ကြီးဝမ် - ရှေးပဝေသဏီကဆိုရင် ကြီးကျယ်မြင့်မြတ်တဲ့ အခမ်းအနားကြီးတွေ ကျင်းပတဲ့အခါတိုင်း အသက်သတ်ပြီး ယာဇ်ပူဇော်ရပါတယ် - ၊ သခင်ကြီးဝမ်ရဲ့ မင်္ဂလာပွဲဟာလည်း အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ မင်္ဂလာပွဲကြီးဖြစ်လို့ အသက်သတ်ပြီး ယာဇ်ပူဇော်ဖို့ လိုအပ်နေပါတယ်၊ ဒါမှလည်း ပိုပိုအောင်မြင်ပါတယ်"

"မိတ်ဆွေကြီးဖူကုံးကျို - ဒီအဓိပ္ပါယ်နဲ့ဆိုရင် ခင်ဗျားဟာ ကျုပ်ကိုလာပြီး လူသတ်နိုင်းနေတာပဲ"

"ဟုတ်ပါတယ် သခင်ကြီးဝမ်၊ ကျွန်တော်ကလည်း ဒီသဘောနဲ့ လာပို့တာပါပဲခင်ဗျာ"

ရှင်ပျော့ပျော့မြို့စားကြီးသည် စားပွဲပေါ်သို့ လက်ဝါးဖြင့် ဖြန်းခနဲရိုက်ချလိုက်သည်။ ထို့နောက် ခက်ထန်မာကျောစွာမေးလိုက်၏။ သူ၏စကားသံ၌ ယဉ်ကျေးပျူငှာမှု လုံးဝမရှိတော့ပေ။

"ဖူကုံးကျို - မင်းကငါ့ကို တမင်သက်သက် ရယ်စရာလှောင်တာပေါ့ဟုတ်လား"

ဖူကုံးကျိုက ပျာပျာသလဲ ရှင်းပြသည်။

"သခင်ကြီးဝမ်ခင်ဗျား၊ ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ကျွန်တော် မလှောင်ရဲပါဘူး"

"ဒါဖြင့် ဒီလောက်အရေးကြီးတဲ့ မင်္ဂလာပွဲမျိုးမှာ မင်းက ဘာဖြစ်လို့ ငါ့ကိုလာပြီး လူသတ်နိုင်းရတာလဲကွ၊ မိုးအောက်မြေပြင် တစ်လွှားမှာ မင်းလိုကြံကြီးစည်ရာနိုင်းတဲ့လူများ ရှိသေးရဲ့လား"

ဖူကုံးကျိုမှာ မျက်စိမျက်နှာ ပျက်လာတော့သည်။

"မ - မ - မဟုတ်ပါဘူး သခင်ကြီးဝမ်ခင်ဗျား။ ဒီမိန်းကလေးဟာ သခင်ကြီးဝမ်ရဲ့ မင်္ဂလာပွဲကို လာဖျက်ဖို့ကြံစည်နေတဲ့ မိန်းကလေးပါ။ ကျွန်တော်က အဲဒီအကြောင်းကို မပျော်လင့်ဘဲသိလိုက်ရတော့ သူ့အကြံလည်းပျက် သခင်ကြီးဝမ်လည်း အကျိုးရှိအောင်လို့ဆိုပြီး ယာင်ပူဇော်ဖို့ တစ်ခါတည်း ဖမ်းလာတာပါခင်ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက ခါးထောက်ပြီး မေးလိုက်၏။

"ဘာပြောတယ်ကွ၊ ဒီမိန်းကလေးက မင်္ဂလာပွဲကို ဖျက်မယ့် မိန်းကလေးဟုတ်လား"

"မှန်ပါတယ် သခင်ကြီးဝမ်ခင်ဗျား"

"ဟား - ဟား - ဟား - မင်းရူးနေသလား၊ ဒီမိန်းကလေးတစ်ယောက်တည်းနဲ့ ငါ့မင်္ဂလာပွဲကို ဖျက်ဆီးနိုင်မှာတဲ့လား။ မင်းက နည်းနည်းလေးတောင် မစဉ်းစားမိဘူးလား။ ပြောစမ်းပါဦး"

"ကျွန် - ကျွန်တော် ပထမတော့ မယုံပါဘူးခင်ဗျာ၊ ဒါပေမယ့် နောက်တော့ သူ့စကားကြားလိုက်တော့ စိတ်ထဲမှာ နည်းနည်းစိုး - စိုးရိမ်"

ဖူကုံးကျိုသည် စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ ထစ်ငေါ့နေတော့သည်။

"သူ - ဘာတွေပြောသလဲ မြန်မြန်ပြောစမ်း"

ရှင်ပျော်ပျော်မြို့စားကြီး၏ ဟိန်းဟောက်သံသည် ခန်းမဆောင်ကြီးတစ်ခုလုံး ဟိန်း၍ထွက်သွားတော့၏။ ဖူကုံးကျိုမှာ အထစ်ထစ်အငေါ့ငေါ့ဖြင့် -



"သူ - သူ - သူက - "

ရှင်ပျော်ပျော်မြို့စားကြီးသည် စားပွဲခုံကို လက်ဝါးဖြင့် "ဖြန်း" ခနဲ ရိုက်ချလိုက်သည်။

"မြန်မြန်ပြောစမ်း"

"ပြော - ပြောပါမယ်ခင်ဗျာ - ဒါ - ဒါပေမယ့် ကျွန် - ကျွန်တော် အမှန်အတိုင်းမပြောဝံ့သေးလို့ပါ"

ရှင်ပျော်ပျော်မြို့စားကြီး၏ ဒေါသမှာ အထွတ်အထိပ်သို့ ရောက်လာတော့၏။

"မင်းက ဘာကြောင့် မပြောဝံ့ရတာလဲကွ၊ ပြောစမ်း"

"ကျွန် - ကျွန်တော် ဟုတ်တိုင်းမှန်ရာဖွင့်ပြောလိုက်ရင် သခင်ကြီးဝမ်က ကျွန် - ကျွန်တော့်ကို အရေးယူ - ယူမှာ"

"ပြောမှာသာ ပြောစမ်းကွာ၊ မင်းကို အရေးမယူဘူး"

"ကောင်း - ကောင်းပါပြီခင်ဗျာ၊ သခင်ကြီးဝမ်ရဲ့ နှုတ်ထွက်စကားဟာ ပြည်တန်ကျောက်မျက်ရတနာထက် တန်ဖိုးရှိတာမို့ ကျွန်တော်ပြောပါတော့မယ်ခင်ဗျား"

ဖူကုံးကျိုသည် စကားကို ခေတ္တဖြတ်ရင်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"သူ - သူမကပြောပါတယ်၊ သခင်ကြီးဝမ်ရဲ့မင်္ဂလာပွဲကို သူမှာ ကန့်ကွက်ပိုင်ခွင့်ရှိပါသတဲ့"

ရှင်ပျော်ပျော်မြို့စားကြီးက ဒေါသတကြီး အော်လိုက်မိသည်။

"သူမှာ ဘာအထောက်အထားရှိလို့ ကန့်ကွက်ပိုင်ခွင့်ရှိတယ်လို့

ပြောရဲရတာလဲ"

ဖူကုံးကျိုသည်ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမော့ကြည့်လိုက်ပြီး တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်၏။

"သူ - သူမဟာ သခင်ကြီးဝပ်ရဲ့ဇနီးဟောင်းတဲ့၊ သူ့မှာ ကန့်ကွက်ပိုင်ခွင့်ရှိသတဲ့၊ ဒီမင်္ဂလာပွဲဟာ ပျက်ကိုပျက်ရမတဲ့"

ဖူကုံးကျို၏စကားသည် မင်္ဂလာခန်းမဆောင်အတွင်းမှ ညှော်ပရိသတ်အပေါင်းအား တအံ့တဩဖြစ်သွားစေတော့၏။ ဤညှော်ပရိသတ်များမှာ ရှင်ပျော်ပျော်မြို့စားကြီး၏ တပည့်လက်သားများဖြစ်ကြသော်လည်း ရှင်ပျော်ပျော်မြို့စားကြီး၏ အတုပ္ပတ္တိကို ဂယနတာသိကြသူများ မဟုတ်ပေ။ သူတို့အဖို့ ရောမအတူးအဆန်းသတင်းကြီးဖြစ်နေတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီးက ဒေါသတကြီး အော်လိုက်ပြန်၏။

"သူက ဒီလိုပဲ ပြောသလား"

သူသည် အော်ဟစ်ရင်း သေတ္တာထဲမှမိန်းကလေးကို လှမ်းကြည့်လိုက်ပိ၏။ ဝပ်ကတော်နှင့် အတော်ကလေးဆင်တူနေကြောင်းသတိပြုမိလိုက်သဖြင့် သူ့စကားကို ဆက်မပြောနိုင်တော့ဘဲ ရပ်တန့်သွားလေတော့သည်။

ဖူကုံးကျိုသည် ထိုအချက်ကို မြင်လိုက်၏။ သို့သော် မသိဟန်ဆောင်လျက် ဆက်ပြောသည်။

"ကျွန် - ကျွန်တော်က ပြောတိုင်းဘယ်ယုံပါ့မလဲခင်ဗျာ၊ ဒါပေမယ့် သူ - သူက ထပ်တလဲလဲပြောနေတော့ -"

ထိုစဉ် ရှင်ပျော်ပျော်မြို့စားကြီး၏ဘေး၌ ရပ်နေသည့် ဝေဝေ



က ဝင်မေးလိုက်၏။

"အဲဒီအမျိုးသမီးက ဘာတွေထပ်ပြောသေးသလဲရှင့်၊ ရှင် သိသလောက်ပြောစမ်းပါ၊ ကျွန်မ ကြားချင်တယ်"

ဖူကုံးကျိုက ထစ်ထစ်ငေါ့ငေါ့ဖြင့် -

"ခင် - ခင်ဗျား - အပြစ်မတင်ဘူးဆိုရင် ကျွန် - ကျွန်တော်ပြောပြပါမယ်"

ဝေဝေက ခပ်ဆတ်ဆတ်ပြောလိုက်၏။

"ပြောမှာသာ ပြောစမ်းပါ၊ ကျွန်မ စိတ်မဆိုးပါဘူး"

ဖူကုံးကျိုက တုန်ယီစွာဖြင့် ပြောပြသည်။

"သူ့အပြောကတော့ ဒီလိုပါခင်ဗျာ၊ မိုးအောက်မြေပြင်တစ်ဝှမ်းလုံးက အမျိုးသမီးတိုင်းဟာ သခင်ကြီးဝပ်ကို လက်ထပ်ခွင့်ရှိသတဲ့၊ သူက ဇနီးဟောင်းဖြစ်လို့ ပိုပြီးလက်ထပ်နိုင်သတဲ့၊ ဒါပေမယ့် - ခင်ဗျားကတော့ သခင်ကြီးဝပ်ကို လုံးဝလက်မထပ်နိုင်ပါဘူးတဲ့"

ဝေဝေက အော်ဟစ်မေးလိုက်၏။

"ဘာကြောင့်လဲရှင့် - ဘာကြောင့်လဲ"

ဖူကုံးကျိုမှာ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သွားတော့သည်။

"သူ - သူပြောတဲ့အကြောင်းကတော့ ခင် - ခင် - ခင်ဗျားဟာ သခင်ကြီးဝပ်ရဲ့ သမီး သမီးအရင်းတဲ့ခင်ဗျ"

ထိုစကားကြောင့် ခန်းမဆောင်အတွင်းမှ လူအားလုံးမှာ "ဟာ" ကနဲ ဖြစ်သွားကြလေတော့၏။ အထိတ်တလန့်ဖြစ်သွားကြတော့၏။ သခင်ကြီးဝပ်၏ ဒေါသကြောင့် ဖူကုံးကျို အသက်ပျောက်ကောင်းမှ ပျောက်မည်ဖြစ်သော်လည်း သခင်မဝေဝေ၏လက်ချက်ဖြင့်အသက်

ပျောက်ရန်မှာ သေချာသလောက် ဖြစ်နေချေပြီ။

စင်လုံတို့လူစုမှာ အကြီးအကျယ်မျက်နှာပျက်သွားကြတော့၏။ သူတို့၏နောက်မှ ဓားမြှောင်ကိုယ်စီကိုင်ထားသော မိန်းကလေးများအား စောင်းငဲ့ကြည့်လိုက်သောအခါ ဖြူဖပ်ဖြူရော်မျက်နှာထားများဖြင့် ဖူကုံးကျိုအား ငေးစိုက်ကြည့်နေကြောင်း တွေ့လိုက်ကြရ၏။ မည်သို့ပင်ဖြစ်စေ ထိုပါးကွက်အာဏာသား မိန်းကလေးတစ်ယောက်၏ ဓားချက်ကတော့ လွတ်မြောက်သွားရန် သေချာသွားချေပြီ။

စင်လုံတို့လူသိုက်သည် သေတ္တာထဲ၌ ခွေခွေကလေး လဲနေသော မိန်းကလေးအား ထပ်မံကြည့်ရှုကြပြန်၏။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းကရလေးအပေါ် သံသယရှိ၍ဖြစ်ပါသည်။ ထိုမိန်းကလေးသည် မည်သည့်နည်းနှင့်မျှ ဝမ်ကတော်မဖြစ်နိုင်ဟု သတ်မှတ်ကြသည်။ ထိုမိန်းကလေး၏မျက်နှာသည် ဝမ်ကတော်ထက် နုနယ်ပုံရသည်ကတစ်ကြောင်း။ ဝမ်ကတော်ကိုယ်တိုင် သူတစ်ပါး၏ လက်ထဲသို့ လွယ်လွယ်ကူကူမကျရောက်နိုင်ဟု သိထားကြ၍တစ်ကြောင်း ဤသို့သတ်မှတ်ကြခြင်းဖြစ်သည်။

ဤသို့ဆိုပါလျှင် ထိုမိန်းကလေးသည် မည်သူနည်း။ သူမ၏ သွင်ပြင်ရုပ်ဆင်းသည် အဘယ့်ကြောင့် ဝမ်ကတော်နှင့် တူနေသနည်း။ သူမသည် အဘယ်ကြောင့် ဖူကုံးကျို၏လက်တွင်း သက်ဆင်းခဲ့ရသနည်း။ လျှို့ဝှက်မှုများအတွက် မေးခွန်းများစွာသည် အသင့်ဖြစ်လျက် ရှိနေချေပြီ။



ဝေဝေသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာတော့၏။ သူမ၏ ဦးထုပ်၌ချိတ်ဆွဲထားသော ပုလဲသွယ်ကလေးများက တဆတ်ဆတ်တုန်ခါလာခြင်းဖြင့် သူမ၏ တုန်ယင်မှုကို ပြသနေသည်။ သူသည် ရှင်ပျော်ပျော်မြို့စားကြီးအနီးသို့ တိုးကပ်လာသည်။

“သူပြောနေတာ - ရှင် - ရှင် ကြားတယ်မဟုတ်လား”

ရှင်ပျော်ပျော်မြို့စားကြီးသည် မမျှော်လင့်သောစကားများကို ကြားလိုက်ရသဖြင့် ကျောက်ရုပ်ကြီးသဖွယ် ငြိမ်သက်တိတ်ဆိတ်နေသည်။ သို့သော် အမေးရှိသောအခါတွင်မူ မဖြေဘဲမဖြစ်တော့ပေ။

“အေး - ကြား - ကြားလိုက်ပါတယ်”

ဝေဝေက ခြေထောက်ဆောင့်ရင်း -

“ကြားရဲ့သားနဲ့ ဘာဖြစ်လို့ သူ့ကိုသတ်မပစ်သေးတာလဲရှင့်၊ သတ်ပစ်ပါ”

ရှင်ပျော်ပျော်မြို့စားကြီးက ခြောက်ကပ်စွာ မေးလိုက်၏။

“ဘယ်သူ့ကို သတ်ရမှာလဲ”

ဝေဝေက သေတ္တာထဲမှ မိန်းကလေးကို လက်ညှိုးထိုးပြလိုက်၏။

“ဘယ်သူ့ကို သတ်ရမှာလဲ၊ ဟောဟိုသေတ္တာထဲက အမျိုးသမီးကိုပေါ့ရှင်”

ရှင်ပျော်ပျော်မြို့စားကြီးမှာ ယောင်တိယောင်ကန်းဖြစ်နေသည်။

“ဩော် - သူ့ - သူ့ကို သတ်ရမှာလား။ ဖူကုံးကျိုကို မဟုတ်ဘူးလား”

ဝေဝေက ခြေထောက်ဆောင့်ရင်း -

"ဘာဖြစ်လို့ ဖွကုံးကျီကို သတ်ရမှာလဲရှင့်၊ ဟိုအမျိုးသမီးကို သတ်ပစ်လိုက်စမ်းပါ။ ဘာဖြစ်လို့ရှင် တုံဏှိဘာဝေလုပ်နေတာလဲ၊ ဘာကြောင့် ရှင့်လက်က မလှုပ်ရှားရတာလဲ၊ ဘာကြောင့် ငေးတိငိုင်တိုင်ဖြစ်နေရတာလဲ"

ရှင်ပျော့ပျော့မြို့စားကြီးသည် ခြောက်ကပ်ကပ်ထပ်ပြန်မေးပြန်သည်။

"အခု - အခုပဲ လှုပ်ရှားရမှာလား။ အခုပဲ သတ်ရတော့မှာလား"

ပရိသတ်အားလုံးမှာ ကြက်သေသေနေကြ၏။ ရှင်ပျော့ပျော့မြို့စားကြီးမှာ အတုန်လှုပ်ခုံး အချောက်ခြားဆုံးဖြစ်နေသည်။ သူ ပြောသည့်စကားကိုပင် သူမှတ်မိဟန်မတူဘဲဖြစ်နေသည်။ ဝေဝေသည် ဒေါသအိုးပေါက်ကွဲလာတော့၏။

"ရှင် - ရှင် - မလုပ်ရဲဘူးမဟုတ်လား။ ရှင့်မယားဖြစ်နေလို့ မလုပ်ရဲတာလား"

"မ - မဟုတ်ပါဘူး။ ဘယ်ကလာ ကျုပ်မယားဟုတ်ရမှာလဲ မဟုတ်ပါဘူး"

ဝေဝေက စူးရှစွာ အော်လိုက်၏။

"မဟုတ်ရင် သတ်လေ၊ ဘာဖြစ်လို့ တုံ့ဆိုင်းဆိုင်းလုပ်နေ တာလဲ၊ ရှင့်မယားမဟုတ်ကြောင်း ကျွန်မယုံအောင်သတ်ပြ ကျွန်မယုံမယ်"

ရှင်ပျော့ပျော့မြို့စားကြီးသည် သူ့ဘာစ်ကိုယ်တည်းပြောနေသ



သို့ တတွတ်တွတ်ရေရွတ်နေသည်။

"သူ့ကို သတ်ရမယ်၊ သူ့ကို သတ်ရမယ်၊ ကောင်းပြီ သူ့ကို သတ်မယ်"

ဖွကုံးကျီ၏မျက်နှာ၌ အပြုံးပန်းများ ပွင့်လာတော့သည်။ သူ့ အပြုံးနောက်ကွယ်တွင် လျို့ဝှက်မှုများ ရှိနေသည်။ သူသည် သူ့ခါးမှ ရွှေရောင်ဓားကောက်ကြီးကို ဖြုတ်ယူလိုက်၏။ သူ့ဓားကောက်ကြီးသည်လည်း သူ့ရုပ်သွင်ကဲ့သို့ အဆန်းတကြယ် ရှိနေသည်။

သူသည် ရှင်ပျော့ပျော့မြို့စားကြီးအနီးသို့ တိုးကပ်လာပြီး သူ့ လက်ထဲမှ ဓားကောက်ကြီးကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေလှမ်း ပေးသည်။ ရှင်ပျော့ပျော့မြို့စားကြီးသည် ဓားကောက်ကြီးကို ငေးစိုက် ကြည့်နေသည်။

ဝေဝေသည် သည်းမခံနိုင်တော့ဟန်ဖြင့် ရှေ့သို့တိုးလာပြီး ဓား ကောက်ကြီးကို ဆွဲယူကာ ရှင်ပျော့ပျော့မြို့စားကြီးရှေ့သို့ ပစ်ချလိုက် ၏။

"ချွမ်း - "

ထို့နောက် တုန်ယင်လှုပ်ရှားသော အသံဖြင့် လှမ်းမေးလိုက် သည်။

"ရှင် - ရှင် - သူ့ကိုမသတ်ရက်ဘူးမဟုတ်လား၊ ဖြစ်ပါတယ် မသတ်ရင်နေပါ၊ ကျွန်မကိုယ်ကျွန်မ သတ်သေပြမယ်"

ရှင်ပျော့ပျော့မြို့စားကြီးသည် ကောင်းကင်သို့ ရုတ်တရက်မော့ ကြည့်ရင်း တဟားဟားအော်ရယ်လေတော့၏။

"မင်းတို့က ငါ့ကိုသိပ်ပြီး လူသတ်စေချင်ကြတာကိုး၊ ဒီလောက်

တောင် သတ်စေချင်မှတော့ ငါကလည်း သတ်ပြရတာပေါ့ကွာ၊ ဟား - ဟား - ဟား -"

ရယ်နေစဉ်မှာပင် သူ၏လက်သည် လျှပ်တစ်ပြက်ဓားကောက်ကြီးကို ကောက်ကိုင်ပြီးဖြစ်နေသည်။

"ဟား - ဟား - ဟား - လောကမှာ လူသတ်တာထက် လွယ်ကူတာ ဘာများရှိသေးသလဲ၊ ကဲ -"

ဓားရောင်တစ်ချက် လင်းလက်သွားသည်။ သူ့လက်ထဲမှ ဓား သည် သေတ္တာထဲ၌ လဲလျောင်းနေသည့် ဝမ်ကတော်ထံသို့ မကျ ရောက်ပါချေ။ ဝေဝေ၏ လည်ပင်းသို့ ခုတ်ပိုင်းချလိုက်လေ၏။

ဓား၏လျှင်မြန်မှုတိကျမှုတို့မှာ ရင်သပ်ရှုမောဖွယ်ကောင်းလှ သည်။ ဓားခုတ်ချက်၏ စ,လယ်,ဆုံး သုံးပါးစလုံးမှာ ညီတူညီမျ ဖြစ်နေ၏။ ခုခံကာကွယ်ရန် ခက်ခဲ၏။ ထို့အပြင် ရှင်ပျော်ပျော်မြို့ စားကြီးအနေဖြင့် ဤသို့ရုတ်တရက်ခုတ်ချလိုက်လိမ့်မည်ဟု မည် သူကမျှ မထင်မှတ်ကြပေ။

ချစ်ချစ်နှင့် ဝံကြောင်ကလေးမှာ အလန့်တကြားအော်လိုက် မိသည်။ သို့သော် အော်သံက အပြင်သို့ထွက်မလာပါချေ။ သူ တစ်သိုက်မှာ အံ့ဩပြီးရင်း အံ့ဩနေကြရသည်။ အဘယ်ကြော ဆိုသော် ဓားရောင်ဝင်းခနဲလက်ခနဲဖြစ်သွားသည်နှင့်အတူ ဝေ သည် လေ၏လျှင်မြန်ခြင်းနှင့်အတူ ခုန်ပျံရှောင်ထွက်သွားသည် မြင်တွေ့လိုက်ရသောကြောင့်ပေတည်း။

ရှင်ပျော်ပျော်မြို့စားကြီး၏ဓားချက်သည် လျှင်မြန်လှ၏။ သော် ဝေဝေ၏လှုပ်ရှားမှုက ပို၍လျှင်မြန်လှ၏။ စင်စစ် ဤဓားချ ကို မည်သူမျှ ရှောင်တိမ်းနိုင်မည်မဟုတ်ပါ။ ဝေဝေသည်လ



တကယ်တမ်း ရှောင်တိမ်းနိုင်မည်မဟုတ်ပါ။ ယခုကဲ့သို့ ဝေဝေ ရှောင်တိမ်းသွားနိုင်သည်မှာ ရှင်ပျော်ပျော်မြို့စားကြီးက သူမအား အမှတ်မထင် ခုတ်ချတော့မည်ဟု ကြိုတင်တွက်ဆထား၍သာ ဖြစ်ပေလိမ့်မည်။

ဝေဝေသည် စူးရှစွာ လှမ်းအော်လိုက်သည်။

"ရှင်ဘယ်လို လုပ်လိုက်တာလဲ၊ ဟိုမိန်းမကိုတော့ မသတ်ဘဲနဲ့၊ ဘယ့်နယ် ကျွန်မကို လာသတ်ရတာလဲ၊ ရှင် ရူးနေသလား"

"ဟား - ဟား - ဟား - တော်စမ်းပါကွာ၊ ဒီလိုကောက်ကျစ်စဉ်းလဲတဲ့ အကြံဉာဏ်နဲ့များ ကျုပ်ကို လာမစမ်းနဲ့၊ ဒီလို အကြံဉာဏ်မျိုးတွေကို ကျုပ်ကအလျှင်လုပ်လာခဲ့တာကွ"

"ဘာရှင့် - ကောက်ကျစ်စဉ်းလဲတဲ့ အကြံဉာဏ်၊ ဘယ်သူက ကောက်ကျစ်စဉ်းလဲတဲ့ အကြံဉာဏ်သုံးနေလို့လဲ၊ ရှင်က ဘာကို ဆိုလိုတာလဲ၊ ကျွန်မ သဘောမပေါက်ဘူး"

ရှင်ပျော်ပျော်မြို့စားကြီး၏ ရယ်သံသည် ရုတ်တရက်ရပ်တန့်သွားသည်။

"ဟေ့ - ကိုယ်ရံတော်တွေ တံခါးဝလေးပေါက်ကို ပိတ်လိုက်ကြစမ်း။ တစ်ယောက်မှ အသက်ရှင်လျက် လွတ်မသွားစေနဲ့"

အခန်းထဲရှိလူများသည် ဘာတွေဖြစ်ပျက်နေမှန်းမသိသော်လည်း ရှင်ပျော်ပျော်မြို့စားကြီး၏အမိန့်နှင့် ရင်းနှီးကျွမ်းဝင်နေသူများချည်းဖြစ်၍ ရန်သူများအား ဖမ်းဆီးရန် အားလုံးနီးကြားဖျတ်လတ်လာကြတော့၏။

ဖူကုံးချီက -

"သခင်ကြီးဝမ် - ကျွန်တော် - ကျွန်တော်က ညွှဲသည်တော်ပါ"

ရှင်ပျော်ပျော်မြို့စားကြီးက အေးစက်စွာ ရယ်မောလိုက်လေသည်။

"အထူးသဖြင့် လွတ်မသွားဖို့ အရေးအကြီးဆုံးလူက မင်းပဲကွ၊ ဒီနေ့တော့ မင်းအတွက် လာလမ်းသာရှိတယ်၊ ပြန်လမ်းမရှိတော့ဘူးဆိုတာ မင်းအသည်းနှလုံးထဲက သေသေချာချာမှတ်ထားပေတော့"

ဖူကုံးကျိသည် နောက်ဘက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်သွားပြီး ဟစ်၍ဟစ်၍ ရယ်မောလေတော့၏။

"ဟား - ဟား - ဟား - ရှင်ပျော်ပျော်မြို့စားကြီးဟာ ကြားထားရသလောက် အစွမ်းထက်တဲ့လူပဲကိုး၊ အခြေအနေအားလုံးကို အချိန်မီရိပ်မိသိရှိနိုင်စွမ်းရှိပါပေတယ်၊ ဒါကြောင့်မို့ ဖူကုံးကျိလို့ သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ ကျုပ်က တလေးတစားဂါရဝပြုပါ တယ်"

သူသည် တစ်ချက်မျှ ဦးညွှတ်လိုက်၏။ သူ၏ခန္ဓာကိုယ်ကို ပြန်မတ်လိုက်ပြီးနှင့် သူ၏ ခန္ဓာကိုယ် သုံးပတ်မျှ လှည့်လိုက်၏။

"ဖုံး - ဖုံး - ဖုံး"

အသံသုံးချက်သည် သူ၏ခန္ဓာကိုယ်မှ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့နောက်သူ၏ ဝတ်ရုံကြီးမှ မီးတောက်မီးလျှံများ ထွက်လာပြီး ခရမ်းရောင်မီးခိုးများ အူထွက်လာတော့သည်။ မီးခိုးများသည် ခန်းမဆောင်တစ်ခုလုံးကို ပျံ့နှံ့လွှမ်းခြုံစ ပြုလာတော့၏။

ရှင်ပျော်ပျော်မြို့စားကြီးက အရေးတကြီးအော်လိုက်၏။



"အားလုံး အသက်မရှူကြနဲ့ အောင့်ထားကြ၊ သူတို့နှစ်ယောက် လွတ်ထွက်မသွားစေနဲ့"

ခရမ်းရောင်မီးခိုးများသည် ခန်းမဆောင်တစ်ခုလုံးအား အံ့ဩဖွယ်ရာ လျင်မြန်စွာ လွှမ်းမိုးသွားလေ၏။ မီးခိုးများကြား တစ်ဦးနှင့်တစ်ဦး ထင်ထင်ရှားရှားပင် မတွေ့ကြရတော့ချေ။

ချစ်ချစ်က လှမ်းအော်မေးလိုက်၏။

"ဒါ - ဘာဖြစ်သွားတာလဲ"

ဝံကြောင်ကလေးက ညည်းညူလိုက်၏။

"ဒါက ဖူကုံးကျိရဲ့ မှော်ပညာများလား မသိပါဘူးကွာ၊ သူ့မှော်ပညာက ငါတို့အတွက်တော့ ဘာမှ အသုံးဝင်မယ်မထင်ဘူး"

ဝမ်းလင်းဝါးကမူ -

"ခင်ဗျား အတတ်ပြောနိုင်သလား၊ ကျုပ်တို့အတွက် အသုံးကျချင်ကျလာမှာပေါ့၊ စိတ်ဝင်စားစရာ ကောင်းတာတော့ အမှန်ပဲဗျ"

ထိုစဉ် သူတို့သုံးယောက်၏ ခန္ဓာကိုယ်များပေါ်သို့ လက်တစ်ဖက်က စမ်းသပ်ရောက်ရှိလာတော့သည်။ ထိုလက်တစ်ဖက်သည် ပိတ်နေသည့် သွေးကြောမှန်သမျှကို လိုက်၍ဖွင့်ပေးနေ၏။ သုံးယောက်စလုံး အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်သွားတော့သည်။

စင်လုံ၏ တီးတိုးအမိန့်ပေးသံ ထွက်ပေါ်လာ၏။

"တတ်နိုင်သမျှ အသက်မရှူဘဲ အောင့်ထားကြ၊ အားလုံး ငါ့နောက်ကလိုက်ခဲ့"

❖ ❖ ❖

## အခန်း(၄၃)

# ဝိညာဉ်ဂိုဏ်းချုပ်သခင်မ

ခန်းမဆောင်ကြီးထဲ၌ အားလုံးဝရုန်းသုန်းကားဖြစ်နေကြလေပြီ။ အော်ငေါက်ကြိမ်းမောင်းသံများ ညည်းညူအော်ဟစ်သံများ စသည်ဖြင့် ငရဲပွက်သကဲ့သို့ ပွက်လောရိုက်နေ၏။

ချစ်ချစ်သည် စင်လုံ၏ အင်္ကျီစကို လှမ်းဆွဲရင်း နောက်မှ ဒရောသောပါးလိုက်နေမိသည်။ မီးခိုးများကို မရှူမိအောင် လုံးဝမပြုလုပ်နိုင်ပေ။ တစ်ချက်တစ်ချက် ရှူလိုက်မိသဖြင့် မူးဝေလာသည်။ ဤခန်းဆောင်ကြီးအတွင်းမှ စင်လုံတစ်ယောက် မည်ကဲ့သို့ ထိုးဖောက်ထွက်နိုင်မည်ကို သူမအနေဖြင့် စဉ်းစားနိုင်ချိန်မရှိတော့ပါပေ။

မကြာမီ ဝေဝါးခြင်းများ ပျောက်သွား၏။ မီးခိုးငွေ့များနည်းပါးရာသို့ ရောက်ရှိလာကြခြင်းဖြစ်၍ အတော်ကလေး အသက်ရှူချောင်သွားကြသည်။ သို့သော် အဆက်မပြတ်ချောင်းဆိုးခြင်း၊ မျက်ရည်များယိုစီးကျခြင်းတို့ကို ခံစားနေရသည်။

ထိုစဉ် လူငါးယောက်သည် စင်လုံတို့ထံသို့ မာန်သွင်း၍ ခုန်ဝင်လာတော့၏။ သို့သော် စင်လုံ၏လက်ဝါးရိုက်ချက်က ထိုလူငါး



ယောက် မြေမကျမီပင် အဝေးသို့လွင့်စဉ်ထွက်သွားစေ၏။ စင်စစ်ယခုအချိန်၌ စင်လုံအား ရှင်ပျော်ပျော်မြိုစားကြီးမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တားမြစ်နိုင်မည်မဟုတ်ချေ။

စင်လုံက နောက်သို့အော်ဟစ်ရင်း သတိပေး၏။

"ဒီနေရာက ဘေးရန်မကင်းသေးဘူး။ အားလုံးငါ့နောက်ကို မြန်မြန်လိုက်ခဲ့ကြ"

ချစ်ချစ်မှာ ခြေထောက်များ ထုံကျဉ်နေ၏။ သူမ၏ ခြေထောက်များ မည်ကဲ့သို့လှမ်းနေသည်ကို သူမကိုယ်တိုင်ပင် မသိပါချေ။ သို့သော် စင်လုံနောက်မှ ဖဝါးထက်ကြပ်ကပ်၍ ပြေးလိုက်နေ၏။

ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့မှာ ချစ်ချစ်ထက် အတွင်းအားကောင်းသူများဖြစ်၍ ချစ်ချစ်လောက်တော့ အခြေအနေမဆိုးချေ။ သို့သော် သူတို့သည်လည်း စင်လုံနောက်မှ ဒယီးဒယိုင်ပြေးလိုက်နေရသည်သာ ဖြစ်၏။

ဤသို့ဖြစ်ရခြင်းမှာ ကာလကြာရှည်စွာ သွေးကြောများ အပိတ်ခံခဲ့ရ၍ဖြစ်သည်။ သိုင်းပညာ မည်မျှအဆင့်မြင့်မြင့် တတ်မြောက်ထားသည်ဖြစ်စေ ကြာရှည်စွာ သွေးကြောအပိတ်ခံရပါက ထုံကျဉ်မှုကို ခံစားရမည်သာဖြစ်သည်။

စင်လုံတစ်ယောက်ကတော့ သူတို့နှင့်မတူ တစ်မူထူးခြားနေသူဖြစ်ပါ၏။ မီးခိုးများလုံးဝ ကင်းရှင်းနေပြီဖြစ်၍ စင်လုံကို ပီပီသသကြည်ကြည်လင်လင်တွေမြင်နေရပါ၏။ စင်လုံ၏ ပခုံးထက်တွင် အမျိုးသမီးတစ်ယောက်ကို ချီပိုးထားကြောင်း တွေ့ရ၏။ ချစ်ချစ် ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့သည် ထိုအမျိုးသမီးကို ပြေးရင်းလွှားရင်းမှာ အကဲခတ်နေမိကြသည်။ ထိုအမျိုးသမီးကား

သေတ္တာထဲမှ အမျိုးသမီးသာတည်း။ ဤမျှသေရေးရှင်ရေး ကြုံကြိုက်နေသည့်အခိုက် စင်လုံသည် ထိုအမျိုးသမီးလေးအား အဘယ်ကြောင့် ခက်ခက်ခဲခဲသယ်ထုတ်လာရသနည်း။

ချစ်ချစ်တို့လှုသိုက်သည် ကျောက်တုံးများကို ထွင်းထုဖောက်လုပ်ထားသည့် ကျောက်လှေခါးတစ်ခုမှ ထွက်ပြေးလာကြသည်။ ထိုကျောက်လှေခါးထစ်ကား ယိုလန်နိုင်ငံတော် မြေအောက်မြို့တော်ဟောင်း၏ လျှို့ဝှက်ထွက်ပေါက်သာတည်း။

ကြူးချစ်ချစ်အနေဖြင့် ဤထွက်ရပ်လမ်းသို့ အဘယ်ပုံအဘယ်နည်း ဆိုက်ရောက်လာသည်ကို လုံးဝမသိနိုင်ခဲ့ပါချေ။ စင်လုံ၏နောက်မှ အသက်ကို အလုအယက်ရှူရင်း အပြေးအလွှားလိုက်ခဲ့ရသဖြင့် လမ်းခရီးကိုလည်းမသိ၊ ရန်သူကိုလည်းမမြင် ဖြစ်ခဲ့ရသည်။

ယခု သူမ ရောက်ရှိနေသည့်နေရာမှာ လွတ်လွတ်လပ်လပ် အသက်ရှူနိုင်သည့် မြေပြင်မြေပြန့်ဖြစ်ကြောင်း တွေ့ရမြင်ရသောအခါ သူမသည် ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက်ပီတိဖြစ်သွားရတော့၏။

အာကာသကောင်းကင်ပြင်ကြီးတွင် ကြယ်ပွင့်ကလေးများ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေ၏။ စင်လုံသည် ကြယ်ပွင့်များ၏ အလင်းရောင်ကိုအားကိုးလျက် သုတ်ခြေတင်နေရာမှ ရုတ်တရက်ရပ်တန့်သွား၏။

ဝံကြောင်ကလေးက ခပ်အုပ်အုပ်မေးလိုက်၏။

"အစ်ကိုကြီး - ဘာတွေ့လို့လဲ"

စင်လုံက လက်ညှိုးဖြင့် နှုတ်ခမ်းကို ကန့်လန့်ဖြတ်ပိတ်ရင်း ရှူးကနဲသတိပေးလိုက်၏။ စကားမပြောကြနှင့်ဆိုသည့်သဘော။



ဝံကြောင်ကလေး၏ မျက်လုံးများသည် မလှမ်းမကမ်းမှ မြင်းစီးတပ်သားတစ်စုကို တွေ့လိုက်ရသဖြင့် ကြွက်သားများ ရုတ်တရက်တင်းမာသွားလေတော့၏။

စင်လုံသည် သူချီပိုးထားသည့် မိန်းကလေးအား ချစ်ချစ်၏ လက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ဝံကြောင်ကလေး၊ ဝမ်းလင်းဝါးတို့နှင့် ခေါင်းချင်းဆိုင်လျက် တီးတိုးတိုင်ပင်လိုက်၏။

"အခုစခန်းချနေတဲ့ မြင်းစီးတပ်သားတွေဟာ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ ကင်းတပ်သားတွေဖြစ်မှာ သေချာတယ်၊ ငါတို့သုံးယောက် ရုတ်တရက်ဝင်တိုက်ကြမယ်၊ တစ်ယောက်မှ လက်လွတ်မခံနဲ့"

ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့မှာ မမျှော်လင့်ဘဲနှင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြပြီးဖြစ်၍ လွန်စွာစိတ်ဓာတ် တက်ကြွနေကြ၏။ သူတို့နှစ်ယောက်သည် စကားမပြောဘဲ ပြိုင်တူခေါင်းညိတ်ပြကြ၏။ သူတို့၏ မျက်လုံးများသည် အငယ်စားတိုက်ပွဲကလေးအတွက် ပြောင်လက်တောက်ပနေကြသည်။

စင်လုံသည် အချက်ပြရင်း ရှေ့မှပြေးထွက်သွား၏။ ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့သည် စင်လုံနောက်မှ အရိပ်ပမာကပ်ပါသွားကြ၏။

"အား - "

"အင့် - "

"အောင်မလေး- "

သုံးယောက်ပေါင်းလျှင် လူသုံးရာနီးပါးမျှ အစွမ်းထက်လှသော စင်လုတို့သုံးယောက်၏ တိုက်ကွက်ကို မြင်းစီးကင်းတပ်သားများသည် မရှုမလှခံလိုက်ကြရ၏။ မြင်းစီးကင်းတပ်သားများသည် ဘေး

အန္တရာယ်မရှိဟု ထင်မှတ်လျက် အေးအေးဆေးဆေး အနားယူနေကြသဖြင့် သူတို့အား မည်သို့ဝင်၍ တိုက်ခိုက်ကြသည်ကိုပင် မသိလိုက်ကြချေ။

တဒင်္ဂအချိန်အတွင်း၌ပင် မြင်းစီးတပ်သား နှစ်ဆယ့်ငါးယောက်တို့သည် အတုန်းအရုံးလဲကျသွားကြပြီး ၎င်းတို့၏မြင်းများ ရေအိတ်များသည် စင်လုံတို့လူသိုက်၏ ပစ္စည်းများ ဖြစ်သွားကြရတော့၏။ ကံအားလျော်စွာပင် ရိက္ခာခြောက်အချို့ကိုပါ ရရှိသဖြင့် သူတို့၏ လွတ်မြောက်ရေးလမ်းစမှာ ဟင်းလင်းပွင့်သွားရသည်။

သူတို့သည် မြင်းကိုယ်စီစီးလျက် မင်မြို့တော်ဟောင်းကြီးမှ ဝေးရာအရပ်သို့ ဦးတည်ခုန်းစိုင်းထွက်ခွာလာကြသည်။ နှစ်မိုင်ခန့်ခရီးပေါက်သည့်အခါမှ မြင်းများ၏ပြေးအားကို လျှော့လိုက်ကြ၏။ လက်ဝဲဘက်တွင် ချိုင့်ဝှမ်းကြီးများနှင့် လက်ယာဘက်တွင် လွင်တီးခေါင်ကြီးကို မိုတ်တုတ်မိုတ်တုတ် ကြယ်အလင်းရောင်အားဖြင့် မြင်တွေ့လိုက်ကြသည်။

နားနိုစရာသောင်ကမ်းမရှိသည့်နေရာဖြစ်သော်လည်း သူတို့အားလုံး ရွှင်လန်းဝမ်းမြောက်နေကြသည်။ နေ့သေမလား ညသေမလားမသိရဘဲ ကျောက်သားဖြင့်အတိပြီးသည့် အလုံခန်းအတွင်း အကျဉ်းသားအဖြစ်နေရခြင်းထက် လွတ်လွတ်လပ်လပ်အသက်ရှူနိုင်ပြီး ခြေဆန့်လက်ဆန့်ပြုလုပ်နိုင်သည့် ဤသဘာဝမြေပြင်ကြီးက ပို၍ ကောင်းမွန်သည် မဟုတ်ပါလော။ သူတို့အထဲ၌ စိတ်လွတ်လက်လွတ်ပျော်နေသူကား ချစ်ချစ်သာတည်း။ သူမသည် အထိန်းအချုပ်မရှိ အော်ဟစ်ကြွေးကြော်နေ၏။



"ကျွန်မတို့ မသေတော့ဘူး။ ကျွန်မတို့ မသေတော့ဘူး။ လူ့လောကကြီးရဲ့အလှတွေကို ဆက်ပြီးခံစားနိုင်ကြပြီ"

ဝံကြောင်ကလေးက ရယ်ရင်းအော်လိုက်သည်။

"ဝမ်းလင်းဝါး ဘယ်လိုလဲကွ၊ စင်လုံရဲ့ ပြိုင်ဘက်ကင်းတဲ့ အရည်အချင်းကို ကောင်းကောင်းကြီး အသိအမှတ်ပြုပြီမဟုတ်လား"

ဝမ်းလင်းဝါးက ခေါင်းတဆတ်ဆတ်ညိတ်ပြ၏။

"အသိအမှတ်ပြုပါတယ်ခင်ဗျာ၊ ကောင်းကောင်းကြီး အသိအမှတ်ပြုပါတယ်၊ နေစမ်းပါဦးဗျာ၊ ကျုပ်တစ်ခုလောက် မေးစမ်းပါရစေဦး။ ခင်ဗျားရဲ့စွမ်းအားတွေကို ဘယ်လိုများ လျှို့ဝှက်ထား ခဲ့သလဲ၊ ကျုပ်တို့အားလုံး လွတ်မြောက်လာအောင် ဘယ်လိုများ ဆောင်ကြဉ်းခဲ့သလဲ၊ စင်လုံ - တဆိတ်လောက် ရှင်းမပြနိုင်ဘူးလားဗျာ"

ချစ်ချစ်က ကြားဖြတ်ဝင်ပြောသည်။

"ကျွန်မတော့ အိပ်မက်မက်နေသလိုပါပဲရှင်"

စင်လုံသည် သူ့အမြဲတမ်းပြုံးလေ့ရှိသည့် နှစ်ခြိုက်ဖွယ်ရာ အပြုံးကိုပြုံးရင်း -

"ငါတို့အားလုံး ကံကောင်းလွန်းလို့ လွတ်လာခဲ့ကြတာပါကွာ"

ချစ်ချစ်က ဝင်ပြောသည်။

"စင်လုံ - ကျွန်မမေးချင်တာတွေ အများကြီးရှိနေပါတယ်ရှင်၊ ခရီးသွားရင်း မေးတာထက်စာရင် တစ်နေရာရာမှ ခေတ္တအနားယူပြီး မေးရတာပိုကောင်းမယ်လို့ ထင်ပါတယ်ရှင်၊ ခဏလောက် နားကြရအောင်နော်"

စင်လုံ၏ သဘောတူညီချက်အရ သူတို့သည် လေကွယ်ရာ တစ်နေရာကို ရှာဖွေကြ၏။ စင်လုံသည် ချိုင့်ဝှမ်းကြီးတစ်ခုကို ညွှန်ပြရင်း -

"အဲဒီနေရာကို ဆင်းကြ၊ လေလည်းကွယ်တယ်၊ ရန်သူလည်း ရုတ်တရက်မမြင်နိုင်ဘူး"

သူတို့အားလုံး စင်လုံညွှန်ပြသည့် ချိုင့်ဝှမ်းကြီးထဲသို့ ဆင်းသက်အနားယူကြသည်။ ချစ်ချစ်သည် စင်လုံ၏လက်မောင်းကို ဆွဲကိုင်ရင်း သိလိုစိတ်ပြင်းပြစွာမေးလိုက်သည်။

"စင်လုံ - ကျွန်မ သိပ်သိချင်နေတဲ့အချက်တစ်ချက် ရှိနေပါတယ်၊ ရှင့်သွေးကြောကို ဘယ်သူလာဖွင့်ပေးသွားသလဲဟင်"

စင်လုံသည် အဝေးသို့ မျှော်ကြည့်လိုက်ရင်း တစ်ကိုယ်တည်း ရေရွတ်နေမိတော့သည်။

"အင်း - သွေးကြော - သွေးကြော"

သူ၏သွေးကြောများ အဘယ်ကဲ့သို့ပွင့်လာသည်ကို သူပြော မပြလိုပါချေ။ သူ၏သွေးကြောများအကြောင်းတွေးလျှင် ဝေဝေ၏ အကြောင်းကို တွေးရမည်ဖြစ်သည်။

မျက်စိသူငယ်ဖြင့် ကြောက်လန့်နေသယောင် ဟန်ဆောင်ခဲ့သည့် ဝေဝေကို အတိတ်၏တစ်ချိန်တစ်ခါက စတင်တွေ့ရှိခဲ့ရ၏။ ပရိယာယ်မာယာအသွယ်သွယ်ဖြင့် ကြောက်မက်ဖွယ်ရာကောင်းလှသော ဝေဝေကို ပန်းနတ်စင်နောက်ဘက်ရှိ ကျောက်လိုဏ်ဂူထဲ၌ တွေ့ရှိခဲ့ရ၏။

သူမသည် ထူးထူးခြားခြားကောင်းမွန်လှသည့် စင်လုံ၏ သိုင်းပညာကို ဂရုမပြုခဲ့မိချေ။ ဝေဝေက သူ၏သွေးကြောများကို ဖွင့်



လိုက်ပိတ်လိုက် လုပ်ပြီးသည့်နောက်တွင် စင်လုံသည် သူ၏ပိတ်နေသည့် သွေးကြောများကို သူ၏အတွင်းအားဖြင့် အလိုအလျောက် ဖွင့်နိုင်ခဲ့သည်။

သို့သော်စင်လုံသည် လုံးဝဆန္ဒစောခြင်း မရှိပါချေ။ အချိန်အခါကို အေးဆေးစွာ စောင့်ဆိုင်းခဲ့သည်။ ဝေဝေလာလျှင် သူသည် သူမ၏လက်ခုပ်ထဲမှရေသဖွယ် ပြုသမျှအနုခံခဲ့ရသည်။ သူ၏ သွေးကြောများဖွင့်နိုင်ခဲ့သည် ဇာတ်ကြောင်းမှာ ထိုမျှသာဖြစ်ပါ၏။ သို့သော် ဤဇာတ်ကြောင်းကို ဖွင့်ပြောပြခြင်းဖြင့် ချစ်ချစ်အား စိတ်မထိခိုက်စေလိုပါ။

စင်လုံသည် သူ၏အတွေးများကို သိမ်းဆည်းလိုက်ပြီး ခပ်သဲ့သဲ့ရယ်လိုက်၏။

"မင်းတို့က ကျုပ်ရဲ့သွေးကြောတွေကို ဘယ်သူဖွင့်ပေးသလဲဆိုတာ သိချင်တယ်မဟုတ်လား။ ဘယ်သူကမှ ဖွင့်ပေးတာမဟုတ်ပါဘူး၊ ကိုယ့်ဖာသာဖွင့်ယူတာလို့ပဲ ပြောပြပါရစေ၊ မင်းတို့ပဲ ပြောခဲ့ကြတယ်မဟုတ်လား။ ကျုပ်မှာခန့်မှန်းလို့မရတဲ့ စွမ်းအားတွေ ရှိနေတယ်လို့"

ချစ်ချစ်သည် သက်ပြင်းတစ်ချက်ချလိုက်ရင်း -

"ဟုတ်ပါတယ်လေ၊ ရှင့်ရဲ့ သိုင်းပညာစွမ်းအားနဲ့ ပတ်သက်လာရင် ကျွန်မဘယ်တုန်းကမှ နားမလည်ခဲ့ပါဘူး၊ နောင်လည်း ဘယ်တော့မှ နားလည်မယ်မထင်ပါဘူး၊ အင်း - ဘာပဲဖြစ်ဖြစ်ပါလေ၊ ကျွန်မအနေနဲ့ ရှင့်ကိုမြတ်နိုးနေရရင် ကျေနပ်နေပါပြီရှင်၊ ပါပေမယ့် - "

ချစ်ချစ်သည် သူတို့ဘေး၌ ခွေခွေကလေးလဲနေသည့် သေဝ္ဗာ

ထဲမှ မိန်းကလေးကို လှမ်းကြည့်လိုက်သည်။

"ဒါပေမယ့် - ဟိုမိန်းကလေးကို ရှင်ဘာဖြစ်လို့ ကယ်ထုတ်လာရတာလဲ၊ ကျွန်မတို့လွတ်မြောက်ဖို့တောင် သေရေးရှင်ရေး အရေးကြီးနေတဲ့အချိန်မှာ ဟိုမိန်းကလေးကို ကယ်လာတာဟာ ကျွန်မတို့အတွက် အများကြီးအနှောင့်အယှက်ဖြစ်လာနိုင်တာပေါ့"

ထိုမိန်းကလေးမှာ ယခုတိုင် သတိမရသေးပေ။ သူမ၏ စွဲမက်ဖွယ်ရာ ကိုယ်လုံးအလှကို ယခုအခါ မတွေ့မြင်နိုင်တော့ချေ။ စင်လုံသည် သူ၏အင်္ကျီရှည်ကြီးဖြင့် ထိုမိန်းကလေး၏ ခန္ဓာကိုယ်အားလုံးခြုံစွာ ပတ်ထားပေးပြီးဖြစ်နေသည်။

သို့သော် သူမ၏မျက်နှာကမူ လျှို့ဝှက်နက်နဲမှုကို အပြည့်အဝထိန်းသိမ်းထားဆဲရှိသေး၏။ စင်လုံသည် သူမ၏မျက်နှာကို ငေးစိုက်ကြည့်ရင်းမှ ဖြည်းညင်းစွာပြောလိုက်သည်။

"သူဘယ်သူဆိုတာ မင်းတို့အားလုံး သိကြမှာမဟုတ်ပါဘူး"

ချစ်ချစ်မှ အထိတ်တလန့်ဖြစ်သွားတော့၏။

"စင်လုံ သူဘယ်သူလဲဟင်"

ဝံကြောင်ကလေးကလည်း ကမူးရှူးထိုးဝင်မေးလိုက်၏။

"အစ်ကိုကြီးစင်လုံ - သူ - ဝမ်ကတော်မဟုတ်လား"

ဝမ်းလင်းဝါးက ခပ်ပြတ်ပြတ်ဝင်ပြော၏။

"သူဟာ ကျုပ်အမေနဲ့တော့ တူသယောင်ယောင်ရှိတယ်၊ ဒါပေမယ့် ဘယ်နည်းနဲ့မှ ကျုပ်အမေမဖြစ်နိုင်ပါဘူး"

စင်လုံသည် မည်သည့်စကားမျှမပြောဘဲ အင်္ကျီလက်စကို ဆွဲဖြဲလိုက်ပြီး ရေဆွတ်လိုက်၏။ ရေစိုနေသော အင်္ကျီစဖြင့် ထိုမိန်း



ကလေးမျက်နှာကို ခပ်ဖြည်းဖြည်းပွတ်တိုက်ပေးနေ၏။ ချစ်ချစ်၊ ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့သည် စင်လုံ၏အပြုအမူကို မျက်တောင်မခတ်ဘဲ ကြည့်နေမိကြ၏။

မကြာမီ သူတို့အားလုံး မျက်လုံးပြူးသွားကြတော့၏။ အဘယ်ကြောင့်ဆိုသော် သတိမေ့နေသောမိန်းကလေးမှာ ဝေဝေဖြစ်နေသောကြောင့်တည်း။

ချစ်ချစ်မှာ သူ၏ရင်ဘတ်ကိုဖိလျက် တအံ့တသြရေရွတ်နေမိသည်။

"ဘုရား - ဘုရား - ဘယ်လိုများဖြစ်တာပါလိမ့်"

အစွမ်းထက်လှသော ဝိညာဉ်ဂိုဏ်းချုပ်သခင်မဝေဝေ၊ ရှင်ပျော်ပျော်မြို့စားကြီး၏ ကြင်ယာလောင်းဝေဝေ၊ သတို့သမီးဝေဝေသည် အဘယ်ကြောင့် ဖူကုံးကျီ၏ သေတ္တာထဲရောက်ရှိနေခဲ့ရသနည်း။

ချစ်ချစ်၏ အတွေးများသည် ချာချာလည်လျက်ရှိနေပြီး ဝံကြောင်ကလေးမှာလည်း သူ၏ဆံပင်များထဲသို့ လက်များထိုးဖွရင်း နားမလည်နိုင်ခြင်းကြီးစွာဖြင့် မေးလိုက်မိ၏။

"သူက ဝေဝေဖြစ်ပြီပဲ ထားပါတော့၊ ဟိုတစ်ယောက်က ဘယ်သူလဲ"

ချစ်ချစ်သည် စင်လုံ၏လက်ကိုကိုင်လျက် သိချင်စိတ်ပြင်းပြစွာဖြင့် မေးလိုက်သည်။

"စင်လုံ ကျွန်မတို့ဒီအကြောင်းတွေ သိပ်ပြီးသိချင်တာပဲရှင်၊ ကျွန်မတို့ကို ပြောပြမှာလားဟင်၊ ရှင်သာပြောမပြရင် သိချင်လွန်းတဲ့ဝေဒနာကို မခံနိုင်တာနဲ့ ကျွန်မကတော့ သေရလိမ့်မယ်နဲ့တူ

တယ်"

စင်လုံက ဖြည်းညင်းစွာပြောသည်။

"ပြောပါ့မယ်၊ ပြောပါ့မယ်၊ ဒီကိစ္စဟာ အင်မတန်ရှုပ်ထွေးပါတယ်၊ ထူးခြားဆန်းကြယ်မှုလည်း အပြည့်အဝရှိနေတယ်၊ ကြိုတင်မှန်းဆထားဖို့ဆိုတာကတော့ ဝေးရော့ပဲ"

ဝံကြောင်ကလေးက -

"အစ်ကိုကြီးကို ကျွန်တော်တစ်ခုလောက် မေးစမ်းပါရစေ"

"အို - အစ်ကိုကြီးဝံကြောင်ကလေးကလည်း ကျွန်မအလျင်မေးမယ်"

"နေစမ်းပါဟ ဘယ်သူမေးမေး အတူတူပါပဲ၊ ဝေဝေဟာ ဒီမှာရောက်နေပြီး ရွှင်ပျော်ပျော်မြို့စားကြီးဘေးမှာရှိနေတဲ့ သတို့သမီးက ဘယ်သူလဲ"

စင်လုံက သက်ပြင်းချရင်းဖြေသည်။

"မင်းတို့ငါ့ကိုလည်း သိပ်အထင်မကြီးကြပါနဲ့၊ ငါလည်း မင်းတို့လိုပဲ တဖြည်းဖြည်းစဉ်းစားနေရတာပဲ၊ ဒီအဖြေကို သိချင်တဲ့လူဟာ ခပ်ပေါ့ပေါ့လေးတွေးလို့မရဘူး။ လေးလေးနက်နက်တွေးရမယ်၊ ပတ်သက်ရာပတ်သက်ကြောင်းတွေကို ဆက်စပ်ပြီးတွေးရမယ်"

ချစ်ချစ်က အလန့်တကြားဝင်အော်၏။

"ကျွန်မတွေးမိပြီ"

"ကဲ - ဆိုပါဦး၊ ဘယ်သူဖြစ်နိုင်သလဲ"

"ဝမ်ကတော်ပေါ့၊ ဝမ်ကတော်ဖြစ်ရမယ်"

စင်လုံက သက်ပြင်းချရင်း -



"မှန်တယ် ဝမ်ကတော်ပဲ"

ဝမ်ကတော်ဖြစ်တာတော့ ဟုတ်ပါပြီ၊ ကျွန်မကစိတ်ထင်နဲ့ ရမ်းပြောလိုက်တာပါ၊ သတို့သမီးလောင်းဝေဝေကနေ ဘယ်လိုဝမ်ကတော်ဖြစ်လာရသလဲဆိုတာတော့ ကျွန်မမတွေးတတ်ပါဘူး။ နောက်ပြီး သတို့သမီးလောင်းဝေဝေအစစ်က ဘယ်လိုလုပ်ပြီး သေတ္တာထဲရောက်သွားရတာလဲ"

စင်လုံက ဖြည်းညင်းစွာမေးသည်။

"မင်္ဂလာအခမ်းအနားမစခင်တုန်းက သတို့သမီးဟာ တော်တော်နဲ့ရောက်မလာခဲ့ဘူး။ ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ ဖန်စန်းချီတို့ဟာ အတော်ကြာအောင် စောင့်နေခဲ့ကြရတယ်၊ အဲဒီအချိန်ကလေးကို မှတ်မိရဲ့လား"

"ကျွန်မကောင်းကောင်းကြီး မှတ်မိပါတယ်၊ ဒါပေမယ့် အဲဒါနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တာ ရောက်လာမှာပေါ့၊ အဲဒီအချိန်မှာ ဖန်စန်းချီက ရွှင်ပျော်ပျော်မြို့စားကြီးကို ဘာတွေပြောနေသလဲ၊ မှတ်မိရဲ့လား"

ချစ်ချစ်သည် တွေတွေကလေး စဉ်းစားလိုက်၏။ ထို့နောက် သူမှတ်မိသမျှကို ဖြည်းညင်းစွာ ပြန်ပြောလိုက်သည်။

"သူပြောပြနေတာကတော့ မိန်းမဖော်အဖွားကြီးနှစ်ယောက်နဲ့ အလှပြင်တဲ့ဆရာကြီးတို့က သခင်မဝေဝေကို အလှပြင်ပေးနေကြတယ်တဲ့၊ အလှပြင်တဲ့ဆရာကြီးဟာ နှစ်ပေါင်းငါးဆယ်ကျော် လူကုံတံအသိုင်းအဝိုင်းမှာ ကျော်ကြားခဲ့သူဖြစ်ပြီး ရိုးသားဖြောင့်မတ်သူလည်းဖြစ်တယ်တဲ့"

စင်လုံက ပြုံးလိုက်၏။

"မင်းရဲ့ မှတ်ဉာဏ်က မဆိုးပါဘူး၊ မှတ်မိသားပဲ"

"အဲဒါနဲ့ ဘယ်လိုပတ်သက်လို့လဲရှင်"

"ပတ်သက်တာပေါ့၊ အဲဒီရိုးဖြောင့်ပါတယ်ဆိုတဲ့ အလှပြင် ဆရာကြီးကို တစ်ယောက်ယောက်က ငွေပုံပေးပြီး ဝေဝေဆီရောက်အောင် အကွက်ဆင်ပေးလိုက်တာပါပဲ၊ ဟိုမိန်းမဖော် အဘွားကြီးနှစ်ယောက်ဆိုတာကလည်း တကယ်တော့ ရုပ်ဖျက်ထားကြတဲ့လူတွေပါ၊ သူတို့နှစ်ယောက်ထဲက တစ်ယောက်ဟာ ဝမ်ကတော်ဖြစ်ရမယ်"

ချစ်ချစ်က လက်ခုပ်လက်ဝါးတီး၍ ချီးကျူးလိုက်၏။

"မှန်တယ်၊ စင်လုံပြောတာ ဖြစ်း နိုင်တယ်၊ ကျွန်မတို့ ဒါတွေကို မတွေးမိဘူး"

စင်လုံက ပြုံး၍ပြောလိုက်သည်။

"ဝမ်ကတော်ဟာ အလှပြင်ဆရာကြီးရဲ့ မိန်းမဖော်အဘွားကြီးလိုဟန်ဆောင်ပြီး ဝင်လာခဲ့တယ်၊ ဖန်စန်းချီဟာ အလှပြင်ဆရာကြီးအပေါ်ပဲ သံသယကြီးမားနေတဲ့အတွက် ဟိုအဘွားကြီးနှစ်ယောက်ကို စစ်ဆေးဖို့ မေ့လျော့သွားခဲ့ပုံရတယ်၊ အလှပြင်ခန်းထဲရောက်မှတော့ ဘာမှရောရှိတော့မလဲ၊ ဝေဝေကို မေ့သွားအောင် လုပ်ဖို့ဆိုတာ ဝမ်ကတော်အတွက် ထမင်းစားရေသောက်အလုပ်ကလေးပဲ၊ ဝေဝေဟာ ပါးနပ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် တကယ့်တကယ်တော့ ဝမ်ကတော်ကို ဘယ်မီပါ့မလဲ၊ ဟိုက သူ့ထက်လူ့လောကထဲစောရောက်ပြီး သူ့ထက် အတွေ့အကြုံပိုစုံတယ်"

ဝမ်းလင်းဝါးက အေးစက်စက်ရယ်လိုက်၏။



"မှန်တယ် ကျုပ်ရဲ့မိခင်ကို ဘယ်မိန်းမမှ လိုက်လို့မမီနိုင်ဘူးဗျ"

စင်လုံက ဆက်၍ရှင်းပြသည်။

"ဝမ်ကတော်ဟာ ဝေဝေနဲ့တူအောင် သူ့ကိုယ်သူရုပ်ပြောင်းတယ်၊ ဝေဝေကိုတော့ သူနဲ့တူအောင် ရုပ်ပြောင်းပေးလိုက်တယ်၊ ဒီလို ရုပ်ပြောင်းတဲ့ပညာကတော့ ဝမ်ကတော်တစ်ဖက်ကမ်းခတ်တဲ့ပညာပဲ၊ အထူးပြောနေဖို့ လိုမယ်မထင်ဘူး"

ဝံကြောင်ကလေးက ဖြည့်စွက်ပြောကြားလိုက်သည်။

"ဝမ်ကတော်ဟာ အတော်ကလေး စေ့စပ်သေချာတယ်ဗျ၊ ဒီလောက်ရုပ်ပြောင်းရုပ်ဖျက်လာတာတောင် ငှက်ရုပ်ဦးထုပ်ကြီးဆောင်းလာသေးတယ်၊ ငှက်ရုပ်အဖျားမှာ ပုလဲသွယ်တွေ စီချယ်ထားလိုက်သေးတယ်၊ ရှင်မျော်ပျော်မြို့စားကြီးအနေနဲ့ မတော်တဆ ရိပ်မိသွားမှာကို စိုးရိမ်ပုံရတယ်"

ချစ်ချစ်က ထပ်မေးသည်။

"အဲဒါတွေ ထားပါတော့၊ ဝေဝေက ဘာဖြစ်လို့ သေတ္တာထဲရောက်နေရတာလဲ"

ဝံကြောင်ကလေးက ဝင်ထောက်လိုက်၏။

"ဟုတ်တယ် ဝေဝေကိုထည့်ထားတဲ့သေတ္တာကြီးကို ဖူကုံးကျိုက ဘယ်လိုယူလာနိုင်ရတာလဲ"

စင်လုံက ပြုံးလိုက်၏။

"ဒါကလည်း မခက်ပါဘူး၊ ဝေဝေကိုထည့်ထားတဲ့ သေတ္တာကြီးကို ကြည့်မိသလား၊ အဲဒီသေတ္တာကြီးမျိုးတွေဟာ မင်းစိုးရာဇာတွေ မှူးကြီးမတ်ရာတွေမှာ ရှိတတ်တဲ့သေတ္တာမျိုးတွေသာဖြစ်တယ်၊ ဝမ်ကတော်ဟာ အစစအရာရာ ကြိုတင်တွက်ချက်ထားခဲ့ပုံရတယ်၊

ဝေဝေကို အဲဒီသေတ္တာကြီးမျိုးထဲမှာ ထည့်ထားခဲ့တယ်၊ သူဟာ ဝေ့ဝေလို ရုပ်ပြောင်းပြီးဖြစ်နေတော့ ဒီသေတ္တာကြီးကို အဆောက်အအုံကြီးအပြင်ဘက်ရောက်အောင် ထုတ်နိုင်ဖို့ မခက်တော့ပါဘူး"

ဝံကြောင်ကလေးက မေးလိုက်၏။

"ဖူကုံးကျိုက ဘယ်လိုရောက်လာတာလဲ"

စင်လုံက ပြုံး၍ဖြေသည်။

"ဖူကုံးကျိုကိုတော့ ကြိုတင်ပြီးချိန်းထားတာဖြစ်မယ်၊ ဝေဝေကို ထည့်ထားတဲ့ သေတ္တာမျိုးနှစ်လုံးကိုလည်း ယူဆောင်လာဖို့ မှာထား လိမ့်မယ်၊ ဝေ့ဝေ့ကိုထည့်ထားတဲ့ သေတ္တာကို ဖူကုံးကျိုတို့ လာ နိုင်တဲ့နေရာမှာ ချထားတော့ ဖူကုံးကျိုက သယ်ယူလာကြတာပေါ့၊ သူတို့သယ်လာတဲ့သေတ္တာနှစ်လုံးထဲက တစ်လုံးကိုတော့ ဣန္ဒြေ မပျက်ပြန်ချထားခဲ့တယ်၊ ဝမ်ကတော်ဟာ အားလုံးကို ကွက်တိ ဖြစ်အောင် စီစဉ်နိုင်ခဲ့တယ်"

ချစ်ချစ်က ဝင်ထောက်သည်။

"ဟုတ်တယ် ဝမ်ကတော်ဟာ တော်တော်ကလေးတော်တယ် နော်၊ သေတ္တာတွေကို ရုတ်တရက်ဂရုမစိုက်နိုင်အောင် ဖူကုံးကျိုကို လည်း လူထူးလူဆန်းလိုလို မှော်ဆရာလိုလို ဝတ်ဆင်နိုင်းထားလိုက် သေးတယ်၊ လူတွေဟာ သေတ္တာတွေထက် ဖူကုံးကျိုကိုပိုပြီး အာရုံ စိုက်နေကြတယ်"

ဝံကြောင်ကလေးက ရယ်ရင်း -

"ဖူကုံးကျိုရဲ့ မူလရုပ်ရည်ကိုက ဒီအတိုင်းပဲလို့ ပြောကြတာပဲ သူနဲ့ပိုပြီး အဆင်ပြေသွားတာက သူဟာအစကတည်းက မှော်ပညာ လိုလို မျက်လှည့်ပညာလိုလို ပညာတွေကို တတ်ထားတဲ့အချက်ပဲ



စင်လုံက ခေါင်းညိတ်ပြ၏။

"မှန်တယ်၊ ဝမ်ကတော်ဟာ ဘာပြီးရင်ဘာဖြစ်မယ်ဆိုတာ အားလုံးကို ကြိုတင်တွေးထားနိုင်ခဲ့တယ်၊ သူ့တွက်ချက်မှုကလည်း လက်ဖျားခါရလောက်အောင် မှန်နေတယ်"

ချစ်ချစ်သက်ပြင်းချရင် မှတ်ချက်ချလိုက်မိ၏။

"ဒီအတိုင်းဆိုရင် သူ့လောက်တော်တဲ့မိန်းမမျိုး ဒီလောကထဲမှာ မရှိတော့ဘူးလို့ ဆိုရတော့မှာပေါ့"

ဝံကြောင်ကလေးက ထောက်ခံလိုက်သည်။

"မှန်တယ်၊ ချစ်ချစ်ပြောတဲ့အတိုင်းပဲ၊ မိန်းကလေးဆိုတာ သူ့ ဗီဇသဘာဝကိုက အသေးစိတ်ကိစ္စကလေးတွေကို ယောကျ်ားတွေ ထက်မြင်တတ်တယ်၊ ဝမ်ကတော်လို ဉာဏ်ကောင်းတဲ့မိန်းမမျိုးကျ တော့ ဘယ်သူမှ လိုက်မမီနိုင်တော့ဘူးပေါ့"

စင်လုံက ရယ်လိုက်၏။

"လူဆိုတာ မမှားတဲ့လူမရှိဘူး။ အားလုံးပြည့်စုံနေတဲ့လူ မရှိ ဘူး"

ဝံကြောင်ကလေးက အထိတ်တလန့်မော့ကြည့်ရင်း -

"အစ်ကိုကြီးက ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲ၊ ဝမ်ကတော်မှာ အမှားအယွင်းတွေ လုပ်ခဲ့မိလို့လား"

စင်လုံက ရယ်ရင်း -

"ဒါပေါ့ ငါပြောမယ် မင်းစဉ်းစားကြည့်စမ်း။ အလှပြင်ခန်းထဲမှာ ဝေဝေကို မူးမေ့လဲကျသွားအောင် လုပ်နိုင်ပြီဆိုရင် မင်းအနေနဲ့ သေတ္တာထဲထည့်ပြီး ရွှင်ပျော်ပျော်မြို့စားကြီးရှေ့ရောင်အောင် ပို့ပေး

ဦးမှာလား”

ဝံကြောင်ကလေးက -

“ဟင့်အင်း - ကျွန်တော်သာ ဝေဝေ့ကိုမုန်းနေတယ် မလိုလားဘူးဆိုရင် အစဖျောက်ပစ်လိုက်မယ်”

“ငါဆိုရင်လည်း အဲဒီအတိုင်းလုပ်မှာပဲ၊ ယောကျ်ားတော်တော်များများဟာ အဲဒီလိုပဲလုပ်ကြလိမ့်မယ်၊ တကယ်လို့ ရှင်ပျော်ပျော်မြို့စားကြီးကို သတ်ချင်တယ်ဆိုရင်လည်း ဝေဝေဟန်ဆောင်ပြီး စက်ခန်းဆောင်ထဲ ဣန္ဒြေမပျက်လိုက်သွားပြီး သတ်ပစ်လိုက်ရုံပဲ”

“သူက ဘာဖြစ်လို့ ဒီအပိုအလုပ်တွေ လုပ်ရတာလဲ၊ အစ်ကိုကြီးက ဘယ်လိုမြင်သလဲ”

“ဘယ်လိုမြင်ရမလဲ၊ သူမြင်သလိုပဲမြင်ရတာပေါ့၊ ဉာဏ်ကောင်းတဲ့လူလည်းဖြစ်ပြန်၊ မိန်းမလည်းဖြစ်နေပြန်တော့ သူလိုချင်တဲ့ ပုံစံကို အသေးစိတ်လျှောက်လုပ်နေတာပေါ့၊ အသေးစိတ်လုပ်တာတွေများသွားတော့ အမှားအယွင်းတွေ ပါလာတာပဲ”

“သူဘာသဘောနဲ့ လုပ်တယ်ဆိုတာ ကျွန်တော်တော့ သဘောမပေါက်ဘူး”

“သူက ဝေဝေ့ကို ရှင်ပျော်ပျော်မြို့စားကြီးကိုယ်တိုင် သတ်စေချင်တယ်၊ မိန်းမတွေရဲ့ ထူးဆန်းတဲ့စိတ်လို့လည်း ခေါ်မှာပေါ့ကွာ၊ ရှင်ပျော်ပျော်မြို့စားကြီး နောက်ထပ်လက်ထပ်မှာကို မြင်လိုက်ရတော့ သူ့အမုန်းဟာ အထွတ်အထိပ်ကို ရောက်သွားလိမ့်မယ်၊ အားလုံးကို သိပ်မုန်းသွားပြီး ဒီအကွက်ကိုဖန်တီးတာပဲ၊ သူ့မှာ အလိုဆန္ဒတွေ သိပ်များသွားတယ်လို့ ဆိုရမှာပေါ့ကွာ”

“ဘာအလိုဆန္ဒတွေ များသွားတာလဲ အစ်ကိုကြီးရ”



“မင်္ဂလာပွဲကို ပျက်စီးစေချင်တဲ့ အလိုဆန္ဒ၊ ဝေဝေ့ကိုသေစေချင်တဲ့ အလိုဆန္ဒ၊ ရှင်ပျော်ပျော်မြို့စားကြီးကို စိတ်ဆင်းရဲစေလိုတဲ့ အလိုဆန္ဒ၊ ရှင်ပျော်ပျော်မြို့စားကြီးကို သေရွာလားစေလိုတဲ့ဆန္ဒ ဆန္ဒတွေ ဆန္ဒတွေ သိပ်များနေခဲ့တယ်၊ အလုပ်းကျယ်တော့ အလယ်လပ်သွားတာပေါ့ကွာ”

ဝံကြောင်ကလေးသည် စင်လုံနှင့် အပြန်အလှန်ပြောဆိုနေရာမှ နောက်ဆုံး ညည်းညည်းညူညူပြောလိုက်မိလေတော့သည်။

“အင်း - ဒီလောက်ရှုပ်ထွေးပွေလီလှတဲ့ စိတ်ကူးမျိုး၊ အကြံဉာဏ်မျိုးကို မိန်းမတွေကလွဲလို့ တခြားဘယ်သူမှ ကြံစည်တွေးခေါ်တတ်မှာ မဟုတ်တော့ပါဘူးကွာ”

ချစ်ချစ်က ဝံကြောင်ကလေးအား ရန်တွေ့လိုက်၏။

“အစ်ကိုကြီးဝံကြောင်ကလေးနော် မိန်းမတွေကိုချည်း ရှုတ်ချရင် တစ်သက်လုံး မိန်းမမရဘဲဖြစ်သွားလိမ့်မယ်”

“ဟား - ဟား - ဟား - ငါ့လို ပေပေတေတေ လေလွင့်နေတဲ့လူနဲ့ မိန်းမနဲ့ဟာ ဘယ်လိုမှ မအပ်စပ်ပါဘူးကွာ၊ မိန်းမမရတာ အကောင်းဆုံးပေါ့ ချစ်ချစ်ရ”

ထိုစဉ် တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေသည့် ဝမ်လင်းဝါးက ရုတ်တရက်ဝင်မေးသည်။

“ခင်ဗျားတို့ပြောနေတာတွေဟာ လျို့ဝှက်ချက်အားလုံးကို ဖော်ထုတ်ပြီးသလောက်ပါပဲ၊ တော်တော်ကလေး ပြည့်စုံသွားပါတယ်၊ ဒါပေမယ့် ကျုပ်သိလိုတဲ့ အချက်တစ်ချက်တော့ ကျန်ပါသေးတယ်၊ စင်လုံ - ခင်ဗျားကတော့ ဒီအချက်ကို သိမှာပါ”

ချစ်ချစ်က ဝင်ပြောသည်။

"အို - ရှင်ကလဲ၊ ကျွန်မတော်ာင် အားလုံးပြည့်ပြည့်စုံစုံသိနေပြီဥစ္စာ၊ ရှင်က ဘာမသိဘဲ ကျန်နေရသေးတာလဲ"

ဝမ်းလင်းဝါးက ချစ်ချစ်၏စကားကို ဂရုမစိုက်ဘဲ စင်လုံကိုသာ စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

"ရွှင်ပျော်ပျော်မြို့စားကြီးဟာ သတို့သမီးကို ဘာဖြစ်လို့ ဓားနဲ့ ခုတ်ရတာလဲ၊ သတို့သမီးဟာ ဝေဝေမဟုတ်ဘူးဆိုတာ ဘယ်နည်းနဲ့ သိသွားတာလဲ"

ချစ်ချစ်မှာ ပါးစပ်ပိတ်သွားတော့၏။ သူမနှင့် ဝံကြောင်ကလေးသည် မေးခွန်းများစွာဖြင့် စင်လုံအားမေးမြန်းခဲ့ကြ၏။ သို့သော် ဤမျှအရေးကြီးသော မေးခွန်းကို မမေးမိခဲ့ကြချေ။ လွန်စွာ မေးသင့် မေးထိုက်သည့် မေးခွန်းပေတကား။

စင်လုံက ဟက်ဟက်ပက်ပက်ရယ်လိုက်၏။ အချက်ကျကျ မေးတတ်သည့် ဝမ်းလင်းဝါးအား သဘောကျသွားမိသည်။

"ဖူကုံးကျိုရဲ့ စကားကြောင့် သိသွားတာပဲ"

"ဗျာ - "

"ရှင် - "

ဝမ်းလင်းဝါး၊ ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့မှာ ပြိုင်တူပင် အာမေဋိတ်သံများပြုလိုက်မိကြသည်။ ဖူကုံးကျိုစကားမှားသွားသည့် အချက်ကို သူတို့သုံးယောက်စလုံး တွေ့မြင်ခဲ့ကြပါချေ။ ဝမ်းလင်းဝါးက -

"ဖူကုံးကျိုဟာ ဟန်ပန်အမူအရာလည်းကောင်းတယ်၊ စကားပြောလည်းကောင်းတယ်၊ သူက အားလုံးကို ထိန်းထားနိုင်ခဲ့တာပဲ ဘာမှ မသင်္ကာစရာမရှိပါဘူး"



စင်လုံက ရယ်လိုက်၏။

"ဝမ်ကတော်ဟာ ဝေဝေ့ကို သူ့ရုပ်နဲ့တူအောင် ထပ်တူမဟုတ်ပေမယ့် ဆင်ဆင်ကလေးတူအောင် ရုပ်ပြောင်းပေးလိုက်တယ်၊ အမှားက အဲဒီကစတာပဲ"

ဝမ်းလင်းဝါးက -

"စောစောက ခင်ဗျားပြောတော့ ဖူကုံးကျိုရဲ့စကားကြောင့် ရွှင်ပျော်ပျော်မြို့စားကြီးက သိသွားတာဆို"

စင်လုံက -

"ဟုတ်တယ်လေ၊ ဝမ်ကတော်နဲ့ ဖူကုံးကျိုဟာ အစကတည်းက စည်းဝါးရိုက်ထားမှာ သေချာပါတယ်၊ ဒါပေမယ့် ဝမ်ကတော်ဟာ အချက်တစ်ချက်ကို သတိမထားခဲ့ဘူး"

ဝမ်းလင်းဝါးက အလျင်စလိုမေးလိုက်၏။

"ဘာအချက်လဲ"

"သူနဲ့ ရွှင်ပျော်ပျော်မြို့စားကြီးဟာ အကြင်လင်မယားဖြစ်ခဲ့ဖူးရုံမကဘူး။ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့အချက်ကိုပဲ"

"အဲဒါနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တာပေါ့၊ ရွှင်ပျော်ပျော်မြို့စားကြီးဟာ သူ့ရဲ့တွေးပုံခေါ်ပုံ လုပ်ပုံကိုင်ပုံ ပရိယာယ်ဆင်ပုံတွေကို သိထားခဲ့လိမ့်မယ်၊ အခုကိစ္စမှာ ရွှင်ပျော်ပျော်မြို့စားကြီးဟာ ရုတ်တရက်မသိလိုက်ပေမယ့် အချက်အလက်တွေ တစ်ခုပြီးတစ်ခုစုစည်းမိသွားတဲ့အခါမှာတော့ ကောင်းကောင်းကြီးရိပ်မိသွားနိုင်ခဲ့တယ်၊ ရွှင်ပျော်ပျော်မြို့စားကြီး အနေနဲ့ စုစည်းစဉ်းစားနေတုန်း ဖူကုံးကျိုရဲ့ စကားက "ဝုန်း"ခနဲ

ဖြည့်စွက်ပေးလိုက်တာပဲ”

“အပြည့်အစုံ ရှင်းပြစမ်းပါအုံးဗျာ”

“ဖှူကုံးကျိုက ပြောခဲ့တယ်မဟုတ်လား။ ဒီမိန်းကလေးဟာ သခင်ကြီးဝမ်ရဲ့ မင်္ဂလာပွဲကို ဖျက်ဆီးဖို့ကြံနေတဲ့မိန်းကလေးပါတဲ့၊ မင်းပဲ စဉ်းစားကြည့်စမ်းပါဦး။ ဝမ်ကတော်လို မိန်းမမျိုးကို ဖှူကုံးကျိုလို လူမျိုးက လွယ်လွယ်ကူကူ တွေ့မြင်နိုင်မှာလား။ နောက်ပြီး ဝမ်ကတော်ဟာ နောက်ပိုင်းနှစ်တွေမှာ သိုင်းလောကထဲမှာ သိပ်မလှုပ်ရှားတော့ဘူး။ တော်ရုံတန်ရုံသိုင်းသမားဆိုရင် သိပ်တောင်မသိတော့ဘူး”

ဝမ်းလင်းဝါးက ခပ်မဆိတ်ပင် နားထောင်နေသည်။ စင်လုံက ဆက်၍ ရှင်းပြသည်။

“ကဲ - ထပ်ပြီး စဉ်းစားကြည့်စမ်းပါဦး။ မင်္ဂလာပွဲကို ဖျက်ဆီးဖို့ကြံစည်နေတဲ့ မိန်းကလေးကို ဖှူကုံးကျိုက လွယ်လွယ်ကူကူ ဖမ်းဆီးပြီး သေတ္တာထဲထည့်လာခဲ့သတဲ့၊ အဲဒီမိန်းကလေးကလည်း ဝမ်ကတော်နဲ့ အတော်ကလေးတူနေသတဲ့”

“ဝမ်းလင်းဝါး - သိုင်းပညာစွမ်းရည်မှာ ဖှူကုံးကျိုက ဝမ်ကတော်ထက်သာသလား”

ဝမ်းလင်းဝါးက ခါးသီးစွာပြောလိုက်သည်။

“ထွီ - ခြေဖျားတောင် မမီဘူး”

စင်လုံက ပြုံးရယ်ရင်း -

“မှန်တယ်၊ ဖှူကုံးကျိုလိုလူမျိုး ဆယ်ယောက်ပေါင်းရင်တောင် ဝမ်ကတော်ကို လက်ဖျားနဲ့တို့နိုင်မှာမဟုတ်ဘူး။ ဖှူကုံးကျိုလို လူမျိုးက ဝမ်ကတော်လို မိန်းမမျိုးကို ဖမ်းလာနိုင်တယ်ဆိုတော့ ဘယ်မှာ



ယုတ္တိရှိတော့မှာလဲ၊ ဒီတော့ ရွှင်ပျော်ပျော်မြို့စားကြီးလို ပါးလှပ်နေတဲ့လူက ဒီအချက်တွေကို မစဉ်းစားမိပဲနေပါ့မလား - ၊ သူ့ခေါင်းထဲမှာ ချွတ်ယွင်းချက်တွေ ဒိုင်းခနဲ ဒိုင်းခနဲ သတိရလာမယ်၊ သတို့သမီးဟာ မင်္ဂလာခန်းမထဲကို ဘာဖြစ်လို့အရောက်နောက်ကျနေရတာလဲ၊ အလှပြင်ဆရာကြီးနဲ့ မိန်းမဖော်အဘွားကြီးနှစ်ယောက်ဟာ ရိုးသားမှုရှိရဲ့လား။ စသည်စသည်အားလုံးကို ဆက်စပ်တွေးလာမိမယ်၊ သူ့ဘေးမှာ ရပ်နေတဲ့ သတို့သမီးဟာ ဘယ်သူလဲဆိုတာ သူချက်ချင်းသိတော့တာပေါ့၊ ဒါကြောင့် ဓားနဲ့ပိုင်းချလိုက်တာပဲ”

ဝမ်းလင်းဝါးက သက်ပြင်းရှည်ကြီး ချလိုက်သည်။

“ရှင်းပါပြီဗျာ၊ အသေးစိတ်ခွဲခြမ်းပြလိုက်တော့လည်း ရှင်းသွားတာပဲ၊ ရွှင်ပျော်ပျော်မြို့စားကြီးကိုယ်တိုင် လာပြောရင်တောင် ဒီလောက် ရှင်းမှာမဟုတ်ပါဘူး”

ချစ်ချစ်က သူ့ချစ်သူအတွက် ကျေနပ်အားရစွာ ဂုဏ်ယူနေမိသည်။

“ဒီလို ရှုပ်ထွေးပွေလီတဲ့ကိစ္စမျိုးကို စင်လုံတစ်ယောက်ပဲ ဖြေရှင်းနိုင်မယ်၊ တခြားလူအဖို့ လွယ်ကိုမလွယ်ဘူး”

ထိုစဉ် ဝံကြောင်ကလေးက အထိတ်တလန့် ဝင်မေးလိုက်တော့၏။

“အစ်ကိုကြီးစင်လုံ ဒီတစ်ကြိမ်မှာ ဝမ်ကတော်ရော၊ ဖှူကုံးကျိုပြေးလို့လွတ်ပါ့မလား။ မီးနီးတွေဖုံးနေတာမှန်ပေမယ့် အခြေ[illegible]နေကို ရိပ်မိသွားရင် အပြင်ဘက်က အစောင့်အကြပ်တွေက မ[illegible]ွတ်တမ်း ဝိုင်းဝန်းပိတ်ဆို့နိုင်တယ်၊ သူတို့ဘယ်လိုထွက်နိုင်မလဲ၊

ရှင်ပျော်ပျော်မြို့စားကြီးရဲ့ သိုင်းပညာစွမ်းရည်ကလည်း ရှိသေးတယ်"

ချစ်ချစ်က ဂုဏ်ယူဝံ့ကြွားစွာ ပြောသည်။

"ဟုတ်တယ်၊ စင်လုံ ကျွန်မတို့ လွတ်မြောက်လာရတာက ရှင့်ကြောင့်၊ သူတို့မှာ ရှင့်လိုလူမျိုး အားကိုးအားထားမရှိဘူး။ သူတို့လွတ်မြောက်နိုင်ဖို့ မလွယ်ဘူး"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"တော်စမ်းပါဗျာ၊ ကိုယ့်ကိုယ်ကို သိပ်လည်းအထင်မကြီးနေပါနဲ့၊ ကျုပ်တို့လစ်လာတာက အခြေအနေတွေ ရှုပ်ယှက်ခတ်နေတုန်း။ ရှင်ပျော်ပျော်မြို့စားကြီးအနေနဲ့ ဖူကုံးကျီတို့ ကျုပ်အမေတို့နဲ့ ပြဿနာတွေရှုပ်နေတုန်း။ ကျုပ်တို့ကို သတိမပြုနိုင်ခင်မှာ လစ်လာကြတာပါ။ အခြေအနေ အေးဆေးနေရင် ဒီလိုဘယ်လွတ်လိမ့်မလဲ"

ချစ်ချစ်က ဝမ်းလင်းဝါးအား မျက်စောင်းထိုးလိုက်၏။

"ဝမ်ကတော်နဲ့ ဖူကုံးကျီ ထွက်ပြေးလွတ်မြောက်တာ မလွတ်မြောက်တာက ကျွန်မတို့ကိစ္စ မဟုတ်ပါဘူး။ နောက်ပြီး အခုဖြစ်ပျက်နေတဲ့ကိစ္စက သူတို့ကိစ္စ၊သူတို့ပြဿနာ၊ ဒီပြဿနာတွေထဲမှာ သေတာကြေတာ ရှုံးတာနိမ့်တာ အောင်မြင်တာတွေဟာ သူတို့ရဲ့ အရှုံးအမြတ်၊ ကျွန်မတို့နဲ့ ဘာမှမဆိုင်ဘူး။ အရေးကြီးတာက ကျွန်မတို့အားလုံး ဟောဒီသဲကန္တာရဒေသကြီးထဲက ထွက်ပြေးလွတ်မြောက်နိုင်ဖို့ပဲ"

မှန်၏။ ချစ်ချစ်၏စကားသည် ယခုအချိန်၌ အဓိကအကျဆုံးသော စကားဖြစ်၏။ ရှင်ပျော်ပျော်မြို့စားကြီးထံမှ ဆယ်ကြိမ်ဆယ်ခါ လွတ်လာနိုင်သည်ဆိုစေဦး။ ဤသဲကန္တာရကြီးထဲမှ ထွက်ပြေးလွတ်မြောက်ရန်ဆိုသည်မှာ မတွေးကောင်းသောအရာသာဖြစ်နေ၏။



မလွတ်မြောက်နိုင်သော အရာဖြစ်နေ၏။

သဲကန္တာရဆိုသည်မှာ ညအခါ၌ ကြောက်မက်ဖွယ်ရာ အေးချမ်းလှပြီး နေ့ခင်းဘက်၌မူ ငရဲမီးတမျှ ချစ်ချစ်တောက်ပူလောင်လှသော နေရာဒေသဖြစ်သည်။ ထို့ပြင် သဲကန္တာရအတွင်း တိုက်ခတ်သည့် မုန်တိုင်းများ၊ ခရီးလမ်းမကျွမ်းကျင်မှုနှင့် သောက်ရေ မလုံလောက်မှုများက သဲကန္တာရအတွင်း သွားလာသည့် ခရီးသည်များကို အစဉ်အမြဲ သေရွာပို့စေခဲ့ပေသည်။

အစအဆုံးကြည့်၍ မမြင်နိုင်သော သဲပင်လယ်အတွင်း၌ စိတ်အားငယ်ခြင်းမရှိသူဟူ၍ တစ်ယောက်မျှ မရှိနိုင်ချေ။ စိတ်ဓာတ်ကြံ့ခိုင်လှသော စင်လုံသည်ပင် အသက်ရှင်သန်မှုအတွက် မျှော်လင့်ချက်မထားနိုင်လောက်အောင် စိတ်အားငယ်နေပေသည်။ သူသည် သာမန်လူများထက် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကာယကြံ့ခိုင်မှုရှိ သော်လည်း သဘာဝ၏ဘေးအန္တရာယ်ကိုမူ မကြောက်မရွံ့ဘဲ မနေနိုင်ချေ။ သဘာဝ၏ဒဏ်ကို အခြားသူများထက်ထူး၍ ပိုခုခံနိုင်မည် မဟုတ်ပါချေ။

ထိုအချိန်အထိ ဝေဝေသည် သတိလစ်နေဆဲသာ ရှိနေသေးသည်။ ချစ်ချစ်သည် သောက်ရေအနည်းငယ်ဖြင့် ဝေဝေ၏နှုတ်ခမ်းများကို စွတ်ပေးသည်။

ချစ်ချစ်က စိတ်လက်မကောင်းစွာ ပြောလိုက်၏။

"ဝမ်ကတော်လုပ်လိုက်တာ သိပ်ပြီးပြင်းထန်သွားပုံရတယ်၊ အမှန်ဆိုရင် ဒီလောက်သတိမေ့မျောနေစရာ မလိုပါဘူး။ မတော်မဆ သတိပြန်မလည်ဘဲ သေသွားတော့ ဘယ့်နှယ်လုပ်မလဲ"

ဝမ်းလင်းဝါးက အေးစက်စက်ပြန်ပြောလိုက်၏။

"ကျုပ်ရဲ့အမေက စစ်ပွဲတစ်ပွဲ ဆင်နွှဲနေတာဗျ။ ကျုပ်အမေတိုက်တဲ့စစ်ပွဲထဲမှာ အဓိကရန်သူတွေက ရွှင်ပျော်ပျော်မြူးတားကြီးနဲ့ ဝေဝေပဲ၊ သူတို့ကို ဘယ်လိုနည်းနဲ့မှ မညှာနိုင်ဘူးဗျ။ သေလဲ အေးတာပဲပေါ့"

ချစ်ချစ်က ခါးခါးသီးသီးရန်တွေ့လိုက်သည်။

"ရှင်ကတော့ လူမှမဟုတ်ဘဲ၊ လူ့ခန္ဓာကိုယ်နဲ့ တိရစ္ဆာန်စိတ် ပေါင်းထားတော့ ဒီလိုပဲ ပြောမှာပေါ့"

ချစ်ချစ်သည် စကားဆုံးသည်နှင့် ဝေဝေ၏ခြောက်သွေ့နေသည့် နှုတ်ခမ်းများကို ရေထပ်စွတ်ပေးနေပြန်သည်။

ဝမ်းလင်းဝါးသည် ချစ်ချစ်အား အေးစက်စက်ကြည့်ရင်း တားမြစ်လိုက်၏။

"ချစ်ချစ်၊ ခင်ဗျားဘာလုပ်နေတာလဲ၊ သူသတိရမှာမဟုတ်ဘူး၊ ခင်ဗျား အလကားသက်သက် ရေတွေကို ဖြုန်းတီးပစ်မနေနဲ့၊ သူ ရေမသောက်နိုင်တော့ဘူး။ ဒီသဲကန္တာရထဲမှာ ရေတစ်စက်ဟာ ရွှေဆယ်တင်းလောက် တန်ဖိုးရှိတယ်ဗျ"

ချစ်ချစ်မှာ ယမ်းပုံမီးကျ ဒေါပွသွားလေတော့၏။

"ရှင်ဟာ တကယ့်တိရစ္ဆာန်ပါပဲ၊ တိရစ္ဆာန်စိတ်၊ တိရိစ္ဆာန်အတွေးအခေါ်ပဲရှိတယ်၊ သူဘယ်သူလဲဆိုတာ ရှင်သိရဲ့လား။ လူသားအချင်းချင်းဆိုတဲ့အရာကို ဖယ်ထားလိုက်၊ ရှင့်အစ်မ လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ရှင့်"

ဝမ်းလင်းဝါးက ပေါ့ပျက်ပျက်ရယ်လိုက်၏။

"တော်စမ်းပါ။ ဘာအစ်မလဲ၊ ကျုပ်ကို သူ့မောင်ဆိုပြီး အသက်ချမ်းသာပေးဖို့ သူလုပ်ခဲ့သလား။ ကျုပ်ကိစ္စကို ထားစမ်းပါဗျာ၊ ခင်ဗျားအပေါ် သူဘယ်လိုဆက်ဆံခဲ့သလဲ၊ မှတ်မိရဲ့လား။ သူဟာ ခင်ဗျားကို



စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် နှိပ်စက်ပြီး ခင်ဗျားကို သတ်မယ့်မိန်းမဗျ။ ကျုပ်ကတော့ တူညီသော တုံ့ပြန်ခြင်းနဲ့ တုံ့ပြန်ပစ်လိုက်မယ်၊ ဘယ်တော့မှ မညှာဘူး"

ချစ်ချစ်က ဦးခေါင်းတယမ်းယမ်းဖြင့် -

"အို - ကျွန်မကို ဘယ်လိုပဲဆက်ဆံဆက်ဆံ ကျွန်မက ဂရုမစိုက်ဘူး။ အခု သူကနှိမ့်ပါးနေတဲ့ဘဝရောက်နေပြီ ကျွန်မကတော့ သူသေမှာကို စောင့်မကြည့်နိုင်ဘူး။ အခု သူ့ကိုတိုက်နေတဲ့ရေက ကျွန်မခွဲတမ်းထဲကရေ၊ ကျွန်မမသောက်ရရင်လည်း နေပါစေ၊ သူအသက်ရှင်ရင် ကျွန်မကျေနပ်ပါပြီ"

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။

"ဟား - ဟား - ဟား - တကယ့်မေတ္တာရှင်နဲ့ လာတွေ့ရတာကိုး၊ ခင်ဗျားလောက်မိုက်မဲတဲ့ မိန်းကလေးမျိုး ကျုပ်တစ်သက်မှာ တစ်ယောက်မှမတွေ့ဖူးသေးဘူး။ သဲကန္တာရထဲမှာ ဘာရေးအကြီးဆုံးလဲ သိရဲ့လား။ ရေဗျ - ရေ၊ ရေထက်အရေးကြီးတဲ့အရာ ဘာမှမရှိဘူး။ ခင်ဗျားလောက် ရူးတဲ့လူ ဟောဒီလောကမှာ တစ်ယောက်မှမရှိဘူးဆိုတာ ကျုပ်ပြောရဲတယ်"

ချစ်ချစ်သည် ဝမ်းလင်းဝါးအား ရွံရှာမုန်းတီးစွာ ကြည့်နေမိ၏။ သော် ဝမ်းလင်းဝါးက သူမအား လုံးဝဂရုမစိုက်ချေ။ သူပြောလိုသည်ကိုသာ ဆက်ပြောနေသည်။

"ကဲ - ခင်ဗျားတစ်ချက်လောက် တွေးကြည့်စမ်း၊ ခင်ဗျားက တ်ပြီးသေပြီဆိုပါတော့၊ သူက ခင်ဗျားရဲ့ပြုစုမှုကြောင့် အသက် ာပြီဆိုပါတော့၊ စင်လုံနဲ့ ဝေဝေကို ဒီလောကထဲမှာ နှစ်ယောက် ်းထားခဲ့မလား"

“ရှင်နော် - ရှင်”

“ကျုပ်က ခင်ဗျားအတွက် ပြောနေတာပါ။ သဘာဝမကျတဲ့ အပြုအမူကို ကျုပ်တော့ကြည့်လို့ကိုမရဘူးဗျ။ လူဆိုတာ ကိုယ့်အသက်ကို ကိုယ်အချစ်ဆုံးပဲ၊ ကိုယ့်အသက်ဆက်ပေးမယ့်ရေကို အကျိုးမဲ့သုံးဖြုန်းပစ်နေတဲ့အတွက် ကျုပ်ကရှင်းပြနေရတာ၊ ခင်ဗျား ပဲ စဉ်းစားကြည့်စမ်းပါဦး။ ခင်ဗျားရဲ့ခွဲတမ်းရေကုန်လို့ ခင်ဗျားတစ်ယောက် သေလုမျောပါးဖြစ်နေရင် ကျုပ်တို့ရဲ့ ရေခွဲတမ်းထဲက ခင်ဗျားကို မပေးဘဲ နေလို့ဖြစ်တော့မလားဗျ”

“ဩ - ရှင်က ဒါကိုစိုးရိမ်ပြီး ဒီလောက်တားမြစ်နေတာကိုး။ တော်တော်အတ္တကြီးတဲ့လူပဲ”

“အတ္တကြီးတယ်ပဲပြောပြော၊ ဗီရုဏ္ဏာန်ပဲပြောပြော၊ ကျုပ်ကတော့ ပထမအချက် ကိုယ့်အတွက်ပဲ စဉ်းစားတယ်၊ ဒုတိယအချက်လည်း ကိုယ့်အတွက်ပဲစဉ်းစားတယ်၊ တတိယအချက်လည်း ကိုယ့်အတွက်ပဲစဉ်းစားတယ်၊ ဒါ - ကျုပ်က မှန်တဲ့အတိုင်းပြောတာပဲ”

“ယုံပါတယ်ရှင် ယုံပါတယ်၊ တော်ပါတော့၊ ရှင့်လိုလူမျိုး စောစီးစီးသတ်ပစ်တာ ကောင်းပါတယ်၊ ရှင်မသေသေးသရွေ့ တစ်လောကလုံးလိုက်ပြီး ဒုက္ခပေးမယ့်လူမျိုး”

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက်ရယ်တော့၏။

“စင်လုံက ကျုပ်ကိုမသတ်တာ သူသိပ်ပြီး အတွေးအခေါ် ကောင်းလို့ပေါ့ဗျ။ ဒါမှမဟုတ်ရင် - ”

တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသည့် ဝံကြောင်ကလေးက အေးစက်မာကျောစွာမေးလိုက်သည်။

“ဒါမှမဟုတ်ရင် ဘာဖြစ်သလဲ”



ဝမ်းလင်းဝါးက ရယ်မောရင်း -

“ဟား - ဟား - ဟား။ ဒါမှမဟုတ်ရင် သူသတ်လို့ ကျုပ်သေနေတာ ကြာပြီပေါ့ဗျာ”

ဝံကြောင်ကလေးသည် ဝမ်းလင်းဝါးအား လက်လျှော့ထားရတော့သည်။ စင်လုံက သူ့ရဲဘော်အားလုံးကို လှမ်းပြောလိုက်၏။

“ကဲ - မင်းတို့အားလုံး ဒီမှာခဏနားနေကြ၊ ငါ - ဒီပတ်ဝန်းကျင်တစ်ခုလုံးကို လိုက်ပြီး အကဲခတ်လိုက်ဦးမယ်”

စကားဆုံးသည်နှင့် စင်လုံထွက်သွားတော့၏။ ဝမ်းလင်းဝါးနှင့် ချစ်ချစ်တို့၏ စကားစစ်ထိုးပွဲသည်လည်း ရပ်ဆိုင်းသွား၏။ ချစ်ချစ်ကလည်း ဝေဝေ၏နှုတ်ခမ်းကို ရေစွတ်ပေးခြင်းအလုပ်ကို ဆက်၍ လုပ်မြဲလုပ်နေ၏။ ဝံကြောင်ကလေးက ဝမ်းလင်းဝါးကိုလက်လျှော့ထားလိုက်ရတော့သည်။

မကြာမီ စင်လုံ ပြန်လည်ရောက်ရှိလာ၏။ ချစ်ချစ်က စင်လုံ၏ လက်မောင်းကို ပြေးဆွဲရင်းမေးလိုက်သည်။

“စင်လုံ -ရှေ့ခရီးဆက်ဖို့ အခြေအနေကောင်းရဲ့လားဟင်”

စင်လုံက သက်ပြင်းချရင်း -

“ဒီသဲကန္တာရကြီးထဲမှာ အခြေအနေကောင်းဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲကွာ၊ ဒါပေမယ့် သေတွင်းကလွတ်လာပြီးတော့မှ အားလျှော့လို့တော့ဖြစ်ပါ့မလဲ၊ အသက်ရှူမရပ်ခင် တစ်စက္ကန့်အလိုအထိ အားလျှော့လို့မဖြစ်ဘူး”

ဤသို့ဖြင့် ထိုတစ်ညတာ ကုန်ဆုံးသွားတော့သည်။ နံနက်လင်းသည်နှင့် စတင်ခရီးဆက်ကြပြန်သည်။ သူတို့သည် နှစ်ရက်တာမျှ ဆက်တိုက်ခရီးနှင်ခဲ့ကြ၏။ သူတို့အားလုံး ညှိုးနွမ်းအားပျော့

လျက်ရှိနေကြလေပြီ။ သူတို့၏ ဆိတ်သားရေ ရေအိတ်များထဲတွင် တစ်ဦးလျှင် ရေတစ်ငုံစာသာ ကျန်တော့သည်။ သနားစရာ အကောင်းဆုံးကား မြင်းများသာတည်း။ လုံ့ဝရေသောက်ရခြင်းမရှိ သဖြင့် သူတို့စီးလာသည့် မြင်းအားလုံး ခြေကုန်လက်ပန်းကျလျက် သေဆုံးကုန်သည်။ ထို့ကြောင့် ခြေလျင်ခရီးဆက်ကြရတော့သည်။

စင်လုံသည် ဝေဝေ၏ခန္ဓာကိုယ်လေးအားထမ်း၍ ခေါ်လာခဲ့၏။ ဝံကြောင်ကလေးက သူထမ်းမည်ဖြစ်ကြောင်း အတင်းအကျပ်ပြောသော်လည်း စင်လုံက လက်မခံ၊ လက်တစ်ဖက်က ချစ်ချစ်အားဆွဲလျက် ဝေဝေအား ထမ်းလျက်ခရီးဆက်လေ၏။ ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးက စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

"ဟင်း - အင်မတန်တော်ပါတယ်ဆိုတဲ့ စင်လုံလည်း ဒီသဲတွေထဲကျတော့ ဘာမှမတတ်နိုင်တော့ပါလား"

သူတို့အားလုံး၌ အစိုးရိမ်ရဆုံးသူမှာ ဝေဝေဖြစ်သည်။ လုံးဝသတိလည်မလာချေ။ အားအင်ကုန်ခမ်းနေပြီဖြစ်သည့် ချစ်ချစ်သည်လည်း သူမကို မပြုစုနိုင်တော့။ ဒယိမ်းဒယိုင်လျှောက်နေသော စင်လုံ၏ပခုံးထက်၌သာ ဝေဝေတစ်ယောက် နိုတွဲပါနေရရှာတော့သည်။

နေရောင်ကွယ်ပျောက်သွားသည်နှင့် စင်လုံက အားလုံးအနားယူရန် အမိန့်ပေးလိုက်သည်။ အင်အားကို အချည်းနှီး ဖြုန်းတီးပစ်ခြင်းကြောင့် အားလုံးအသေစောရမည့်အဖြစ်မျိုးကို စင်လုံ မလိုလားပါချေ။

ဝံကြောင်ကလေး၊ ဝမ်းလင်းဝါးနှင့် ဝေဝေတို့သည် တုံးလုံး



ပက်လက်ဖြစ်နေကြ၏။ ချစ်ချစ်ကမူ စင်လုံ၏ရင်ခွင်ထဲ၌ လဲလျောင်းလျက်ရှိနေသည်။

စင်လုံက ဝမ်းလင်းဝါးအား လှမ်း၍သတိပေးလိုက်သည်။

"ဝမ်းလင်းဝါး - ဒီညတော့ မင်းကင်းစောင့်ရမယ့်အလှည့်ပဲ၊ အိပ်မနေနဲ့ဟေ့"

ဝမ်းလင်းဝါးက မကျေမနပ်ဖြင့် ပြောလိုက်သည်။

"နားလည်ပါတယ်ဗျာ၊ ခင်ဗျားအယူအဆမှားနေတာတစ်ခု ရှိတယ်ဗျ။ အခုအချိန်မျိုးမှာ ရန်သူဖြစ်ဖြစ်၊ မိတ်ဆွေဖြစ်ဖြစ် တွေ့ဖို့ အရေးကြီးနေတဲ့အချိန်မှာ ကင်းစောင့်ဖို့ လိုနေသေးသလား"

စင်လုံက သဲ့သဲ့ရယ်လျက် -

"အရေးကြီးတာပေါ့ကွ၊ ဆီအိုးထဲက ပူတယ်ဆိုပြီး မီးပုံထဲခုန်ဆင်းရတဲ့အဖြစ်မျိုးကိုတော့ မလိုချင်ဘူးကွာ၊ ကိုယ့်တာဝန်နဲ့ သာကိုယ်စောင့်ပါ။ ရန်သူမိတ်ဆွေကိစ္စကို နောက်မှပဲ စဉ်းစား ကြမယ်"

ဝမ်းလင်းဝါးမှာ နှုတ်ဆိတ်သွားလေတော့၏။

ကောင်းကင်ယံ၌ ကြယ်ပွင့်များ တလက်လက်တောက်ပနေသည်။ အတန်ကြာသောအခါမှ ချစ်ချစ်ကစတင် စကားပြော၏။

"စင်လုံ ကျွန်မတို့ လမ်းမှားလျှောက်လာမိလို့ ရေရရှိမယ့်စခန်းကို မတွေ့တာလား - ဟင်"

စင်လုံသည် ကြင်နာယုယစွာဖြင့် ချစ်ချစ်၏ ဆံစကလေးများကို သပ်ပေးနေ၏။

"သဲကန္တာရထဲမှာ လမ်းမှားလျှောက်တယ်လို့ ဘယ်ရှိမလဲကွယ်၊ မင်းတို့ ကျုပ်တို့က သဲကန္တာရနဲ့ အကျွမ်းဝင်တဲ့လူမှမဟုတ်တာ၊

ကံသာလျှင် အမိ၊ ကံသာလျှင် အဖပဲ၊ ခြေတစ်လှမ်းလျှောက်နိုင်တဲ့ အထိတော့ ကြိုးစားပြီးတော့ လျှောက်ကြရမှာပဲ၊ စွမ်းအားရှိသလောက် ကြိုးစားပြီးမှ သေချင်ရင်တော့ သေပလေ့စေတော့၊ ဒီအတွက် ကျုပ်ဝမ်းမနည်းပါဘူး။ မင်းလည်း ဝမ်းနည်းမနေပါနဲ့ကွယ်"

ချစ်ချစ်က ရယ်လိုက်မိသည်။

"ကျွန်မ ဝမ်းမနည်းပါဘူး စင်လုံရယ်၊ သေလည်း ဂရုမစိုက်ပါဘူး။ ကျွန်မဘေးမှာ ရှင်ရှိနေရင် ပြီးတာပဲ၊ ကမ္ဘာမြေအဆုံးသွားပြီး သေရမလား။ ပင်လယ်သမုဒ္ဒရာထဲ သွားသေရမလား။ ဒီ သဲသမုဒ္ဒရာထဲမှာပဲ သေရမလား။ ရှင်နဲ့အတူတူသေလို့ကတော့ ဘယ်မှာ သေရသေရ ဝမ်းမနည်းပါဘူး"

စင်လုံသည် သူမစကားကိုကြားသောအခါ ပြုံးလိုက်မိသည်။ စင်စစ် ချစ်ချစ်အနေဖြင့် ဤစကားများကိုပြောရန် မလိုပါချေ။ ချစ်ချစ်က သူ့အပေါ် မည်မျှချစ်ကြောင်း စင်လုံ၏ အသည်းနှလုံးကရောဦးနှောက်ကပါ သိပြီးဖြစ်ပါ၏။ ထို့ကြောင့်ပင်လျှင် စင်လုံသည် ချစ်ချစ်မွေ့နှောက်သွားသည့် ပြဿနာမှန်သမျှကို စိတ်ရှည်လက်ရှည် လိုက်လံရှင်းလင်းခဲ့ရခြင်းဖြစ်ပါသည်။ ဝမ်ကာတော်၏ အကျဉ်းခံ ရုပ်သေးရုပ်ဖြစ်ခဲ့ရခြင်းမှာလည်း ချစ်ချစ်ကို ငဲ့ညှာခဲ့၍သာဖြစ်ပါသည်။ ချစ်ချစ်ကိုသာ ဓားစာခံမလုပ်ခဲ့လျှင် ဝမ်ကာတော်သည် စင်လုံအား သူမအလိုရှိသကဲ့သို့ စေခိုင်းနိုင်မည် မဟုတ်ပါချေ။

ချစ်ချစ်သည် စင်လုံ၏ရင်ခွင်ထဲမှ လူးလဲထရင်း ဝေဝေအား သွားရောက်စစ်ဆေးသည်။ ထို့နောက် စင်လုံ၏ဘေးနား၌ စိတ်ပျက်လက်ပျက်ပြန်ထိုင်ပြီး ညည်းညူလိုက်မိသည်။

"ကျွန်မတို့ အားအင်ကုန်ခမ်းလာကြတာတော့ မှန်ပါတယ်၊



ဒါပေမယ့် ဝေဝေ့အတွက်ကတော့ ကျွန်မတို့ထက်ပိုပြီး စိုးရိမ်ရတယ်၊ ဝမ်ကာတော် ဘယ်လိုဆေးမျိုးသုံးလိုက်လည်းမသိဘူးနော်၊ ဒီအတိုင်းသာ ဆက်သွားရင်တော့ ဝေဝေဟာ မနိုးသောအိပ်ခြင်းနဲ့ အိပ်ပျော်သွားတော့မှာပဲ"

စင်လုံက နူးညံ့စွာမေးလိုက်သည်။

"ချစ်ချစ် - ဝေဝေ့ကို မင်း မုန်းတီးနေသေးသလားဟင်"

ချစ်ချစ်က သူမ၏ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြသည်။

"စင်လုံ ကျွန်မဟာ သူတော်စင်မဟုတ်ပါဘူး။ မုန်းစရာတွေ့တဲ့အခါ မုန်းမိတာပါပဲ၊ နာကြည်းစရာတွေ့တဲ့အခါ နာကြည်းမိတာပါပဲ၊ ဝေဝေဟာ ကျွန်မအပေါ် ရက်ရက်စက်စက်နှိပ်စက်ဖို့ ကြိုးစားခဲ့တယ်၊ အထူးသဖြင့် ရှင်နဲ့ခွဲပြီး ကျွန်မကိုနှိပ်စက်ခဲ့တယ်၊ အဲဒီအချိန်တုန်းက ကျွန်မသူ့ကို သိပ်မုန်းမိခဲ့တယ်၊ သိပ်နာကြည်းခဲ့မိခဲ့တယ်၊ ဒါပေမယ့် အခုတော့ အခြေအနေတစ်မျိုးပြောင်းလဲနေပါပြီ၊ သူဟာ အင်မတန်သနားစရာကောင်းနေရှာပါပြီ၊ ဒီလိုအချိန်မျိုးမှာ ကျွန်မဘယ်လို မုန်းရက်နိုင်ပါတော့မလဲရှင်"

စင်လုံက သက်ပြင်းချရင်း ထောက်ခံလိုက်သည်။

"မှန်တယ်ချစ်ချစ်၊ မင်းပြောတာမှန်တယ်၊ တကယ်တော့ သူကလေးဟာ တကယ့်ကို သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲကွယ်"

ချစ်ချစ်သည် စင်လုံ၏ရင်ခွင်ထဲသို့ ရတ်တရက်တိုးဝင်ပြီး ချုံးပွဲချငိုကြွေးတော့သည်။ စင်လုံက သူမ၏ပခုံးကလေးကို ညင်သာစွာပွေ့ဖက်လျက် နှစ်သိမ့်ပေးနေမိသည်။ ချစ်ချစ်က ငိုသံပါကြီးဖြင့်ပြောရှာသည်။

"စင်လုံ - ကျွန်မ ကျွန်မလေ၊ ရှင့်ကို သူ့လက်ထဲ လွှဲပေးဖို့ တစ်ခါတစ်လေ စဉ်းစားမိခဲ့ပါတယ်၊ သူ့အဖြစ်ဟာ ဆိုးလှပါတယ်၊ ခါးသီးစရာအဖြစ်အပျက်တွေကို ဘဝတစ်လျှောက်လုံး ခံစားလာခဲ့ရတော့ သူ့ဆီမှာ နာကြည်းစိတ်တွေ၊ ခါးသီးစိတ်တွေပဲ ပြည့်နေတယ်၊ အဲဒီခါးသီးစိတ်တွေကပဲ သူ့ကို အဖော်မဲ့တစ်ကိုယ်တည်း အထီးကျန်ဖြစ်အောင် ဖန်တီးနေတယ်၊ သူ့မှာ အဖော်လိုနေပါတယ်၊ ကြင်ကြင်နာနာနဲ့ ဖြေသိမ့်မှုပေးမယ့်အဖော် လိုနေရှာပါတယ်၊ သူ့ကို နှစ်သိမ့်မှုပေးနိုင်မယ့် အဖော်ကလည်း တစ်ယောက်တည်းရှိပါတယ်၊ အဲဒီလူကတော့ ရှင်ပါပဲရှင်"

သူမသည် ရှိုက်ရင်း ဆက်ပြောနေရှာ၏။

"ဒါ - ဒါပေမယ့် - ကျွန်မ - ကျွန်မ - ရှင့်ကို သူ့လက်ထဲ ဘယ်လိုမှ လွှဲပြောင်းမပေးနိုင်ပါဘူးရှင်၊ ကျွန်မ - ကျွန်မ - သိပ်ပြီးများ အတ္တဆန်နေသလား စင်လုံရယ်"

ချစ်ချစ်သည် စကားဆုံးသည်နှင့် ကြုံကြုံပါအောင် ငိုပြန်တော့သည်။ စင်လုံသည် သူမ၏ပခုံးကလေးကို ကြင်နာစွာပွတ်လျက် နှစ်သိမ့်ပေးနေရာမှ သိနားလည်မှု အပြည့်အဝဖြင့် တီးတိုးပြောလိုက်၏။

"ဘယ်ကလာ အတ္တဆန်ရမလဲ မိန်းကလေးရယ်၊ ဝေဝေဟာ မင်းကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ညှဉ်းပန်းနှိပ်စက်ခဲ့တယ်၊ ဒါပေမယ့် မင်းရဲ့ကြင်နာပြုစုမှုတွေက သူ့ကို ခွင့်လွှတ်ကြောင်း သက်သေပြနေတယ်၊ အခု မင်းပြခဲ့တဲ့ ကြင်နာမှုတွေက မင်းမှာမြင့်မြတ်တဲ့ အသည်းနှလုံးရှိကြောင်း ထုတ်ဖော်ပြလိုက်တာပါပဲကွယ်၊ ဒီလောက်မြင့်မြတ်တဲ့စိတ်သဘောထားရှိတဲ့ မိန်းကလေးကို အတ္တဆန်



တယ်လို့ ဘယ်သူပြောနိုင်မလဲကွယ်"

စင်လုံသည် ရင်ထဲမှထွက်လာသည့် စကားများကို ထုတ်ဖော်ပြောရင်း အဝေးသို့ ငေးမျှော်ကြည့်နေမိသည်။ သူဖြတ်သန်းလျှောက်လာခဲ့ရသည့် အတိတ်ရုပ်ပုံလွှာများကို တစ်လွှာပြီးတစ်လွှာ မြင်နေရသည်။ ဘဝအခြေအနေကြောင့် မိန်းမဆိုး မိန်းမသွမ်းကလေး ဖြစ်နေရရှာသော ဝေဝေ၊ သူ့အား အချစ်ကြီးလွန်းသဖြင့် သိုင်းလောက၌ သူ့နောက်တကောက်ကောက်လိုက်နေသော ချစ်ချစ် စသူစသူများကို အတိတ်ရုပ်ပုံလွှာ၌ မြင်တွေ့နေရသည်။

ကောင်းကင်ထက်၌ ကြယ်ပွင့်များ လင်းလက်နေမြဲ၊ လေပြည်လေညင်းကလေးများကလည်း တိုက်ခတ်နေဆဲ၊ စင်လုံသည် ထပ်မံ၍ စကားမပြောတော့ချေ။ သူထပ်မံပြောလိုက်သည့် စကားများကြောင့် ချစ်ချစ် ဝမ်းပိုနည်းသွားမည်ကို စိုးရိမ်၍ဖြစ်သည်။

အတန်ကြာ ငြိမ်သက်တိတ်ဆိတ်နေပြီးမှ စင်လုံက တီးတိုးပြောလိုက်သည်။

"အချိန်က မစောတော့ဘူးကွယ်၊ နက်ဖြန်လမ်းလျှောက်ဖို့ အားမွေးထားရဦးမယ်၊ အိပ်ကြစို့၊ အားအင်ရှိလို့ လမ်းလျှောက်နိုင်ရင် အခြေအနေတွေ တစ်မျိုးပြောင်းလာနိုင်ပါသေးတယ်၊ ဝေဝေလည်း အသက်ရှင်ကောင်းရှင်မယ်၊ ကျုပ်တို့လည်း အသက်ရှင်ကောင်းရှင်မယ်၊ နက်ဖြန်ဆိုတာ အမြဲတမ်းမျှော်လင့်ထားရမယ်၊ ဒီတော့ နက်ဖြန်ကို ရင်ဆိုင်နိုင်အောင် အိပ်လိုက်ကြစို့နော်"

မှန်ပါ၏။ လူသားများသည် မနက်ဖြန်ဆိုသည်ကို မျှော်ကိုးရင်း ဆက်လက်ရှင်သန်ခဲ့ကြသည်။ သူတို့၏ အသက်ရှင်သန်မှုသည်လည်း မနက်ဖြန်၌ မထူးခြားဟု မည်သူက တပ်အပ်သေချာပြော နိုင်ပါမည်နည်း။

ပတ္တမြားသွေးကဲ့သို့ တောက်ပြောင်ဝင်းလက်နေသည့် နေမင်းကြီးသည် သဲပင်လယ်၏ အရှေ့ဘက်မှ ရဲရဲနီလျက် ထွက်ပေါ်လာပြန်လေသည်။

ဝမ်းလင်းဝါးသည် အိပ်နေရာမှ နိုးလာရင်းသမ်းဝေလိုက်၏။ ထို တဒင်္ဂအတွင်း၌ပင် ထိတ်လန့်တုန်လှုပ်သွားရတော့သည်။ သူ၏လက်ရှိအခြေအနေကို သိမြင်သဘောပေါက်သွားရသဖြင့် ဤကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားရခြင်းဖြစ်၏။ ဤသို့ဆိုပါလျှင် ဝမ်းလင်းဝါး၏ အခြေအနေသည် မည်သို့ ပြောင်းလဲသွားခဲ့ပါသနည်း။

ဝမ်းလင်းဝါး၏ ဆံပင်များသည် ဖွာဆန်ကြဲလျက်ရှိနေ၏။ သူ၏ခြေနှင့်လက်များကို ကြိုးများဖြင့် တင်းကျပ်စွာတုပ်နှောင်ထား၏။ သိုင်းပညာတတ်သူတစ်ယောက်၏ ကြိုးတုပ်ပုံတုပ်နည်းကို အသုံးပြုထားရာ ဝမ်းလင်းဝါးမှာ အနည်းငယ်မျှ မလှုပ်ရှားနိုင်အောင် ဖြစ်နေရသည်။ သူ့အဖို့ပို၍ အခံရခက်သည့်ဝေဒနာတစ်ရပ်မှာ ကျောတစ်ပြင်လုံး၌ အရှိုးများထပ်နေခြင်းပေတည်း။

တစ်စုံတစ်ယောက်သည် သူ့အား ရက်ရက်စက်စက်ရိုက်နှက်၍ ကြိုးတုပ်သွားခဲ့သည်မှာ သေချာနေချေပြီ။ အဘယ်သူသည် သူ့အား ဤကဲ့သို့ ပြုမူသွားလေသနည်း။

သူသည် လုံးဝမလှုပ်ရှားနိုင်သဖြင့် ပါးစပ်မှ အော်ခေါ်လိုက်၏။

"စင်လုံ - ကြူးချစ်ချစ်"

စင်လုံ၏အသံ ပြန်ပေါ်လာသည်။

"ဝမ်းလင်းဝါး ဘာဖြစ်လို့ အော်နေရတာလဲ"

ဝမ်းလင်းဝါးက မသက်မသာ ပြန်ပြောလိုက်၏။

"မေးမှ မေးရက်ပလေဗျာ၊ ကျုပ်ကို ကြည့်စမ်းပါဦး။ မြင်



ကောင်းသေးရဲ့လားလို့၊ ခင်ဗျားတို့က ကျုပ်အဖြစ်ကို ကြည့်ကောင်းနေလို့လား"

စင်လုံထံမှ ရယ်သံသဲ့သဲ့ထွက်ပေါ်လာသည်။

"သိပ်လည်း စိတ်မပျက်မနေပါနဲ့ကွာ၊ ငါနဲ့ချစ်ချစ်လည်း မင်းလိုပါပဲ၊ ငါတို့နှစ်ယောက်ကို ကျောချင်းကပ်ပြီး တစ်ကိုယ်လုံး ကြိုးအထပ်ထပ်နဲ့ တုပ်နှောင်ထားတယ်၊ တစ်ခုကံကောင်းတာက မင်းကို ငါမြင်နေနိုင်တာပဲ"

စင်လုံနှင့် ချစ်ချစ်တို့၏ ဆံပင်များမှာလည်း ဝမ်းလင်းဝါးကဲ့သို့ပင် ဖွာဆန်ကြဲနေသည်။ သို့သော် သူတို့နှစ်ယောက်ကိုမူ ရန်သူက ရိုက်နှက်ခဲ့ခြင်းမပြုခဲ့ပါချေ။ ကြိုးတုပ်ပုံသေသပ်ကောင်းမွန်လှသဖြင့် စင်လုံရော ချစ်ချစ်ပါ အနည်းငယ်မျှ မလှုပ်နိုင်ကြချေ။ ကြိုးများသည် အသားထဲသို့ နစ်ဝင်လုမတတ် ဖြစ်နေ၏။

ဝမ်းလင်းဝါးက အော်ပြောသည်။

"စင်လုံ - ဒီကြိုးတွေဟာ မြင်းတွေပေါ်က ဝံကြောင်ကလေးဖြုတ်ယူပြီး သယ်လာတဲ့ကြိုးတွေပဲ၊ ဝံကြောင်ကလေးတစ်ယောက်ကော"

စင်လုံက -

"အေး ဟုတ်တယ်၊ ဝံကြောင်ကလေးသယ်လာတဲ့ကြိုးတွေပဲ၊ ချစ်ချစ် - ဝံကြောင်ကလေးကို တွေ့ရသလား"

ချစ်ချစ်၏အသံကို လုံးဝမကြားရပါချေ။ ချစ်ချစ်အိပ်ပျော်နေသည်လား၊ သတိမေ့နေသည်လား မသိတတ်နိုင်ပါချေ။

နေလုံးကြီး တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ အပူဒဏ်ကို တစ်တစ်စခံစားလာကြရသည်။ လမ်းလျှောက်နေရစဉ်က ဤအပူ

ဒဏ်ကို ခံစားခဲ့ကြဖူးပါသည်။ သို့သော် ယခုကဲ့သို့ ကြိုးတုပ်ခံနေရစဥ်လောက် မဆိုးဟု မှတ်ထင်နေမိကြ၏။

ဝမ်းလင်းဝါးမှာ နေမင်း၏ဒဏ်ကို အခြားသူများထက် ရက်ရက်စက်စက်ခံနေရ၏။ သူ၏ကျောပြင်တွင် အရိုးများထပ်နေသည်။ သွေးစသွေးနများ ပေကျံနေသည်အထိ အရိုက်အနှက်ခံထားရသဖြင့် ပြင်းပြမှုလောင်လှသည့် အပူရှိန်အောက်တွင် စပ်ဖျဥ်းဖျဥ်းခံစား နေရတော့သည်။ သူ့အကျီမှာ အစိတ်စိတ်အမွှာမွှာဖြစ်နေသဖြင့် ဒဏ်ရာများအတွက် အပူရှိန်ကို မကာကွယ်နိုင်ဘဲဖြစ်နေသည်။

ဝမ်းလင်းဝါးသည် ကောက်ကျစ်ရက်စက်ရာ၌ ရှင်ပျော်ပျော်မြို့စားကြီးထက်လည်းကောင်း၊ ဝေဝေထက်လည်းကောင်း နိမ့်ကျသူမဟုတ်ပါချေ။ စိတ်ဓာတ်သတ္တိအားဖြင့်လည်း ခေသူမဟုတ်ချေ။ သို့သော် သူ၏အဖြစ်အပျက်ကို သူကိုယ်တိုင်နားမလည်နိုင်ဘဲ ဖြစ်နေသဖြင့် အလိုလိုနေရင်း ထိတ်လန့်ကြောက်ရွံ့နေမိတော့သည်။

သူသည် ရှန်းကန်ကြည့်၏။ တင်းကျပ်ခိုင်မာစွာ ချည်နှောင်ထားသည့် ကြိုးများထဲမှ ရုန်းထွက်ခြင်းငှာ မစွမ်းသာပါချေ။ သူက ခြောက်ကပ်စွာ မေးလိုက်သည်။

"စင်လုံ - ကျုပ် - ကျုပ်တို့ရဲ့ ရေအိတ်တွေကော မြင်သေးရဲ့လား ဗျ၊ အဲဒါ ကျုပ်တို့ရဲ့အသက်ပဲ၊ တစ်ယောက်တစ်ငုံစာလောက်တော့ ရေတွေကျန်သေးတယ်မှတ်တယ်"

ရေသည် သူတို့၏အသက်ပင်ဖြစ်ပါသည်။ အာစွတ်ရုံမျှသောက်နိုင်သည့်ရေသည် တစ်နေ့တာခရီးကို လျှောက်လှမ်းနိုင်သည့် အင်အားကို ပေးနိုင်စွမ်းရှိ၏။ ရန်သူသည် ဤရေအိတ်များကို ယူဆောင်သွားလေပြီလော။



မကြာမီ ဝံကြောင်ကလေး၏အသံကို ကြားရတော့သည်။ သူ၏အသံသည်လည်း အထိတ်တလန့် ရှိလှ၏။

"အစ်ကိုကြီးစင်လုံ - ကျုပ် - ကျုပ်တို့ ဘယ်လိုဖြစ်နေတာလဲဗျ၊ ကြိုးတွေအတုပ်ခံရလို့ပါလားဗျ၊ ဘယ်သူတွေ လုပ်သွားတာလဲ -"

စင်လုံက ခပ်တိုးတိုးပင်ဖြေသည်။

"ကြောင်ကလေး - အခုမှ အိပ်ရာက နိုးလာသလား၊ ဒီလောက်နေပူတာတောင် မင်းမို့လို့ အိပ်နေနိုင်တယ်၊ ငါတို့ နိုးနေတာကြာပြီ၊ မင်းမြင်တဲ့အတိုင်းပဲ၊ ငါတို့လည်း ကြိုးတုပ်ခံရလို့ လှုပ်ရှားနိုင်ကြဘူး"

ဝံကြောင်ကလေးက စိုးရိမ်တကြီးမေးလိုက်သည်။

"အစ်ကိုကြီးစင်လုံ - ရေ - ရေ - ရေအိတ်တွေကော"

စင်လုံက ဖြေသည်။

"ရေအိတ်တွေကို ငါတော့မမြင်ဘူး၊ မင်းတို့ မြင်သလား၊ ငါတော့ ရေအိတ်တွေကို ယူသွားပြီလို့ ထင်တာပဲ"

ဝံကြောင်ကလေးသည် သူတို့အတယ်ကြောင့် ဤသို့ဖြစ်လျက်နေရသည်ကို တွေးတောနေ၏။ ရှင်ပျော်ပျော်မြို့စားကြီးသည် သူတို့အား ဤသို့ပြုမူခဲ့လေသလော၊ မဖြစ်နိုင်။ လုံးဝမဖြစ်နိုင်။ ရှင်ပျော်ပျော်မြို့စားကြီးသည် ဤကဲ့သို့သောနည်းဖြင့် သူတို့အား လက်စားချေမည်မဟုတ်။ အခြားရက်စက်သောနည်းဖြင့်သာ လက်စားချေနိုင်သည်။ ဤရက်စက်ပုံရက်စက်နည်းမှာ ရှင်ပျော်ပျော်မြို့စားကြီး၏ လက်ရာမဟုတ်ပေ။

လေပြင်းတိုက်ခတ်လိုက်သည့်အခါတွင် သဲများသည် သူတို့

တစ်ကိုယ်လုံးပေါ်သို့ ပက်ဖျန်းသွားသည်။ ဝံကြောင်ကလေးသည် မြင်ကွင်းအားလုံးကို ကြည့်မြင်နိုင်သည့် အနေအထားမျိုး၌ ကြိုးတုပ်ခံနေရခြင်းဖြစ်သဖြင့် သူ့မျက်စိထဲ၌ တစ်စုံတစ်ခုလိုနေသည်ကို သတိပြုမိလိုက်သည်။ သို့သော် မည်သည့်အရာလိုနေမှန်း ရုတ်တရက် မသိနိုင်ဘဲဖြစ်နေသည်။

သူသည် စင်လုံအား လှမ်းမေးလိုက်၏။

"အစ်ကိုကြီးစင်လုံ - ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားနေရတယ်၊ ဘာလိုနေမှန်းတော့ မသိဘူး"

စင်လုံက ပြန်မေးသည်။

"မြင်းတွေလိုနေတယ်ထင်လို့လား။ ငါတို့မြင်းမပါဘဲ လမ်းလျှောက်ခဲ့တာ အတော်ကြာနေပြီ"

"မြင်းမဟုတ်ပါဘူး"

"ရေအိတ်တွေ လိုနေတယ်ထင်လို့လား"

"ရေအိတ် - ရေအိတ် - ရေအိတ်တွေတော့ မတွေ့ဘူး။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ လိုနေတာကတော့က ရေအိတ်မဟုတ်ဘူး"

"ဒါဖြင့် မင်းသယ်လာတဲ့ ကြိုးတွေလား။ အခု ငါတို့ကို တုပ်ထားတယ်"

ဝံကြောင်ကလေးက အလန့်တကြားအော်လိုက်၏။

"အစ်ကိုကြီးစင်လုံ - ကျွန်တော်သိပြီဗျို့. ဝေဝေ ဝေဝေ"

"ဝေဝေ ဘာဖြစ်လို့လဲ"

"ဝေဝေ မရှိတော့ဘူးဗျ။ ကြိုးတုပ်ခံနေရတာ ကျုပ်တို့လေး



ယောက်တည်းပဲ၊ ဝေဝေ သူ့နေရာမှာ မရှိတော့ဘူး"

စင်လုံ၏ ဦးခေါင်းမှာ မိုက်ကနဲဖြစ်သွားတော့၏။ သူ့စိတ်ထဲမှ တီးတိုးပြောလိုက်မိသည်။

"စင်လုံ - စင်လုံ - မင်းတော့ အလိမ်ခံရပြန်ပြီ၊ ဝေဝေဟာ မင်းထက် အများကြီးပါးနပ်တယ်ဆိုတာ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ် ပြသွားပြီ"

သူသည် လွန်စွာစိတ်ထိခိုက်သွားသည်။ သူ၏မျက်လုံးများကို မိတ်လျက် အခြေအနေဆိုးကြီး မည်သို့ဖြစ်ပျက်သွားသည်ကို ပြန်လှန်စဉ်းစားနေမိသည်။

ဝံကြောင်ကလေးက အော်မေးလိုက်၏။

"အစ်ကိုကြီးစင်လုံ၊ ဝေဝေ ဘယ်ရောက်သွားတာလဲဗျ"

စင်လုံက အေးစက်စက်ပြန်ဖြေ၏။

"ဝေဝေ ထွက်သွားပြီ"

"ဘုရားရေ - ဘယ်လိုဖြစ်တာလဲ၊ သူက ဘယ်ကိုထွက်သွားရတာလဲဗျာ"

"ဘယ်လိုဖြစ်တာလဲဆိုတော့ မင်းမြင်တဲ့အတိုင်း အားလုံးဖြစ်နေတာပေါ့၊ ငါတို့အားလုံး ကြိုးတုပ်ခံနေရတာ ဝေဝေ့လက်ချက်ပေါ့၊ စဉ်းလဲကောက်ကျစ်သူဟာ သူ့လွတ်မြောက်ရေးအတွက်ဆိုရင် သူ့အပေါ် စိတ်ကောင်းစေတနာကောင်းရှိသူတွေကိုတောင် ဒုက္ခပေးဖို့ ဝန်မလေးဘူး။ ဒါကြောင့်မို့ လူယုတ်မာကို ကယ်တင်တာတို့ လူယုတ်မာနဲ့ပေါင်းသင်းဆက်ဆံတာ ကိုယ့်မှီခိုရာကို လောင်ကျွမ်းတတ်တဲ့ မီးလိုပဲ၊ ဘယ်တော့မှ အကျိုးမရှိဘူး။ အကျိုး မဲ့ကိုဖြစ်စေတယ်"

စင်လုံ၏စကားများမှာ ပွနွေးမနေတော့ပေ။ အေးစက်စက်ဖြစ်နေသည်။ ဝံကြောင်ကလေးမှာ စင်လုံအသေအချာရှင်းပြမှ ပို၍ပင် ထိတ်လန့်သွားသည်။

"ဘုရားရေ - ဒါ - ဒါတွေ - သူလုပ်ခဲ့တာ ဟုတ်ရဲ့လား။ ဟုတ်မှလည်း လုပ်ပါဗျာ၊ ဒီမိန်းကလေး ဒီလောက်တောင် ယုတ်မာ သတဲ့လားဗျာ"

စင်လုံက စိတ်မကောင်းခြင်းကြီးစွာဖြင့် ရယ်လိုက်၏။

"ကင်း၊ ကင်းမြီးကောက်၊ မြွေပွေး၊ မြွေဟောက်တို့ရဲ့ အဆိပ်ဟာ အမြီးဖျား၊ အစွယ်ဖျားမှာပဲရှိတယ်၊ လူယုတ်မာတွေရဲ့ အဆိပ်ကတော့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့တည်ရှိတယ်၊ ဒါကြောင့်မို့ ဝေဝေဟာ အဆိပ်ရှိတဲ့သတ္တဝါထက်တောင် ကြောက်စရာကောင်းတယ်၊ သူစကားတစ်ခွန်းပြောတာ၊ လက်ကလေးတစ်ချက်လှုပ်တာကအစ သူများကို သေစေနိုင်တယ်၊ လူယုတ်မာဟာ ကျေးဇူးရှင်တွေအပေါ် ကျေးစွပ်တဲ့ အပြုအမူပြုလုပ်နိုင်ရင် ကျေနပ်နစ်သက်ကြတာပဲ၊ သူဟာ ငါတို့ကို လှည့်စားနိုင်တဲ့အတွက် အခုလိုဒုက္ခပေးနိုင်တဲ့အတွက် သိပ်ဝမ်းသာနေမှာ သေချာတယ်"

"အစ်ကိုကြီး - စင်လုံ၊ သူက မေ့နေတာပဲ၊ တစ်ခြားလူတစ်ယောက်ယောက်က ကျွန်တော်တို့ကို ကြိုးနဲ့တုပ်ထားပစ်ခဲ့ပြီး သူ့ကို ဖမ်းသွားတာကော မဖြစ်နိုင်ဘူးလား"

စင်လုံက ကြေကွဲစွာရယ်လိုက်၏။ ခွေးမြီးကောက်အား ဆီဖြင့်နယ်၊ မီးဖြင့်ကင်လျက် ဖြောင့်မတ်စေခြင်းငှာ စွမ်းနိုင်သကဲ့သို့ ဝေဝေ၏ ယုတ်မာသောကောက်ကျစ်မှုများအား သူမ၏ခန္ဓာကိုယ်မှ လျော့ကျစေခြင်းငှာ မစွမ်းနိုင်ကြောင်း စင်လုံသိရှိရလေပြီ။



"ကြောင်ကလေး - မင်းပြောသလို မဖြစ်နိုင်ဘူးကွ၊ တခြားရန်သူသာဆိုရင် ငါတို့ကို အခုလိုမလုပ်ဘူး။ သတ်ပစ်ရင်လည်း သတ်ပစ်မယ်၊ ဖမ်းရင်လည်း ဖမ်းသွားမယ်၊ ဝေဝေ့လက်ချက်ကြောင့်သာ အခုလိုပုံစံမျိုးဖြစ်နေကြရတာ၊ သူဟာ ငါတို့ကယ်ဆယ်လာတဲ့ လမ်းခရီးတစ်လျှောက်လုံးမှာ သတိကောင်းကောင်း ရနေခဲ့တယ်၊ မင်းရောငါရော ဝေဝေကို အထင်သေးခဲ့ကြတယ်၊ ဝေဝေနဲ့ပတ်သက်သမျှ သင်ခန်းစာယူစရာတွေ တစ်ကြိမ်မက ကြုံခဲ့ကြရပြီးပြီ၊ အဲဒါလည်း ငါတို့အမှတ်မရှိခဲ့ဘူး။ အဲဒါဟာကြောင့်လဲ ကြောင်ကလေးရာ"

ဝံကြောင်ကလေးသည် ထိုအခါကျမှ ဝေဝေ့လက်ချက်ဖြစ်ကြောင်း ယုံကြည်လက်ခံမိတော့၏။ ထိုသို့ယုံကြည်လက်ခံမိလိုက်သည်နှင့် သူ့စိတ်ထဲ၌ နောင်တတရားများ တဖွားဖွားပေါ်လာတော့သည်။ ထို့ပြင် စင်လုံကိုလည်း များစွာကြင်နာသနားသွားမိ၏။

စင်လုံသည် သူနှင့်တွေ့ကြုံခဲ့ရသည့် သက်တမ်းတစ်လျှောက်လုံး၌ ညည်းညူခြင်း၊ ကိုယ့်ကိုယ်ကိုအပြစ်တင်ခြင်း စသည်တို့ကို တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့ပေ။ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးကို ထိန်းသိမ်းနိုင်စွမ်း ရှိခဲ့သည်သာဖြစ်၏။ ယခုမူ သူ၏နှုတ်မှ ယူကျုံးမရ တသသဖြင့် သူ့ကိုယ်သူအပြစ်တင်လျက်ရှိနေလေပြီ။ ဝံကြောင်ကလေးသိပါ၏။ စင်လုံသည် သူတစ်ယောက်တည်း သေဘေးကြုံရသည်ဆိုပါက ကြိတ်မှိတ်အောင့်ခံမည်သာ ဖြစ်ပါသည်။ ယခုမူ သူ့အား ယုံကြည်မှုအပြည့်အဝနှင့် လွတ်မြောက်ရာလွတ်မြောက်ကြောင်း လိုက်ပါလာသည့် အသက်သုံးချောင်းပါရှိနေ၍သာ ဤသို့စိတ်ပျက်လက်ပျက် ညည်းညူနေခြင်းဖြစ်ကြောင်း ဝံကြောင်ကလေး နားလည်သိရှိပါလေ၏။

ထို့ကြောင့် စင်လုံအား တတ်နိုင်သမျှ နှစ်သိမ့်ပေးရတော့သည်။

“အစ်ကိုကြီးရာ ဒီလောက်လည်း စိတ်ထိခိုက် မနေစမ်းပါနဲ့၊ မာယာပရိယာယ်အသွယ်သွယ် လုပ်တဲ့နေရာမှာတော့ သူ့ကို ဘယ်သူမှ မီတာမှမဟုတ်တာ၊ ရိုးသားတဲ့လူတိုင်း သူ့ကိုယုံကြည်ကြမှာပဲ၊ စိတ်ကောင်းစေတနာကောင်းရှိတဲ့သူတိုင်း သူ့ကို ယုံကြည်မိမှာပဲ၊ ဒီမိန်းကလေးဟာ ဟန်ဆောင်တတ်တဲ့ အတတ်ပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်ထားတော့ အစ်ကိုကြီးမှာ အပြစ်မရှိပါဘူး”

ထိုစဉ် စင်လုံနှင့်အတူ ကျောချင်းကပ်ချည်နှောင်ထားခြင်း ခံရသော ချစ်ချစ်သည် ပြန်လည်သတိရလာတော့၏။

“စင်လုံ - စင်လုံ”

“ချစ်ချစ် - မင်းနဲ့ငါ ကျောချင်းကပ် ကြိုးချည်ခံနေရတယ်လေ”

“ရှင် - ဒဏ်ရာရနေသလား”

“ဟင့်အင်း - မရပါဘူး၊ မင်းကော ဒဏ်ရာရနေသေးသလား”

“ဒဏ်ရာတော့မရပါဘူး၊ အခု ဘာတွေဖြစ်နေကြတာလဲဟင်၊ ကျွန်မတို့ ဘာဖြစ်လို့ ကြိုးနဲ့အတုပ်ခံထားရတာလဲ”

စင်လုံက သက်ပြင်းချလိုက်ပြီး -

“ဝေဝေ့လက်ချက်ပေါ့ကွာ၊ သူ့အပေါ် စိတ်ကောင်းစေတနာကောင်းထားတဲ့အတွက် သူက ပြန်ပေးခဲ့တဲ့ ဆုလာဘ်ဆိုပါတော့”

ချစ်ချစ်မှာ အာမေဋိတ်သံကလေးဖြင့် အော်မိရှာတော့၏။

“ဘုရားရေ - ဒီအမျိုးသမီးဟာ တကယ့်ကို နတ်ဆိုးရဲ့ သမီးတော်ပါလား၊ စင်လုံ သဲပြင်ပေါ်မှာ စာတွေရေးထားတယ်၊ ဝေဝေ



ရေးသွားတာလား မသိဘူး”

“ဟုတ်လား၊ ဘာတွေ ရေးထားသလဲ၊ ဖတ်ကြည့်စမ်း၊ မင်းကတော့ ဖတ်လို့ရမယ်နဲ့ တူတယ်”

“ကျွန်မဖတ်ပြမယ်၊ နားထောင်”

“ရေကြည်တစ်ပေါက်သောက်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အမုန်းတရားပွားဖို့ အသက်ရှင်နိုင်လို့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ရှင်တို့နဲ့ ဘယ်ဘဝဘယ်အခါမှ မဆုံတွေ့ပါစေနဲ့လို့ ဆုတောင်းလိုက်ပါရဲ့”

“စာကတော့ ဒါပဲစင်လုံ၊ ဒါ - ဒါ ဝေဝေရေးသွားတာနဲ့တူတယ်”

“သေချာတာပေါ့ကွာ၊ ဝေဝေရေးသွားတာပေါ့၊ သူကလွဲလို့ တစ်ခြားဘယ်သူမှ မရေးနိုင်ပါဘူး၊ ရေးထားတဲ့ အကြောင်းအရာကို ကြည့်ပါလား၊ အမုန်းတရားကို သူ့ခန္ဓာကိုယ် အသည်းနှလုံးက ခွာချလို့ကို မရဘဲဖြစ်နေတယ်”

ချစ်ချစ်ထံမှ ဆို့နင့်စွာ စကားပြောသံပေါ်လာသည်။

“စင်လုံ - စင်လုံ - သူ - သူ ထွက်ခွာသွားပြီ၊ သူတစ်ယောက်တည်း ထွက်ခွာသွားပြီ၊ သူဟာ ရှင့်ကိုချစ်တယ်၊ ကျွန်မကောင်းကောင်းကြီးသိတယ်၊ ဒါပေမယ့် သူဟာ ရှင့်ကိုခေါ်မသွားဘူး၊ ကျွန်မနဲ့ခွဲပြီး ရှင့်ကိုခေါ်မသွားဘူး၊ ရှင့်ကို ကျွန်မဆီမှာပဲ ထားပစ်ခဲ့တယ်၊ သူ - သူဟာ သူ့ရဲ့အကြင်နာတရားကို နောက်ဆုံးပြခဲ့ရှာတယ်”

ချစ်ချစ်၏ စကားသံများသည် ဗလုံးဗထွေးဖြစ်လာသည်။ နောက်ဆုံး ချုံးပွဲချငိုလေတော့၏။ စင်လုံနှင့် ဝံကြောင်ကလေးတို့မှာ

တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြရသည်။

ချစ်ချစ်သည် အားရပါးရ ငိုပြီးနောက် ဖြည်းဖြည်းချင်းပြောပြန်သည်။

“ဝေဝေ - ဝေဝေ - ကံဆိုးရှာတဲ့ မိန်းကလေး။ ရှင်ကတော့ အဖော်မပါ တစ်ကိုယ်တည်း ဘဝခရီးကို တစ်ကိုယ်တည်းလျှောက်တော့မှာပေါ့လေ - အသွားကြီးဖြစ်တဲ့အထိ တစ်ကိုယ်တည်း လျှောက်သွားနေမှာပေါ့လေ၊ ရှင်ဟာ ကျွန်မရဲ့ အသည်းနှလုံးကို ထုတ်ယူမသွားခဲ့ပါဘူး။ ရှင့်အသည်းနှလုံးကိုပဲ အနာအကျင်ခံပြီး ထွက်သွားခဲ့တယ်၊ ကျွန်မ - ကျွန်မ ရှင့်အပေါ် အထင်အမြင်မှားခဲ့ပါတယ်ရှင်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မလေ ရှင့်အပေါ်မှာ မညှာတာသလိုများ ဖြစ်ခဲ့သလားမသိတော့ပါဘူးရှင်”

ဝံကြောင်ကလေးက အသက်မပါသောလေသံဖြင့် ချစ်ချစ်အားလှမ်းပြောသည်။

“ချစ်ချစ် - နင်ဘာတွေလျှောက်ပြောနေတာလဲ၊ အဓိပ္ပါယ်မရှိတဲ့စကားတွေ လျှောက်ပြောမနေစမ်းပါနဲ့ဟာ၊ စိတ်ကောင်း စေတနာကောင်းရှိတဲ့လူက ငါတို့ကို ဒီလိုကြိုးနဲ့တုပ်ပစ်ခဲ့လား၊ ငါတို့အပေါ် ညှာတာကြင်နာတဲ့လူက တစ်ငုံစာစီ ကျန်နေတဲ့ရေအိတ်တွေ အားလုံးကို ယူသွားပါ့မလား၊ အခုဆိုရင်ပဲ အာခေါင်တွေ ခြောက်ကပ်နေပြီ၊ နောက်တစ်နာရီလောက် နင်တို့ငါတို့ ကြံ့ကြံ့ခံနိုင်ရင် လူတော်တွေပဲ၊ သံမဏိလူသားတွေပဲ၊ သူ့အကြောင်း အကောင်းပြောနေတာတွေကို တစ်ဆိတ်လောက်ကျေးဇူးပြုပြီး ရပ်လိုက်ပါတော့”

စင်လုံသည် သက်ပြင်းချရင်း ညည်းညူလိုက်သည်။



“ချစ်ချစ်တွေးပုံတွေးနည်းကလည်း သိပ်မဆိုးလှပါဘူး။ အင်းလေ ဝေဝေရဲ့စိတ်သဘောကို ဘယ်သူမှ အတိအကျခန့်မှန်းနိုင်မှာမဟုတ်ပါဘူးလေ”

ဝံကြောင်ကလေးက စိတ်ပျက်လက်ပျက် အဝေးသို့ ငေးမျှော်ကြည့်နေသည်။ နေ၏အပူရှိန်ကြောင့် တံလှပ်များ တရိပ်ရိပ်ထနေသည်။ ထို့နောက် ဖြည်းညင်းစွာပြောလိုက်မိသည်။

“သူဟာ ခရီးအစကနေ ဒီရောက်တဲ့အထိ သတိလစ်နေတဲ့ပုံစံမျိုး ဟန်ဆောင်နေခဲ့တယ်၊ ဒီလိုဟန်ဆောင်ဖို့အတွက် အစာငတ်ခံရမယ်၊ ရေငတ်ခံရမယ်ဆိုတာ သူမသိတဲ့ ရှိမှာမဟုတ်ဘူး။ သိရက်သားနဲ့ကို ဟန်ဆောင်ခဲ့တယ်၊ ဘယ်လောက်ဟန်ဆောင်ကောင်းခဲ့သလဲ၊ သူဟာ မျက်စေ့ကို တစ်ချက်ကလေးတောင် မဖွင့်ခဲ့ဘူး။ ဒီတစ်ချက်တည်းကိုက ဘယ်သူမှ သူ့ကိုလိုက်မတုနိုင်ဘူးဆိုတာ သက်သေပြသွားတာပဲ၊ ဩော် - ဝေဝေ - ဝေဝေ - မင်းရဲ့မှာယာတွေကိုတော့ ငါတကယ်ပဲ ချီးကျူးပါရဲ့ကွာ”

ချစ်ချစ် စင်လုံအား လှမ်းပြောသည်။

“စင်လုံ - ဝေဝေဟာ ကျွန်မတို့ကို ဒုက္ခပေးသွားတာ မဟုတ်ပါဘူးရှင်၊ အကြောင်းပြချက်တစ်ခုခုရှိမှာ သေချာပါတယ်၊ ကျွန်မ - ကျွန်မရဲ့စိတ်ထဲမှာ အလိုလိုသိနေပါတယ်၊ သူဟာ သူ့ဘဝထဲမှာ တစ်သက်လုံးမထားခဲ့ဖူးတဲ့ စိတ်စေတနာကောင်း ထားသွားတယ်ဆိုတာ ကျွန်မအလိုလိုနားလည်နေပါတယ်၊ စင်လုံ - ရှင်ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်ပါဦးရှင်”

စင်လုံသည် မျက်လုံးများ စုံမှိတ်လျက် ငြိမ်သက်နေ၏။ ချစ်ချစ်၏ စကားများကြောင့် ဝေဝေနှင့်ပတ်သက်သမျှတို့ကို အနုလုံ

ပင့်လုံ ပြန်လှန်စဉ်းစားနေခြင်းသာဖြစ်ခဲ့သည်။

ထိုစဉ် ဝံကြောင်ကလေးက ရှုံ့မဲ့မဲ့နှင့် ဝင်ပြောသည်။

"တော်စမ်းပါ ချစ်ချစ်ရာ နင်က ဝေဝေ့အပေါ် အကောင်းပဲ မြင်နေတာကိုး။ အားလုံး ဆက်စပ်စဉ်းစားကြည့်တဲ့အခါ သူဟာငါတို့နဲ့ လမ်းခွဲထွက်သွားဖို့ ဆုံးဖြတ်ထားပုံရတယ်၊ ဒီဆုံးဖြတ်ချက်ကို ငါက ဘာမှ စောဒကမတက်ချင်ပါဘူး။ သူ့ဖာသာထွက်သွားရင် ထွက်သွားပါလား၊ ဘာဖြစ်လို့ ငါတို့ကို ဒုက္ခပေးသွားရတာလဲ၊ သဲပူပူနေပူပူအောက်မှာ ကြိုးတုတ်ခံနေရတဲ့ဝေဒနာ ဘယ်လောက်ကြီးတယ်ဆိုတာ သူမသိဘဲနေမှာမဟုတ်ပါဘူးဟာ"

သူသည် စင်လုံအား လှမ်း၍မေးလိုက်၏။

"အစ်ကိုကြီးစင်လုံ ဝေဝေလုပ်သွားတာ ဘာသဘောလဲဗျ"

စင်လုံသည် အတွေးကမ္ဘာထဲနစ်မြောနေရာမှ ပစ္စက္ခလောကထဲသော ချက်ချင်းပြန်လည်ရောက်ရှိလာတော့သည်။

"ဘာလဲ ကြောင်ကလေး"

"ဝေဝေ - ကျွန်တော်တို့ကို ကြိုးနဲ့တုပ်ပစ်ခဲ့တဲ့ ကိစ္စလေ"

"အင်း - အင်း - အခုငါစဉ်းစားမိသလောက်တော့ ငါတို့ကို ဒီလိုကြိုးနဲ့တုပ်မပစ်ခဲ့ရင် ငါတို့က သူ့အတွက် စိုးရိမ်ကြောင့်ကြပြီး လိုက်ရှာနေမှာ စိုးရိမ်လို့နဲ့ တူပါရဲ့ကွာ၊ သူက ငါတို့အားလုံးနဲ့ ဒီဘဝမှာ ထပ်ပြီးဆုံချင်ပုံ မရတော့ဘူး"

"ဒီတစ်ချက်တည်းပဲလား အစ်ကိုကြီးရာ"

"ဒီတစ်ချက်တည်းတော့ ဟုတ်မယ်မထင်ဘူး ငါလည်း ခေါင်းအေးအေးထားပြီး စဉ်းစားတော့မှ ရေးတေးတေးပေါ်လာခဲ့တာ၊ အခုဖြစ်ပျက်ခဲ့တဲ့အခြေအနေအရဆိုရင် သူ့ရဲ့ရည်မှန်းချက်ကြီး လုံးဝ



ပျက်စီးသွားပြီလို့ ဆိုနိုင်တယ်မဟုတ်လား။ ဝေဝေဟာ ဒီအချက်ကို လက်မခံဘူး။ သူ့ရည်ရယ်ချက်ကို ပြန်ပြီးအောင်မြင်အောင် အကောင်အထည်ဖော်လိုပုံရတယ်၊ သူဟာ အစွမ်းအစရှိကြောင်း သက်သေပြလိုပုံရတယ်၊ ဒါကြောင့်မို့ ငါတို့နဲ့ခွဲထွက်သွားတာလို့ပဲ ငါထင်တယ်"

ထိုစဉ်ချစ်ချစ်က သူမ၏အယူအဆကို ဝင်ပြော၏။

"ကျွန်မစိတ်ထင်တော့ သူဟာကျွန်မတို့နဲ့လိုက်လာရင် သူ့ကိုကျွန်မတို့အားလုံးက ဒုက္ခသည်လို့ယူဆပြီး ပြုစုဆက်ဆံကြမှာကို စိုးရိမ်ပုံရနေတယ်လို့ ထင်တာပဲ၊ နောက်တစ်ချက်က သူဟာ စင်လုံကို တော်တော်ချစ်တယ်၊ ကျွန်မရှိနေတော့ သူ့အတွက်ခက်နေတယ်၊ ကျွန်မကို ညှာတာချင်စိတ်လည်းရှိတော့ သူ့အဖို့ကျွန်မတို့နဲ့ ခွဲထွက်သွားတာ အကောင်းဆုံးဖြစ်နေတော့တာပေ့ါ၊ သူ့ အဓိကအစိုးရိမ်ဆုံးအချက်ကတော့ စင်လုံက သူ့ကိုအထင်သေးမှာကိုပဲ၊ ကျွန်မကမိန်းမဆိုတော့ မိန်းမသားတွေရဲ့စိတ်ကို ပိုသိပါတယ်၊ မိန်းမတွေဟာ သောကဒုက္ခအမျိုးမျိုးကို ခံစားပြီး အသေခံရင်သာ ခံသွားမယ် ချစ်သူရဲ့ အထင်အမြင်သေးမှုကိုတော့ မခံဘူးရှင့်"

ချစ်ချစ်၏ အယူအဆမှာ လက်ခံနိုင်ဖွယ်ရာရှိပါ၏။ ဝံကြောင်ကလေးကမူ မချိပြုံးပြုံး၍ ချစ်ချစ်အား ပြန်ပြောပြသည်။

"နင့်အယူအဆကလည်း သိပ်တော့ မဆိုးလှပါဘူး၊ ဒါပေမယ့် သူ့ကို ဘယ်သူက အထင်သေးရဲမှာလဲဟာ၊ စင်လုံလိုလူတောင် သူ့ရဲ့ထောင်ချောက်ထဲ အကြိမ်ကြိမ်ကျခဲ့ရတဲ့ဥစ္စာ၊ စင်လုံကို ထောင်ချောက်ဆင်ဖမ်းနိုင်တဲ့လူဆိုလို့ တစ်လောကလုံးမှာ သူတစ်ယောက်တည်းပဲရှိမှာပါ၊ ရှင်ပျော်ပျော်မြို့စားကြီးတောင် စင်လုံကို ဖမ်းနိုင်တာမဟုတ်ပါဘူး"

"ဟုတ်တယ် အစ်ကိုကြီးဝံကြောင်ကလေး၊ အခုတစ်ချိမှာ သူ ရှုံးနိမ့်သွားခဲ့တယ်၊ ဒါပေမယ့် စင်လုံဆိုရင် သူ့ကိုခဏခဏရှုံးနိမ့်ရတာပဲ၊ သူဟာစင်လုံလောက် အခြေအနေမဆိုးသေးပါဘူးနော်"

"အေး - နင့်စကားထဲမှာပါလို့ ငါပြန်မေးပါရစေဦး၊ စင်လုံက သူ့ကို ဘာဖြစ်လို့ ခဏခဏရှုံးနိမ့်ရတာလဲ"

ချစ်ချစ်မှာ နေပူဒဏ်ကြောင့် လူရုပ်မပေါ်တော့အောင် အခြေအနေဆိုးနေသော်လည်း ကြည်ကြည်လင်လင်ပင်ရှိနေပါသည်။

"ဒါလား - အဲဒီအကြောင်းရင်းကတော့ စင်လုံက သူ့ကို အမြဲတမ်း ညှာတာခဲ့လို့ပါပဲရှင်၊ စင်လုံဟာ ဝေဝေရဲ့ဇာတ်ကြောင်းကို စာနာတယ်၊ ဝေဝေရဲ့စိတ်ဓာတ်တွေ ဘယ်လောက်ခါးသီးနေတယ်ဆိုတာ နားလည်တယ်၊ သူ့ကို လူကောင်းသူကောင်းစိတ်ပြန်ဝင်စေချင်တယ်၊ ဒါကြောင့်မို့ သူ့ကိုကယ်တင်ဖို့ အမြဲကြိုးစားတယ်၊ အားလုံးခြုံပြောရရင်တော့ ဝေဝေကို စင်လုံက ရန်သူအဖြစ် ဘယ်တော့မှ မသတ်မှတ်ခဲ့ဘူး၊ ဒါကြောင့်မို့ ဝေဝေက စင်လုံကို အလွယ်တကူ ထောင်ချောက်ဆင်နိုင်ခဲ့တာပါ၊ နို့မို့ရင်လား ဝေဝေ ဆယ်ယောက်လာပါစေ၊ စင်လုံက မမှုပါဘူး"

ဝံကြောင်ကလေးက ရွှင်လန်းဝမ်းမြောက်စွာ ချစ်ချစ်အား ကြည့်လိုက်၏။

"ကောင်းပါလေရဲ့ကွာ၊ ငါ့စိတ်ထဲမှာ နင်ဟာစင်လုံအကြောင်းကို ငါတို့လောက် နားမလည်ဘူးလို့ အမြဲတမ်းထင်မှတ်ခဲ့တယ်၊ အခုမှပဲ နင်ကငါတို့ထက်ပိုပြီးနားလည်တယ်ဆိုတာ ငါသိတော့တယ်၊ အေးလေ ဒီလောကထဲမှာ စင်လုံအကြောင်း နားအလည်ဆုံး သဘောအပေါက်ဆုံး ဖြစ်သင့်တာကတော့ နင်ပါပဲလေ"



ဝံကြောင်ကလေး၏ စကားက ချစ်ချစ်၏စိတ်နှလုံးအား ရွှင်ပြုံးသွားစေသည်။ အမှန်စင်စစ် ချစ်ချစ်သည် ယခင်က စိတ်ထားနုနယ်သဖြင့် စင်လုံကို သဘောမပေါက်ခဲ့ခြင်းဖြစ်သည်။ ဝံကြောင်ကလေးတို့လောက်ပင် စင်လုံ၏ စိတ်သဘောကို နားမလည်ခဲ့ပေ။ သို့သော် ယခုအခါ၌ ချစ်ချစ်သည် အတွေ့အကြုံများအရ သောက ဒုက္ခများအရ ရင့်ကျက်ပြည့်ဝလာခဲ့ချေပြီ။ ထို့ကြောင့် စင်လုံအား ကောင်းစွာ သဘောပေါက်နားလည်ခဲ့ရခြင်းဖြစ်တော့သည်။

ချစ်ချစ်က ကြည်နူးစွာပြောလိုက်၏။

"စင်လုံဟာ ဘယ်သူ့ကိုမဆို နားလည်အောင် ကြိုးစားတယ်၊ နားလည်းလည်တယ်၊ ကျွန်မနဲ့ ပတ်သက်ရင်တော့ သူရဲ့သိနားလည်မှုက အထွတ်အထိပ်မှာရှိနေတယ်၊ ဒီတော့ ကျွန်မက သူ့ကို အသက်ပုံအပ်ပြီး ချစ်တာလွန်သလားရှင်"

ဝံကြောင်ကလေးက ခေတ္တခဏအားဖြင့် သူ၏ဒုက္ခများကို မေ့လျော့သွား၏။

"ဟား - ဟား - ဟား - အစ်ကိုကြီးစင်လုံ ခင်ဗျားကတော့ အဖိုးတန်အမျိုးမှန် မိန်းမချောကလေးကို ရနေပြီဗျို့ ဟား - ဟား - ဟား"

ထိုစဉ် တစ်ချိန်လုံး ရေငုံနှုတ်ပိတ်နေသည့် ဝမ်းလင်းဝါး၏အသံ ထွက်ပေါ်လာသည်။

"အခုလို သေမင်းငင်နေတဲ့အချိန်မျိုးမှာတောင် ရယ်နိုင်တဲ့ ခင်ဗျားကို ကျုပ်တော့ လေးစားချီးကျူးလို့ မဆုံးတော့ပါဘူးဗျာ"

ဝံကြောင်ကလေးက ရယ်ရှိန်မသတ်နိုင်ဘဲဖြစ်နေသည်။

"ဟား - ဟား - ဟား - ငါက ဘာဖြစ်လို့ မရယ်နိုင်ရမှာ

လဲကွ၊ ငါက သူများလို ကျောတစ်ရာရင်တစ်ရာ ကြိမ်ဒဏ်အခတ်ခံထားရတဲ့လူမှ မဟုတ်တာ ဟား - ဟား - ဟား -”

ဝမ်းလင်းဝါးက နာကြည်းစွာပြောလိုက်သည်။

“ဟိုခွေးမက ကျုပ်ကို သက်သက်မဲ့ နိပ်စက်သွားတာဗျ၊ ထားပါတော့လေ၊ ကျုပ်လို အညတရက မပြောပလောက်ပါဘူး။ ကျုပ်တို့အားလုံးရဲ့ သူရဲကောင်းကြီးစင်လုံကမှ တကယ့်ကို အဖြစ်ဆိုးတာဗျ၊ ဝက်တစ်ကောင်ကို ကြိုးနဲ့တုပ်သလို အတုပ်ခံထားရတာကတော့ သိက္ခာကျလှတယ်ဗျာ”

စင်လုံက ခပ်ပေါ့ပေါ့ရယ်လိုက်သည်။

“ဝမ်းလင်းဝါး - မင်းဟာ ပညာရှိ မဖြစ်နိုင်တာတော့ သေချာနေပြီ၊ မင်းဟာ သူများကို အပြစ်ပြောဖို့ပဲ စဉ်းစားနေတာကိုး။ မင်းသာ နည်းနည်းပါးပါး သတိဝီရိယရှိခဲ့ရင် မင်းလည်းကျော်တစ်ပြင်လုံး ရစရာမရှိအောင် အရိုက်ခံရမှာမဟုတ်ဘူး။ ငါလည်း ဝက်တစ်ကောင်လို ကြိုးနဲ့အတုပ်ခံရမှာမဟုတ်ဘူး”

ဝမ်းလင်းဝါးက အေးစက်စက်ရယ်လိုက်၏။

“ကောင်းပုံ့ဗျာ၊ ခေါင်းဆောင်ကြီးက ကျုပ်ကိုတောင် ပြန်ပြီး အပြစ်တင်နေသေးတယ်”

စင်လုံက တည်တည်ငြိမ်ငြိမ်ဖြင့်ပြောသည်။

“အခုလို ခွေးတုပ်ဝက်တုပ် တုပ်နေတာကို ရှိုးရှိုးတန်းတန်းအိပ်ပျော်နေရင် ဘယ်သူကမသိဘဲရှိပုံမလဲ၊ မင်းတို့ ငါတို့ဟာ ရှိုးရှိုးတန်းတန်းအိပ်ပျော်နေကြတာမဟုတ်ဘူး။ သတိလစ်နေခဲ့ကြတာ၊ ငါတို့ သတိလစ်အောင် ဘယ်သူလုပ်နိုင်သလဲ၊ ဝေဝေပဲလုပ်နိုင်တယ်၊ မေ့ဆေးအဆိပ်မှုန့်တွေနဲ့ ငါတို့နှာခေါင်းထဲကို မှုတ်သွင်းတာပဲ



ဖြစ်နိုင်တယ်၊ ပင်ပင်ပန်းပန်းအိပ်မောကျနေကြတော့ ဘယ်သူမှ မသိနိုင်ဘဲဖြစ်သွားကြရတာပေါ့၊ ဝေဝေတစ်ယောက် လှုပ်လှုပ်ရှားရှား လုပ်နေတာကို တာဝန်ရှိတဲ့လူက သိနေရမှာ၊ ဒီညကင်းစောင့်တာဝန်ကျသူက မင်းပဲ၊ မင်းက ဝေဝေ့လှုပ်ရှားမှုကို ဘာဖြစ်လို့ မတွေ့ရတာလဲ”

ဝမ်းလင်းဝါးမှာ လုံးဝနှုတ်ပိတ်သွားတော့၏။ စကားတစ်လုံးမျှ မပြောနိုင်ပါတော့ချေ။

ဝံကြောင်ကလေးက -

“ကဲ - တစ်ခြားကိစ္စတွေ ထားလိုက်ပါတော့ဗျာ၊ လောလောဆယ် ကျွန်တော်တို့လေးယောက်ရဲ့ ကြိုးတွေကို ဘယ်လိုဖြည်ရမလဲ၊ ကျွန်တော်တို့ ဘာလုပ်သင့်သလဲ၊ ခုအတိုင်းသာနေရရင်တော့ မကြာခင်တစ်ကိုယ်လုံး မီးဟုန်းဟုန်း တောက်ကုန်တော့မှာပဲ၊ အခုတောင် ပူလှပါပြီဗျာ”

❖ ❖ ❖

သဲကန္တာရ၏အထက်၌ တဝင်းဝင်းတောက်ပနေသည့် နေမင်းကြီးသည် သူ၏အပူဓာတ်ကို အစွမ်းကုန်လွှင့်ထုတ်လျက် ရှိနေ၏။ သဲလုံးကလေးများသည် မီးကျီးမီးခဲကလေးများနှယ် ခြစ်ခြစ်တောက်ပူလောင်လျက် ရှိနေ၏။ သဲပြင်ကြီးများ၏ အထက်၌ကားတွင် တံလှပ်များ တရိပ်ရိပ်ထနေ၏။

ဝံကြောင်ကလေးသည် ကြံ့ခိုင်တောင့်တင်းလှသူဖြစ်ပါ၏။ သို့သော် ပြင်းထန်လှသော အပူရှိန်ကိုမူ သူခံနိုင်ရည်မရှိပါချေ။ တရိပ်ရိပ် မူးနောက်လာသည်။ ရီဝေလာသည်။

သူ၏ခန္ဓာကိုယ်၌ ချည်နှောင်ထားသည့် ကြိုးများသည် သူ့အသားထဲသို့ နစ်ဝင်လာသည်ဟု ခံစားလာရသည်။ သူ၏ နှုတ်ခမ်းများသည်လည်း ကွဲအက်လာခဲ့ရချေပြီ။

သူ့ထက်ပိုဆိုးသည်မှာ ဝမ်းလင်းဝါးဖြစ်သည်။ ဝေဝေသည် သတိမေ့နေသယောင်ဆောင်နေချိန်အတွင်းက ဝမ်းလင်းဝါး၏ သူမအပေါ် ရက်စက်လှသည့် သဘောထားကို သိသွားခဲ့ဟန်တူ၏။ ချစ်ချစ်၏ ပြုစုမှုကို ဝမ်းလင်းဝါးက ခါးသီးစွာတားမြစ်ခဲ့သည်တို့ကို အသည်းစွဲသွားအောင် ကြားသိလိုက်ဟန်တူသည်။ ထို့ကြောင့် ဤလူလေးယောက်အနက် ဝမ်းလင်းဝါးတစ်ယောက်၏ကျောပြင်ကို အရိုးထပ်ကွဲပြဲနေအောင် ရိုက်နှက်သွားခြင်းဖြစ်ပေလိမ့်မည်။ ထိုဒဏ်ရာများကြောင့် ပမ်းလင်းဝါးမှာ အခြားလူများထက် ပို၍အခြေအနေဆိုးနေရခြင်းဖြစ်တော့သည်။

ချစ်ချစ်မှာ ခေါင်းငိုက်စိုက်ကျလျက် ရှိနေပေပြီ။ စင်လုံသည်ပင် မျက်စိများ မှိတ်၍မှိန်းနေ၏။

ဝံကြောင်ကလေးက တတွတ်တွတ်ရေရွတ်နေသည်။



"ဝေဝေ - တစ္ဆေမ ဝေဝေ - ၊ ငါတို့ကိုမသတ်သွားတဲ့အတွက် နင့်ကိုကျေးဇူးတင်မယ်လို့များ ထင်နေသလား။ ဝေးသေးတယ်ဟေ့၊ ဝေးသေးတယ်၊ နင် အခုလုပ်သွားပုံက သတ်တာထက်တောင် ရက်စက်သေးတယ်၊ သတ်တာထက် ဆယ်ဆလောက် ရက်စက်တယ်ဟေ့"

ဝမ်းလင်းဝါးက ညည်းညည်းညူညူဖြင့်ပြောသည်။

"ကျုပ်ကိုယ်ကျုပ်လည်း သိထားပါတယ်ဗျာ၊ ဒီတစ်သက်မှာ ကျုပ်သေရင် ကောင်းကောင်းမွန်မွန်သက်သက်သာသာ မသေရဘူးဆိုတာ၊ ဒါပေမယ့် အခုဟာက ထင်တာထက် အခြေအနေဆိုးလှတယ်ဗျာ၊ ကျောမှာလည်း ဒဏ်ရာနဲ့ဆိုတော့ နေပူရှိန်ဒဏ်ကို မခံနိုင်လောက်အောင်ဖြစ်နေရတယ်၊ ဒီနည်းနဲ့ သေရတာကိုတော့ ကျုပ်ဝမ်းမသာနိုင်ဘူးဗျာ၊ ကျွတ် - ကျွတ် - ကျွတ် -"

စင်လုံက ရယ်လိုက်၏။

"ဝမ်းလင်းဝါး - သေခြင်းတရားမှာ ဘာမှ ကွာခြားချက် မရှိပါဘူး။ မသေခင်ကလေးမှာတော့ နည်းနည်းပါးပါး ကွာခြားချင်ကွာခြားလိမ့်မယ်၊ ခဏတော့ အောင့်အည်းသည်းခံလိုက်စမ်းပါ ကွာ၊ ဟား - ဟား - ဟား"

ဝမ်းလင်းဝါး၏ မျက်လုံးများမှာ ပြူးကျယ်သွားသည်။ တဟားဟားရယ်မောနေသည့် စင်လုံ၏မျက်နှာ၌ စိုးရွံ့ကြောက်ရွံ့မှုဟူ၍ လုံးဝမရှိချေ။

ဝမ်းလင်းဝါးက အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလိုက်၏။

"ခင် - ခင်ဗျား ရယ်နိုင်သေးသလား၊ ခင်ဗျား ဘယ်နှစ်ရက်ဆက်ပြီး အသက်ရှင်မယ်လို့ ထင်နေလို့လဲ၊ ခင်ဗျားရဲ့အသားတွေဟာ

မကြာခင် ညှော်နံ့ထွက်လာလိမ့်မယ်၊ ခင်ဗျားနောက်ကျောက ချစ်ချစ် ဆိုရင် အခုကတည်းက မေ့နေပြီနဲ့တူတယ်"

ထိုစကား ကြားသောအခါ ဝံကြောင်ကလေးလည်း ရယ်သည်။

"ဝမ်းလင်းဝါး မင်းကရော ဘာဖြစ်လို့ မရယ်ရတာလဲ၊ မင်းတို့ ငါတို့ဟာ ကြိုတောင့်ကြိုခဲ မြင်ကွင်းကို မြင်ကြရမှာကွ၊ နေပူရှိန် အောက်မှာ ခြောက်ကပ်သေဆုံးသွားတဲ့ လူသေတွေကို မင်းလည်း မြင်၊ ငါတို့လည်း မြင်ကြရမှာကွ၊ သေမှာကို တွေးကြောက်နေရင် ဘဝကူးမကောင်းဘဲဖြစ်သွားဦးမယ်၊ ဒီတော့ သေမှာကို မကြောက် နဲ့၊ ရယ်ရယ်မောမော ပျော်ပျော်ပါးပါးနေ၊ သေမှာကြောက်တဲ့လူဟာ အကြိမ်ပေါင်းများစွာ သေရတယ်၊ သေမှာမကြောက်တဲ့လူဟာ တစ် ကြိမ်ပဲသေရတယ်၊ ရယ်စမ်းပါကွာ၊ ခပ်ပျော်ပျော်ကလေးနေစမ်းပါ၊ ဒါမှ နေလောင်တဲ့ဒဏ်ရာက သက်သာရရမယ် ဟား ဟား ဟား"

ဝံကြောင်ကလေးသည် တဟားဟား အော်ဟစ်ရယ်မောနေ ပါ၏။ သို့သော် သူ၏အသံက ခြောက်ကပ်နေသည်။ ရယ်သံမပေါက် ငိုသံပေါက်နေသည်။ ကြားရချက် မသက်သာသော အသံကြီးသာ ဖြစ်ပါ၏။

ဝမ်းလင်းဝါးက ချိနဲ့သောလေသံဖြင့် လှမ်းပြောသည်။

"ကောင်းပြီ - ခင်ဗျားလည်း သူရဲကောင်းပဲ၊ ရယ်စမ်းပါ၊ စိတ်ကြိုက်ရယ်စမ်းပါ၊ လိုက်လိုက်လှဲလှဲရယ်စမ်းပါ၊ အဲဒီပုံစံအတိုင်း ငါးကြိမ်လောက်ရယ်လိုက်စမ်းပါ၊ ခင်ဗျားအလျှင်ဆုံးသေတာကို ကျုပ် ကြည့်ချင်တယ်"

စင်လုံက အေးအေးဆေးဆေးပြောသည်။

"သူမသေနိုင်ပါဘူးကွာ"



ဝမ်းလင်းဝါးက စူးစူးဝါးဝါးပြန်ကြည့်ရင်း -

"ဘာ - ဘာလဲဗျ၊ သူကမသေနိုင်ဘူးဆိုတော့ ကျုပ်ပဲသေနိုင် သလိုလိုပါလား၊ အဲဒီသဘောလား"

စင်လုံက ခပ်ပြုံးပြုံးပြန်ပြော၏။

"မင်းလည်း သိပ်ပြီးစကားများများမပြောနဲ့၊ ကိုယ့်ကိုယ်ကို သက်သာအောင်နေ အင်အားကို အလကားမဖြုန်းနဲ့ အဲဒီလိုဆို မင်းလည်းမသေနိုင်တော့ဘူးပေါ့ကွာ"

ဝမ်းလင်းဝါး၏ မျက်နှာမှာ နေလောင်ထားသည့်ဒဏ်ကြောင့် ညိုမည်းမည်းဖြစ်နေသည်။ သေဘေးကို ကြောက်ရွံ့သဖြင့် သူမျက် နှာမှာ ပိ၍ရုပ်ပျက်ဆင်းပျက်ဖြစ်နေခဲ့သည်။ စင်လုံ၏ တည်ကြည်မှု အေးချမ်းမှုတို့ကိုပင် မနာလိုဝန်တိုဖြစ်ခဲ့ရသည်။ စင်လုံကဲ့သို့ နေလို ပါဘိသည်။ သို့သော် သူမနေနိုင်ခဲ့ပါပေ။

ယခုစင်လုံ၏စကားသည် သေဘေးမှ လွတ်ကင်းစရာ မျှော် လင့်ချက်ရှိနေသေးကြောင်း အဓိပ္ပါယ်ဖော်ဆောင်နေသည်ကို နား လည်လိုက်၏။ ထို့ကြောင့် သူ၏မျက်လုံးများက တောက်ပြောင် ဝင်းလက်လာသည်။ စင်လုံသည် စကားကို အဓိပ္ပါယ်မဲ့မပြောတတ် ကြောင်း အတွေ့အကြုံများအရ သိရှိနေခဲ့သဖြင့် စင်လုံ၏စကားကို မယုံကြည်ဘဲ မနေနိုင်ချေ။

ဝမ်းလင်းဝါးသည် ဝမ်းသာမှုကြောင့် တုန်တုန်ယင်ယင်ဖြစ်လာ ၏။ ဝမ်းလင်းဝါးကဲ့သို့ လူယုတ်မာတိုင်းသည် သူတစ်ပါးအား ရက် ရက်စက်စက်သတ်ဖြတ်ရာ၌ ရဲရင့်သလောက် ကိုယ့်သေဘေးကြုံ ရသောအခါတိုင်း၌ အလွန်အမင်း ကြောက်ရွံ့တတ်သည့် ဘဝမျိုး ရှိတတ်သည်။

ဝမ်းလင်းဝါးက စင်လုံကို အားကိုးတကြီးပြန်မေးလိုက်၏။

"စင်လုံ - ခင် - ခင်ဗျား တကယ်ပြောတာလား၊ ကျုပ်တို့ကို ကယ်တင်မယ့်လူ ရှိနေပြီဆိုတာ ခင်ဗျားသိနေပြီပေါ့ဟုတ်လား"

စင်လုံက ခပ်ပြုံးပြုံးဖြေလိုက်၏။

"ရှိနေတာပေါ့ကွ"

စင်စစ် စင်လုံ၏မျက်နှာသည်လည်း ဝမ်းလင်းဝါးနှင့် ဝံကြောင်ကလေးတို့၏ မျက်နှာနှင့် မကွာခြားလှပါ။ နေလောင်သည့်ဒဏ်ရက်ဆက်ပင်ပန်းသည့်ဒဏ်များကြောင့် ညှိုးချုံးကျနေသည်သာ ဖြစ်ပါ၏။ တကယ်တမ်းအားဖြင့် စင်လုံကအခြားသူများထက်ပို၍ ပင်ပန်းပါ၏။ ကျန်သုံးယောက်၏အသက်ကို ကယ်တင်ရန်သည် သူ၏တာဝန်ဟု ခံယူထားသူဖြစ်၏။ အခြားသူများထက် ပို၍စိတ်ပင်ပန်းသည်။ သို့သော် အေးဆေးခြင်း တည်ငြိမ်ခြင်း ရင့်ကျက်ခြင်းတို့ကြောင့် သူ၏မျက်နှာသည် ညှိုးချုံးကျနေသော်လည်း ကြွေ့အပြည့်အဝရှိနေပါ၏။

ဝမ်းလင်းဝါးက -

"သဲတွေ မိုင်ပေါင်းရာချီနေတဲ့ ဒီပင်လယ်ပြင်ကြီးထဲမှာ ကျုပ်တို့လေးယောက်ဟာ ပုရွက်ဆိတ်ကလေးလေးကောင်နဲ့ ဘာထူးမှာလဲ၊ လူပေါင်းတစ်သိန်းနဲ့ တပ်ဖြန့်ရှာပြီးလာကယ်တာတောင် ကျုပ်တို့ကို သူတို့တွေ့နိုင်မယ်မထင်ဘူး။ ပြီးတော့ ဘယ်လိုလူမျိုးက ကျုပ်တို့ကို လာကယ်နိုင်မှာလဲ၊ ကျုပ်တို့လေးယောက် ဒီမှာအတိဒုက္ခရောက်နေတယ်ဆိုတာ ဘယ်လိုလူမျိုးက သိနိုင်မှာလဲ၊ နတ်မျက်စိရထားရင်တော့ မပြောတတ်ဘူးပေါ့ဗျာ၊ ကျုပ်စိတ်ထင်တော့ လာကယ်နိုင်တဲ့လူကို စဉ်းစားလို့မရပါဘူး"

---



ဝမ်းလင်းဝါးသည် စကားကို ရှည်လျားစွာပြောလိုက်ရသဖြင့် သူ၏ ရှိရှိသမျှခွန်အားများကို ကုန်ခမ်းသွားသကဲ့သို့ ခံစားလိုက်ရ၏။ ထို့ကြောင့် စင်လုံက ပြောခဲ့သည်ထင့်။ စကားများများမပြောနဲ့ ကိုယ့်ကိုယ်ကို သက်သာအောင်နေ၊ အင်အားကို အရမ်းမဖြုန်းတီးနဲ့ဟူ၍။

ဝမ်းလင်းဝါးသည် စကားပြောနိုင်သည့်အင်အား ကုန်ခမ်းသွားသော်လည်း စင်လုံထံမှ အဖြေစကားကို ကြားလိုလှသဖြင့် ဆန္ဒပြင်းပြစွာ နားစွင့်နေမိသည်။

စင်လုံ၏ လေသံမှာ ပကတိ အေးချမ်းငြိမ်သက်နေသည့် အချိန်အခါမျိုး၌ ပြောသည့်လေသံအတိုင်းဖြစ်သည်။

"ငါတို့တတွေ ဘေးအန္တရာယ်ကြုံတွေ့နေပြီဆိုတာကို သိတဲ့လူရှိတာပေါ့ကွ၊ စောစောက မင်းပြောခဲ့တယ်မဟုတ်လား၊ လူတစ်သိန်းနဲ့ရှာရင်တောင် ငါတို့ကို မတွေ့နိုင်ဘူးလို့"

"ဟုတ်တယ် ကျုပ်ပြောခဲ့တယ်"

"မှန်တယ် သဲကန္တာရအကြောင်း မကျွမ်းကျင်တဲ့လူဆိုရင် လူတစ်သိန်းမပြောနဲ့ လူနှစ်သိန်းနဲ့လာရှာတာတောင် တွေ့မှာ မဟုတ်ဘူး။ ဒါပေမယ့် သဲကန္တာရအကြောင်း ကျွမ်းကျင်တဲ့လူတစ်ယောက်တည်းကတော့ ငါတို့ကို လာရှာနိုင်ပါလိမ့်မယ်"

"ခင် - ခင်ဗျားတကယ်ပြောတာနော်၊ ကျုပ်တို့ အန္တရာယ်ကြုံတွေ့နေပြီဆိုတာကို သိတဲ့လူ တကယ်ရှိနေပြီပေါ့၊ သူ - သူဘယ်သူလဲဟင်"

စင်လုံက ခပ်အေးအေးပြောလိုက်၏။

"ဘယ်သူရမလဲ၊ ဝေဝေပေါ့"

ဝမ်းလင်းဝါးမှာ ရယ်ရမလို၊ ငိုရမလိုဖြစ်သွားတော့၏။ မျှော်လင့်ချက်ကြီးစွာဖြင့် နားထောင်နေရာမှ စင်လုံ၏စကားကြောင့် အကြီးအကျယ်စိတ်ဓာတ်ကျသွားတော့၏။

"ဝေဝေတဲ့သားဗျာ၊ ဝေဝေကလား ကျုပ်တို့ကို လာကယ်မှာ"

ဝမ်းလင်းဝါးသည် ခြောက်သွေ့အက်ကွဲစွာ ရယ်မောမိတော့၏။

"အင်း - ကျုပ်က ခင်ဗျားစကားအကောင်းပြောနေတယ်မှတ်တာ၊ အခုမှ ခင်ဗျားလည်း ရူးနေတယ်ဆိုတာ သိရတော့တာပဲ"

ဝမ်းလင်းဝါးသည် စကားဆုံးသည်နှင့် အရူးကဲ့သို့ အော်ဟစ်ရယ်မောနေတော့၏။ သူ၏ရယ်သံမှာ ဆိုးဝါးလွန်းသဖြင့် ဝံကြောင်ကလေးမှာ မျက်စိများ စုံမှိတ်လျက် အောင့်အည်းနားထောင်နေရတော့သည်။ သို့သော် သူကိုယ်တိုင် စင်လုံ၏စကားကို အယုံအကြည်မရှိပါချေ။

ဝံကြောင်ကလေးက ခေါင်းတယမ်းယမ်းဖြင့် ပြောလိုက်၏။

"အစ်ကိုကြီးစင်လုံ၊ ဒီတစ်ခါတော့ ခင်ဗျားအယူအဆ မှားနေပြီနဲ့တူပါရဲ့ဗျာ"

စင်လုံက သက်ပြင်းချ၍ -

"မမှားဘူးကြောင်ကလေး၊ ဝေဝေနဲ့ပတ်သက်ပြီး ငါ့အယူအဆတွေ မှားတော့မလို့ဘဲ၊ ဒါပေမယ့် ချစ်ချစ်ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် တစ်ဖက်အစွန်းရောက်တော့မယ့် ငါ့ရဲ့အတွေးအခေါ်တွေ ပြန်တည့်မတ်ခဲ့ရတယ်၊ သူ့အကျင့် သူ့စရိုက်ကို နက်နက်နဲနဲသိရင် ငါပြောတဲ့စကားကို မင်းတို့လက်ခံမိမှာပါ"

ဝံကြောင်ကလေးက -



"အကျယ်ရှင်းပြစမ်းပါ အစ်ကိုကြီးရာ"

စင်လုံကအားတင်း၍ ပြုံးလိုက်ရင်း -

"အကျယ်ရှင်းပြစရာ မလိုပါဘူးကွာ၊ ဝေဝေဟာ သူညှင်းဆဲချင်တဲ့လူကို သူမမြင်ကွယ်ရာမှာ မညှဉ်းဆဲတတ်ဘူး၊ အဲဒီလူရှေ့မှာ မတွေ့တတွေ့ပြုံးရင်း မတွေ့တတွေ့ရယ်ရင်း ညှင်းဆဲတတ်တယ်၊ သူညှင်းဆဲတဲ့လူကိုကြည့်ပြီး သူကအရသာခံတတ်တယ်၊ သူ့ရှေ့မှာ ဝုန်းခနဲဒိုင်းခနဲ သေတာမျိုးကိုသဘောမကျဘူး၊ တမျှင်းမျှင်း သေတာမှ သဘောကျတယ်၊ ဓားနဲ့တစ်ချက်တည်း ထိုးသတ်လိုက် တာမျိုးကို သူမနှစ်သက်ဘူး၊ ဓားနဲ့တဖြည်းဖြည်းထိုးသတ်တာမျိုးကို သူနှစ်သတ်တယ်၊ အချုပ်ပြောရရင်တော့ သူဟာ သူညှင်းဆဲချင်တဲ့လူကို မမြင်ကွယ်ရာမှာ ဘယ်တော့မှ မညှင်းဆဲတတ်ဘူးဆိုတဲ့ အချက်ပဲ"

စင်လုံသည် စကားကို ခေတ္တရပ်နားလိုက်သည်။ မနား၍လည်း မဖြစ်ပါ။ အားလုံးကို ဒိုင်ခံ၍ ရှင်းပြနေရသည်မှာ သူတစ်ယောက်တည်းဖြစ်ပါသည်။ စိတ်ဆောင်လွန်း၍ ညှပ်မှုကြဲကြဲခံနိုင်ခြင်းသာ ဖြစ်သည်။

"ဒီတော့ - အခုလို ကြိုးနဲ့တုပ်ထားပစ်ခဲ့တာ၊ ငါတို့ကို ညှဉ်းပန်းချင်လို့ နှိပ်စက်ချင်လို့ မဟုတ်ဘူးဆိုတာ ရှင်းလောက်ရောပေါ့ကွာ"

ချစ်ချစ်က အာမခံချက်ပေးသည်။

"ဟုတ်ပါတယ် - အစ်ကိုကြီး ဝံကြောင်ကလေးရယ်၊ ဝေဝေဟာ အစတုန်းက ရက်စက်ချင်ရက်စက်မယ်၊ အခု မရက်စက်ပါဘူး၊ ကျွန်မ သူ့သဘောကို သိပါတယ်"

ဝမ်းလင်းဝါးသည် စင်လုံ၏ ကျိုးကြောင်းပြ ရှင်းလင်းချက်ကို လက်ခံမိသည်။

"ဖြစ်နိုင်တယ် ခင်ဗျားပြောတာ ကျုပ်လက်ခံတယ်၊ ကျုပ်တို့ကို ကယ်မယ့်လူရှိနေပြီဆိုတာ ကျုပ်ယုံပြီ"

စင်လုံက ဖြည်းညင်းစွာဆက်၍ပြောပြသည်။

"နောက်တစ်ချက်ရှိပါသေးတယ်၊ ဝေဝေဟာ သဲကန္တာရအကြောင်း ငါတို့ထက်ပိုသိတယ်၊ မကြာခင် ဒီနေရာကို လူတွေရောက်လာနိုင်တယ်ဆိုတာသိလို့ ငါတို့ကို ဒီအတိုင်းပစ်ထားခဲ့တာဖြစ်နိုင်တယ်၊ တကယ်လို့ လူတွေရောက်မလာနိုင်ဘူးဆိုရင်လည်း ငါတို့ကို ကယ်တင်နိုင်မယ့် သဲလွန်စတစ်ခုခုပေးမှာ သေချာပါတယ်၊ သူသာ ငါတို့ကို အသက်ဆက်ရှင်စေချင်တဲ့ ဆန္ဒမရှိဘူးဆိုရင် မင်းတို့ငါတို့ဟာ အခုလိုတောင် စကားမပြောနိုင်တော့ဘူးဆိုတာ နားလည်ထားကြပါ"

ဝံကြောင်ကလေးရော ဝမ်းလင်းဝါးပါ စင်လုံ၏စကားကို ချွင်းချက်မရှိ ယုံကြည်သွားကြ၏။ ထို့ကြောင့် သူတို့၏ ကယ်တင်ရှင်ရောက်လာသည်အထိ အသက်ရှင်နေနိုင်ရန် အားမွေးထားရမည်ဖြစ်ကြောင်း သိနားလည်သွားကြတော့သည်။

ယခုအချိန်တွင် သူတို့၏မျက်ခွံများသည် လေးလံတွဲကျလာလျက် ရှိနေချေပြီ။ သို့သော် သူတို့အားလုံး မအိပ်စက်ရဲကြချေ။ သူတို့အားလုံး သိရှိထားသည့် အချက်တစ်ချက် ရှိနေပါ၏။ အကယ်၍ ဤတစ်ကြိမ်အိပ်စက်လိုက်မိလျှင် နောင်ဘယ်သောအခါမှ အိပ်ယာမှ နိုးလာတော့မည်မဟုတ်ကြောင်း သိရှိထားကြခြင်းပင်တည်း။



"လာပြီဟေ့ - လာနေပြီ"

ကျဲကျဲတောက်ပူနေသည့် နေရောင်အောက်၌ သူတို့အားလုံး မည်မျှကြာအောင် မှိန်းနေမိသည်ကိုပင် သူတို့မသိကြတော့ပါ။ ရုတ်တရက်အော်ဟစ်လိုက်သည့် အသံကြောင့် ခေါင်းများကို ထောင်လိုက်မိကြ၏။ စင်လုံ၏ အော်သံဖြစ်ပါသည်။

"ဘယ်မှာလဲဗျ"

ဝမ်းလင်းဝါးက အားမလိုအားမရအော်လိုက်သည်။

စင်လုံက ခပ်သဲ့သဲ့ရယ်ရင်း -

"အနောက်ဘက်ကို ကြည့်နိုင်တဲ့လူကြည့်ကြ၊ သူတို့လာနေကြပါပြီ"

အားလုံး စိတ်ဓာတ်တက်ကြွလာကြသည်။ မှန်၏။ အနောက်ဘက်တမျှော်တခေါ်အဝေးဆီ၌ သဲဝါမှုန်များ လွင့်ပျံတက်နေသည်။

ဝံကြောင်ကလေးက စိုးရိမ်တကြီးပြောလိုက်၏။

"အစ်ကိုကြီး သဲမုန်တိုင်းတွေ ဘာတွေများ ဖြစ်နေဦးမလားဟင်"

စင်လုံက အေးချမ်းစွာပြောသည်။

"သဲမုန်တိုင်းမဟုတ်ပါဘူး။ သဲမုန်တိုင်းတိုက်တော့မယ်ဆိုရင် ငါတို့ပတ်ဝန်းကျင်က လေထုဟာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားမယ်၊ အခုငါတို့ပတ်ဝန်းကျင်မှာ ဘာမှ ထူးခြားမှုမရှိဘူး"

မကြာမီပင် မြင်းခွာသံများမှာ တုန်ဟည်းလာသဖြင့် ဝံကြောင်ကလေးမှာ မျက်စိမျက်နှာပျက်လာတော့သည်။

"အစ်ကိုကြီးစင်လုံ - သဲကန္တာရထဲက ဘယ်လူမျိုးစုရဲ့ စစ်တပ်ကြီးများလဲဗျာ၊ ကျွန်တော်တို့ကို ကယ်မယ့်သူဟုတ်ပါ့မလားဗျ"

မြင်းခွာသံများ တုန်ဟည်းနေသဖြင့် ဝံကြောင်ကလေးသည် စင် လုံကြားနိုင်အောင် အတော်ကလေး အော်ပြောရ၏။ စင်လုံက လည်း ပြန်အော်ပြောသည်။

"ကြောင်ကလေး - လုံကျင်ဖုံးဆိုတဲ့လူကို မေ့သွားပြီလား"

စင်လုံ၏စကားဆုံးသည်နှင့် သူတို့အနီးသို့ မြင်းလေးစီး ကဆုန် စိုင်းဝင်လာတော့သည်။ မြင်းစီးသမားများမှာ ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြသည်။ လုံကျင်ဖုံး၏ တပည့်တပ်သားများပင် ဖြစ်ပါ၏။

မြင်းသည်တော်လေးဦးသည် သဲကန္တာရအလယ်၌ ကြိုးအထပ် ထပ်ရစ်ပတ်ခံထားရသည့် ဒုက္ခသည်လေးယောက်ကို တွေ့ရသော အခါ ရုတ်ချည်းရပ်ဆိုင်းသွားကြသည်။ ထို့နောက် တစ်ဦးကိုတစ်ဦး အချက်ပြလျက် မြင်းဇက်ကြိုးများကို နောက်ပြန်ဆွဲကာ လာလမ်း အတိုင်း ဒုန်းစိုင်းပြေးထွက်သွားကြလေတော့၏။

ဝမ်းလင်းဝါးမှာ ငယ်သံပါအောင် အော်ဟစ်တော့သည်။

"ဟေ့လူတွေ - ဟေ့လူတွေ - ခင်ဗျားတို့ဘာကြောင့် ပြန် ပြေးသွားကြရတာလဲ၊ ဟေ့လူတွေ ပြန်လှည့်ခဲ့ကြပါ၊ ကျုပ်တို့ ဒုက္ခသည်တွေပါ၊ ကျုပ်တို့ကိုကယ်ပါ၊ သေလုမျောပါးတွေ့နေလျက် တောင် မကယ်ဘဲပြန်ပြေးကြရသလားဗျ"

စင်လုံက အေးချမ်းစွာပြောသည်။

"ဝမ်းလင်းဝါး ဘာမှ စိတ်ပူမနေပါနဲ့၊ သူတို့လာကယ်ကြမှာပါ။ သူတို့လေးယောက်က လုံကျင်ဖုံးရဲ့ရှေ့ပြေးကင်းတွေပါ၊ သူတို့ မြင် တွေ့သွားတာတွေကို နောက်ပိုင်းက ခေါင်းဆောင်ဆီပြန်ပြီး သတင်းပို့ ကြတာပါ၊ သူတို့လာကယ်ကြမယ်ဆိုတာ စိတ်ချလက်ချ ယုံကြည်



ထားစမ်းပါကွာ"

ဝမ်းလင်းဝါးသည် ဝမ်းသာအားရဖြစ်သွား၏။ သို့သော် ချက် ချင်းပင် စိတ်ဓာတ်ကျသွားသည်။

"စင်လုံ - ခင်ဗျားမသိဘူးလား၊ လုံကျင်ဖုံးဆိုတာ ဒီသဲကန္တာ ရထဲမှာ အကြီးဆုံးဓားပြကြီးဗျ၊ တကယ့်လူသတ်သမားကြီး၊ ကျုပ် တို့ဆီက ဘာမှမရနိုင်ဘဲနဲ့ ကျုပ်တို့ရဲ့အသက်ကို ကယ်မှာ မဟုတ် ဘူး၊ ကျုပ်တို့ကို သေချာပေါက်သတ်မှာပဲ"

စင်လုံက ရယ်လိုက်၏။

"ဝမ်းလင်းဝါး - မင်းရဲ့သတိတွေ သိပ်မကောင်းတော့ပါလား၊ လုံကျင်ဖုံးကို အကြံဉာဏ်တွေပေးနေတဲ့ ဗျူဟာမှူးဆိုသူကို မေ့နေ ပြီလား၊ သူ့ရဲ့နောက်နာမည်တစ်မျိုးက "ကလဲ့စားချေသူတမန်တော်" လေ"

ဝမ်းလင်းဝါးက ဝမ်းသာအားရ ခေါင်းညိတ်လိုက်၏။

"အင်း - ဒီလူကတော့ ကျုပ်တို့ကိုသတ်မယ့် အကြံဉာဏ်ပေး တော့မယ်မထင်ဘူး၊ ဒီဗျူဟာမှူးဆိုတဲ့လူက ဘယ်သူများပါလိမ့်ဗျာ၊ ခင်ဗျားနဲ့ သိကျွမ်းဖူးတဲ့လူများဖြစ်နေမလား"

စင်လုံသည် ဟက်ဟက်ပက်ပက်ရယ်ရင်းပြောလိုက်သည်။

"အစကတော့ ငါသိပ်မသေချာခဲ့ဘူး၊ အခုတော့ သေချာသွား ပါပြီ၊ ငါ့ရဲ့မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ဆိုတာ သေချာသွား ပါပြီ"

ထိုစဉ်အခိုက်မှ မြင်းငါးစီး ဒုန်းဆိုင်းစီးလာသည်။ ရှေ့ဆုံးမှ ထူးထူးချွန်ချွန်မြင်းစီးလာသူသည် ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ထား ရုံမျှမက မျက်နှာဖုံးအနက်ကိုလည်း စွပ်ထားသေး၏။ သူ၏ မျက်လုံး

မျှားသည် အေးစက်သော်လည်း ထူးထူးခြားခြားတောက်ပ ပြောင်လက်နေ၏။ သူ၏မြင်းကြီးမှာလည်း မြင်းနက်ကြီးဖြစ်နေသဖြင့် သဲကန္တာရထဲ၌ တစ်ဦးတည်း ထူးထူးခြားခြားပေါ်လွင်နေတော့သည်။ ထိုသူကား ဗျူဟာမှူးသာတည်း။

ထိုသူသည် မြင်းမရပ်မီပင် လွှားခနဲခုန်ဆင်းလာပြီး ဒုက္ခသည်လေးဦးရှေ့၌ မားမားကြီးလာရပ်နေတော့သည်။ သူသည် စင်လုံကို မြင်တွေ့လိုက်ရသောအခါ တစ်ကိုယ်လုံး တုန်လှုပ်သွားတော့သည်။ သူ၏ ဝတ်ရုံနက်ကြီးတုန်ခါနေခြင်းက သူမည်မျှတုန်ယင်နေသည်ကို သက်သေပြနေသည်။ သို့သော် သူ့ပါးစပ်၌ ရွှံ့စေးများထည့်၍ ပိတ်ထားသည့်အလား စကားတစ်လုံးမျှ မပြောနိုင်ဘဲ ဖြစ်နေသည်။

စင်လုံသည် တုန်ယင်လှိုက်လှဲစွာခေါ်သည်။

"နောင် - နောင် - နောင်ကြီး - ကျင်း - ကျင်းစုမန်း"

ထိုလူသည် စကားတစ်ခွန်းမျှမပြောတော့ဘဲ စင်လုံအားပြေး၍ ပွေ့ဖက်လေတော့၏။

"စင်လုံ - ကျုပ်မှန်းခင်ဗျားဘယ်လိုလုပ် သိသလဲဗျာ"

စင်လုံက အားရပါးရရယ်ရင်း -

"ဒီလောကထဲမှာ ကျင်းစုမန်းကလွဲလို့ ရှင်ပျော်ပျော်မြို့စားကြီးအကြောင်း ဘယ်သူက သိမှာလဲဗျာ၊ နောက်ပြီး ကျင်းစုမန်းကလွဲလို့ ရှင်ပျော်ပျော်မြို့စားကြီးကို ဘယ်သူက အကြိမ်ကြိမ် ရှုံးနိမ့်စေနိုင်မှာလဲဗျာ"

ကျင်းစုမန်းသည် သူ၏မျက်နှာဖုံးအနက်ကို ဆွဲဖြုတ်ပစ်လိုက်၏။ ကျင်းစုမန်း၏ မျက်လုံးအစုံမှာ မျက်ရည်များစီးဆင်းကျနေသည်။



အလို - စင်လုံ၏ ပါးပြင်းထက်၌လည်း မျက်ရည်စများနှင့်ပေတကား။ မိတ်ဆွေဟောင်းနှစ်ယောက်၏ တွေ့ဆုံပွဲသည် ချစ်ချစ်ဝံကြောင်ကလေးနှင့် ဝမ်းလင်းဝါးတို့ပင် မျက်ရည်ကျစေခဲ့သည်။

ကျင်းစုမန်းသည် စင်လုံနှင့် ချစ်ချစ်တို့အား ပတ်ထားသည့် ကြိုးများကို ဓားဖြင့်ဖြတ်လိုက်၏။ အခြားမြင်းစီးသမားကလည်း ဝမ်းလင်းဝါးနှင့် ဝံကြောင်ကလေးတို့အား အနှောင်အဖွဲ့မှ လွတ်မြောက်စေလိုက်သည်။

"စင်လုံရယ် - ဘယ်လိုများ ဖြစ်သွားရတာလဲဗျာ"

စင်လုံက သူ၏လက်များကို ကွေးချီဆန့်ချီလုပ်ရင်းမှ ပြန်မေးလိုက်၏။

"ကျုပ်အကြောင်း မမေးနဲ့ဦးဗျ၊ ကျုပ်အကြောင်းက ပြောရမှာရှည်တယ်၊ ခင်ဗျားအကြောင်းကို အလျင်ဆုံးပြောပါဦး"

ကျင်းစုမန်းသည် ခေတ္တမျှ ငြိမ်သက်သွားသည်။ မည်သည့်နေရာကစပြီး ပြောရမည်ကို စဉ်းစားနေဟန်တူသည်။

"ကျုပ်က ရှင်ပျော်ပျော်မြို့စားကြီးကို သစ္စာဖောက်တာ မဟုတ်ရပါဘူးဗျာ၊ ကျုပ်က သူ့အတွက်အသက်စွန့်မယ်လို့ ဆုံးဖြတ်ထားတဲ့လူပါ၊ ဒါပေမယ့် ကျုပ်ရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ခဲ့ရတယ်၊ မပြင်လို့လဲ မဖြစ်ဘူးလေ၊ သူက ကျုပ်ကို လက်စဖျောက်ရှင်းလင်းပစ်တော့မလို့ဗျ၊ ကျုပ်ကို မယုံရတော့ဘူးတဲ့လေ၊ ကျုပ်က အသိစောသွားလို့ အသက်ချမ်းသာရာရခဲ့တယ်၊ အဲဒီမှာတင် ကျုပ်သစ္စာပြုခဲ့ပါတယ်၊ ကျုပ်ဟာ လူညွှန့်တုံးနေတဲ့လူမဟုတ်ဘူး၊ ကျုပ်ရဲ့အစွမ်းအစကို သူသိသွားစေရမယ်လို့"

စင်လုံက ရယ်ရင်းဝင်ထောက်လိုက်၏။

“အခုတော့ ခင်ဗျားသစ္စာပြုထားတဲ့အတိုင်း လက်တွေ့ပြပြီး သွားပြီမဟုတ်လားဗျာ၊ ကျုပ်ရွှင်ပျော်ပျော်မြို့စားကြီးဆီ ရောက်နေတုန်းက သူက ခင်ဗျားရဲ့စာဆိုပြီး စာတစ်စောင်ထုတ်ပြတယ်ဗျ၊ ကျုပ်ကတော့ သိပါတယ်ဗျာ၊ သူလုပ်ကြံထားတဲ့စာဆိုတာ”

ကျင်းစုမန်းသည် ကောင်းကင်ကြီးသို့ မော့ကြည့်ရင်း အားရပါးရဟာစ်အော်ရယ်လေတော့သည်။ အတန်ကြာမှ အရယ်ရပ်ပြီး-

“သူ့ကိုယ်သူ တစ်ခေတ်မှာတစ်ယောက်ဆိုပြီး မာန်မာနတက်ကြွနေတဲ့လူကြီးကို ကျုပ်က အဆက်မပြတ် ထိုးနက်တိုက်ခိုက်တော့တာပဲ၊ အခုတော့ သူသဘောပေါက်သွားလောက်ပါပြီဗျာ၊ ဘယ်သူတွေ ဘယ်လောက်ချမ်းသာချမ်းသာ၊ ဘယ်သူတွေ ဘယ်လောက်ကျော်ကြားကျော်ကြား နောက်ဆုံးသေဆုံးတဲ့အခါမှာတော့ မြေကွက်သေးသေးလေးတစ်ကွက်ပဲကျန်ရမယ်ဆိုတာ သူကောင်းကောင်းကြီး သဘောပေါက်သွားပါပြီဗျာ”

ဝံကြောင်ကလေးက သိချင်စိတ်ဖြင့် ဝင်မေးလိုက်၏။

“နောင်ကြီး - ကျင်းစုမန်း - ခင်ဗျားသူ့ကို သတ်ပစ်လိုက်ပြီလား”

ကျင်းစုမန်းက အေးစက်စက်ပြောပြသည်။

“ပထမအကြိမ် ဝင်တိုက်တော့ မအောင်မြင်ဘူးဗျ၊ ဒါနဲ့ နောက်တစ်ကြိမ်ထပ်တိုက်ရတယ်၊ ရှိသမျှအင်အား အကုန်သုံးပြီး မီးကုန်ယမ်းကုန်တိုက်ရတာပဲ၊ အခုတော့ သူ့စခန်းတစ်ခုလုံး ကြေမွနေပါပြီ၊ အလောင်းကောင်တွေဆိုတာ ကြည့်လို့မြင်လို့ မကောင်းဘူး၊ မြေပြင်တစ်ခုလုံး ပြန့်ကျဲနေတော့တာပဲ၊ တစ်ချို့အလောင်းတွေလည်း မီးလောင်လို့ ပြာဖြစ်နေပါပြီ၊ အင်း - အရေးအကြီးဆုံးဖြစ်တဲ့



ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ စခန်းထဲက သူ့ရဲ့ပြာကျနေတဲ့ စံအိမ်ကြီးနေရာမှာတော့ ထူးထူးခြားခြားလက်စွပ်သုံးကွင်းဝတ်ထားတဲ့ အရိုးစုကြီးကို မြင်ခဲ့ရပါတယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ အရိုးစုပဲပေါ့ဗျာ”

ကျင်းစုမန်းသည် အေးစက်စက်ရယ်လိုက်ပြီး -

“ကဲ - ဘယ်သူက ဒီလိုထင်ခဲ့ကြမှာလဲဗျာ၊ သိုင်းလောကမှာ အင်မတန် ထင်ရှားကျော်ကြားလှတဲ့ ရွှင်ပျော်ပျော်မြို့စားကြီးဟာ အခုလို မီးပုံထဲမှာ မီးလောင်ကျွမ်းပြီး သေဆုံးခဲ့ရလိမ့်မယ်လို့ ဘယ်သူက ယောင်ယမ်းတွေးဆခဲ့မှာလဲ၊ သူ့ဘေးမှာလည်း အရိုးစုတစ်စုကပ်လျက်ရှိနေခဲ့တယ်ဗျ၊ အဲဒီအရိုးစုမှာလည်း ထူးထူးခြားခြား လက်ဝတ်လက်စားတွေရှိနေတယ်”

ထိုအရိုးစုကား ဝမ်ကတော်၏ အရိုးစုသာဖြစ်ရမည်ဟု နားလည်သဘောပေါက်လိုက်မိကြသည်။ စင်လုံ တစ်ကိုယ်တည်း ရေရွတ်လိုက်မိသည်။

“ဩော် - ဒုက္ခ ဒုက္ခ အချစ်မီးနဲ့ အမုန်းမီးများ-တယ်ကြောက်စရာကောင်းလှပါကလားနော်၊ သူတို့အဖြစ်တွေက ဖြေစရာမရှိတဲ့ လွမ်းဆွေးစရာ အဖြစ်အပျက်တွေပါလား”

စင်လုံ၏ စကားအဆုံး၌ ဝမ်းလင်းဝါးသည် ရှိုက်ကြီးတငင်ငို ကြွေးလေတော့သည်။ သူ့အသည်းနှလုံးသည် သံမဏိကဲ့သို့ မာကျောလှပြီဟု ထင်နေသော်လည်း တကယ်တမ်းအားဖြင့် မိခင်ဖခင်ဆိုသည့် သံယောဇဉ်ကလေးကမူ သူ၏မသိစိတ်၌ နိတွဲနေသည်သာ ဖြစ်ပါသည်။

ကျင်းစုမန်းက အေးစက်မာကျောစွာပြောလိုက်သည်။

“ဝမ်းလင်းဝါး ခင်ဗျားကို သတ်ပစ်မယ်လို့ မူလက ဆုံးဖြတ်ခဲ့

တယ်၊ ဒါပေမယ့် အခုလို ရှိက်ကြီးတငင်ငိုနေတာ တွေ့လိုက်ရလို့ ကျုပ်စိတ်ပြောင်းသွားခဲ့ပြီ၊ ဘုရားသခင်ကိုသာ ကျေးဇူးတင်ပေတော့၊ စင်လုံ - ရှင်ပျော်ပျော်မြို့စားကြီးတော့ သေသွားရှာပြီ၊ ခင်ဗျားနဲ့ အရှုံးအနိုင်ပေါ်အောင် တစ်ပွဲတစ်လမ်းမနွှဲလိုက်ရတဲ့အတွက် စိတ်မကောင်းမဖြစ်မိဘူးလားဗျာ”

စင်လုံက ဟက်ဟက်ပက်ပက်ရယ်ရင်း -

“မူလကတော့ ကျုပ်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်နိုင်ဖို့ သဲသဲမဲမဲကြိုးစားနေခဲ့ကြပါသေးတယ်၊ ဒါပေမယ့်ဗျာ၊ တကယ်တမ်းမျက်နှာချင်းဆိုင်မိတော့လည်း ဒီလိုလုပ်ရမှာ ရှုံ့တွန့်တွန့်ပဲဗျ၊ သူလည်း ကျုပ်လိုပဲ ခံစားရပုံပေါ်တယ်၊ ကျုပ်တို့နှစ်ယောက် လက်ရုံးရည်ချင်း ယှဉ်မတိုက်လိုက်ရတာ ခပ်ကောင်းကောင်းပါပဲဗျာ၊ နို့မို့ရင် စိတ်ဝင်စားစရာ မဲ့သွားနိုင်တယ်ဗျ”

ရယ်မောခဲ့သော ကျင်းစုမန်းသည် စင်လုံ၏စကားကြောင့် အားပါးရ အော်ဟစ်ရယ်မောလေတော့၏။

“ဟား - ဟား - ဟား - ပွင့်ပွင့်လင်းလင်းရိုးရိုးသားသား ပြောတဲ့နေရာမှာတော့ ခင်ဗျားကို ဘယ်သူမှမမီပါဘူးဗျာ”

ထိုစဉ်ချစ်ချစ်က ဝင်ပြောသည်။

“အစ်ကိုကြီးကျင်းစုမန်း ဘယ်လိုကနေ သဲလွန်စရပြီး ကျွန်မတို့ကို လာကယ်တာလဲ၊ ကျွန်မတို့ မသိရဘူးလားဟင်”

ကျင်းစုမန်းက အေးအေးဆေးဆေးပင် ရှင်းပြသည်။

“ရှင်ပျော်ပျော်မြို့စားကြီးရဲ့စခန်းကို ဝင်တိုက်ပြီးလို့ ကျုပ်တို့ ပြန်လာခဲ့ကြတယ်၊ မူလက ဒီလမ်းကဖြတ်လာဖို့မဟုတ်ပါဘူး၊ တစ်ခြားဘက်က သွားကြဖို့ပါ၊ ဘယ်လိုကနေ ဘယ်လိုဖြစ်သလဲမသိပါ



ဘူးဗျာ၊ ကျုပ်တို့စခန်းထဲကို စာတစ်စောင်ရောက်လာတယ်၊ မြေပုံတစ်ချပ်လည်းပါတယ်၊ ခင်ဗျားတို့လေးယောက် အတိဒုက္ခရောက်နေတယ်လို့ စာထဲမှာပါတယ်၊ ကျုပ်အနေနဲ့ ဦးနှောက်ခြောက်မတတ် စဉ်းစားရတော့တာပဲဗျို့၊ ဒါက ထောင်ချောက်ဖြစ်နိုင်တယ် မဟုတ်လား၊ ဒါပေမယ့် - ခင်ဗျားတို့ ကံကောင်းပါတယ်၊ ကျုပ်ရဲ့ အသည်းနှလုံးက အတင်းတိုက်တွန်းနေတော့ ခင်ဗျားတို့ကို ကယ်ဖို့ ကျုပ်ဆုံးဖြတ်လိုက်တယ်၊ ကျုပ်အဆုံးအဖြတ်မှားသွားခဲ့လို့ စင်လုံသေဆုံးသွားခဲ့ရင် ကျုပ်နောင်တရလို့မဆုံးဖြစ်နေမှာ အမှန်ပဲ၊ အခုတော့ ကျုပ်အဆုံးအဖြတ်မှန်သွားပြီလို့ ဆိုရတော့မှာပေါ့လေ”

ချစ်ချစ်သည် စင်လုံ၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်းပြောလိုက်၏။

“စင်လုံ - ရှင်ကတော့ ဝေဝေ့အကြောင်းကို အသိဆုံး နားအလည်ဆုံးပါပဲရှင်”

ဝံကြောင်ကလေးက သူမရှင်းသည့်အချက်ကို ဝင်မေးလိုက်သည်။

“ဒီအနီးအနားတစ်ဝိုက်မှာ ကျင်းစုမန်းရှိနေပြီဆိုတာ ဝေဝေက ဘယ်လိုသိနိုင်ခဲ့တာလဲဗျ”

“ကြည့်ရတာတော့ နောင်ကြီးကျင်းစုမန်းရဲ့ စစ်တပ်ကြီး ချီတက်လာတာကို ဝေဝေတစ်စွန်းတစ်စသိပါလိမ့်မယ်၊ မင်းတို့ငါတို့သိတာက သဲမှုန်တွေတထောင်းထောင်းထမှ စစ်တပ်ကြီးလာပြီဆိုတာကို သိကြတာပါ၊ ဝေဝေကတော့ ရေးရေးမှုန်မှုန်ကလေး တွေ့တာနဲ့ ဘာလဲဆိုတာ ခွဲခြားနိုင်ပုံရတယ်၊ သူက သဲကန္တာရနဲ့ အကျွမ်းဝင်တဲ့သူပဲ”

ဝမ်းလင်းဝါးက အေးဆေးတည်ကြည်စွာ ဝင်ပြောသည်။

"အစတုန်းက စင်လုံကို ကျုပ်ရဲပြိုင်ဘက်လို့ထင်ခဲ့တယ်၊ နောက်တော့ ကျုပ်ရဲပြိုင်ဘက်မဟုတ်ကြောင်း တဖြည်းဖြည်းသိလာတယ်၊ သစ္စာရှိတဲ့နေရာမှာ၊ အေးဆေးတည်ငြိမ်တဲ့နေရာမှာ၊ တွေးခေါ်မြော်မြင်တတ်တဲ့နေရာမှာ စင်လုံကို ဘယ်သူကမျှ မမီပါဘူးဗျာ၊ ကျုပ်ချီးကျူးပါတယ်"

စင်လုံက ရယ်ရင်း -

"တော်လောက်ပါပြီကွာ၊ ငါ့ကိုဒီလောက်တောင် ချီးကျူးမနေကြပါနဲ့၊ နောက်တစ်ခါချီးကျူးမယ့်လူရှိသေးရင် ပြောဟေ့၊ စောစောစီးစီး မြေကြီးထဲဝင်ပုန်းနေရတော့မှာပဲ"

ကျင်းစုမန်းကအစ အားလုံးရယ်မောလိုက်ကြတော့၏။

ပြီး၏

မေတ္တာမွန်များစွာဖြင့် -

တက္ကသိုလ်နေလင်းအောင်

အမှတ် ၁၉၆၊ လမ်း ၄၀၊ ရန်ကုန်မြို့။